ပျိုး ကလောင်ခွဲ

# ဝသျှိုး

## ရင်ဘတ်အဖော်



DESIGN THEIN SHWE KYI

## ဒို့တာဝန်အရေး(၃)ပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး **အဆိုးမြင်ဝါဒီများအား** ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်**အေးချမ်းရေးနှင့် နိုင်ငံတော်** တိုးတက်ရေးကို **နှောင့်ယှက်ဖျက်ဆီးသူများ** အားဆန့်ကျင်ကြ။

နိုင်ငံတော်၏ **ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်** နှောင့်ယှက်သော **ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။**

ပြည်တွင်းပြည်ပ **အဖျက်သမားများအား** ဘုံရန်သူအဖြစ် သတ်မှတ်**ချေမှုန်းကြ။**

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

**နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်း**သာယာရေးနှင့် တရားဥပဒေ**စိုးမိုးရေး**

**အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး**

**နိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ** ဥပဒေသစ် ဖြစ်ပေါ်လာရေး

**ဖြစ်ပေါ်လာသည့်** ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ**ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်** တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း **ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်** တည်ဆောက်ရေး

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်**ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်** တည်ဆောက်ရေး

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု**စွမ်းအားသည် နိုင်ငံတော်နှင့်**တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့် **စာရိတ္တမြင့်မားရေး**

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်**ကျေးမှုအမွေအနှစ်များ၊ အမျိုး**သားရေးလက္ခဏာများ မပျောက်ပျက်အောင် **ထိန်းသိမ်းစောင့်ရှောက်ရေး**

**မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး**

**တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်** ပညာရည်မြင့်မားရေး

**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်** – ၅၀၀၉၉၆၀၉၁၀

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** – ၅၀၁၁၀၁၁၀၁၀

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (ယ–၁၃၅၈) (ဖျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း။ ဗဟန်းမြို့နယ်။။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးကျင်ရင် (မြ–ပ၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၂၂၅)၊ (၃၂) လမ်း (အထက်)၊

ပန်းဘဲတန်း။ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

သိန်းရွှေကြည်

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊

၂၀၁၁ ခုနှစ်၊ မေလ

တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀

**ဖြန့်ချိရေး**

စိုးမိုးစာပေ

ဖုန်း – ၀၁– ၂၉၀၉၉၅

၈၉၅ • ၈၃

သျှိုး

ရင်ဘတ်အဖော် / သျှိုး ။ – ရန်ကုန်။

ဖျူးစာပေ ၊ ၂၀၁၁ ။

၁၀၄ – စာ ၊ ၁၈ X ၁၂ စင်တီ။

(၁) ရင်ဘတ်အဖော်

# သျှိုး

# ရင်ဘတ်အဖော်

## အခန်း (၁)

မီးရထားလေးကို ကိုယ်စီးကာ × × ကလောမြို့လေးသို့ အလည်ရောက်လာ × ×

ဒန် တန့် တန့် × × ကလောရဲ့အရိပ် အေးချမ်းတယ် × × ဒန် တန့် တန် × ×

ကိုယ့်ဘာသာ တစ်ယောက်တည်း သီချင်းလေးညည်းရင်း ရေချိုးခန်းထဲမှ ထွက်လာသော ကျွန်မကို ဖေဖေက ပြုံးလျှက် ကြည့်ပြီး. . .

" သမီး တော်တော်ပျော်နေလား "

ကျွန်မက ဖေဖေ့ကိုကြည့်ကာ ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီးမှ . . .





" တစ်ခါမှ မရောက်ဘူးသေးတဲ့ ဒေသဆိုတော့ သွားချင်တာပေါ့ ဖေဖေရဲ့ "

" သမီးကို ဖေဖေက တောထဲခေါ်သွားသလို ဖြစ်မှာစိုးလို့ပါ"

" ဟွန် ဖေဖေကလည်း ကလောက တောမကျပါဘူး၊ အေးအေးချမ်းချမ်းနဲ့ နေလို့ကောင်းတယ်လို့ ကြယ်ဖြူ ကြားဖူးထားတယ်၊ ပြီးတော့ ကလောအကြောင်းကို ကြယ်ဖြူသိပါတယ်၊ သူက သိပ်လှတဲ့ မြို့လေးလေ "

" ပုံစံကြည့်ရတာတော့ သမီးက စိတ်တော်တော်ပါနေပုံပဲ၊ အေးလေ ဖေဖေ့အတွက်ကတော့ သမီးသဘောကျရင် ပြီးတာပါပဲ"

ဖေဖေက လေပြည်လေးနှင့် ပြော၏။ သူမက ညစ်ကျယ်ကျယ်လေး ပြုံးလျက် ဖေဖေ့ကို နောက်ကနေ သိုင်းဖက်လိုက်ကာ. . .

" ကြယ်ဖြူ သဘောမကျရင် ဖေဖေက ဘာလုပ်ပေးမှာမို့လဲ "

" ဖေဖေနဲ့တူတူ မခေါ်သွားဘဲ သမီးမေမေဆီ ပို့ပေးခဲ့မှာပေါ့ကွယ် "

သူမရဲ့ သိုင်းဖက်ထားသော လက်များလွတ်ကုန်လျက် ဖေဖေ့ကို နှုတ်ခမ်းစူ ကြည့်လိုက်မိသည်။

" ကြယ်ဖြူ မနေချင်ဘူး ဖေဖေ "

" သမီးကို မေမေကလည်း သိပ်ချစ်တာပါ "

" ကြယ်ဖြူသိပါတယ်၊ ဒါပေမဲ့ မေမေ့မိသားစုနဲ့ ကြယ်ဖြူနဲ့က ဘယ်လိုမှ အိုကေမှာ မဟုတ်ပါဘူး၊ ကြယ်ဖြူ ဖေဖေနဲ့ပဲ လိုက်မှာပါ "

" ဒီလိုဆိုတော့ ဖေဖေ ဝမ်းသာရတာပေါ့၊ သမီးပါတော့ ဖေဖေ တစ်ယောက်တည်း ပျင်းနေစရာ မလိုတော့ဘူး "

" သမီးကလည်း ဖေဖေ့ကို မျက်စိဒေါက်ထောက် ကြည့်ဖို့အတွက် လိုက်မှာနော်၊ ကိုယ့်အဖေကို ဘယ်မိန်းမမှ မကပ်နိုင်အောင်လေ "

ဖေဖေက သူမခေါင်းလေးကို ပွတ်သပ်လျက် ရယ်မောလိုက်၏။ သူမလည်း ပြုံးနေမိပြီး ဖေဖေ့ကို ငေးစိုက်ကြည့်နေမိသည်။

သုံးဆယ့်ခြောက်နှစ်ဆိုသော အသက်အရွယ်သည် ယောကျ်ားတစ်ယောက်အတွက် တကယ့်ကို တက်ကြွဖျတ်လပ်နေသေးသည့် အချိန်ကောင်း အရွယ်ကောင်းပင် ဖြစ်သည်။

ဖေဖေ့အသက် ဆယ့်ကိုးနှစ်တွင် ဖေဖေ့ထက် သုံးနှစ်ကြီးသော မေမေနှင့် အိမ်ထောင်ကျခဲ့သည်။ ယခု သူမ အသက်ဆယ့်ခြောက်နှစ်ရှိပြီ ဖြစ်သော်လည်း ဖေဖေကတော့ လူပျိုတစ်ယောက်လို သားနားချောမောနေဆဲပင် ဖြစ်၏။





သူမကတောင် ဖေဖေ့ကို လိုက်ကြည့်နေရသည်ထိ ဖေဖေက စန်းပွင့်လွန်းနေပါသည်။ ဒါကြောင့်လည်း မေမေနှင့် ဒီလို အခြေအနေမျိုးတွေထိ ဖြစ်သွားခဲ့ခြင်းပဲ မဟုတ်လား။

× × ×

" ကြယ်ဖြူက လိမ္မာပြီးသားဆိုတော့ မေမေ့အတွက် အထူးတလည် မှာစရာ မလိုပါဘူးလေ၊ ဟိုမှာက ကိုယ်တစ်ခါမှ မရောက်ဘူးတဲ့ ဒေသဆိုတော့ အစားအသောက်တွေ ဘာတွေ ကြည့်စားပေါ့ "

" ဟုတ်ကဲ့ပါ မေမေ၊ ကြည်ဖြူ သိပါတယ် "

မေမေက သူမမျက်နှာကို တစိမ့်စိမ့်ကြည့်လျက် ခေါင်းတညိတ်ညိတ် လုပ်နေပါသည်။

" မေမေ အဆင်ပြေတယ် မဟုတ်လားဟင် "

" ပြေပါတယ် သမီးရဲ့၊ မေမေလည်း သင်တန်းနဲ့ အိမ်နဲ့ ပြေးလိုက်လွှားလိုက်ဆိုတော့ အလုပ်ထဲမှာ စိတ်နှစ်ထားရတာက ပိုများနေတယ်လေ "

" ဦးဇော်လည်း နေကောင်းတယ် မဟုတ်လား "

မေမေက အသာအယာသာ ခေါင်းညိတ်ပြသည်။ သူမက ဦးဇော်ထိုက် အလုပ်မှ ပြန်လာချိန်နီးပြီဖြစ်သောကြောင့် မေမေ့အား နှုတ်ဆက်လိုက်၏။

" ကြယ်ဖြူ ပြန်တော့မယ် မေမေ "

မေမေ့ကို ဦးသုံးကြိမ်ချလိုက်ပြီး သူမ နေရာမှ ထရပ်၏။ မေမေ့ရဲ့ နောက်အိမ်ထောင်ဖြစ်သော ဦးဇော်ထိုက်ကို ကြည့်မရဘာ မရှိသော်လည်း တော်ရုံတန်ရုံဆို မျက်နှာချင်း မဆိုင်ချင်ပါ။

ဖေဖေ့အစား မျက်နှာပူသလို ခံစားရလို့ပါပဲ။

× × ×

သူမတို့ရဲ့ ဂျပန်ဂျစ်ကားလေးပေါ်သို့ ထုပ်ပိုးထားသမျှ ပစ္စည်းတွေ အားလုံးတင်ပြီးချိန်မှာပဲ မေမေ ရောက်လာပါသည်။ ဖေဖေနဲ့ မေမေက အိမ်ထောင်ကွဲနေကြသော်လည်း တစ်ယောက်နှင့် တစ်ယောက် အခေါ်အပြော မပျက်ခဲ့ပါ။

မိတ်ဆွေတွေ သူငယ်ချင်းတွေလို ရင်းနှီးခင်မင်နေဆဲပင် ဖြစ်သည်။ ဒါကလည်း သဘောထားကြီးလွန်းသော ဖေဖေ့ကြောင့်လို့ သူမ ထင်ပါသည်။

" ကိုဇော်ထိုက် မပါဘူးလား မမ "

" မပါဘူးလေ သူက အစည်းအဝေးရှိတော့ အလုပ်ဖျက် မရလို့ ကျန်ခဲ့တယ် မောင်ရဲ့ "

တစ်ယောက်ကိုတစ်ယောက် တရားဝင်ကွာရှင်းပြတ်စဲကြပြီး ဖြစ်သော်လည်း ဖေဖေနဲ့မေမေကတော့ ချစ်သူဘဝ၊ အိမ်ထောင်သည်





ဘဝကလို ခေါ်ဝေါ်သုံးစွဲကြဆဲ ဖြစ်သည်။

ဒါနဲ့ပတ်သက်ပြီးတော့လည်း ဦးဇော်က ဘာမှကန့်ကွက် ချုပ်ချယ်တာမျိုး မရှိခဲ့ပါ။ တစ်ယောက်နှင့်တစ်ယောက် နားလည်မှု ထားကြသည်။

" ဒါနဲ့လေ သမီးရဲ့ ကျောင်းကိစ္စကိုရော ဘယ်လိုစီစဉ်ထားလဲ မောင်၊ ဆယ်တန်းက သိပ်အရေးကြီးတယ်လေ "

" ဟိုက အထက်တန်းကျောင်းတစ်ခုမှာ မောင့်သူငယ်ချင်း တစ်ယောက် ရှိတယ်လေ "

" နုနုငယ်လား မောင် "

မေမေ့အသံက အနည်းငယ် ခနဲ့တဲ့တဲ့ နိုင်နေ၏။ သူမ စိတ်ထင်လို့လည်း ဖြစ်နိုင်ပါသည်။ ဖေဖေကတော့ မေမေ့ကို စေ့စေ့ ကြည့်ကာ ပြုံးလျက် ခေါင်းအသာဆတ်ပြသည်။

" သူ အားလုံး စီစဉ်ထားလိမ့်မယ်၊ ဟိုရောက်တာနဲ့ သမီးက ကျောင်းတန်းတက်ရုံပဲ "

" ဒီလိုဆိုတော့လည်း အဆင်ပြေတာပေါ့၊ ဘယ်သူနဲ့မှ မသိတာထက်စာရင် နုနုငယ်ရှိနေတော့ အိုကေမှာပါ "

မေမေ့မျက်နှာက ပကတိ တည်ငြိမ်နေပြီး ထိုစကားကိုလည်း အလေးအနက် ပြောလိုက်ခြင်းဖြစ်သည်။ ဖေဖေ့ရဲ့ ရည်းစားဦး

တစ်ယောက် ဖြစ်ခဲ့သော အန်တီနုငယ်ကို မေမေ့ရင်မှာ သဝန်တိုခြင်းတွေ ကင်းခဲ့ပြီနဲ့ တူရဲ့ . . .။

" ကဲ သွားကြတော့လေ၊ တော်ကြာ ဟိုကို သတင်းပို့ချိန်အမီ မရောက်ဘဲ နေဦးမယ် "

မေမေက သူမ လက်ထဲတွင် ဆုပ်ကိုင်ထားသော မွေးပွယုန်ရုပ်လေးကို ကားပေါ်သို့ လှမ်းယူတင်ပေးလိုက်ရင်း ပြောတော့ သူမက မေမေ့ကို သိုင်းဖက်လိုက်ပြီး မျက်ရည်ဝဲမိ၏။

" သမီးလေး ဆယ်တန်းဖြေပြီးရင် မေမေ့ဆီမှာ ခဏဖြစ်ဖြစ် ပြန်လာနေပေါ့၊ စာကိုလည်း ကြိုးစားနော်၊ ဆယ်တန်းဆိုတာ သိပ်အရေးကြီးတယ် "

သူမ ပခုံးလေးကို ပုတ်လျက် အားပေးနှုတ်သိမ့်လိုက်သော မေမေ့အသံတို့ တုန်ရင်နေကြတာကို သူမ သိလိုက်တော့ ခွဲခွာရမည့် ခံစားချက်က ရင်ထဲမှာ ဆို့နင့်လာသည်။

.သူမ ခြောက်တန်းအရွယ်တည်းက ဖေဖေနဲ့မေမေ အိမ်ထောင်ကွဲခဲ့ကြသော်လည်း အဆက်အသွယ်ကတော့ မပြတ်ခဲ့ကြဘဲ အသွားအလာလည်း ရှိခဲ့ကြမြဲပင် ဖြစ်သည်။

ဒါကြောင့်လည်း မေမေနဲ့ ခွဲခွာနေရသည့် ခံစားချက်ဆိုတာ သူမထံမှာ သိပ်အမြစ်မတွယ်ခဲ့ပါ။ ခုတော့ တစ်နယ်တစ်ကျေးဆီထိ





ဝေးဝေးလံလံ ခွဲခွာရတော့မည်ဆိုတော့ သူမရင်ထဲ ဘယ်လိုမှ မပျော်ရွှင်နိုင်တာ အမှန်ပါပဲ။

မေမေ့လက်ကို ဆုပ်ကိုင်ထားသော ကြယ်ဖြူလက်များအား ဖေဖေရဲ့ သန်မာသော လက်တစ်စုံက ဆွဲကိုင်ဖြုတ်ပစ်လိုက်ပြီး ပခုံးလေးကို ဖေးမလျက် ကားပေါ်သို့ တက်စေလိုက်သည်။

ဖေဖေ့တပည့်က သူမနှင့် ဖေဖေတို့ ကားပေါ်ရောက်သည်နှင့် ကားစက်နှိုးထွက်လိုက်၏။ သူမက မေမေ့ကို ကားနောက်မှန်မှတစ်ဆင့် သမင်လည်ပြန်ကြည့်ကာ လက်ပြလိုက်သည်။

မေမေ့လက်တစ်ဖက်က ပါးပြင်ပေါ်သို့ ပွတ်သုတ်လိုက်တာ မြင်ရ၏။ မေမေ ငိုနေတာပဲ ဖြစ်မှာပေါ့။

သူမ မိဘနှစ်ပါး လမ်းခွဲကြစဉ်က ဖေဖေ့ကို ရွေးချယ်ပြီး တူတူနေခဲ့ခြင်းသည် မေမေ့ကို မချစ်၍ မဟုတ်ခဲ့ပါ။ အဖော်မဲ့ အထီးကျန် ဖြစ်ကျန်ခဲ့ရှာမည့် ဖေဖေ့ကို မေမေ့ထက်စာရင် ပိုနားလည်ပေးနိုင်ခဲ့လို့ပဲ ဖြစ်သည်။

ဒါကို မေမေ သိရဲ့လားဟင်။

■ ■ ■

## အခန်း (၂)

" ဒါ ဖေဖေတို့ နေရမယ့် အိမ်ပဲ သမီး "

ကလောမြို့ထဲကို စဝင်မိတည်းက သစ်ပင်ရိပ်တို့နှင့် အေးစိမ့်စိမ့်လေး ရှိနေကာ မြေနီနီလမ်းလေးများကလည်း အလွန်သဘောကျစရာ ကောင်းလှသည်။ ကြည့်လေရာရာမှာ ထင်းရှူးပင်မြင့်မြင့်ကြီးများဖြင့် ကာရံထားသော၊ မြင့်မားသည့် တောင်ကြီးတွေကို ရှုမဆုံးဖွယ် မြင်တွေ့နေရသည့် ကလောမြို့လေးက ကြယ်ဖြူကို ပြုံးရွှင်စွာ ကြိုဆိုနေသလို ခံစားရသည်။

ဒီလောက်ထိ လှပသော မြို့လေးမှာ ဘယ်လောက်ပဲနေရနေရ အေးအေးချမ်းချမ်းနှင့် အလွန်နေလို့ကောင်းမည်ဆိုတာ သူမ သိလိုက်သည်။ ရာသီဥတုကလည်း ရန်ကုန်နှင့် ကွာခြားလွန်းလှ၏။





ခုချက်ချင်းပဲ မိုးရွာချလိုက်တော့မယောင် အုံ့မှိုင်းနေသော မိုးကောင်းကင်က နေရောင်ခြည်ကို နွေးနွေးသာ ဖြာကျနေစေသည်။ ဆွတ်ပျံ့ပျံ့လေး အေးစိမ့်နေ၏။

သူမတို့ နေရမည့် အိမ်လေးက မြို့ထဲနှင့် နည်းနည်းလှမ်းသော ဆင်ခြေဖုံးရပ်ကွက်လေးတစ်ခုတွင် ဖြစ်၏။ နှစ်ထပ်တိုက်ပုလေးသည် ခမ်းနားထည်ဝါသည် မဟုတ်ဘဲ နေချင့်စဖွယ် လှတီးပတာလေးဖြစ်၏။ ဘေးပတ်ပတ်လည် ဟိုးအဝေးမှာတော့ မြင့်မြင့်မားမား တောင်တန်းကြီးတွေက ဝိုင်းရံကာဆီးထားသည်။ ပြည်မမြေပြန့်ရဲ့ အဆုံးမှာ ကဗျာဆန်ဆန် လှပစွာ တည်ရှိသော မြို့လေးဆိုတာ သူမ ထပ်ခါတလဲလဲ ဝန်ခံလိုက်ရသည်။

ဆွတ်ပျံ့အေးချမ်းသော ရာသီဥတုနှင့် လိုက်ဖက်စွာပင် ထင်းရှူးပင်မြင့်ကြီး နှစ်ပင်က အိမ်လေး၏ ဘေးတစ်ဖက်စီတွင် နေရာယူထား၏။ အိမ်ရှေ့တည့်တည့်မှာတော့ မြင့်မားအုံ့ဆိုင်းလှသော ချယ်ရီပင်ကြီး သုံးပင်က လည်ချင်းယှက်လျက် လှလှပပ ပေါက်နေကြသေးသည်။

ဖေဖေက အပေါ်ထပ်တက်သည့် လှေကားနှင့်ကပ်လျက် အိပ်ခန်းတွင် နေရာယူလျက် သူမကိုတော့ အပေါ်ထပ်ရှိ စာကြည့်ခန်းဘေးတွင် နေစေ၏။ အခန်းလေးက သိပ်မကျယ်လှပေမယ့် နေချင်

စဖွယ် သပ်သပ်ရပ်ရပ်လေး ဖြစ်သည်။

ဖေဖေ့ထက်အရင် နေခဲ့ဖူးသည့် လူများလက်ထက်တည်းက ပရိဘောဂများ အဆင်သင့်ရှိခြင်း ဖြစ်သဖြင့် သူမတို့အတွက် အထူးတလည် မပင်ပန်းတော့ပါ။ အောက်ထပ် ဧည့်ခန်းထောင့်လေးမှာ ရှိသော မီးလင်းဖိုလေးကလည်း သူမရဲ့ စိတ်ဝင်စားခြင်းတွေကို မြန်မြန်ဆန်ဆန်ပဲ ဖမ်းယူထားလိုက်၏။

ဒါပေမဲ့ သူမအတွက် ခုချိန်မှာ အတောင့်တဆုံးကတော့ ခဏလောက် လဲလျောင်းကာ အိပ်စက်ပစ်လိုက်ချင်ခြင်းပင် ဖြစ်၏။ လမ်းမှာတောက်လျှောက် မအိပ်ဘဲ ငေးမောလာသဖြင့် အခန်းထဲမှ ခုတင်ကို မြင်လိုက်သည်နှင့် သူမမျက်လုံးတို့က မှေးစင်းချင်လာသည်။ မျက်ခွံတို့က လေးလံလာ၏။ ရေမိုးပင် မချိုးနိုင်တော့ဘဲ အိပ်ရာထက် လှဲချလိုက်မိ၏။ သူမ အိပ်ရာဘေးတွင် ပြတင်းပေါက် နှစ်ချပ်ရှိသည်မို့ အပြင်ဘက်ဆီသို့ လှမ်းမြင်နေရသည်။

ကျေးငှက်သံလေးများပင် ကြားနေရသေး၏။ ထိုအသံလေးကို သူမ နှစ်ခြိုက်စွာ ပြုံးလိုက်မိသည်။ သူမ ရောက်နေသော နေရာကို သဘောတကျ ဖြစ်သွားမိတာလည်း ပါ၏။ ဒီနေရာလေးမှာ သူမ ပျော်ရွှင်စွာ နေခွင့်ရလိမ့်မယ်လို့လည်း မျှော်လင့်မိသည်။

သူမ မသိသော၊ သူမ မမြင်ဘူးသော အရာတွေကို စိတ်ဝင်





တစားနှင့် လိုက်လံကြည့်ရှုဖို့ကိုတော့ သူမ သေချာပေါက် အကောင် အထည်ဖော်ဖြစ်ပါလိမ့်မည်။ ဒါပေမဲ့ ဖေဖေက သူမကို လိုက်လျော ပါ့မလား။ ဘယ်လိုပဲဖြစ်ဖြစ် သူမကတော့ ဒီမြို့လေးအနှံ့ လျှောက်ကြည့် ဖို့ ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ ဖေဖေ မအားလပ်နေခဲ့ရင်တောင် သူမဘာသာ လိုက်ကြည့်ဖို့ တွေးနေမိ၏။ သူမက ဖေဖေ့ထင်သလောက် လည်း ကလေးတစ်ယောက် မဟုတ်တော့ပါဘူးလေ။

သူမအတွက် အခက်အခဲဆိုတာတွေ အပူအပင်ဆိုတာတွေ မရှိသလောက် ရှားပါးလွန်းနေခဲ့တာက အလိုလိုက်တတ်လွန်းသော ဖေဖေ့ကြောင့်ပင် ဖြစ်၏။ ခက်တာက သူမဟာ ဖေဖေ အရိပ်တကြည့်ကြည့် လုပ်နေရလောက်အောင် မငယ်ရွယ်လွန်းတော့တာဘဲ ဖြစ်သည်။ ကလေးတစ်ယောက်လို ချုပ်ချယ်မှုမျိုးတွေကို မလိုချင်သော်လည်း ဖေဖေ့ရဲ့ ဂရုစိုက်မှုတွေကိုတော့ သူမ အမှန်တကယ်ပဲ လိုအပ်နေပါ သေးသည်။

ခုလည်း သူမရဲ့ဘေးမှာ ဖေဖေရှိနေသည်မို့ ဘာကိုမှ ပူပန်ခြင်း မရှိမိဘဲ လွတ်လပ်ပေါ့ပါးစွာနှင့် နေခွင့်ရခြင်းဖြစ်၏။ ဒါကြောင့်လည်း သူမ ဖေဖေ့ကို သိပ်ချစ်ရပါသည်လေ။

× × ×

" ကဲ ဒါက ဖေဖေ့မိတ်ဆွေ ဒေါ်နုနုငယ် တဲ့ "

ဖေဖေနဲ့ ရွယ်တူသာ ရှိသေးသော်လည်း တည်ငြိမ်ရင့်ကျက်သော ဝတ်စားဆင်ယင်ပုံက ဆရာမတစ်ဦးမှန်း သိသာလွန်းပါသည်။

" သမီးက အချောလေးပဲ၊ နာမည် ဘယ်လိုခေါ်လဲကွဲ့ "

ရုပ်ကလေးသာ ချောသည်မဟုတ်ဘဲ အသံလေးကလည်း သာယာညက်ညောနေတာကို သူမ ခံစားလိုက်ရသည်။ ဒေါ်နုနုငယ်ဟာ အဖက်ဖက်က ပြည့်စုံနေသည့် မိန်းမချောတစ်ဦးပဲလို့ သူမ မှတ်ချက်ချလိုက်မိသည်။

" ကြယ်ဖြူလေးပါ အန်တီနုငယ်၊ အန်တို့အကြောင်းတွေကိုလည်း မမြင်ဖူးခင်တည်းက ကြားဖူးနေတာ ကြာပါပြီ "

သူမ စကားကြောင့် အန်တီနုငယ်က ဖေဖေ့ထံသို့ တစ်ချက်ဝေ့ကြည့်၏။ ဖေဖေကတော့ လက်နှစ်ဖက်ကို မြှောက်လျက် ပခုံးတွန့်ပြပါသည်။ ကိုယ်ဘာမှ မသိပါဘူး ဆိုတဲ့ အမူအရာမျိုးပေါ့။

" အန်တို့အကြောင်းတွေကို ကြယ်ဖြူ့ဖေဖေက အတင်းပြောတယ်ပေါ့လေ ဟုတ်လား "

အန်တီနုငယ်က သူမကို ဦးတည်ပြီး ပြောလိုက်ခြင်းဖြစ်ပေမယ့် မျက်လုံးများကတော့ သူမဘေးတွင် ရပ်နေသော ဖေဖေ့ထံသို့ ရောက်နေပါသည်။ သူမကတော့ အန်တီနုငယ်ကိုသာ





တည့်တည့်စိုက်ကြည့်လျက် . . .

" အဲဒီလို မဟုတ်ပါဘူး အန်တီရဲ့၊ ဖေဖေနဲ့ ပတ်သက်ခဲ့ဖူးတဲ့ အရင်က အကြောင်းတွေပါ "

" အို. . . "

အန်တီနုငယ် အထင်လွဲမည်စိုး၍ ခပ်မြန်မြန် ကာမိကာမှ အခြေအနေတွေက ပိုဆိုးသွားပြီး အန်တီနုငယ်ရဲ့ ဖြူနုသော မျက်နှာလေး ပန်းသွေးရောင် ရဲတက်သွား၏။

အသက်သုံးဆယ်ကျော် အပျိုကြီးဆိုပေမယ့် ရှက်သွားလိုက်ပုံက တကယ့်ကို ဆယ်ကျော်သက် အပျိုရိုင်းလေးတစ်ယောက်အလား။

အန်တီနုငယ် ချောပါသည်။ တည်ကြည်ရင့်ကျက်သော အလှလည်း ရှိ၏။ ဆရာမတစ်ယောက်ဆိုသော ဂုဏ်နှင့် ကလ္လြေ့ကြီးလှသည့် အပျိုကြီးဟူသော ဂုဏ်တို့ကလည်း ရှိနေပြန်သေးသည်။

ဖေဖေ့အပေါ်မှာလည်း ရှိရင်းစွဲ သံယောဇဉ်လက်ကျန်တွေ တော်တော်လေး မကုန်သေးပုံပါပဲ။

ဒါပေမဲ့ သူမ ရင်ထဲမှာတော့ မေမေ့ကိုသာ တမ်းတမိသည်။ ဖေဖေ့ကို မေမေနှင့်သာ ပြန်လည်သင့်မြတ်စေလိုသည်။

မဖြစ်နိုင်မှန်းလည်း သိ၏။ ခုချိန်မှာ မေမေက သူ့အိမ်ထောင်နှင့်သူ အဆင်ပြေနေခဲ့ပြီး ဖြစ်သည်။ နေသားကျနေပြီးလည်း ဖြစ်သည်။

ဒီလိုအချိန်မှာမှ သူမက ဘာတွေကို စိတ်ကူးယဉ် မျှော်လင့်နေဦးမှာ တဲ့လဲ။

" သောက်လိုက်ပါဦး နငယ် "

ဖေဖေက သူကိုယ်တိုင် ဖျော်လာသော ပန်းသီးဖျော်ရည်ကို စားပွဲပေါ်တင်လျက် ပြော၏။ အန်တီနငယ်ကလည်း ဖေဖေ့ကို မကြည့်ဘဲ မျက်လွှာချလျက်ကနေ ဖန်ခွက်ကို လှမ်းယူ၏။

မဖြစ်သေးပါဘူး၊ ဒီအခြေအနေကို သူမ ဝင်ထိန်းမှပင် ရတော့မည်။

" ဇြယ်ဖြူက ဘယ်ကျောင်းမှာ တက်ရမှာလဲဟင် အန်တီနငယ် "

" ခု အန်တီ စာပြနေတဲ့ ကျောင်းမှာပဲလေ၊ စက်ဘီးတို့ ဆိုင်ကယ်တို့နဲ့ လာရင်တော့ သိပ်မဝေးပါဘူး "

" ဟင် ကြယ်ဖြူမှာ အဲဒါတွေမှ မရှိဘဲ "

" ဖေဖေ လိုက်ပို့မှာပေါ့ သမီးရဲ့၊ ကျော်ကြီးလည်း ရှိတာပဲ"

ဖေဖေက ဝင်ပြောတော့မှ သူမ ငြိမ်နေလိုက်ရ၏။ တကယ် တော့ သူမကို ပို့ကြိုနေတာနဲ့တင် ဖေဖေ့အလုပ်ချိန်တွေ တော်တော် ကုန်ဆုံးသွားနိုင်ပါသည်။ ပြီးတော့ သူမက ကလေးတစ်ယောက်လို မိဘတွေက ကျောင်းကြိုပို့ လုပ်ပေးနေရမည့် အရွယ်လည်း မဟုတ်





တော့ဘူးလေ။

ဒီကိစ္စကိုတော့ နောက်မှပဲ ဖေဖေနှင့် နှစ်ယောက်တည်း ဆွေးနွေးရပါဦးမည်။ ခုတော့ သူမရဲ့ ရည်ရွယ်ချက် အောင်မြင်သွား၏။ အန်တီနငယ်နဲ့ ဖေဖေတို့ တစ်ယောက်နဲ့တစ်ယောက် ရှိန်မနေတော့ဘဲ သူမရဲ့ ပညာရေးအကြောင်းတွေ ဆွေးနွေးရင်း လေပေးဖြောင့်နေပြီ ဖြစ်၏။

သူမ တစ်ယောက်တည်း ကြိတ်ပြုံးလိုက်မိပါသည်။

× × ×

" ဟေး မင်းက ငါတို့မြို့ကို ပြောင်းလာတဲ့ ဒုရဲအုပ် သမီးလား"

သူမရဲ့ ပထမဆုံး ကျောင်းစတက်သည့် နေ့မှာပင် ဆံပင်ဂုတ်ထောက် တရုတ်မျက်နှာနှင့် ကောင်လေးတစ်ယောက် လာမိတ်ဆက်၏။ သူ့ဘေးတွင် အသားမည်းမည်းနှင့် ကုလားလေး တစ်ယောက်လည်း ပါသေး၏။ တော်တော်လည်း လိုက်ဖက်တဲ့ အပေါင်းအသင်းတွေပဲဟု တိတ်တိတ်လေး မှတ်ချက်ချလိုက်သည်။

" နင်တို့က . . . "

သူမက စူးစမ်းသလိုလေး ပြန်မေးတော့ သူတို့မျက်နှာက ဝင်းပသွား၏။

" ငါက မိုးမြင့်၊ သူက ကျော်ကျော် "

တရုတ်မျက်နှာနှင့် အံဝင်ခွင်ကျရှိလှသော မျက်ပေါက် ကျဉ်းကျဉ်းလေးများ ပျောက်သွားသည်ထိ ပြုံးပြလျက် ထိုကောင်လေး က ပြော၏။

ပထမဆုံး ကျောင်းတက်သည့်နေ့မို့ ကိစ္စဝစ္စများ လိုက်လုပ် နေရသည်နှင့် ခုမှပင် ဖေဖေလည်း ပြန်သွားရခြင်းဖြစ်ပြီး သူမလည်း ကျောင်းဝင်းထဲမှာ တစ်ယောက်ထဲ ယောင်လည်လည် ကျန်နေခဲ့ရချိန်မှာ ထိုနှစ်ယောက် ရောက်လာပြီး မိတ်ဆက်ခြင်းက သူမအတွက် အားတက်သွားစေတာတော့ အမှန်ပင်။

" အိုကေ ငါက ကြယ်ဖြူလေး၊ ရန်ကုန်က ပြောင်းလာတာ"

သူမက အသိအမှတ် ပြုလိုက်တော့ နှစ်ယောက်သား မျက်နှာ များက ပြုံးရွှင်ကာ အချင်းချင်း လက်ဝါးရိုက်လိုက်ကြ၏။

" ငါတို့နဲ့တူတူ မုန့်စားရအောင် လိုက်ခဲ့ပါ "

ကျော်ကျော်က အားရဝမ်းသာခေါ်တော့ သူမလည်း လက်မှ နာရီလေးကို မြှောက်ကြည့်လိုက်၏။ မုန့်စားကျောင်းပြန်တက်ရန် ဆယ့်ငါးမိနစ်ခန့် လိုနေသေးသည်။

" ကောင်းပြီလေ ဘယ်မှာ စားကြမှာလဲ "

" မုန့်ဈေးတန်းပဲ သွားမယ်လေ၊ ဒီအချိန်ဆို ကျောင်းသားတွေ





အားလုံးက အဲဒီမှာပဲ ဆုံကြတာ "

" ဩော် ဟုတ်လား၊ ဒါဆိုလည်း သွားလေ "

ကျောင်းကန်တင်းလို ဖြစ်နေသော မုန့်ဆိုင်တန်းလေးတွင် စားပွဲနှင့်ကုလားထိုင်များ စီဝိုင်းချထားလျက် နေရာလွတ် မကျန်လောက် အောင်ပင် ကျောင်းသားများနှင့် ပြည့်သိပ်ကျက်ညပ်နေ၏။

သူမတို့ သုံးယောက်က မျက်လုံးကို ဝေ့ဝဲကြည့်လျက် ထိုင်စရာ နေရာရှာလိုက်၏။

" ဟေး ကျော်ကျော်တို့ မိုးမြင့်တို့ လာလေ "

" ဟော ဟိုမှာ ဂျူလိုင်နဲ့ ဆုဝေတို့ "

ကျော်ကျော်နဲ့ မိုးမြင့်တို့နှစ်ယောက်က ဝမ်းသာအားရ ပြန်နှုတ်ဆက်ကာ ထိုကောင်မလေးနှစ်ယောက် ထိုင်နေသည့် ဝိုင်းသို့ လျှောက်သွား၏။ သူမလည်း ထမင်းဘူးလေးကိုင်လျက် နောက်ကနေ လိုက်ခဲ့ရ၏။

" နင်တို့နှစ်ယောက်ကို မိတ်ဆက်ပေးရဦးမယ်၊ ဒါက ရန်ကုန်က ပြောင်းလာတဲ့ ကြယ်ဖြူလေးတဲ့၊ ဒီနှစ်ယောက်ကတော့ ငါတို့ရဲ့ အခင်ဆုံး သူငယ်ချင်းတွေ ဂျူလိုင်နဲ့ဆုဝေ၊ အတော်မ တွေလေ. . . "

" မိုက်ရိုင်းလိုက်တာ ငါတို့ကိုများ အတော်မတွေတဲ့ "

မိုးမြင့်က ကောင်မလေးနှစ်ယောက်ကို နာမည်များသာမက ဘွဲ့ထူးလေးနှင့်ပါ တွဲမိတ်ဆက်ပေးလိုက်တော့ ဆုဝေဆိုသော တစ်ယောက်က ထအော်ခြင်းဖြစ်၏။

" မဟုတ်လို့လား မုန့်စားကျောင်း ခေါင်းလောင်းတီးတာနဲ့ ကန်တင်းကို တန်းရောက်ပြီး နေရာဦးထားတတ်တဲ့ မိန်းမတွေကများ"

" အောင်မာ ငါတို့နေရာဦးပေးလို့လည်း ထိုင်ရသေးတယ်၊ ငါတို့ကိုလည်း လူပါးဝသေးတယ် "

" အေးလေ နင်တို့ကလည်း "

သူမကပါ ဆုဝေတို့ဘက်က ဝင်ပြောတော့ မိုးမြင့်က မျက်နှာရှုံ့မဲ့လျက်. . .

" နင်က သူတို့ဘက်ကပေါ့လေ ဟုတ်လား ကြယ်ဖြူလေး"

သူမက ဂျူလိုင်တို့ဘက်လှည့်ကာ မျက်စိတစ်ဖက် မှိတ်ပြလျက် ရယ်မောလိုက်မိ၏။ မဆိုးပါဘူးလေ၊ ကျောင်းစတက်သည့်နေ့မှာပဲ အပေါင်းအသင်းတွေ စတွေ့ရသည်ဆိုတော့ ပျင်းဖို့သိပ်ကောင်းတော့မည် မထင်။ စားရင်းသောက်ရင်းနှင့်တောင် တဝါးဝါးတဟားဟား ရယ်နေရ၍ သူမမှာ သီးမတတ် ဖြစ်နေရသည်။

အဲဒီလိုမျိုး ဆူညံပွက်လောရိုက်နေသော အသံများသည် ဖြတ်ခနဲ ငြိမ်ကျသွားလျက် တစ်နေရာထဲသို့ စုပြုံကြည့်နေသည်





ဆိုရင်တော့ ဘယ်သူမှ ထိုအခြေအနေကို စိတ်မဝင်စားဘဲ နေမည် မထင်ပါ။

" နင်တို့ ဘာဖြစ်သွားတာလဲ "

သိချင်လွန်းလျက် မနေနိုင်စွာ သူမ မေးမိတော့ ဂျူလိုင်က ကျောင်းဆိုင်တန်းများ အပြင်ဘက်ဆီသို့ မေးငေါ့ပြလျက်. . .

" ဟိုမှာကြည့်လိုက် "

ဂျူလိုင် ညွှန်ပြရာသို့ သူမ လှမ်းကြည့်လိုက်တော့ သူမကိုယ်တိုင်ပါ ငေးမိလျက်သား ဖြစ်သွားရသည်။

ဖွေးနေသော အသားအရေက ဖြူသည်ဆိုတာထက် သွေးပင်မရှိသလို ဖွေးဆုတ်နေခြင်း ဖြစ်၏။ ပါးလျားကာ ခပ်ရှည်ရှည်လေး ဖြစ်နေသော နှုတ်ခမ်းနှစ်လွှာက နီရဲလွန်းနေပြီး ပိရိသေသပ်လျက်၊

မြင့်မားသော အရပ်က ခပ်တောင့်တောင့် ဘော်ဒီတည်ဆောက်ပုံနှင့် လိုက်ဖက်လွန်းနေသည်။ အဲဒီအရာတွေထက် ပိုပြီး ပေါ်လွင်ထင်ရှားလွန်းနေတာကတော့ ထူထဲသည့် မျက်ခုံးတန်းများအောက်မှ မီးခိုးရောင် မှိုင်းနေသော မျက်ဝန်းတစ်စုံပါပဲ။

" သူ ဘယ်သူလဲ "

ကိုယ့်ကိုယ်ကို မသိလိုက်ခင်မှာပင် သူမ နှုတ်မှ ထိုမေးခွန်းက ထွက်ကျသွားခဲ့ပြီး ဖြစ်၏။

" မာန်ဝင့်ထည် "

ဆုဝေက သူမ မေးခွန်းကို တခုတ်တရ ပြန်ဖြေ၏။ ဘာမှန်း မသိပါဘဲ အဲဒီနာမည်ကို သူမ နှုတ်ဖျားကနေ ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။

" မာန်ဝင့်ထည် တဲ့ "

သူမ ထိုင်နေသည့် ဘေးနားကပ်လျက်ကနေ ခပ်မတ်မတ်လေး ဖြတ်လျှောက်သွားသည့် သူ့ပုံက တကယ်ကို ကြည့်ကောင်းလွန်းသည်။

သူမကို ကျော်သွားသည်ထိ မနေနိုင်စွာ လှည့်ကြည့်မိတော့ သူမ၏ အနောက်ဘက် မျက်စောင်းထိုးလောက်ရှိ စားပွဲမှာ ထိုင်နေတာ တွေ့ရ၏။ လှည့်ကြည့်မိစဉ်တွင် ခလုတ်တိုက်မိသော အကြည့်နှစ်ခုက စူးစူးနစ်နစ်။

ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားခြင်းက ထူးဆန်းလွန်းသည်။

" သူက ဘာလဲ "

" ဒါက ဒုတိယမေးခွန်းပေါ့ ဟုတ်လား၊ မာန်ဝင့်ထည်နဲ့ ပတ်သက်ပြီးတော့လေ "

မိုးမြင့်က သူမ မျက်နှာကို ပြုံးစိစိနှင့် ကြည့်လျက် ဝင်နောက်၏။ သူမက မျက်စောင်းလေး ချီလိုက်ပြီး ကိုယ်ကို အနည်းငယ်ကိုင်းကာ





သူများကြားမှာစိုးသော လေသံမျိုးနှင့်. . .

" သူ့ပုံက တော်တော်ထူးဆန်းတယ်နော်၊ တစ်ခုခုတော့ တစ်ခုခုပဲ "

" ထူးဆန်းတာပေါ့ ဟိုမှာလည်း ကြည့်ဦး "

မိုးမြင့် ထပ်ပြနေသည်က စားသောက်တန်းထဲသို့ ဝင်လာသည့် စုံတွဲတစ်တွဲ၊ ကောင်မလေးရဲ့ မျက်နှာကျက မာန်ဝင့်ထည်နဲ့ တော်တော်လေးဆင်ကာ မာန်ဝင့်ထည်လိုပဲ ဖြူဆုတ်နေသော အသားအရောင် ရှိ၏။

ထိုကောင်မလေးဘေးမှ ခပ်ဖြူဖြူချောချော ကောင်လေးကတော့ ကြယ်ဖြူလေးကို စူးစမ်းသလို ကြည့်သွား၏။ သူမကတော့ မျက်လွှာချထားလိုက်ပါသည်။

" သူတို့ မောင်နှမနှစ်ယောက်က ကျောင်းမှာ နာမည်ကြီးတွေလေ "

" မာန်ဝင့်ထည်နဲ့ ခုဝင်လာတဲ့ ကောင်မလေးကို ပြောတာလား"

တစ်ဝိုင်းတည်းတူတူ ထိုင်နေကြသော သူတို့သုံးယောက်ဆီသို့ မျက်လုံးစွေကြည့်ကာ မေးလိုက်တော့ ဆုဝေက. . .

" ဟုတ်တယ် အိန္ဒြေဝင့်ထည် တဲ့၊ သူတို့က အမြွာတွေလေ၊

ဒါပေမဲ့ မာန်ဝင့်ထည်က ပိုချောတယ်နော်၊ ဟုတ်တယ် မဟုတ်လား''

မာန်ဝင့်ထည်ရဲ့ ပုံစံက မိန်းကလေးတိုင်း ကြိုက်လောက်စရာမို့ ဆုဝေက ထိုသို့ပြောသည်ကို ပြုံးလျက်သာ နားထောင်နေမိသည်။

'' ဒီလောက် မိုက်နေတာ အတွဲတွေဘာတွေလည်း ရှိနေမှာ ပေါ့နော် ''

အဲဒီမေးခွန်းကိုလည်း ဘာအတွက်ကြောင့် သူမ မေးလိုက်မိမှန်း မသိပါ။ တကယ့်ကို ရိုးရိုးသားသားပါလို့ ဝန်မခံရဲတာတော့ အမှန်ပင်ဖြစ်သည်။

'' အိန္ဒြေဝင့်ထည်နဲ့ တွဲပြီး ဝင်လာတာ သူ့ချစ်သူပေါ့၊ အိမ်က သဘောတူထားတာတဲ့လေ၊ ငါတို့နဲ့ ရွယ်တူပါပဲ၊ စဝ်နိုင်ဒွန်း တဲ့၊ မာန်ဝင့်ထည်ကတော့ ရည်းစားသနာရယ်လို့ မရှိရှာသေးပါဘူး၊ သူက အေးအေးဆေးဆေး နေတတ်တယ်လေ၊ အတန်းထဲမှာလည်း အေးဆေးပဲ ''

'' ငါတို့နဲ့ တစ်တန်းတည်းပဲလား ''

'' ဟုတ်တယ် တစ်တန်းတည်းပဲ၊ အိန္ဒြေနဲ့ဒွန်းကတော့ ဟိုဘက်အတန်းကပါ ''

'' ဪ. . . ''

ခုလေးတင် သူမ တက်ရမည့် အခန်းကို ကျောင်းအုပ်ဆရာမ





ကြီးက ပြောလိုက်သည်။ ပြီးတော့ ကျော်ကျော်တို့ရဲ့ ရင်ဘတ်တွင် ကပ်ထားသော အတန်းတံဆိပ်များအရ သူမနှင့် ဒီလေးယောက်ဟာ တစ်တန်းတည်းဆိုတာ သိပြီးသား ဖြစ်သည်။

ခုလို မာန်ဝင့်ထည်ကပါ အတန်းထဲကဆိုတော့ ဘာမှတော့ မဆိုင်ပါဘဲ စိတ်ထဲမှာ ကျေနပ်သွားမိသည်။ အဲဒီအချိန်မှာပဲ မုန့်စား ကျောင်းတက်သည့် ခေါင်းလောင်းထိုးသံ ထွက်ပေါ်လာသောကြောင့် သူမတို့ လေးယောက်လည်း နေရာမှထရပ်လိုက်ကြ၏။

'' ဒီနေ့ ငါတို့အတန်းကို ကျောင်းသားသစ်ရောက်လာလိမ့် မယ်လို့ ဆရာမ ဒေါ်နုနုငယ်က မနေ့တည်းက ပြောထားတယ်လေ၊ အဲဒါကြောင့် နင့်အတွက်တောင် နေရာတစ်နေရာစာ ဖယ်ပေးထား သေးတယ် ''

'' ဟယ် ဟုတ်လား၊ နင်တို့က တော်တော် ချစ်ဖို့ကောင်း တာပဲ ''

'' မာန်ဝင့်ထည် ဘေးမှာလေ ''

ခပ်သွက်သွက်လျှောက်နေသော ခြေလှမ်းများ အနည်းငယ် တုံ့ဆိုင်းကုန်တာ ဘာဖြစ်လို့မှန်းလည်း မသိ။

'' ဘာဖြစ်လို့ အဲဒီလိုလုပ်တာလဲ ''

ဒီလောက်တော့ သူမ သိခွင့်ရှိသည် မဟုတ်လား။ ပြီးတော့

မာန်ဝင့်ထည်လိုမျိုး လူတစ်ယောက်ရဲ့ဘေးမှာ သူမ ထိုင်ဖို့ဆိုတာ နည်းနည်းတော့ ကတုန်ကယင် ဖြစ်ချင်မိတာ အမှန်ပါပဲ။ အဲဒီလိုမျိုး ဘာကြောင့်ဖြစ်ရတယ်ဆိုတာလည်း သူမဘာသာ မသိပါ။

" ဟား ဟား နောက်တာပါဟ၊ ဒါပေမဲ့ မာန်ဝင့်ထည်ဘေးမှာ နင်ထိုင်ရမှာကတော့ အမှန်ပဲ၊ ငါတို့တမင်သက်သက် ဦးပေးထားတာ တော့ မဟုတ်ဘူးနော် "

" ဘာတွေလဲဟ "

ခြေလှမ်းကို သွက်သွက်လှမ်းကာ အတန်းရှိရာဆီ သွားနေကြ ရသော်လည်း သူမတို့ရဲ့ ပါးစပ်များကတော့ မအားလပ်နိုင်လောက် အောင် အလုပ်များနေကြ၏။ ကျော်ကျော်နဲ့ မိုးမြင့်ကတော့ အိန္ဒြေဝင့်ထည်နဲ့ စဝ်နိုင်ဒွန်းအကြောင်းတွေ ပြောနေသလို သူမတို့ မိန်းကလေးတွေကလည်း မာန်ဝင့်ထည်အကြောင်းတွေကို ရေပက်မဝင် လောက်အောင် ပြောနေမိကြ၏။

ဒီမောင်နှမနှစ်ယောက်က ဒီကျောင်းမှာ တော်တော်လေးကို နာမည်ကြီးသည်ဆိုတာကတော့ သူတို့ရဲ့ အပြောအဆိုတွေအရ သူမ ယုံကြည်လိုက်ပါသည်။

" သူက သူ့နားမှာ ဘယ်သူမှ မထိုင်စေချင်တဲ့ပုံဟ၊ ပြီးတော့ အေးတိအေးစက်နဲ့ ဘယ်သူ့ကိုမှလည်း သိပ်ပြီး အရောဝင်တာ





မဟုတ်ဘူး၊ အဲဒီတော့ သူ့ကိုလည်း ဘယ်သူကမှ သွားမရောရဲတော့ ဘူးပေါ့၊ အဲဒါနဲ့ပဲ သူ့ဘေးကခုံမှာ ထိုင်မယ့်သူမရှိဘဲ ဖြစ်နေတာ၊ ငါတို့အတန်းမှာက နေရာလွတ်လည်း မရှိတော့ဘူးဆိုတော့ နင်က သေချာပေါက်ကို သူ့ဘေးမှာ ထိုင်ရမှာပဲ၊ ရှင်းပြီလား "

ဆုဝေရဲ့ လိပ်ပတ်လည်အောင် ရှင်းပြမှုကြောင့် သူမက ဘာကြောင့် မာန်ဝင့်ထည်နဲ့တူတူ ထိုင်ရမယ်ဆိုတာ သဘောပေါက် ရသော်လည်း မာန်ဝင့်ထည်ကိုတော့ ဆုဝေအပြောများကြောင့်ပင် အနည်းငယ် ရှိန်နေမိသည်။

" ငါ နင်တို့နဲ့ပဲ တူတူ ထိုင်လို့မရဘူးလားဟင် "

" မရဘူးဟ ငါတို့ အတန်းပိုင်ဆရာက သိပ်စည်းကမ်း ကြီးတာ၊ သတ်မှတ်ထားတဲ့ နေရာမှာပဲ တသမတ်တည်းထိုင်မှ ကြိုက်တတ်တာမျိုးလေ "

စိတ်ပျက်လက်ပျက်ဖြစ်သွားမိသော ကြယ်ဖြူလေးက သက်ပြင်းလေးကို ချလိုက်မိသည်။

အတန်းထဲဝင်လိုက်သည်နှင့် ထင်းနေအောင် ပေါ်လွင် နေသော မာန်ဝင့်ထည်ကို အရင်ဆုံး မြင်လိုက်ရတာပါပဲ။ နှစ်ယောက်ခုံ လေးတွင် သူ တစ်ယောက်တည်း ထိုင်နေခြင်းဖြစ်၏။

ဒါဆို ဘေးက နေရာလွတ်တွင် ကြယ်ဖြူလေး ထိုင်ရမယ်

ဆိုတာ ကျိန်းသေပဲပေါ့။ သူကရော သူ့ဘေးမှာ သူမကို ထိုင်စေချင်ပါ့မလား။ တော်ကြာ တစ်ခုခု ပြောလိုက်မှ ဟုတ်ပေ့ဖြစ်နေဦးမည်။ သူမမှာ ကြောက်တတ်သော သူတစ်ယောက် မဟုတ်သော်လည်း သူ့မျက်နှာကို မြင်နေရသည့် အချိန်လေးအတွင်းမှာ အလိုလို ရှိန်နေမိခြင်းဖြစ်၏။

အတန်းထဲသို့ ကြယ်ဖြူဝင်လိုက်သည်နှင့် မာန်ဝင့်ထည်ရဲ့ မျက်လုံးများကလည်း သူမထံသို့ ကျရောက်လာပါသည်။ သူ့အကြည့်တွေက စူးစူးရှရှနှင့် တစ်စုံတစ်ခုကို ညှို့ငင်နေသလို ခံစားရ၏။

ရင်ဆိုင်ပြီး မကြည့်ရဲတော့သောကြောင့် သူမရဲ့ အကြည့်များကို ပြန်ရုတ်သိမ်းလိုက်ပြီး ခေါင်းကို အနည်းငယ် ငုံ့ထားလိုက်မိသည်။

" ဟိုင်း ငါက ကြယ်ဖြူလေးပါ၊ ရန်ကုန်က ပြောင်းလာတာလေ "

သူ့ဘေးတွင် ဝင်ထိုင်မိသည်နှင့် တပြိုင်နက် သူမကပင် စတင် နှုတ်ဆက်လိုက်ပါသည်။ သူ နည်းနည်း အံ့အားသင့်သွားပုံရပါသည်။

." မင်း ဒီမှာ ထိုင်မှာလား "

" အေး ဟုတ်တယ်၊ ငါ့အတွက် နေရာသက်သက်မှ မရှိ





တော့တာပဲလေ "

ကြယ်ဖြူက ဘာမှမတတ်နိုင်ဘူးဆိုသည့်ပုံနှင့် လက်နှစ်ဖက်ကို မြှောက်ပြီး ပခုံးတစ်ချက် တွန့်ပြလိုက်၏။

" အိုကေလေ၊ ငါ့နာမည်က မာန်ဝင့်ထည်ပါ၊ တွေ့ရတာ ဝမ်းသာပါတယ် "

" ငါလည်း တူတူပါပဲ၊ နင့်ဆီက အကူအညီတွေ ရလိမ့်မယ်လို့ ငါမျှော်လင့်ပါတယ် "

" ကူညီနိုင်တာ ရှိရင်တော့ ကူညီရတာပေါ့လေ "

" ကျေးဇူးပါပဲ၊ နင့်အကြောင်းတွေကိုတော့ ငါ့သူငယ်ချင်းတွေဆီက နည်းနည်း သိထားပါတယ် "

" ဖြစ်တတ်ပါတယ်၊ လူတွေက ငါ့အကြောင်းဆို နည်းနည်းစိတ်ဝင်စားချင်နေကြတယ် "

" တကယ်တော့ နင်က မာနကြီးတဲ့ပုံလည်း မပေါက်ပါဘူး"

သူမက သူ့မျက်လုံးများကို တည့်တည့်စိုက်ကြည့်ပြီး ပြောလိုက်တော့ သူက ဟက်ခနဲ တစ်ချက်ရယ်လိုက်၏။

" လူတွေက ငါ့ကို မာနကြီးတယ်လို့ထင်နေကြတယ်လေ၊ တကယ်တော့ အဲဒီလို မဟုတ်ပါဘူး၊ ငါက တစ်ယောက်တည်း အေးအေးဆေးဆေး နေတတ်တာမျိုးပါ "

" အင်း ငါထင်ပါတယ် "

မကြာမီမှာပင် အတန်းထဲသို့ ဆရာမဝင်လာသောကြောင့် အားလုံး ငြိမ်သက်သွားကြ၏။ ဒေါ်နုနုငယ်က အတန်းထဲတွင် မျက်လုံးများကို ဝေ့ဝဲကြည့်ကာ ကြယ်ဖြူကို ရှာနေသည့်ပုံပါပဲ။ နောက်တော့ မာန်ဝင့်ထည်ရဲ့ဘေးတွင် တွေ့လိုက်ရ၍ မျက်ခုံးများ အနည်းငယ် ပင့်တက်သွားပြီး ပြုံးပြ၏။

သူမကလည်း ပြန်လည်ပြုံးပြလိုက်ပါသည်။ သူမကို အတန်းသားများအားလုံးနှင့် မိတ်ဆက်ပေးပြီးသွားတော့ အန်တီနုငယ်က သူမနားနားသို့ကပ်လာ. . .

" သမီး အဲဒီမှာ ထိုင်ရတာ အဆင်ပြေရဲ့လား "

" အဆင်ပြေလိမ့်မယ်လို့ ကြယ်ဖြူ ထင်ပါတယ် "

" ကောင်းပြီလေ၊ တစ်ခုခု အခက်အခဲရှိရင် ဆရာမကို ပြောနော် "

" ဟုတ် "

ကိုယ့်နေရာတွင်ကိုယ် ပြန်ထိုင်လိုက်မိချိန်မှာပဲ မာန်ဝင့်ထည်က သူမဘက်သို့ အနည်းငယ်ကိုင်းလိုက်ပြီး

" နင့်ကို ငါ့နားမှာ ထိုင်ရတာ အဆင်ပြေရဲ့လားလို့ မေးနေတာ မဟုတ်လား "





" ဟင် နင်ဘယ်လိုသိလဲ "

" ငါက လူတွေရဲ့ နှုတ်ခမ်းလှုပ်ပုံကိုကြည့်ပြီး သူတို့ဘာပြောတယ်ဆိုတာ ရိပ်ဖမ်းသံဖမ်း နားလည်နိုင်တယ်လေ "

" ဟယ် တကယ်လား၊ မိုက်လိုက်တာ "

သူမက ကလေးတစ်ယောက်လို အံ့သြစွာ မေးမိတော့ သူက ပြုံးပါသည်။ ကလေးတစ်ယောက်ရဲ့ ပျော်ရွှင်မှုကို သဘောကျသောကြောင့် ပြုံးလိုက်သည့် အပြုံးမျိုးပါပဲ။

" နင်က တော်တယ်နော် "

ကျောင်းဆင်းရန် စာအုပ်များ သိမ်းနေသည့်အချိန်တွင် သူမက မာန်ဝင့်ထည်ကို ပြောလိုက်ပါသည်။ သူကတော့ တကယ့်ကို စကားအသစ်အဆန်းတစ်ခု ကြားလိုက်ရသူလို မျက်ခုံးများ ပင့်တက်သွား၏။

" အခု ငါ့ကို တော်တယ်လို့ ပြောလိုက်တာလား "

" အင်းလေ "

" ဒီလောက်လေး တတ်ရုံနဲ့ နင်က အဲဒီလို သတ်မှတ်လိုက်တာလား "

" ပညာရပ်တစ်ခုကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်တာ တော်လို့ပေါ့ဟ "

" အဲဒါ ပညာရပ်တစ်ခုလား "

" ဒါပေါ့၊ အရာရာတိုင်းဟာ ယူတတ်ရင် ရတဲ့ပညာရပ်တွေပဲ မဟုတ်လား "

" ငါ့အတွက်လည်း နင်က စိတ်ဝင်စားစရာ ကောင်းပါတယ် ကြယ်ဖြူလေး "

" ကျေးဇူးပါ "

သူမက သူ့ကိုနှုတ်ဆက်လိုက်ပြီး ဂျူလိုင်တို့နှင့်အတူ ကျောင်းပြင်ထွက်ခဲ့လိုက်သည်။ ကျောင်းဝင်းအပြင်မှာ ဖေဖေ့တပည့် ဦးကျော်ကြီးနှင့် ကားလေးက သူမကို အသင့်စောင့်ကြိုနေပြီ ဖြစ်သည်။

အားလုံးကို နှုတ်ဆက်ကာ သူမကားလေးပေါ်သို့ တက်လိုက်သည့် အချိန်မှာပဲ သူမတို့ကားလေးရဲ့ ရှေ့မျက်စောင်းထိုးတွင် ရပ်ထားသော မာစီဒီးကားနက်လေးပေါ်သို့ တက်သွားသော မာန်ဝင့်ထည်တို့ မောင်နှမနှင့် စဝ်နိုင်ဒွန်းကို တွေ့လိုက်ရခြင်းဖြစ်သည်။

သူတို့က ဒီလောက်တောင်ပဲ ချမ်းသာသည်တဲ့လား။ ပြီးတော့ အထက်တန်းကျောင်းသား ဘဝမှာတည်းက စေ့စပ်ထားသော အိန္ဒြေဝင့်ထည်နှင့် စဝ်နိုင်ဒွန်းတို့ကိုလည်း အံ့ဩမိသည်။ သူတို့ရဲ့ မိဘတွေကိုရောပေါ့။

သူတို့ရဲ့ မိသားစု အသိုင်းအဝိုင်းဟာ ဘယ်လိုမျိုးများ ဖြစ်မှာ





ပါလိမ့်၊ ဆိုရှယ်ကျလွန်းသော ပတ်ဝန်းကျင်မျိုးလား၊ ဘာတွေပဲဖြစ်ဖြစ် သူမကတော့ မာန်ဝင့်ထည်အပေါ်တွင် အနည်းငယ် စိတ်ဝင်စားမိနေပြီ ဖြစ်၏။

ကျောင်းယူနီဖောင်း အဖြူနှင့်အစိမ်းတို့ကိုသာ ဝတ်ဆင်ထား သော်လည်း သူ့ရုပ်ရည်က ဖွဲ့မက်ချင်စရာ ကောင်းလောက်အောင် ဆွဲဆောင်မှုရှိလွန်းသည်။ ရွယ်တူကျောင်းသားများနှင့် ယှဉ်လိုက်ရင် လည်း ဘယ်လိုမှ နှိုင်းမရအောင် ကွာခြားလွန်းနေ၏။

နှစ်လိုဖွယ်ကောင်းသော အပြုံးချိုချိုလေးကို ပိုင်ဆိုင်သည့် မာန်ဝင့်ထည်အား သူမ စိတ်ဝင်စားမိတာ မလွန်နိုင်ပါ။ နောက်နေ့တွေ ကျရင်လည်း သူ့ကိုပိုပြီး ရင်းနှီးချင်နေမိသည်။ သူ့အကြောင်းတွေ ကြားချင်နေမိ၏။

သေချာတာကတော့ သူ့အကြောင်းများသည် ပျင်းရိငြီးငွေ့ စရာ ကောင်းလိမ့်မည်မဟုတ်ဘူးဆိုတာ သူမ သိနှင့်နေတာပါပဲ။ အနေအထိုင် အေးဆေးသော၊ အပေါင်းအသင်းနည်းသော သူ့အတွက် ကြယ်ဖြူလေးကိုတော့ ရင်းရင်းနှီးနှီး ဆက်ဆံစေချင်မိသည်။

ဒါက ရင်ထဲကဆန္ဒ အမှန်ပါ။

■ ■ ■

## အခန်း (၃)

" သမီး စာတွေလိုက်နိုင်ရဲ့လား "

" လိုက်နိုင်တယ် ဖေဖေ၊ ဒါပေမဲ့ သင်္ချာတော့ သိပ်မရဘူး"

သူမက ကျက်လက်စ စာအုပ်ကို စားပွဲပေါ်တွင် မှောက်တင်လိုက်ပြီး ဖေဖေ့ဘက်လှည့်ပြောလိုက်မိ၏။

" ဒါများ သမီးရယ် နုငယ်က သင်္ချာပြတာ မဟုတ်လား၊ သူ့ကို ပြန်မေးရင် နားလည်သွားမှာပေါ့ "

" ဒီလိုဆို ဒီတစ်ခါ ပိတ်ရက်ကျရင် အန်တီနုငယ်ဆီကို ကြယ်ဖြူသွားလို့ ရမလားဟင် ဖေဖေ "

" ရတာပေါ့ သမီးရဲ့ "

ဖေဖေ့ပုံစံက အန်တီနုငယ်ဆီ သွားရမှာမို့ တက်ကြွနေသည်လား မပြောတတ်ပါ။ မျက်နှာကတော့ ပြုံးချိုနေ၏။ သူမ စိတ်ထင်





နေခြင်းလည်း ဖြစ်နိုင်ပါသည်လေ။

" ဖေဖေ လိုက်မပို့နဲ့တော့နော်၊ ကြယ်ဖြူ့ဘာသာပဲ သွားလိုက်မယ် "

ဖေဖေ့မျက်နှာ နည်းနည်းတည်သွားသည်။

" ဘာလဲ သမီးက ဖေဖေ့ကို စိတ်မချလို့လား၊ ဒါဆိုလည်း ကျော်ကြီးကို လိုက်ပို့ခိုင်းလိုက်လေ "

" ဟုတ် "

သူမက ခပ်ပြုံးပြုံးလေးလုပ်ကာ ခေါင်းညိတ်လိုက်မိပြီးမှ အတွေးတစ်ခု ဝင်လာသောကြောင့် သူမနားမှ ထွက်ခွာရန် ပြင်နေသော ဖေဖေ့ကို ထပ်ခေါ်လိုက်မိသည်။

" ဖေဖေ ခဏနေပါဦး "

" ဘာကျန်သေးလို့လဲ သမီး "

ဖေဖေ့မျက်နှာက ကြည်ကြည်လင်လင်ပဲမို့ ကြယ်ဖြူကလည်း ပြောစရာရှိသည့် စကားကို သေချာပေါက်ပြောရန် ဆုံးဖြတ်လိုက်၏။

" အဲဒါကလေ ဖေဖေ၊ ဖေဖေရော ကြယ်ဖြူရော အဆင်ပြေမယ်လို့ ထင်တဲ့ ကိစ္စတစ်ခုပါ "

" ဟော ဘာနဲ့ပတ်သက်ပြီးတော့များလဲ ကြယ်ဖြူရယ် "

ဖေဖေ့ပုံစံက စိတ်ဝင်တစား ဖြစ်လာသည်မို့ သူမ နည်းနည်း

အားတက်သွား၏။

" ကြယ်ဖြူ ကျောင်းသွားကျောင်းပြန်အတွက် ဦးကျော်ကြီးကို အလုပ်ထဲကနေ ကားနဲ့လွှတ်လွှတ်နေရတာ ဖေဖေ့အတွက် ကရိကထ များနေမယ်ဆိုတာ ကြယ်ဖြူ သိပါတယ် "

" အဲဒီတော့ . . . "

အနည်းငယ် ရပ်သွားသော သူမရဲ့ စကားများအတွက် ဖေဖေကပင် စကားစဆက်ပေးလိုက်၏။

" ကြယ်ဖြူ့ဘာသာ ကျောင်းသွားပြန်နိုင်အောင် စက်ဘီးလေး တစ်စီးလောက် ဖေဖေ့ကို ပူဆာမလို့ပါ "

သူမရဲ့ စကားအဆုံးမှာ ဖေဖေက စိတ်ရှုပ်သွားသလို မျက်မှောင်ကျုံ့သွား၏။

" သမီးက စက်ဘီးကို ကျွမ်းကျွမ်းကျင်ကျင် စီးလေ့စီးထ ရှိတာမှ မဟုတ်တာဘဲ သမီးရယ် "

" အဲဒါက ကြယ်ဖြူ ကျင့်ရင် ရမှာပါ၊ ဖေဖေ့အတွက် စိတ်ပူလောက်စေမယ့်ဟာတွေ ဘာမှမဖြစ်စေရဘူးလို့ ကြယ်ဖြူ ကတိ ပေးပါတယ် "

ဖေဖေ့ဘက်က ဘာသဘောတူညီချက်မှ မရသေးပေမယ့် သူမကတော့ ဖေဖေခွင့်ပြုချင်လာအောင် ကတိတွေ အထပ်ထပ်





ပေးနေမိ၏။

နောက်ဆုံးတွင်တော့ ဖေဖေက စိတ်လျှော့လိုက်သည့်ဟန်မျိုး သက်ပြင်းကြီးချပြီး သူမကို သေသေချာချာ ကြည့်လျက်. . .

" ဒီက နေရာတွေ လမ်းတွေကို သမီးက သိပ်ကျွမ်းကျင်တာ မဟုတ်တော့ ကျော်ကြီးနဲ့ တူတူလေ့ကျင့်ပါ၊ အဲဒါမှ နည်းနည်းပါးပါး အထာနပ်လာမှာပေါ့၊ မနက်ဖြန်ကျရင် သမီးလိုချင်တာကို ဖေဖေ စီစဉ်ထားလိုက်ပါ့မယ် "

" ဟေး ဖေဖေက အဲဒီလိုမျိုး ချစ်ဖို့ကောင်းမယ်ဆိုတာ ကြယ်ဖြူက သိပြီးသားပါ "

နေရာမှ ထပြေးပြီး ဖေဖေ့လည်ပင်းကို သိုင်းလျက် ယီးလေး ခိုလိုက်တော့ ဖေဖေက နောက်သို့ တစ်ချက်ယိုင်သွားပါသည်။ သို့သော် ချက်ချင်းပင် ပြန်မတ်လိုက်ပြီး သူမရဲ့ ခါးလေးအား ပြန်ဖက်ထား လိုက်၏။

" ငါ့သမီးတောင် တော်တော်လေးလာပြီပဲ၊ ဖေဖေတော့ ကိုယ့်သမီးတောင် ကိုယ်မနိုင်တော့ပါလား "

" ဟား ဟား ဟုတ်တယ်၊ သမီးက အသက်ကြီးလာပြီ ဆိုတော့ လေးလာတာပေါ့၊ ဖေဖေတော့ ကိုယ့်သမီးတောင် ကိုယ်မနိုင် ဘဲနဲ့ လူဆိုးတွေကို ဘယ်လိုဖမ်းမှာလဲ "

ကြယ်ဖြူက ဖေဖေ့ကို သိုင်းဖက်ထားသည့် လက်များအား လွှတ်လိုက်ကာ စနောက်လျက် ပြောလိုက်တော့ ဖေဖေက မျက်မှောင်ကြီး ကျုံ့လိုက်ပြီး

" သမီးပြောမှ ဖေဖေ သတိရတယ်၊ ဒီဘက်မှာက ရှမ်းလူမျိုး ဆွေကြီးမျိုးကြီးတွေလည်းရှိတော့ သူတို့နဲ့ပတ်သက်နေတဲ့ အမှုလေးတစ်ခု ဖေဖေ ကိုင်နေရတယ်၊ သူတို့ အသိုက်အဝန်းက တော်တော်ကြီးကျယ် တော့ ဖေဖေတို့အနေနဲ့လည်း နည်းနည်းတော့ လုပ်ရကိုင်ရ ခက်နေတယ် လေ၊ ပြီးတော့ သူတို့အချင်းချင်းလည်း နှစ်ဖွဲ့ကွဲနေသလိုပဲ "

" သမီးလည်း သူတို့အကြောင်း ကြားဖူးတယ် ဖေဖေ "

" သမီးက ဘာတွေများ ကြားဖူးတာလဲဆိုတာ ပြောစမ်းပါဦး "

ကြယ်ဖြူက ဆရာကြီး လေသံနှင့် ဝင်ပြောလိုက်သောကြောင့် ဖေဖေက ကြယ်ဖြူ့ခေါင်းလေးကို လက်နှင့်အသာ ပုတ်လျက် မေးလိုက်ခြင်း ဖြစ်သည်။

" သူတို့တွေက ရိုးရိုးလူတွေထက် ပိုပြီး ချောကြတဲ့ အကြောင်းပေါ့ ဖေဖေရဲ၊ ကြယ်ဖြူဆို သူတို့ကို သိပ်စိတ်ဝင်စားတာပဲ "

" အမလေး ငါ့သမီး သိတဲ့ သူတို့အကြောင်းကလည်း တကယ့်ကို ကြီးကြီးကျယ်ကျယ်ပါပဲလား "





" ဖေဖေနော် ကြယ်ဖြူ့ကို လှောင်တာလား "

သူမက နှုတ်ခမ်းလေးစူလျက် မေးတော့ ဖေဖေက တဟားဟား အော်ရယ်ပါသည်။

" သမီးလေးကို မလှောင်ပါဘူးဗျာ၊ ဖေဖေက ချီးမွမ်းတာပါ၊ ပြီးတော့ သူတို့တွေရဲ့ အမှုဆိုတာကလည်း သူတို့အိမ်တော်ထဲက ဝန်ထမ်းတွေရဲ့ အမှုပါ၊ သူတို့ အချင်းချင်း ပဋိပက္ခတွေဖြစ်ပြီး လက်လွန်သွားကြတဲ့ အနေအထားမျိုးပေါ့ "

" အမှုက တော်တော် ခက်နေလို့လား ဖေဖေ၊ လူသေမှုလား၊ သဲလွန်စ မရှိလို့လား "

" လူတော့ မသေဘူး၊ ဒါပေမဲ့ မသေရုံတမယ်ပေါ့လေ၊ သက်သေအဖြစ် လုပ်ပေးရမယ့် လူတွေက သူတို့အနွယ်ဝင်တွေထဲက ဖြစ်နေတော့ သူတို့က အမှုကို ပိတ်လိုက်စေချင်တယ်၊ ကာယကံရှင်ဘက်ကလည်း တင်းခံနေတော့ ဖေဖေတို့ဘက်ကလည်း နည်းနည်းပါးပါး ကိုင်တွယ်ရခက်နေတယ်ဆိုတဲ့ သဘောပါ "

" ဩော် . . "

" သမီးက သူတို့ကို တော်တော်လေး စိတ်ဝင်စားနေပုံပဲနော် "

" ဒီလိုပါပဲ ဖေဖေရဲ့၊ လူတွေက သူတို့တွေဆိုရင် ကြီးကျယ်

မြင့်မြတ်တဲ့ ရုပ်ချောချောတွေဆိုပြီး ပြောတာတွေ ကြားရဖန်များလွန်းလို့ ကြယ်ဖြူက သိချင်တာပါ ''

'' အင်းပါ ဟုတ်ပါပြီ၊ သမီးပေးထားတဲ့ ကတိကိုတော့ သမီး မမေ့နဲ့နော်၊ စက်ဘီးဝယ်ပေးလိုက်တဲ့အတွက် ဖေဖေ စိတ်ပူစရာ မလိုဘူးဆိုတာကိုပေါ့ ''

'' ဟုတ် မမေ့ပါဘူး ဖေဖေ ''

ဖေဖေက ကြယ်ဖြူ့ခေါင်းလေးကို အသာပုတ်ကာ လက်ပြလျက် အိမ်ထဲမှ ထွက်ခွာသွားပါသည်။ ဒီည ဖေဖေက စခန်းမှာ မပြတ်သေးသည့် ကိစ္စလေးတွေ ရှင်းလင်းစရာ ရှိသည်ဆိုပြီး သွားအိပ်မှာဖြစ်၏။

ထို့ကြောင့် သူမ တစ်ယောက်တည်း ဒီအိမ်ကြီးထဲတွင် ကျန်ခဲ့ရမည် ဖြစ်သည်။ ရန်ကုန်မှာလည်း သူမတစ်ယောက်တည်း အိပ်ခဲ့ရသော ညပေါင်းမြောက်မြားစွာ ရှိသော်လည်း ခုလိုမျိုး တနယ်တကျေးမှာတော့ ဒီညဟာ သူမတစ်ယောက်တည်း အထီးကျန်ဖြစ်ရမည့် ပထမဆုံး ညပါပဲ။

ကြောက်တတ်သည့်စိတ် မရှိသော်လည်း သူမကို ဖုန်းထဲကနေပဲဖြစ်ဖြစ် စကားပြောပေးနိုင်မည့် သူငယ်ချင်းတစ်ယောက်လောက် ရှိနေရင် ကောင်းမယ်လို့ မျှော်လင့်နေမိ၏။ အဲဒီမျှော်လင့်ခြင်းနဲ့အတူ





အာရုံထဲမှာ ပေါ်လာတာက မာန်ဝင့်ထည်ရဲ့ မျက်နှာလေးပင် ဖြစ်သည်။

ဘယ်လိုဖြစ်လို့များ ဘေးချင်းကပ်ထိုင်နေသည့် လူတစ်ယောက်ရဲ့ ဖုန်းနံပါတ်ကိုတောင် သူမ မသိရတာလဲလို့ ကိုယ့်ဘာသာလည်း ပြန်လည်အပြစ်တင်လိုက်မိသည်။ ပြီးတော့ ကျော်ကျော်တို့ ဆုဝေတို့ ဖုန်းနံပါတ်တွေလည်း သူမ တစ်ခုမှ မသိပါ။

ကိုယ့်ဘာသာ အထပ်ထပ် အပြစ်တင်နေမိရင်း မအိပ်ချင်သေးသော အချိန်များကို တီဗွီကြည့်ရင်းနှင့်သာ ကုန်ဆုံးရန် ဆုံးဖြတ်လိုက်၏။

စက်ထဲသို့ ထိုးလိုက်မိသည့် အခွေက သရဲကားခွေတစ်ခွေ ဖြစ်နေပေမယ့် ပျင်းပျင်းနှင့်ပင် ထိုင်ကြည့်နေလိုက်၏။

အချိန်တွေ ဘယ်လိုကုန်လို့ ကုန်သွားမှန်း မသိသော်လည်း သူမနားထဲတွင် လေချွန်သံသဲ့သဲ့တစ်ခု တိုးဝင်လာသောကြောင့် သေချာနားစိုက်ထောင်လိုက်မိ၏။ လေချွန်သံက ဆက်တိုက်ထွက်ပေါ်နေခြင်းမျိုး မဟုတ်ဘဲ တစ်ခါတစ်ခါမှ ကျယ်ကျယ်လောင်လောင် ထွက်လာခြင်း ဖြစ်၏။

တေးသွားတစ်ခုကို သီကျူးနေခြင်း ဖြစ်နိုင်ပါသည်။ သာယာသော တေးသွားလေးတစ်ခုဆိုပေမယ့် သူမအတွက်တော့ စိတ်ထဲမှနေ၍ အနည်းငယ် ခြောက်ခြားလာမိသည်။

တိတ်ဆိတ်နေသော ညနက်နက်မှာ သူ့တစ်သံတည်း ပီပြင်စွာ ထွက်ပေါ်နေခြင်းမို့ သူမ စိတ်ထဲကနေ တစ်ယောက်တည်း ထိတ်လန့်နေမိတာလည်း ဖြစ်နိုင်ပါသည်။ ကြည့်လက်စ သရဲကားကို ပိတ်ပစ်လိုက်ပြီး ပြတင်းပေါက်ဘက် လျှောက်လာခဲ့မိ၏။

သေချာနားစွင့်လိုက်သောအခါ ထိုလေချွန်သံကို ပိုလို့တောင် ပီပီပြင်ပြင် ကြားလာရသေး၏။ ဘေးဘီဝဲယာကို မျက်လုံးကစားကာ ရှာဖွေကြည့်ပါသော်လည်း မှောင်မိုက်နေသော ပတ်ဝန်းကျင်က ဘာကိုမှ မမြင်ရလောက်အောင် ပိန်းပိတ်နေ၏။

ကြယ်ဖြူလေးတို့ အိမ်၏ဘေးဘက်တွင် တစ်ထပ်တိုက်ပုလေး တစ်လုံးရှိသော်လည်း ထိုအိမ်မှာ မှောင်မဲနေပြန်၏။ သွေးလန့်လာမိသော စိတ်ကို ထိန်းချုပ်လျက် ပြတင်းပေါက်ကို ကျောပေးရပ်လိုက်၏။

အဲဒီအချိန်မှာပဲ လေချွန်သံအစား တစ်စုံတစ်ယောက်က သူမအား လှမ်းခေါ်လိုက်သလိုမျိုး ချွတ်ခနဲ အသံကို ကြားလိုက်ရခြင်း ဖြစ်၏။ ခန္ဓာကိုယ်ပင် ဆတ်ခနဲ တုန်သွားရသည်ထိ လန့်သွားမိခြင်းကြောင့် ချက်ချင်းလှည့်မကြည့်ရဲသေးဘဲ တုန်နေသော ရင်ကို အရင် ထိန်းချုပ်နေရသေးသည်။

နောက်ထပ်တစ်ခါ ထပ်ပြီး ချွတ်ခနဲသံကို ကြားတော့မှပဲ သူမမှာ အသာလေး လှည့်ကြည့်လိုက်မိ၏။ ပတ်ဝန်းကျင်တစ်ခုလုံးက





မှောင်နေသောကြောင့် ဘာကိုမှ ကောင်းစွာ မမြင်ရ။ အသံလာရာသို့ မှန်းပြီးကြည့်မိတော့မှ တစ်ဖက်အိမ်နှင့် သူမတို့အိမ်ကြားတွင် ပေါက်နေသော ထင်းရှူးပင်ကြီးအောက်မှ ကောင်လေးတစ်ယောက်ကို သူမ မြင်လိုက်ရခြင်းဖြစ်သည်။

မှောင်မိုက်သော ညဘက်ကြီးမှာ တီရှပ်အနက်ရောင်ကို ဝတ်ဆင်ထားသော ထိုကောင်လေး၏ အပြင်အဆင်ကြောင့် သူမ မျက်လုံးရှုန်းနေရခြင်းလည်း ဖြစ်သည်။

သူ့ထံသို့ ကြယ်ဖြူ့အကြည့်များ ရောက်သွားချိန်မှာတော့ သူက သူမအား လက်ပြကာ လှမ်းခေါ်နေသေး၏။

ဘယ်လိုကောင်လေးမျိုးပါလိမ့်။ သူ့ကိုလည်း တစ်ခါမှ သိခဲ့ဖူးခြင်း မရှိသော မိန်းကလေးတစ်ယောက်ကို သူက ညကြီးအချိန် မတော် လှမ်းခေါ်နေ၏။ သူ့ကို သူမ ကျောပေးရပ်လိုက်မိသည်။

ဒီတစ်ခါတော့ သူက ချွတ်ချွတ်နဲ့ မခေါ်တော့ဘဲ. . .

" ဟေး အပေါ်ထပ်က ကောင်မလေး "

သူ့အသံ ခပ်အုပ်အုပ်က သူမ နားထဲသို့ အတိအကျ ရောက်လာသောကြောင့် သူဟာ မကောင်းဆိုးဝါး တစ်ကောင်ကောင် မဟုတ်ဘဲ လူတစ်ယောက်သာ ဖြစ်သည်ဆိုတာတော့ သေချာသွားပါသည်။

သူမ လှည့်ကြည့်လိုက်သင့်ပါသလား။ ကောင်လေးဟာ သူမနှင့် ရွယ်တူလောက်တော့ ရှိလိမ့်မည်နှင့်တူ၏။

" ငါခေါ်နေတာ မကြားဘူးလား "

သူ့အသံက အနည်းငယ် ကျယ်လာသောကြောင့် သူမကလည်း လှည့်ကြည့်လိုက်ပြီး ဘာလဲဆိုသည့် သဘောနှင့် မေးဆတ်ပြလိုက်ပါသည်။

သူမဆီက ထိုတုန့်ပြန်မှုကို ရလိုက်သောကြောင့်လားတော့ မသိ၊ သူ ပြုံးလိုက်သည်ဟု သူမ ထင်လိုက်သည်။

" အောက်ကို ခဏဆင်းလာပါလား "

" ဘာလို့ ဆင်းလာရမှာလဲ "

" ငါက ဒီအိမ်ကပါ၊ နင်နဲ့ မိတ်ဖွဲ့ရအောင်လို့လေ "

ထိုကောင်လေးက သူမတို့ ဘေးအိမ်ကို လက်ညှိုးထိုးပြကာ ပြောခြင်းဖြစ်၏။

" ဒီကနေ မိတ်ဖွဲ့လည်း ရသားပဲ၊ ဒါမှမဟုတ်လည်း မနက်ကျမှပဲ တွေ့ကြတော့ပေါ့ "

" နင်ကလည်း ဒီအိမ်အောက်လေး ဆင်းလာရမှာကို ဘာဖြစ်နေတာလဲ "

" ငါ ရုပ်ရှင်ကြည့်နေလို့ပါ "





လေချွန်သံကြားတည်းက ခြောက်ခြားလာသဖြင့် ကြည့်နေသော သရဲကားကိုတောင် ပိတ်ပစ်လိုက်ပြီး ဖြစ်သော်လည်း သူမကတော့ အလွယ်တကူပင် ပြောလိုက်ပြီး သူ့ကို ကျောခိုင်းလိုက်ပြန်၏။ ဒီတစ်ခါတော့ ထိုကောင်လေးထံမှ ဘာသံမှ ထပ်မကြားရတော့ပါ။

ဒါပေမဲ့ သူမ စိတ်ထဲမှာ မတင်မကျ ဖြစ်နေသည့် ကိစ္စကြောင့် သူရှိရာဆီ ဖြတ်ခနဲ လှည့်ကာ ကြည့်လိုက်မိပြန်၏။ သူကတော့ လက်နှစ်ဘက်ကို ခါးတွင်ထောက်လျက်သားနှင့် သူမထံသို့ လှမ်းမျှော်ကြည့်နေဆဲပင် ဖြစ်သည်။

" ဘာလို့ ပြန်လှည့်တာလဲ၊ ရုပ်ရှင်မကြည့်ဘူးလား "

" မေးစရာရှိလို့ "

" အင်း မေးပါ "

ထိုကောင်လေးရဲ့ အမူအရာက တကယ့်ကို ခင်မင်နှစ်လိုဖွယ်ကောင်းသည် ဆိုတာတော့ ငြင်းမရနိုင်တာ အမှန်ပါပဲ။

" ခုနက လေချွန်နေတာ နင်လား "

" နင်ကြားလိုက်လို့လား "

" ညဘက်ကြီး လေမချွန်ရဘူးဆိုတာ နင်မသိဘူးလား "

သူမက ဒေါသသံလေးနှင့် ပြောလိုက်တော့ သူက ရယ်ပြန်သည်။ ပြီးမှ. . .

" အဲဒါ ဘယ်သူ့အယူလဲ၊ ငါ့အယူထဲမှာတော့ အဲဒါတွေ မရှိဘူး "

" အေး ဘာပဲဖြစ်ဖြစ် နင်ချွန်ချင်ရင် နင့်အိမ်ထဲမှာပဲ ချွန်၊ သူများတွေ အနှောင့်အယှက် ဖြစ်အောင်တော့ မလုပ်နဲ့ပေါ့ဟာ "

သူမက လေပြည်လေးနှင့် ပြန်ပြောလိုက်ပါသည်။ ခုမှပဲ ဒီဒေသကို ရောက်လာပြီး ခုပဲ အိမ်နီးချင်းနှင့် စကားများသည်ဆိုလျှင် ဖေဖေတော့ တော်တော် မျက်နှာပျက်ရမှာမို့လို့ပေါ့။

" အေးပါ၊ နင် မလုပ်နဲ့ဆိုတော့လည်း မလုပ်တော့ပါဘူး"

" ကျေးဇူးပဲ "

အိမ်ထဲသို့ ပြန်လှည့်ဝင်လာရသော်လည်း သူမ စိတ်ထဲမှာတော့ ထိုကောင်လေး၏ မျက်နှာက ကပ်ပြီးပါလာ၏။ ဘယ်လိုကောင်လေးမှန်းလည်း မသိ၊ တမင်လုပ်ပြောနေတာ မဟုတ်သော်လည်း သူ့ပုံလေးက အလွန်ပဲ ကျိုးနွံနေတာတော့ သေချာသည်။

ခုနက ကြားရသော လေချွန်သံက သူမအတွက် ခြောက်ခြားစရာ မဖြစ်တော့သော်လည်း ရုပ်ရှင်ကို ဆက်မကြည့်တော့ဘဲ အိပ်ရာထဲသို့သာ တန်းဝင်ခဲ့လိုက်၏။

မနက်ကျရင် ကျောင်းအစောကြီး သွားရဦးမယ် မဟုတ်လား။

× × ×





စာသင်ခန်းထဲတွင် ရှိနေသည့် တစ်ချိန်လုံးမှာတော့ သူမနဲ့ မာန်ဝင့်ထည်က ဘေးချင်းကပ် ထိုင်နေရပေမယ့် စကားပြောဖြစ်သည် ဆိုတာက ရှားပါးလှ၏။ ဒါကလည်း ဘာရည်ရွယ်ချက်ကြောင့်မှ မဟုတ်ပါဘဲ မာန်ဝင့်ထည်၏ တစ်ယောက်တည်း နေတတ်သော သီးသန့်ဆန်သည့် အမူအကျင့်ကြောင့်သာ ဖြစ်သည်။

သို့သော် ဒီနေ့တော့ သူမဘက်ကစပြီး မာန်ဝင့်ထည်ကို စကားပြောစရာ ကိစ္စတစ်ခု ပေါ်လာပါသည်။

" မာန်ဝင့်ထည် ငါ့ကို ဖတ်စာအုပ် ခဏပြပါလား၊ ငါပြောချင်တာက ငါတို့နှစ်ယောက် တူတူကြည့်ရအောင်လို့ပါ "

ကြယ်ဖြူလေးက မျက်နှာထားကို ပြုံးပြုံးရွှင်ရွှင်လေးထားကာ ပြောလိုက်တော့ မာန်ဝင့်ထည်ကလည်း ပြန်လည်ပြုံးပြလိုက်ပြီး သူကြည့်နေသော ဓာတုဗေဒ ဖတ်စာအုပ်ကို သူမဘက်သို့ အနည်းငယ် တိုးပေးလိုက်၏။

" နင် နားလည်လား၊ အဲဒီ အီကွေးရှင်းကိုလေ "

သူမက သူ့နားသို့ကပ်ပြီး တိုးတိုးလေး မေးလိုက်တော့ သူက ပြုံးလိုက်ကာ

" နင် နားမလည်လို့လား "

" အေး သိပ်မရှင်းဘူး ဖြစ်နေတယ် "

" မုန့်စားကျောင်းဆင်းချိန်ကျရင် ပြောပြမယ်လေ "

မာန်ဝင့်ထည်က စိတ်ပါလက်ပါနှင့် ကတိပေးလိုက်ခြင်းမို့ သူမလည်း အားတက်သွားမိသည်။

" ဒါပေမဲ့ နင်က နင့်သူငယ်ချင်းတွေနဲ့ တူတူသွားမှာ မဟုတ်လား၊ ကန်တင်းကိုလေ "

" နင် စာရှင်းပြမယ်ဆိုရင်တော့ နင်နဲ့ပဲ လိုက်မယ်လေ၊ သူတို့ကို ပြောလိုက်မှာပေါ့ "

ဆရာမသင်နေသော စာကို အနည်းငယ် စိတ်လွတ်ကာ နားမထောင်မိဘဲ နှစ်ယောက်သား တွတ်ထိုးနေမိသောကြောင့်

" မာန်ဝင့်ထည်နဲ့ ကြယ်ဖြူလေး ဘာတွေ အရေးကြီးတာများ တိုင်ပင်နေကြတာလဲ "

အတန်းထဲမှာ ဟိန်းထွက်လာသော ဆရာမအသံကြောင့် နှစ်ယောက်သား ခေါင်းချင်းပူးကပ်နေသည်ကို အမြန်ခွာလိုက်ကာ မာန်ဝင့်ထည်ကပင်

" သူက ဖတ်စာအုပ်မပါလာတာ ကျွန်တော့်ကို ပြောလို့ တူတူကြည့်နေကြတာပါ "

" ကျောင်းလာတာ ဖတ်စာအုပ်မပါဘဲ ဘယ်လိုလုပ်မလဲ ကြယ်ဖြူလေး "





ဆရာမရဲ့ အကြည့်များက သူမတစ်ယောက်တည်းဆီသို့ ကျရောက်လာကာ လေသံကလည်း တင်းမာနေ၏။ သူမကိုယ်တိုင်ပင် အနည်းငယ် ထိတ်လန့်သွားမိပါသည်။

" ညက စာကျက်ရင်းနဲ့ စာကြည့်စားပွဲပေါ်မှာ ဒီတိုင်းကျန်ခဲ့လို့ပါ တီချယ် "

သူမရဲ့ အလျှောက်ကောင်းမှုကြောင့် အထောင်းသက်သာသွားသော်လည်း အတန်းသားအားလုံးရဲ့ အကြည့်များကတော့ သူမနှင့် မာန်ဝင့်ထည်တို့ဆီမှာပဲ လှူးလာဝဲပျံနေ၏။ သူမတို့နှစ်ယောက်ကိုလည်း ထင်မြင်ချက်အမျိုးမျိုး ပေးနေကြသည့် ပုံပါပဲ။

အထူးသဖြင့် အနေအထိုင် အေးဆေးလှသော မာန်ဝင့်ထည်ကိုပဲ သူတို့အမျိုးမျိုး ထင်မြင်ချက်တွေ ပေးနေမှာကို သူမ မြင်ယောင်နေမိသည်။ ဒါပေမဲ့ ဘာစကားကိုမှတော့ ထပ်မပြောရဲတော့ဘဲ နှစ်ယောက်လုံး ဆရာမအသံဆီသို့သာ အကြားအာရုံကို အစွမ်းကုန် ပို့လွှတ်ထားရ၏။

မုန့်စားကျောင်းဆင်းတော့လည်း သူမက မိုးမြင့်တို့အား မာန်ဝင့်ထည်ကို စာမေးစရာရှိ၍ ကျန်ခဲ့မည့်အကြောင်း ပြောပြတော့ အားလုံးက ပြုံးစိစိ ဖြစ်ကုန်ကာ

" သတိလည်း ထားဦးနော်၊ သူက လူမဟုတ်ဘူး ."

" ဟင် ဘာလဲဟ၊ နင့်စကားကြီးက "

ဆုဝေရဲ့စကားကို သူမက နားမလည်နိုင်စွာ မေးတော့မှ သူတို့အားလုံးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြပြီး

" သူက နှလုံးသားမရှိသလို အေးစက်စက်နဲ့လေ၊ စက်ရုပ်ကြီး တစ်ရုပ် သူ့ပရိဂရမ်တွေအတိုင်း လှုပ်ရှားနေသလိုမျိုးကြီးလေ "

ဆုဝေအပြောကို ကျန်သုံးယောက်က သဘောကျစွာ ရယ်မောလိုက်ကြပြန်သည်။ သူမကတော့ မရယ်ဖြစ်ပါ။ သူ့စိတ်ကို နားလည်နေတယ်လို့ပဲ ပြောရမလား မသိ၊ ဒါပေမဲ့လည်း သူ့ကို သူမ သေချာမသိသေးပါဘူးလေ။

ကျော်ကျော်တို့ မုန့်စားတန်းသို့ ထွက်သွားကြတော့မှ သူမက သူ့ဘေးသို့ ပြန်လာကာ

" နင်က ဘာမှမစားတော့ဘူးလား "

" ငါ ဒီနေ့ သိပ်ဗိုက်မဆာလို့ မသွားတော့ပါဘူး နင်ရော"

" ရပါတယ်၊ ငါက ဘာမှမဖြစ်ပါဘူး၊ အိမ်ကယူလာတဲ့ ထမင်းချိုင့်ပါတာပဲဟာ "

ပလတ်စတစ် ထမင်းဘူးလေးကို သူမက မြှောက်ပြရင်း ပြောတော့ သူက ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ပြီး

" ဒါဆိုလည်း နင်စားပြီးမှပဲ ငါတို့ စာလုပ်ကြတာပေါ့ဟာ"





" နင်ပါ တူတူစားလေ၊ ငါအများကြီးပဲ ထည့်လာခဲ့တာ"

သူ့ဘက်သို့ ထမင်းဘူးကို တိုးပေးပြီးပြောတော့ သူက ခေါင်းခါရမ်းကာ ငြင်းဆန်ပါသည်။

" စားကြည့်စမ်းပါဟ၊ ဒီကြက်ချိုချဉ်က ငါကိုယ်တိုင် ချက်လာတာဟ "

သူမက ခပ်မြှောက်မြှောက်လေး ပြောလိုက်သော်လည်း သူကတော့ ခေါင်းကို ခါမြဲတိုင်း ခါနေပြီး

" ငါက အသားတွေ ငါးတွေ သိပ်မစားဘူးဟ၊ အသီး အရွက်ကို ပိုကြိုက်တယ် "

ကြယ်ဖြူလေး နည်းနည်းတော့ အံ့သြသွားရသည်။ သူမ တွေ့ဖူးသည့် ယောကျာ်းလေးတော်တော်များများကတော့ အသားဟင်း ဆို ကြိုက်တတ်ကြသည်လေ။ ဖေဖေရော ဦးကျော်ကြီးရောပေါ့၊ အိမ်မှာ အသားဟင်းမပါသည့် နေ့ဆိုတာ မရှိရလောက်အောင်ကို ဦးကျော်ကြီး က ချက်ပြုတ်စီမံတတ်သူ ဖြစ်၏။

ခုတော့ သူက ပိုလို့တောင် ထူးဆန်းတာတွေပဲ ဖြစ်ပျက်နေစေ သည်။

" နင်က သက်သတ်လွတ် စားတာလား "

" မဟုတ်ပါဘူး၊ ငါကိုယ်တိုင်ကိုက အသားငါးတွေကို ညှီလို့

မစားနိုင်တာလေ ''

'' ဒါများဟယ် နင့်အိမ်က လူတွေကို သေချာချက်ခိုင်းပေါ့ဟ၊ ညှီနံ့ပျောက်အောင်လို့လေ ''

'' အဲဒီလိုလည်း မဟုတ်ပါဘူး၊ အိမ်က စားဖို့မှူးတွေက တော်ကြပါတယ်၊ ဒါပေမဲ့ ငါ့စိတ်အစွဲကိုက မရတာ ''

သူ့အိမ်မှာ ထမင်းဟင်းချက်သည့် လူများက ဘယ်လိုလူစားမျိုးတွေမို့ သူက စားဖို့မှူးလို့တောင်မှ တခမ်းတနား ခေါ်နေသည်ဆိုတာ သူမ နားမလည်နိုင်တော့ပါ။

ဒါပေမဲ့ သူမကပင် ထိုကိစ္စကို ဆက်မပြောတော့ဘဲ ဖြတ်တောက်လိုက်ကာ စာဘက်ကိုပဲ အာရုံပြောင်းလိုက်၏။ ထိုအချိန်မှာပဲ အတန်းရှေ့ကနေ အိန္ဒြေဝင့်ထည်နဲ့ စဝ်နိုင်ဒွန်းတို့ ဖြတ်လျှောက်သွားတာကို သူမ လှမ်းမြင်လိုက်ရသေးသည်။

အိန္ဒြေဝင့်ထည်တို့ နှစ်ယောက်လုံးကလည်း သူမတို့နှစ်ယောက်ကို တအံ့တသြလေး လှမ်းကြည့်သွားတာ မြင်လိုက်ရ၏။ တကယ့်ကိုပဲ သူမနဲ့ မာန်ဝင့်ထည်တို့က လူတွေ တအံ့တသြ ကြည့်စရာ ဖြစ်နေခဲ့ပြီလား။

စာများ ရှင်းပြပြီးသည်နှင့် ကွက်တိပင် မုန့်စားကျောင်းပြန်တက်သည့် ခေါင်းလောင်းသံကြောင့် အတန်းသားများ တဖွဲဖွဲနှင့်





ပြန်ရောက်လာကြပါသည်။ အတန်းထဲသို့ ဝင်လာသည်နှင့် သူမတို့ကို ကွက်ကြည့်ကွက်ကြည့် လုပ်သွားဖို့ကိုတော့ ဘယ်သူမှ မမေ့ပါ။

ကြာတော့ သူမ စိတ်ပျက်စ ပြုလာသည်။ အရေးထဲမှ ကျော်ကျော်ကပါ သူမထံသို့ လှမ်းကြည့်ပြီး လက်မထောင်ပြနေသေး၏။

သည်းမခံနိုင်တော့။

'' ဘာလို့ ငါတို့နှစ်ယောက်ကို လူတွေ ဒီလောက်ထိ စိတ်ဝင်စားနေကြတာလဲ မာန်ဝင့်ထည် ''

သူကတော့ ဘာမှမဖြစ်သလိုပင် ဖြေရှင်းလက်စ ပုစ္ဆာတစ်ခုကို စဉ်းစားနေရင်းနှင့်

'' ငါပြောပြီးပြီပဲ၊ ဒီက လူတွေက ငါဘာလုပ်လုပ် စိတ်ဝင်စားချင်နေကြတယ်ဆိုတာလေ ''

'' ဒါပေမဲ့ ခုဟာက ငါပါရောပြီး ပါနေသလိုပဲ ''

'' ဘာလဲ နင်နေရတာ အဆင်မပြေလို့လား ''

ဒီတစ်ခါတော့ တွက်လက်စ ပုစ္ဆာကို ခဏရပ်လိုက်ပြီး သူမဘက်သို့ လှည့်ကြည့်ကာ မေးလိုက်ခြင်းဖြစ်၏။

'' အေး ဟုတ်တယ်၊ ငါနေရတာ နည်းနည်းကျဉ်းကျပ်နေသလိုပဲ ''

'' ဒါဆို နင်က ဘာလုပ်ချင်တာလဲ၊ နေရာပြောင်းချင်

တာလား ''

'' အဲဒီလို လုံးဝ မဟုတ်ပါဘူး ''

သူမက ကပျာကယာပင် ပြန်ငြင်းလိုက်မိသည်။ သူများတကာရဲ့ မျက်လုံးတွေအောက်မှာ ဘယ်လိုပဲ နေထိုင်ရဝဘ ကျဉ်းကျပ်ပါစေ သူမကတော့ သူ့ဘေးကနေ ပြောင်းသွားဖို့ စိတ်ကူးမရှိပါ။

'' ဒါဆို ငါက ဘယ်လိုဖြေရှင်းပေးရမှာလဲ ''

သူက အဲဒီလိုမျိုး အရေးတယူနှင့် မေးလာပြန်တော့လည်း သူမမှာ ဘာပြန်ပြောလို့ ပြောရမည်ပင် မသိနိုင်လောက်အောင် ဖြစ်မိသည်။

ထို့ကြောင့်ပင် စိတ်ကို လျှော့ချလိုက်ရပြီး

'' ထားလိုက်ပါတော့လေ၊ နင်နဲ့ငါက သူငယ်ချင်းတွေပဲ၊ အေးအတူ ပူအမျှပေါ့ ''

သူမ စကားကိုကြားတော့ သူ့မျက်နှာက တစ်မျိုးလေး ဖြစ်သွားပါသည်။ တစ်ခါမှ မတွေ့ဖူးသေးသော မာန်ဝင့်ထည်ဆီက မျက်နှာအမူအရာ အသစ်အဆန်းလေး ဖြစ်၏။

'' ဘာဖြစ်သွားတာလဲ ''

'' ဘာမှမဟုတ်ပါဘူးဟာ၊ အဲဒီနွေ့က ပြောဖူးတာလေး သတိရလို့ပါ၊ နင့်လိုပုံစံနဲ့တော့ အေးအတူ ပူအမျှ ဆိုးတူကောင်းဖက်





သူငယ်ချင်းမျိုး ဘယ်တော့မှ ရမှာမဟုတ်ဘူးတဲ့လေ ''

'' ဒါဆို သူ့စကားက ခုမှားသွားပြီပေါ့ ''

'' အေး ဟုတ်တယ်၊ မှားသွားပြီ၊ နင့်ကို ကျေးဇူးပဲ ''

သူ့ပုံစံက တကယ့်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသော ကလေးတစ်ယောက်ရဲ့ ပုံစံမျိုးဖြစ်၏။ သူပျော်နေတာကို မြင်ရတော့ သူမလည်း အလိုလို ပျော်ရွှင်လာမိသလိုပင်။

ဒါဟာ စိတ်ချင်းဆက်သွယ်မှုလည်း ဖြစ်နေနိုင်သေးသည်လေ။

× × ×

ကျောင်းကအပြန် အိမ်ရှေ့တွင် ဖေဖေ့ကားကို တွေ့လိုက်သောကြောင့် စက်ဘီးလေးကို ခပ်သွက်သွက် နင်းလိုက်၏။ ဖေဖေ့ကို မတွေ့ရတာ နှစ်ရက်တောင် ရှိပြီ။

'' ဖေဖေရေ ကြယ်ဖြူ ပြန်လာပြီ ''

သူမက အသံတစာစာနှင့် အော်ပြီး အိမ်ထဲဝင်သွားတော့ အိမ်ထဲတွင်ထိုင်ကာ တီဗွီကြည့်နေသော ဖေဖေက အပြုံးနှင့် ဆီးကြိုလိုက်ရင်း

'' ဘယ်လိုလဲ သမီး၊ စာမေးပွဲ ဖြေနိုင်ရဲ့လား ''

'' ဒီလို အခန်းဆုံးစာမေးပွဲလောက်ကတော့ ကြယ်ဖြူတို့က ပြောနေစရာတောင် မလိုပါဘူး ဖေဖေရာ ''

ကြယ်ဖြူလေးက လက်မလေးထောင်ကာ ခပ်ဝင့်ဝင့်လေး ပြောတော့ ဖေဖေက သဘောတကျနှင့် ပြုံးပါသည်။

“ ဟုတ်ပါပြီကွာ၊ ငါ့သမီးက တော်ပါတယ် ”

“ ဒါနဲ့ ဖေဖေ ဒီညရော စခန်းမှာပဲ သွားအိပ်မှာလား ”

“ မဟုတ်ဘူး သမီး၊ အိမ်မှာပါပဲ ”

“ ဟေး ပျော်စရာကြီး ”

သူမက ဖေဖေ့ခါးကို ဖက်လိုက်ပြီး ခုန်ပေါက်လိုက်မိ၏။

“ သမီးကတော့လေ တကယ့်ကလေးလိုပဲ ”

“ ဟင့်အင်း ကြယ်ဖြူက ကလေးမဟုတ်တော့ပါဘူး ဖေဖေရဲ့၊ လူကြီးဖြစ်တော့မှာပါ ”

“ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ဩော် ဒါနဲ့ သမီးမေမေ ဆီကတောင် ခုနလေးကတင် ဖုန်းလာသွားသေးတယ်၊ သမီး ကျောင်းက ပြန်ရောက်ပြီမှတ်လို့ လှမ်းဆက်လိုက်တာတဲ့လေ ”

“ ဟယ် ဟုတ်လား၊ သမီးနဲ့တောင် စကားမပြောလိုက်ရဘူး”

ကြယ်ဖြူလေးက နှုတ်ခမ်းလေးကို စူပြီး ပြောမိတော့ ဖေဖေက သူမခေါင်းလေးကို လက်နှင့်အသာပုတ်ကာ

“ သမီးက ပြန်ဆက်လိုက်ပေါ့ကွာ၊ အဲဒါများ ကြဲဖန် စိတ်တိုနေသေးတယ် ”





“ ဟုတ်သားပဲ၊ ကြယ်ဖြူကလေ တစ်ခါတစ်လေဆို အဲဒီလိုပဲ သိလား၊ ဘယ်ရမလဲ၊ မေမေ့ကို အပြတ်ချွဲပစ်လိုက်မှာပေါ့ ”

သူမက ဖုန်းခွက်လေးကို ကောက်ကိုင်ပြီး ဖုန်းခလုတ်များကို နှိပ်နေရင်းက ဖေဖေ့ကို လှည့်ပြောလိုက်ခြင်း ဖြစ်၏။

ဖေဖေကတော့ သူမကိုကြည့်ပြီး ပြုံးနေပါတော့သည်။ ဘယ်လိုပဲဖြစ်ဖြစ် သူမဘဝမှာ ချစ်စရာဆိုလို့ ဖေဖေနဲ့မေမေပဲ ရှိနေခဲ့တာ မဟုတ်လား။ အဲဒီဘဝလေးက သိပ်ကို ငြိမ်းချမ်းလွန်းပါသည်။

■ ■ ■

## အခန်း (၄)

" နင်ကလည်းနော် ဘယ်တော့မှ ဖမ်းလို့မိတယ်ကို မရှိဘူး"

ကျောင်းမှပြန်လာပြီး စက်ဘီးလေးကို အိမ်ရှေ့တွင် ထောင်နေစဉ် တစ်ဖက်အိမ်ထဲမှနေ၍ ဟိုကောင်လေး ထွက်လာကာ ပြောလိုက်သော စကားဖြစ်၏။

ဟိုးတစ်ညပြီး နောက်ပိုင်းမှာ သူနှင့်တွေ့ဖြစ်သော်လည်း စကားတော့ တစ်ခါမှ ထပ်မပြောဖြစ်သေးပါ။ သူ့ဘေးမှာ သူ့အိမ်က လူကြီးတွေ ပါရင်ပါ မပါရင် သူမဘေးမှာ ဖေဖေပါနေတတ်သောကြောင့်ပင် ဖြစ်၏။

ခုတော့ ဘယ်အချိန်တည်းက သူမ ကျောင်းကပြန်လာမည်ကို ချောင်းနေမှန်းမသိ၊ စက်ဘီးရပ်လိုက်သည်နှင့် သူ့အသံကို ကြားလိုက်





ရခြင်းပင် ဖြစ်သည်။

" နင်က ဘာကိစ္စ ငါ့ကိုဖမ်းချင်နေရတာလဲ "

သူမရဲ့ ဘုကျကျစကားကြောင့် သူ့မျက်ခုံးများ မြင့်တက်သွားပါသည်။

" ဟ နင်နဲ့ငါ မိတ်ဆက်ရဦးမယ်လေ "

" ဘာဖြစ်လို့ မိတ်ဆက်ရမှာလဲ "

သူက ကျွတ်ခနဲနေအောင် စုတ်သပ်လိုက်ပါသည်။ သူမကလည်း ဘာရယ်မဟုတ်ပါဘဲ သူ့ကို ရစ်ချင်နေသောကြောင့် ထိုသို့ ဘုကလန့် ပြောနေမိခြင်းဖြစ်၏။

" ဘာလို့ မိတ်ဆက်ရမှာလဲဟ၊ ငါတို့က အိမ်နီးချင်းတွေ၊ ပြီးတော့ အရွယ်ကလည်း မတိမ်းမယိမ်းဘဲလေ၊ ဘော်ဒါဖြစ်ချင်လို့ပေါ့ဟ "

" နင့်ကို ကျောင်းမှာ မတွေ့မိပါဘူး "

သူမစကားကြောင့် ထိုကောင်လေးက ပြုံးလိုက်ပြီး

" ငါ့ကို နင်နဲ့ရွယ်တူများ အောက်မေ့နေလို့လား "

" ဒါဆို ဘာလဲ "

" ငါက မနှစ်က ဆယ်တန်းအောင်ပြီးပြီလေ "

" အမလေး တစ်နှစ်လေး ကြီးတာကိုများ စာလာဖွဲ့နေ

သေးတယ် ”

“ တော်ပြီဟာ နင်က စကားကိုလည်း ကောင်းကောင်း မပြောဘူး ”

ကောင်လေး နည်းနည်းတော့ စိတ်မရှည်ဖြစ်လာပုံ ရ၏။ ထိုအခါမှ သူမက ပြုံးလိုက်ပြီး

“ နောက်တာပါဟ၊ ကဲ နင်က ဒီလောက်တောင် မိတ်ဆက်ချင်နေမှတော့ ငါတို့ မိတ်ဆက်ကြတာပေါ့၊ ငါ့နာမည်က ကြယ်ဖြူလေးတဲ့၊ ရန်ကုန်က ပြောင်းလာတာ ”

ကြယ်ဖြူက ညာဘက်လက်ကို သူ့ဆီသို့ ဆန့်တန်းပေးလိုက်ပြီး ခပ်ပြုံးပြုံးလေး ပြောလိုက်၏။ အဲဒီတော့မှ သူ့မျက်နှာကလည်း ပြန်လည်ပြုံးရွှင်လာကာ လက်တစ်ဖက်ကို ပြန်ဆန့်ထုတ်လျက် သူမလက်လေးကို ဆုပ်ကိုင်လိုက်ပြီး

“ တွေ့ရတာ ဝမ်းသာပါတယ်၊ ငါက တောင်တန်းပြာ ”

“ ဘာရယ်. . . ဘာရယ်. . . ”

သူမ တကယ်ကိုပင် နားရှုပ်သွားခြင်း ဖြစ်၏။ လူနာမည်ကလည်း ဘယ်လိုကြီးပါလိမ့်။ တောင်တန်းပြာတဲ့၊ သူမ နားကြားမမှားပါက တော်တော်လေးကို စိတ်ပျက်စရာ ကောင်းသော နာမည်တစ်ခုလို့ပဲ ပြောပစ်လိုက်ချင်သည်။





“ တောင်တန်းပြာလေ၊ နင်ကလည်း မကြားဘူးလား ”

“ တကယ်ကိုပဲ နင့်နာမည်က တောင်တန်းပြာ တဲ့လား၊ ဘယ်လိုနာမည်ကြီးလဲဟာ၊ လူနာမည်နဲ့လည်း မတူဘူး ”

သူမက ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြောလိုက်သောကြောင့် ထိုကောင်လေးရဲ့ မျက်နှာကလည်း ရှုံ့မဲ့သွားပါသည်။

“ သူများတကာ နာမည်ကိုများ နင်က လူနာမည်နဲ့လည်း မတူဘူးလေး ဘာလေးပြောရအောင် နင့်နာမည်ကရော ဘယ်လိုနာမည်ကြီးလဲ၊ လူဖြစ်ပြီးတော့ နာမည်က ကြယ်ဖြူလေးတဲ့ ဟွန့် ”

သူ့နာမည်ကို လှောင်လိုက်သောကြောင့် သူတော်တော်လေးတော့ မကျေမနပ် ဖြစ်သွားသည့်ပုံပါပဲ။ သူမ နာမည်ကိုပါ ပြန်သရော်လိုက်သေး၏။

“ ဟဲ့ အဲဒါက တင်စားထားတာဟဲ့၊ ကြယ်ဆိုတာ ကောင်းကင်မှာ အားလုံးရဲ့ အထက်မှာ ရှိတာ၊ အဖြူရောင်ဆိုတာက ဖြူစင်တယ်၊ လေးဆိုတာက ချစ်စနိုးနဲ့ ထည့်ပေးထားတာ၊ ဖြူစင်ပြီး တောက်ပနေတဲ့ ကောင်းကင်ထက်က ချစ်စရာ ကောင်မလေးလို့ အဓိပ္ပာယ်ပေါက်တဲ့ ငါ့နာမည်ကိုများ နင်က လှောင်တယ်ပေါ့လေ ဟုတ်လား ”

သူမရဲ့ ကက်ကက်လန် ရန်တွေ့လိုက်ပုံကို သူက နှုတ်ခမ်း

များအား မဲ့လျက် နားထောင်နေကာ

" အေး ငါ့နာမည် တောင်တန်းပြာဆိုတာကလည်း အဲဒီလိုပဲ တင်စားထားတာ၊ ခိုင်မာတယ် မြင့်မားတယ် ငြိမ်းအေးတယ်ဆိုတဲ့ သဘော၊ နားလည်လား အဖြူမရဲ့ "

" ဟယ် ငါ့ကိုများ အဖြူမ တဲ့၊ နင့်နာမည်က ဘယ်လောက်များ ကောင်းနေလို့လဲ အပြာကောင်ရဲ့ "

" ဟာ နင် မိုက်ရိုင်းလှချည်လား၊ ငါ့ကိုများ ရိုင်းရိုင်းစိုင်းစိုင်းနဲ့ အပြာကောင်လို့ ပြောတယ်ဟုတ်လား၊ နင်တို့ ရန်ကုန်သူတွေက အဲဒီလိုပဲ အရိုင်းအစိုင်းတွေလား ဟုတ်လား "

" နင်တို့ တောင်ပေါ်သားတွေကရော အဲဒီလိုပဲလား ဟုတ်လား "

တစ်ယောက်နှင့်တစ်ယောက် ဆတ်ဆတ်ထိမခံ ရန်ဖြစ်လိုက်ကြတာ ငါးမိနစ်လောက်နေတော့ မခံနိုင်တော့ဘဲ နှစ်ယောက်လုံး ခြေကုန်လက်ပန်း ကျလာ၏။ ပြောစရာ ထိုးနှက်စရာ စကားလုံးတွေလည်း ကုန်သလောက် ရှားပါးလာသည်။

တစ်ချိန်မှာတော့ နှစ်ယောက်လုံး တိတ်ဆိတ်သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တောင်တန်းပြာက အရင်စ ရယ်လိုက်လေသည်။ သူရယ်တော့ သူမလည်း မနေနိုင်တော့ဘဲ





ရယ်မောမိတော့၏။ တစ်ယောက်ကိုတစ်ယောက် လက်ညှိုးကြီးတွေ ထိုးပြီး ရယ်လို့ဝတော့မှ သူက လက်ကို ပြန်ဆန့်တန်းပေးကာ

" နှင်နဲ့ ခင်ရတာ ပျော်စရာ ကောင်းပါတယ် ကြယ်ဖြူလေး"

" အိုကေ ငါလည်း ပျော်ပါတယ် "

အချင်းချင်း လက်ဆွဲနှုတ်ဆက်လိုက်ကြပြီး သူငယ်ချင်းအဖြစ် အသိအမှတ် ပြုလိုက်ကြသည်။ ဘယ်လိုပဲဖြစ်ဖြစ် တောင်တန်းပြာဆိုသော ကောင်လေးဟာ သူမရဲ့ သူငယ်ချင်းစာရင်းထဲမှာ အသစ်ထပ်ထည့်စရာ ခင်မင်နှစ်လိုဖွယ်ကောင်းသည့် သူတစ်ယောက် ဖြစ်ခဲ့ပြီလေ။

× × ×

" နှငယ်တို့ အိမ်မှာ ဒီဆန်းဒေးကို ဆွမ်းကပ်ရှိတယ်တဲ့၊ သမီး လိုက်ခဲ့ရမယ်နော် "

ဖေဖေက သူမ အခန်းရှိရာ အပေါ်ထပ်သို့ တက်လာပြီး ပြောလိုက်ခြင်း ဖြစ်၏။

" လိုက်မှာပေါ့ ဖေဖေရ၊ အတန်းထဲက လူတွေကိုလည်း ဖိတ်ထားတယ်လေ၊ သူတို့ပါ လာမယ်ဆိုတော့ ပျော်စရာကြီးပေါ့ "

" သမီးမှာ သူငယ်ချင်းတွေ တော်တော်များ ရနေပြီလားကွ"

ဖေဖေက သူမ ပခုံးလေးတစ်ဖက်ကို ဖွဖွဖက်ရင်း ရင်းနှီးစွာ

မေးလာ၏။ သူမအတွက်တော့ ဖေဖေက အဖေတစ်ယောက်လိုတင် မကပါဘဲ သူငယ်ချင်းတစ်ယောက်လိုပါ တွယ်တာရပါသည်။

" သူငယ်ချင်းတွေမှ အများကြီးပေါ့၊ ဒါပေမဲ့ ကြယ်ဖြူနဲ့တူတူ ထိုင်တဲ့ မာန်ဝင့်ထည်ဆိုတဲ့ တစ်ယောက်ကတော့ နည်းနည်းထူးခြားတယ် "

" ဘာဖြစ်လို့လဲ သမီးရဲ့ "

" ကျန်တဲ့ သူငယ်ချင်းတွေ အိမ်ကို ကြယ်ဖြူရောက်ဖူးတယ်လေ၊ ဒါပေမဲ့ သူ့အိမ်ကိုတော့ တစ်ခါမှ မရောက်ဖူးဘူး၊ သူက တစ်ခါမှ မခေါ်ဖူးဘူး ဖေဖေရဲ့ "

" သူများက ဘာအကြောင်းပြချက်ရှိလို့လဲမှ မသိတာကွယ်၊ ငါ့သမီးက ဘာဖြစ်လို့ ဒီလောက်တောင် အိမ်လည်ချင်နေရတာလဲ"

" သူ့ပုံစံကြည့်ရတာ တော်တော်ချမ်းသာတဲ့ပုံပဲ ဖေဖေရဲ၊ အဲဒါကြောင့် ကြယ်ဖြူက သူ့အိမ်ကို ရောက်ဖူးချင်တာပေါ့ "

ဖေဖေက ပြုံးရယ်လိုက်ရင်း သူမဆံပင်များကို လက်နှင့် တယုတယ သပ်တင်ပေးပါသည်။

" သြော် သမီးက ချမ်းသာတာကို အားကျနေတာကိုး "

" အဲဒီလိုကြီးလည်း မဟုတ်ပါဘူး ဖေဖေ၊ ကြယ်ဖြူက သူ့အိမ်က ဘယ်လိုများလဲဆိုပြီး ရောက်ဖူးကြည့်ချင်တာပါ "





" ဘာလဲ သမီးက အဲဒီကောင်လေးကို စိတ်ဝင်စားနေလို့လား "

ဖေဖေ့မျက်နှာတည်တည်ကြောင့် သူမပင် အနည်းငယ် ထိတ်သွားရသည်။ ခေါင်းကိုလည်း လျှင်မြန်စွာပင် ခါပစ်လိုက်ရ၏။

" အဲဒီလိုလည်း မဟုတ်ပါဘူး ဖေဖေရယ် "

အဲဒီစကားက အလိမ်အညာ စကားတစ်ခွန်းမှန်း ဖေဖေ သိနိုင်မှာ မဟုတ်ပါဘူးလေ။ ဘယ်လိုပဲ အဖေတစ်ယောက်က သူငယ်ချင်းတွေလို ရင်းရင်းနှီးနှီး ပေါင်းသည်ဆိုဦးတော့ ဒါမျိုးကိုတော့ လျှို့ဝှက်ထားသင့်သေးသည်ဆိုတာ သူမ နားလည်ပါသည်။

" ဖေဖေက သမီးကို ချုပ်ချယ်ချင်တာ မဟုတ်ဘူးနော်၊ ဒါပေမဲ့ သမီးက ခုချိန်မှာ အရေးကြီးတဲ့ ပညာရေးဘက်ကို အားနည်းသွားမှာ ဖေဖေက စိုးရိမ်တာ၊ ဖေဖေ ပြောတာကို သမီးလေး သဘောပေါက်လား "

ဖေဖေ့ရဲ့ လေပြည်သွေးလိုက်သည့် စကားကြောင့် ကြောက်လန့်သွားမိသော သူမလည်း ခုမှပင် ပြုံးနိုင်တော့သည်။

" ကြယ်ဖြူက အဲဒီလို မဖြစ်စေရဘူးလို့ အာမခံပါတယ် ဖေဖေ၊ ပညာရေးဘက်မှာ မလစ်ဟင်းစေရပါဘူး "

သူမရဲ့ လိုလိုလားလား ပေးလိုက်သော ကတိစကားကြောင့်

ဖေဖေ့မျက်နှာလည်း ပြုံးရွှင်သွား၏။

" ကဲ ကဲ သမီးလည်း စာဆက်ကျက်တော့၊ ဖေဖေက သမီး မသိသေးဘူးထင်လို့ နယ်အလှူအကြောင်း လာပြောပြတာ၊ တူတူသွားမယ်ဆိုတော့ ပိုကောင်းတာပေါ့ "

" ဟုတ် ဖေဖေ အိပ်တော့မှာလား "

ဖေဖေက ခေါင်းညိတ်ပြလိုက်ပြီး

" သမီးလည်း သိပ်ညဉ့်နက်အောင် မနေနဲ့ဦး "

" ဟုတ်ကဲ့ပါ ဖေဖေရဲ့၊ ဂွတ်နိုက်နော် "

" ဂွတ်နိုက် သမီး "

ဖေဖေ နှုတ်ဆက်ပြီး ထွက်သွားသည်နှင့် တပြိုင်နက် အောက်ဘက်ဆီမှ သူမရဲ့ ပြတင်းတံခါးပေါက်ဆီသို့ တစ်စုံတစ်ခုနှင့် ပစ်ပေါက်လိုက်သလို အသံမျိုး ကြားလိုက်ရ၏။ ခုတော့ သူမသည် အဲဒီအသံများကို ကြောက်လန့်ခြင်း မရှိတော့ပါ။

အဲဒါ ဟိုကောင် တောင်တန်းပြာက သူမကို အချက်ပြပြီး လှမ်းခေါ်နေခြင်းပေါ့။ ပြတင်းပေါက်ဆီသို့ ထသွားလိုက်ပြီး ခေါင်းပြူ ကြည့်လိုက်၏။

ထင်သည့်အတိုင်းပင် ထင်းရှူးပင်အောက်မှနေ၍ လက်ပြကာ ခေါ်နေသော ဖိုးပြာကို တွေ့လိုက်ရသည်။





" ငါ စာကျက်နေတယ် "

အသံ ခပ်အုပ်အုပ်လေးနှင့် လှမ်းပြောလိုက်တော့ သူက ခေါင်းကို ဖွတ်ခါရမ်းလိုက်ပြီး အောက်ဆင်းလာရန်သာ ပြောနေပြန်၏။ ဘယ်လိုမှ ငြင်းမရသည့်အဆုံးမှာ သူမလည်း ဖေဖေ မသိအောင် ခြေဖွနင်းရင်း အိမ်ပြင်ထွက်ခဲ့ရပြန်သည်။

" ဘာလဲဟာ၊ ငါ ဒီမှာ စာကျက်နေတာဟ "

" နင့်ကို ငါက ဒီလောက် အသည်းအသန် ခေါ်နေမှတော့ အရေးကြီးလို့ဆိုတာ နင်မသိဘူးလား "

" အေးပါ ဟုတ်ပါပြီ၊ ဘာတွေ ဒီလောက်တောင် အရေးကြီး နေတယ်ဆိုတာ ပြောစမ်းပါဦး "

" အခု ဆောင်းဝင်တော့မယ်ဆိုတော့ အရင်ကထက် ပိုအေး လာပြီဟ "

" ဟွန် အဲဒါက အရေးကြီးတာလား "

သူမက စိတ်ပျက်သလိုလေး ပြောမိတော့ ဖိုးပြာက ခေါင်းကို ခါရမ်းပစ်လိုက်ကာ

" ငါပြောချင်တာက ငါတို့ မနက်ကျရင် လမ်းထလျှောက် ရအောင် "

" မဆိုးတော့ မဆိုးပါဘူး၊ ကျန်းမာရေးအတွက်တော့

အထောက်အကူပြုမှာပါ ''

'' အေး ဟုတ်တယ်၊ အရင်ကဆို ငါ့ဘာသာ ထလျှောက်နေကျဟ၊ ခုတော့ နင့်ကို သတိရတာနဲ့ တူတူလမ်းလျှောက်ဖို့ ခေါ်တာ''

'' အဲဒီတော့ ငါက ဘာလုပ်ရမှာလဲ ''

'' မနက်ကျရင် နင့်ကိုငါ လေချွန်ပြီး ခေါ်လိုက်မယ်၊ မနက်မိုးလင်းခါနီးဆိုတော့ လေချွန်လို့ရမှာပါနော်၊ သူက မှောင်နေသေးပေမယ့် ညဘက်မှ မဟုတ်တော့တာဘဲ ''

ဖိုးပြာက သူမကို ရွဲ့သလို ခနဲ့သလို ပြောလိုက်ခြင်း ဖြစ်၏။ ထို့ကြောင့်ပင် သူမကလည်း မျက်စောင်းတစ်ချက် ပိတ်ထိုးပစ်လိုက်ပါသည်။

'' နင့်ဘာသာ ချွန်ချင်ချွန် မချွန်ချင်နေ၊ အဲဒီတော့ ငါက ဘာလုပ်ရမှာလဲ ''

'' ဟ ငါ့လေချွန်သံကြားရင် နင်က ဆင်းလာခဲ့ပေါ့ဟ ''

'' ဩော် အဲဒီလိုလား၊ လွယ်သားပဲနော် ''

'' နင် ငါ့ကို နောက်နေတာလား ကြယ်ဖြူလေး ''

သူမရဲ့ ပြုံးစိစိ မျက်နှာပေးက သူ့ကို လှောင်ပြောင်သလို ဖြစ်သွားသည်နှင့် တူပါသည်။ သူ မခံချိမခံသာ ဖြစ်သွားပုံရ၏။

'' ဆောရီးဟာ ဒီည နင့်ကိုကြည့်ရတာ သိပ်ကို ရယ်ချင်စရာ





ကောင်းနေတယ် ''

'' ဘာပြောတယ် နင်ကများ ငါ့ကို ''

'' ဟိုးထားနော် ဒေါသကို ရှေ့တန်းတင်ရင် မှားတတ်တယ်ဟ ''

'' နင်ကတော့လေ ငါ့ထက် အငယ်မို့လို့သာပေါ့၊ အနိုင်ကျင့်တယ်လို့ အပြောမခံရချင်လို့ ကြည့်နေတာ၊ လွန်မလာနဲ့နော် ''

'' တော်စမ်းပါဟာ တစ်နှစ်မပြည့်တပြည့်လောက်လေးကြီးတာကိုများ စကားထဲ ထည့်ထည့်ပြောနေတယ် ''

'' ထားလိုက်ပါတော့ ငါ လျှော့ပေးလိုက်ပါ့မယ်၊ အဲဒီတော့ မနက်ကျရင် မေ့မနေနဲ့ဦး၊ ငါခေါ်လိုက်မယ် ကြားလား ''

'' အင်း အင်း ငါပြန်တက်တော့မယ်၊ စာကျက်ရဦးမယ်ဟ၊ မနက်ဖြန် သူငယ်ချင်းတစ်ယောက်နဲ့ စာပြိုင်ဆိုဖို့ စိမ်ခေါ်ထားတယ်''

'' ဘယ်က သူငယ်ချင်းလဲ ''

သူ့မျက်နှာက အနည်းငယ် စူပုပ်စွာ မေးလိုက်ခြင်း ဖြစ်၏။

'' နင့်ကိုပြောတော့ရော သိမှာကျနေတာပဲ၊ ကျောင်းကပေါ့ဟ့၊ ကဲပါ နင်လည်း သွားတော့၊ ငါလည်း တက်တော့မယ် ''

'' အိုကေ ဂွတ်နိုက် ''

'' အင်း ဂွတ်နိုက် ''

ထိုညက စာတွေ **အထစ်အငေါ့မရှိစေရန်** အချိန်တော်တော် ကြာသည်အထိ ကျက်မှတ်နေလိုက်ပြီး တစ်နာရီကျော်ကျော်လေးမှာမှ သူမ အိပ်ရာဝင်ခဲ့ခြင်း ဖြစ်၏။

ဖိုးပြာရဲ့ လေချွန်သံကြားလို့ နာရီကို ကမန်းကတန်း ကြည့်ဖြစ်တော့ မနက်လေးနာရီခွဲပဲ ရှိသေးသည်။ သုံးနာရီကျော်သာ အိပ်စက်လိုက်ရသည်မို့ လူက သိပ်မလန်းဆန်းချင်၊ ခေါင်းထဲက မူးသလိုလို နောက်သလိုလို ဖြစ်နေမိ၏။

" နင်ကလည်း ကြာလိုက်တာဟာ၊ ငါက အဆင်သင့် လုပ်ထားပါဆိုတာကို "

အောက်ရောက်သည်နှင့် ဖိုးပြာ၏ မလိုတမာသံကို စကြားလိုက်ရခြင်း ဖြစ်သည်။

သူမကတော့ ဖိုးပြာကိုတောင် မျက်လုံးများကို သေချာ ပွတ်သပ်ပြီး ကြည့်နေရ၏။ အိပ်ရေး မဝသောကြောင့် မျက်လုံးများကလည်း ကျိန်းစပ်နေကြသည်။

" ငါ ညက တစ်နာရီလောက်မှ အိပ်တာဟဲ့၊ စာကျက်နေရလို့ နင်က အစောကြီး အိပ်ပြီးတော့ သူများကို လာအော်မနေနဲ့ "





ဖိုးပြာက ခုမှပင် လက်နှစ်ဖက်ကို ခါးတွင်ထောက်ကာ သူမကို သေချာစွာ စိုက်ကြည့်နေပြီး သက်ပြင်းချလိုက်၏။

" ဘယ်လိုပဲဖြစ်ဖြစ် ကျန်းမာရေးအတွက်လို့ သဘောထားပြီး လျှောက်လိုက်ကြရအောင်၊ လန်းသွားမှာပါဟ "

သူ့ကြောင့်လို့ အပြောမခံချင်သောကြောင့်လား မသိ၊ ဖိုးပြာက လေပြည်လေးနှင့် ပြောလိုက်ခြင်းပင်။

" အေးပါ လျှောက်မှာပါ၊ အတင်းပဲ မျက်နှာချို လာသွေးမနေနဲ့ ဟွန်း "

ဆွယ်တာ အဖြူရောင်လေး ဝတ်ထားသောကြောင့် အအေးဒဏ်ကို သိပ်မခံစားရသော်လည်း ရန်ကုန်ဆောင်းနှင့်ကတော့ လားလားမှ မဆိုင်တာ သိသာလွန်းသည်။

နှင်းတွေ တဖွဲဖွဲကျလောက်သည့်ထိ အေးသော ဆောင်းဆိုတာမျိုးကို မကြုံဖူးခဲ့သူမို့ ဒီလောက်လေး အေးတာကိုပင် လူက တော်တော်တုန်ယင်ချင်နေ၏။

မနက် ကျောင်းသွားခါနီးများဆိုရင် တစ်ခါ တစ်ခါ ရေပင် မချိုးချင်။ ဒီလောက်ထိ အေးခြင်းဖြစ်၏။

ရေပူထွက်သည့် ပိုက်ကလည်း ပျက်နေသောကြောင့် သူမမှာ အေးစက်လွန်းလှသော ရေအေးများကို ဒီတိုင်းပဲ မျက်စိမှိတ် ချိုးနေရခြင်း ဖြစ်သည်။

“ ဘာလဲ ချမ်းနေတာလား၊ အေးပေါ့၊ နင်တို့ရန်ကုန်မှာက တော်တော်ပူတာကိုး၊ ဒီမြို့က ပင်လယ်ရေမျက်နှာပြင်အထက် ၄၃၁၅ ပေ အမြင့်မှာ ရှိတာလေ၊ နင်တို့ မြေပြန့်နဲ့တော့ ဘယ်တူပါ့မလဲ ”

“ အင်း ဟုတ်တယ်၊ နင်တို့ကတော့ ဘာမှမဟုတ်သလိုပဲ နော်”

သူမက ချမ်းသောကြောင့် လက်လေးနှစ်ဖက်ကို ယှက်ပိုက်ထားရသော်လည်း ဖိုးပြာ ပုံကတော့ တကယ့်ကို ဆေးဆေးစွာပင် ရှိနေ၏။ အအေးဒဏ်က သူ့ကို ဘယ်လိုနည်းနဲ့မှ မသက်ရောက်သလိုလို ပေါ့။

“ ငါကတော့ မွေးကတည်းက နေလာတာလေ၊ အကျင့်ဖြစ်နေပြီပေါ့၊ ခုမှ ဆောင်းစဝင်တာဆိုတော့ ဒါ သိပ်မချမ်းသေးဘူးလို့ ပြောလို့ရတယ်၊ ငါ့ဇာတ်မို့လို့လားတော့ မသိဘူး၊ ဒီမြို့လေးက အမြဲလိုလို ထင်ရှူးနံ့လေးတွေ သင်းပြီး အေးမြနေလို့ ငါ သိပ်ချစ်တယ်၊ တကယ်





များ နှင်းတွေကျပြီး အေးစက်နေတဲ့ အချိန်ရောက်ရင် နင် ဘယ်လိုများ ဖြစ်နေမလဲလို့ တွေးကြည့်တာနဲ့တောင် ရယ်ချင်တယ် သိလား ”

ဖိုးပြာက သူမကို ပြောနေရင်းနှင့် တကယ်ပင် ရယ်ပါသည်။

“ ဖိုးပြာနော် မလှောင်နဲ့ သိလား ”

“ မလှောင်ပါဘူးဟာ၊ နင်ကလည်း ငါ့ကိုဆို ရန်လိုနေတော့ တာပဲ ”

သူမက ဘာမှဆက်မပြောတော့ဘဲ လမ်းဘေး တစ်နေရာတွင် ဝင်ထိုင်လိုက်၏။ လမ်းချိုးလေးတစ်ခု၏ ထောင့်တွင်ရှိနေသော အုတ်ခုံပုလေး ဖြစ်သည်။ ဖိုးပြာကလည်း သူမဘေးတွင် ဝင်ထိုင်လိုက်ပါသည်။

“ ဒီကနေ တည့်တည့်ဆက်သွားရင် တောင်ကြီးတစ်လုံး ရှိတယ်၊ အဲဒီ တောင်ခြေမှာ တောအုပ်လေးတစ်ခု ရှိတယ် ”

“ တောနက်ကြီးလား ”

“ ဘယ်လိုပြောရမလဲ၊ သေးသေးလေးတော့ မဟုတ်ဘူး၊ ဟိမဝန္တာလောက်လည်း မကျယ်ဘူးပေါ့ဟာ ”

“ နင်ကတော့လေ နည်းနည်းလေးဖြစ်ဖြစ် ပိုလိုက်ရမှ ကျေနပ်တတ်တာလား ”

" တကယ်ပြောတာပါဟ "

" တောအုပ်ကြီး ဆိုတော့ အကောင်တွေ ဘာတွေ ရှိမှာပေ့ါ"

" ကျားတို့ ခြင်္သေ့တို့လား "

" အင်းလေ "

သူမ မျက်လုံးလေးများ ပြူးကျယ်ပြကာ ကြောက်လန့်သလိုလေး လုပ်ပြီး ဝန်ခံလိုက်တော့ သူက ဟက်ဟက်ပက်ပက် ရယ်ပါသည်။

" အဲဒီအထဲမှာ အဲဒါတွေ ရှိတယ်လို့တော့ မကြားဖူးဘူး၊ ဒါပေမဲ့ ကြီးကျယ်ခမ်းနားတဲ့ အိမ်ကြီးတစ်အိမ်တော့ ရှိတယ် "

" ဘယ်လို ဘယ်လို နင် နောက်နေတာလား ဖိုးပြာ၊ ဒီလို တောကြီးထဲမှာ ကြီးကျယ်ခမ်းနားတဲ့ အိမ်ကြီးရှိတယ်ဆိုတာ ပုံပြင်တွေထဲမှာပဲ ဖြစ်လိမ့်မယ် "

သူမရဲ့ မယုံသလို အပြောကြောင့် ဖိုးပြာက တဟားဟားနှင့် အော်ရယ်ပါသည်။

" နင်က မယုံဘူးကိုး။ ငါ မနောက်ပါဘူးဟ၊ တကယ်ကို အိမ်အကြီးကြီး တစ်လုံး ရှိနေတာပါ "

" တကယ်လား "





သူက မျက်နှာတည်တည်နှင့် ပြောလိုက်သော်လည်း သူမကို မယုံနိုင်သေးသလို ခပ်စစ မေးလိုက်မိသေး၏။

" မယုံလည်း မတတ်နိုင်ဘူး။ ငါက နင့်ကို ယုံစေချင်ရအောင်လည်း အဲဒီအိမ်ကြီးက ငါနဲ့ ဘယ်လိုမှ မပတ်သက်ဘူး "

ဖိုးပြာ စိတ်တိုသွားဟန် ရှိပါသည်။

" မဟုတ်ပါဘူးဟာ၊ နင့်ကို မယုံတာ မဟုတ်ပါဘူး၊ အဲဒီလို နေရာမျိုးမှာ နေတာဆိုတော့ ဘယ်လို လူထူးလူဆန်းတွေလဲလို့ မတွေးတတ်တော့လို့ပါ "

" သူတို့က သူဌေးတွေလေ၊ အဲဒီတော့ အနေအထိုင်ကအစ နည်းနည်း သီးခြားဆန်ကြတယ် "

သူဌေးတွေ ဆို၍ သူမ နည်းနည်းတော့ စိတ်ဝင်စားသွားမိသည်။ အိန္ဒြေဝင့်ထည်နဲ့ စေ့စပ်ပေးထားသည်ဆိုသော စပ်နိုင်ဒွန်းသည် သူဌေး တစ်ယောက်ပဲ မဟုတ်လား။

ဒီတောထဲမှ အိမ်ကြီးဆိုတာကရော စပ်နိုင်ဒွန်းတို့ရဲ့ အမျိုးတော်တွေ အိမ်များ ဖြစ်နေမလား။

ငြိမ်သက်သွားသော သူမကိုကြည့်ပြီး ဖိုးပြာက ပခုံးတစ်ဖက်

အား ပုတ်လိုက်ကာ

" နင်က ဘာဖြစ်သွားရတာလဲ "

" သူဌေးဆိုလို့ နည်းနည်း စိတ်ဝင်စားသွားတာပါ၊ ငါ့သူငယ်ချင်း တစ်ယောက်မှာလည်း သူဌေး အသိတစ်ယောက် ရှိတယ်လေ "

ဖိုးပြာ ရှင်းပြနေပုံက တကယ့်ကို သူနဲ့ပဲ ရင်းနှီးသည့် အမျိုးတစ်ယောက်ယောက်အကြောင်း ပြောပြပေးနေသည့် ပုံမျိုးနှင့် တော်တော်လေး ဆင်တူလှ၏။

အဝေးတစ်နေရာသို့ လှမ်းမျှော်ကြည့်လိုက်သလိုမျိုး မျက်လုံးတွေက ဝေဝါးသွားလျက် အသံတို့ကလည်း တိုးဖျော့သွားသော ဖိုးပြာကို သူမ မျက်လုံးအဝိုင်းသားလေးနှင့် ငေးကြည့်နေမိသည်။

ဘာမှလည်း ပြန်မပြောဘဲ ထိုအဝေးဆီသို့သာ ငေးမြဲငေးနေ၏။

သူကြည့်ရတာ ရုပ်ရှင်ဇာတ်လမ်းတွေထဲက အလွမ်းမင်းသားနှင့် တူလွန်းလှပါသည်။ သူမက ဖိုးပြာပုံကို ကြည့်ပြီး ရယ်ချင်လာသော်လည်း မရယ်တော့ဘဲ ဒီတိုင်းသာ တိတ်ဆိတ်နေပေးလိုက်ပါသည်။

သချာတာကတော့ သူ တစ်ခုခုကို လေးလေးနက်နက် ခံစား





သွားရသည့်ပုံပါပဲ။

ကံဆိုးလျှင် ထိုသို့ ငြိမ်ကျသွားရခြင်း၏ နောက်ကွယ်မှာ အသည်းကွဲဇာတ်လမ်း တစ်ပုဒ်တောင် ရှိချင် ရှိနေနိုင်ပါသေးသည်။

■ ■ ■

## အခန်း (၅)

" ဘယ်လိုလဲ ငါနဲ့စာပြိုင်ဆိုဖို့ အဆင်သင့် ဖြစ်ပြီလား "

ကျောင်းဆင်းချိန်တွင် မာန်က သူမကို မမေ့မလျော့စွာ မေးလိုက်ခြင်း ဖြစ်၏။ သူနဲ့ ကြယ်ဖြူလေးတို့ ဒီနေ့ စာပြိုင်ကျက်ပြီး ဆိုကြရန် သဘောတူထားကြသည်လေ။

" ခုပဲ ကျောင်းဆင်းနေပြီ၊ ဘယ်လိုဆိုကြမလဲ "

သူမက စက်ဘီးလေးကို ဒေါက်ဖြုတ်လိုက်ရင်းက သူ့ကို ပြန်ပြောလိုက်သည်။

" ဘာလဲ အဆင်သင့်မဖြစ်သေးလို့ ရှောင်ချင်တဲ့





သဘောလား "

' အောင်မာ နင်သာ ကျောင်းတက်နေတဲ့ တစ်ချိန်လုံးတော့ ဘာမှမပြောဘဲနဲ့ ခုကျောင်းဆင်းမှ လာပြောနေတာ၊ အဲဒါ နင်မရလို့ဘဲ ဖြစ်ရမယ် "

" ဒီနေ့ တစ်နေ့လုံး ငါတို့ဘယ်မှာများ အားလပ်ချိန်ရလို့လဲ ကြယ်ဖြူရယ် "

ဟုတ်တော့လည်း ဟုတ်ပါသည်။ ဒီနေ့ ဆရာတွေကလည်း အားလုံးလိုလို အချိန်ဇစ့သင်ကြကာ မုန့်စားဆင်းသည့် အချိန်မှာတောင် အားမနေအောင်ဆိုပြီး သင်္ချာပုစ္ဆာနှစ်ပုဒ် တွက်ခိုင်းထားခဲ့သေးသည်။

" ဒါဆိုရင် ငါတို့စိမ်ခေါ်ပွဲကို လက်လျှော့လိုက်ရတော့ မှာလား "

" မလျှော့နိုင်ပါဘူး "

" မလျှော့နိုင်ဘူးဆိုလည်း နင့်အိမ်က ကားက လာကြိုနေပြီ၊ ဘယ်လိုလုပ်မှာလဲ "

ကျောင်းရှေ့တွင် ထင်းခနဲမြင်သာအောင် ရပ်ထားသော မာစီဒီးကားဘက်ကို မေးငေါ့ပြလိုက်ပြီး သူမကပြောတော့ သူက ပြုံးလျက် တစ်နေရာသို့ ထွက်သွား၏။ သူ ထွက်သွားသည့် နေရာက ကျောင်းဝင်းထဲရှိ ညောင်ပင်ကြီးအောက်သို့ ဖြစ်သည်။

ညောင်ပင်၏ တခြားဘက်သို့ ဝင်သွားပြီး ပြန်ထွက်လာတော့ သူ့လက်ထဲမှာ အနက်ရောင်ပြိုင်ဘီးလေးတစ်စီး ပါလာပါသည်။ သူက စက်ဘီးပေါ်သို့ တက်ခွလိုက်ကာ သူမနားသို့ နင်းလျက် ရောက်လာ၏။

" ဘယ်လိုလဲ ဒီလိုဆိုတော့ အဆင်မပြေဘူးလား "

" နင်က စက်ဘီးဝယ်လိုက်တာလား "

" အစတည်းက ရှိတာပါ၊ ငါ့အဖေက စက်ဘီးနဲ့ သီးသန့် မသွားစေချင်ဘူးလေ၊ အိမ်ခြေတို့ ဒွန်းတို့နဲ့တူတူပဲ ကားနဲ့သွားစေချင်လို့ ငါကလည်း ကားလိုက်စီးပေးနေရတာ "

" ဪ ဒီလိုလား၊ အခုကျတော့ရော နင့်အဖေက ခွင့်ပြု လိုက်တာလား "

" အေးပေါ့၊ ငါ့သူငယ်ချင်းတစ်ယောက်နဲ့တူတူ ပြန်ချင်တယ် ဆိုတာနဲ့ ခွင့်ပြုလိုက်တာ၊ ဖေဖေကတောင် ငါ့သူငယ်ချင်းဆိုလို့ စိတ်ဝင်စားနေသေးတယ် "

" ဟော တွေ့လား၊ နင်နဲ့ပေါင်းမှပဲ ငါ့မှာ လူတကာရဲ့ စိတ်ဝင်စားတာကို ခံနေရတော့တယ်၊ ခုပဲကြည့် နင့်အဖေတောင် ပါလာပြီ "

သူမက မကျေမနပ်လေး ရေရွတ်တော့ သူက ပြုံးလျက်

" ငါ့ကြောင့်ချည်းပဲ မဟုတ်ပါဘူး၊ ရန်ကုန်က ပြောင်းလာတဲ့





ဒုရဲအုပ်သမီးဆိုတည်းက လူတွေက စိတ်ဝင်စားနေကြတာပါ၊ တကယ်တော့ နင့်အဖေကြောင့်ပဲ "

သူက တစ်ဖန် ပြန်လည်ချေပလိုက်သောကြောင့် ကြယ်ဖြူမှာ ဘာမှပြန်မပြောနိုင်လောက်အောင် ဖြစ်သွားရသည်။

" ကဲ ဒီလိုဆို ငါတို့ ဘယ်သွားကြမလဲ "

သူမ မေးနေတုန်းမှာပင် မာန်တို့အိမ်က မာစီဒီးကားလေးက ကျောင်းရှေ့မှ ထွက်ခွာသွားပြီ ဖြစ်၏။

" အရမ်းကို တိတ်ဆိတ်အေးချမ်းတဲ့ နေရာလေးတစ်ခု ငါသိတယ်၊ အဲဒီမှာ ငါတို့အေးဆေးပဲ စာလုပ်လို့ရတယ်၊ လောလော ဆယ်တော့ ငါနည်းနည်းဗိုက်ဆာနေလို့ မုန့်သွားစားကြရအောင် "

" အင်း ရတယ်လေ၊ ဒါပေမဲ့ ငါက မုန့်ဆိုင်တွေတော့ ကောင်းကောင်းမသိဘူးနော် "

ဒါကိုလည်း နောက်ကျတော့မှ ဖိုးပြာရဲ့ အကူအညီယူပြီး မြို့တစ်ပတ်လျှောက်ကြည့်ရမည်ဟု စိတ်ထဲက တေးမှတ်ထားလိုက်၏။ ဒီမြို့နဲ့ ပတ်ဝန်းကျင်ဒေသတွေကို သူမနှင့်အတူ လျှောက်လည်ဖို့ ကိုတော့ မာန်ဝင့်ထည်အား ဆွယ်လို့ရမည် မထင်ပါ။

" ငါသိပါတယ်၊ ငါစားနေကျ ဆိုင်တစ်ဆိုင်ရှိတယ်၊ အစားအသောက်တွေက အဆန်းအပြားကြီး မဟုတ်ပေမယ့် အရသာ

ကတော့ တော်တော်လေးကို ထူးခြားတယ် ''

'' ဘာလဲ သက်သတ်လွတ်ဆိုင်လား ''

သူ အသားတွေ ငါးတွေမစားတာကို သူမက အမှတ်ရစွ နောက်လိုက်ခြင်းအား သူ နည်းနည်း အံ့အားသင့်သွားပုံ ရ၏ နောက်တော့ သူမ၏ မှတ်မိနေခြင်းအတွက်လည်း ဝမ်းသာသွားဟန် ရှိပါသည်။

သူ့စက်ဘီးလေးက ရှေ့ကနေပြီး သူမ လိုက်လာနိုင်လောက် သည့် အရှိန်မျိုးနှင့် ခပ်ဖြည်းဖြည်းလေးသာ နင်းနေသောကြောင့် သူမအတွက် အဆင်ပြေပါသည်။ သူ့ရဲ့စိတ်လေးက တကယ့်ကို ရိုးသား သည့်ဟု သူမကတော့ မှတ်သားထားလိုက်မိ၏။ အများထင်နေသလို မာန်တက်ကာ ဘဝင်မြင့်နေသည့် ပုံရိပ်မျိုး မာန့်ထံမှာ ခုချိန်ထိ မတွေ့မြင်ရသေးပေ။

သိပ်ကြာကြာ မသွားလိုက်ရပါဘဲ ဆိုင်လေးတစ်ဆိုင်ရှေ့ အရောက်တွင် သူက စက်ဘီးလေးအား ခြေတစ်ဖက်ထောက်ပြီး ရပ်ပစ်လိုက်၏။ သူမလည်း သူ့ဘေးကပ်လျက်တွင် လိုက်ရပ်လိုက်၏။

'' ဒါလား နင်စားနေကျ ဆိုင်ဆိုတာ ''

'' အင်း ဟုတ်တယ်၊ လာလေ ဝင်ရအောင် ''

ဆိုင်ကို သေချာကြည့်မိမှ သေးသေးနုပ်နုပ်ဆိုင်မျိုး မဟုတ်မှန်း





သတိထားလိုက်မိ၏။ ဒီလိုဆိုရင်တော့ သူမရဲ့ မုန့်ဖိုးလေးနှင့် ဒီလို နေရာမှာ စားသောက်ဖို့ လောက်မည် မထင်။

ရှေ့မှ ဝင်သွားနေသော မာန့်လက်တစ်ဖက်ကို ဖြတ်ခနဲ ဆောင့်ဆွဲလိုက်တော့ သူက လန့်သွားသည့်ပုံမျိုးနှင့် လှည့်ကြည့်ပါသည်။

'' ဘာလဲဟ ဘာဖြစ်လို့လဲ ''

'' ဒီဆိုင်က ဈေးကြီးလား မာန် ''

သူမရဲ့ ခပ်တိုးတိုးနှင့် မရဲတရဲ အမေးကို မာန်က ပထမတော့ ကြောင်ပြီး ငြိမ်သက်နားထောင်နေရာက နောက်တော့ သူမရဲ့ ဆိုလိုရင်းကို သဘောပေါက်သွားဟန်နှင့် ခေါင်းကို မော့လှန်ပြီး ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါသည်။

သူမကို လှောင်သလိုလို ဖြစ်သွားသည်မို့ မဟုတ်မခံ စိတ်လေးက ခေါင်းပြူထလာ၏။

'' နင် ဘာရယ်တာလဲ မာန် ''

'' နင်က ရယ်စရာကောင်းလောက်အောင် လျှောက်တွေး နေတာကိုးဟ ''

'' ဒီဆိုင်ကြည့်ရတာ ဈေးတော့ မပေါလောက်ဘူးဟ၊ ငါ့မုန့်ဖိုးနဲ့ဆို အဆင်ပြေမယ် မထင်ဘူး ''

'' လာမှာသာ လာစမ်းပါဟာ၊ ငါခေါ်လာတာဆိုတော့ ငါပဲ

ကျွေးမှာပါ ''

သူ့ကို ဆောင့်ဆွဲထားမိသော သူမရဲ့ လက်တစ်ဖက်အား သူက ပြန်လည်ဆုပ်ကိုင် ဆွဲယူလျက် ဆိုင်တွင်းသို့ အတင်းဝင်သွားလိုက်သောကြောင့် သူမမှာ ငြင်းချိန်ပင် မရလိုက်ပါ။

ဆိုင်အလယ်ရှိ စားပွဲဝိုင်းတစ်လုံးတွင် စားပွဲထိုးလေး နေရာချပေးသည့်အတိုင်း သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြ၏။

သူကပင် ဦးဆောင်ကာ စားသောက်စရာများ မှာကြားသည်ကိုလည်း သူမမှာ ဘာမှဝင်မပြောနိုင်ပါဘဲ ဒီတိုင်းသာ ထိုင်ကြည့်နေရ၏။ စားစရာတွေ ရောက်လာတော့လည်း သူက အရင် သူ့ပန်းကန်ကို မြည်းကြည့်ကာ သဘောကျဟန်နှင့် ခေါင်းတညိတ်ညိတ် လုပ်နေပြန်သည်။

'' မင်းအတွက်တော့ အသားပါအောင် မှာပေးထားပါတယ်၊ စားကြည့်လေ၊ ဒီဆိုင်က တကယ် အရသာရှိတာ ''

သူ့အညွှန်းက သူပဲ ဆိုင်ပိုင်ရှင်လိုလို ဘာလိုလို ဖြစ်နေသောကြောင့် သူမမှာ ငြိမ်ပြီးထိုင်ကြည့်နေရင်းမှပင် ပြုံးလိုက်မိသေး၏။ သို့သော် ဘာမှတော့ ပြောမနေတော့ပါ။

ဆိုင်ထဲမှ စားပွဲအားလုံးလိုလိုတွင် စားသုံးသူများနှင့် ပြည့်လျှံနေသော်လည်း အားလုံးက ကိုယ့်အစားအသောက်ကိုယ် ငြိမ်သက်စွာ





စားနေကြသည်ချည်း ဖြစ်၏။ ဇွန်းသံခရင်းသံမျှပင် မကြားရလောက်အောင် တိတ်ဆိတ်နေသည်။

အချင်းချင်း စကားပြောစရာ ရှိလျှင်လည်း ကိုယ်ကို တခြားတစ်ယောက်ဘက်သို့ ကိုင်းညွတ်ကာ လေသံလေးလောက်နှင့်သာ ခပ်တိုးတိုး ပြောဆိုနေကြခြင်း ဖြစ်၏။

မာန်ကရော ဘာထူးလို့လဲ၊ ငြိမ်ငြိမ်သက်သက်နှင့်ပင် သူ့စားစရာတွေပဲ သူငုံ့ကြည့်ကာ တိတ်တိတ်ဆိတ်ဆိတ် စားသောက်နေသည်။ ထို့ကြောင့်ပင် သူမသည်လည်း ဘာစကားမှ မပြောတော့ဘဲ စားစရာရှိတာကိုသာ အာရုံဝင်ပြီး စားသောက်နေလိုက်၏။

စားပြီးတော့ သူက သစ်သီးဖျော်ရည် နှစ်ခွက် မှာလိုက်ပြန်သည်။

'' ဘာလုပ်တာလဲ မာန်၊ ငါ့ဗိုက်တော်တော်ပြည့်နေပြီ၊ စာကျက်ရင်းနဲ့ သောက်ရအောင် ပါဆယ်ထုပ်ခဲ့မယ်လေဟာ ''

'' သောက်လိုက်ပါ၊ တကယ်ကို လတ်ဆတ်တယ်ဟ၊ ပြီးတော့ အစားအသောက်တွေကို တပြိုင်နက်တည်း များများစားတာက ဆီးချိုဖြစ်နိုင်ချေကို ထိန်းပေးတယ်လေ ''

'' နင်ကတော့လေ တော်တော်အပြောကောင်းတယ် သိလား၊ ဒီဆိုင်ရဲ့ ကော်မရှင် ဘယ်လောက်ရထားလို့လဲ ''

သူမက မနေနိုင်တော့စွာ ဝေ့မိတော့ သူက ပြုံးပြီး

" ကောင်းတဲ့အရာတစ်ခုကို တကယ်ကောင်းလို့ ချီးမွမ်းတာဟာ ကောင်းမွန်ခြင်းတစ်မျိုးပဲ မဟုတ်ဘူးလား ကြယ်ဖြူလေး "

သူ့အမူအရာက တစ်ခါတစ်ခါကျရင် အဲဒီလိုမျိုး ကိန်းကြီးခန်းကြီး နိုင်လွန်းပါသည်။ အသံကလည်း တည်ငြိမ်လွန်း၏။ သူမ မင်သက်ငေးမောသွားစေလောက်သည်ထိပင်။

" ငါက အဲဒီလို ဆိုလိုတာ မဟုတ်ပါဘူး မာန်ရဲ့၊ နင်က တစ်ချိန်လုံး ဒီဆိုင်ကောင်းကြောင်းပဲ ပြောနေတာကိုးဟ "

သူမက ကိုယ့်စကားကိုယ် ပြန်လည်၍ ကာဗာလုပ်လိုက်ရပြန်၏။ တော်ကြာ မာန့်စိတ်ထဲမှာ ကြယ်ဖြူလေးကို သဘောထားသေးသိမ်သူဟု ထင်မှတ်သွားမှာ စိုးရိမ်လှပါသည်။ အဲဒီလိုမျိုးတော့ အဖြစ်မခံနိုင်ပါ။

" အေးပါ ဟုတ်ပါပြီ၊ ခုတော့ အအေးသောက်လိုက်ဦး "

စားပွဲပေါ်တွင် ရောက်နေပြီဖြစ်သော အအေးကို ပိုက်နှင့် အနည်းငယ် စုပ်ယူသောက်ကြည့်တော့ သူညွှန်းသလိုပင် တော်တော်လေး လတ်ဆတ်ကောင်းမွန်မှန်း သိသာလှ၏။

အဲဒီအချိန်မှာပဲ သူက

" နင့်ကိုငါ လူတွေ ဘာပြောနေတယ်ဆိုတာ ပြန်ပြောပြ





ရမလား "

" ဘာကိုပြောတာလဲ "

သူမက သူ့စကားကို နားမလည်နိုင်စွာ ပြန်မေးတော့ သူက ဆိုင်ထဲရှိ တီးတိုးတီးတိုး လုပ်နေကြသော စားပွဲများဘက်ကို မသိမသာ မေးငေ့ါပြပါသည်။

" ဘာလဲ နင်က တကယ်ပဲ သိနေလို့လား "

" သူတို့ နှုတ်ခမ်းလှုပ်တာကို ကြည့်ရုံနဲ့ သူတို့ ဘာပြောတယ်ဆိုတာ ငါသိနိုင်တယ်လေ "

" ငါ မှတ်မိပါတယ်၊ ဒါပေမဲ့ နင်ပြောတာ ဟုတ်မဟုတ်ကို ငါက ဘယ်လိုသိရမလဲ "

" ဒါကတော့ ယုံကြည်မှုပါပဲ၊ နင် ငါ့ကို ယုံတယ်ဆို ပြောပြမယ်လေ၊ တကယ်တော့ သူများပြောနေတာကို ခိုးနားထောင်ရသလိုပဲဆိုတော့ သိပ်သဘောမကျပါဘူး "

" နင့်ကိုငါ ယုံပါတယ်၊ ပြောပြလေ "

အဲဒီစကားဟာ ဒီနေရာမှာတင် အသုံးဝင်ရုံမကဘဲ အရာအားလုံးအတွက် သူ့အပေါ်တွင် ယုံကြည်နေချင်စိတ်တွေ သူမထံမှာ စီးမျောနေခြင်းပါပဲ။ ဒါကို မာန် သိနိုင်မည် မထင်ပါ။

" ဟိုးဘက် ညာထောင့်စားပွဲက အဖိုးကြီးနဲ့အဖွားကြီးကို

တွေ့တယ်မဟုတ်လား၊ သူတို့ဘာပြောနေကြတယ် ထင်လဲ ''

သူမ လှည့်ကြည့်လိုက်တော့ တိုင်းရင်းသားရုပ်မျိုးထွက်သည့် အသက်ကြီးကြီး စုံတွဲတစ်တွဲကို တွေ့ရသည်။ ဝတ်စားထားတာကတော့ အနောက်တိုင်းစတိုင် အပြည့်နှင့် ဖြစ်၏။

အဖွားကြီးက ဂါဝန်ကားကားရှည်ရှည်ကြီးတစ်ထည်ကို ဝတ်ဆင်လျက် အဖိုးကြီးကလည်း ရှပ်ပေါ်က ကုတ်အင်္ကျီတစ်ထည် ထပ်ဝတ်ကာ အောက်ကတော့ စတိုင်ပ်န်နှင့် ဖြစ်သည်။ အသက်ကြီး ပေမယ့် ခေတ်မီတဲ့ စုံတွဲတစ်တွဲပဲလို့ သူမ မှတ်ချက်ချလိုက်သည်။

သူတို့အချင်းချင်း ကိုယ်ကိုကိုင်းညွှတ်ကာ ခပ်တိုးတိုး စကား ပြောနေကြခြင်းဖြစ်၏။ မာန့်ဘက်က ကြည့်လျှင် အဖိုးကြီးက အဖွားကြီး ဘက်ကိုင်းကာ စကားပြောနေသည်ကို မြင်နေရ၏။

'' သူတို့ ဘာပြောနေကြတာလဲ ''

သူမက သိချင်လွန်းလှသည် မဟုတ်သော်လည်း မာန့်ကို စမ်းချင်၍ တမင်မေးလိုက်ခြင်း ဖြစ်၏။

'' နေဦး ငါသေချာကြည့်လိုက်မယ် ''

မာန်က တကယ်ကိုပင် မျက်လုံးများကို ထိုစားပွဲဆီသို့သာ အာရုံစူးစိုက်လျက် ကြည့်နေ၏။ အတန်ကြာတော့ သူ့မျက်နှာ ပြုံးလာ ပါသည်။ သူမကိုတော့ ဘာမှပြန်မပြောသေး။ ကြယ်ဖြူလေးကတော့





သိချင်လို့ စိတ်ပင်မရှည်နိုင်တော့။

'' ငါ့ကိုလည်း ပြောပြလေဟာ၊ နင်ချည်းပဲ ရယ်မနေနဲ့ ''

ထိုအခါမှ မာန်က သူမကို လှမ်းကြည့်လိုက်ပြီး

'' အဖိုးကြီး ပြောတာက မင်းဝတ်စေချင်လို့သာ ငါ့မှာ ဒါကြီး ဝတ်လာရတယ်၊ ဘယ်လိုမှ မနေတတ်တော့ဘူး။ ဟိုးနားက ယားသလို ဒီနားက ယားသလိုလိုပဲတဲ့၊ မြန်မြန်စား ပြီးရင် ပြန်မယ်တဲ့ ''

သူ ပြန်ပြောသောစကားကြောင့် သူမမှာလည်း သူ့နည်းတူပင် လိုက်လှိုက်လှဲလှဲ ပြုံးလိုက်မိ၏။ ထိုဝိုင်းကို နောက်တစ်ခါ ထပ်ကြည့် မိတော့မှ အဖိုးကြီးပုံမှာ တကယ့်ကိုပင် မနေတတ်မထိုင်တတ် ဖြစ်နေ ခြင်းနှင့် တူလှ၏။

မကြာခင်မှာပင် ထိုစုံတွဲက ပိုက်ဆံရှင်းလျက် ပြန်သွားကြ တော့သည်။ သူမတို့ ဝိုင်းနားက ဖြတ်သန်းသွားချိန်မှာ အဖွားကြီးက အဖိုးကြီးကို မျက်စောင်းထိုးလိုက်တာ မြင်ဖြစ်အောင် မြင်လိုက်ရသေး သောကြောင့် မာန်ပြောနေတာတွေက အမှန်တွေဖြစ်ဖို့ ရာခိုင်နှုန်းပြည့် ဖြစ်သွားလေ၏။

'' ဘယ်လိုလဲ ငါပြောတာ မှန်တယ် ထင်လား ''

သူမမှာ မငြင်းနိုင်တော့ဘဲ ခေါင်းသာညိတ်ပြလိုက်ရ တော့သည်။

" ဘယ်လိုလဲ ထပ်စမ်းကြည့်ဦးမလား၊ ဒီတစ်ခါ "

သူက သူ့ဘာသာပြောပြီး သူမ ပြန်ဖြေသည်ကို မစောင့်တော့ဘဲ ဆိုင်တွင်းသို့ မျက်စိဝေ့ဝဲကြည့်လျက် သူ့သားကောင်ကို လိုက်လံရှာဖွေနေပါသည်။ အဲဒီအချိန်၌ ဆိုင်ထဲမှာ စကားပြောနေတာဆို၍ သူမတို့ဝိုင်းနှင့် ဘေးချင်းကပ်လျက် လူငယ်စုံတွဲဝိုင်းလေးသာ ရှိသောကြောင့် မာန်က ထိုဝိုင်းလေးကိုပဲ ရွေးချယ်လိုက်ပြီး

" ကဲ ဒီတစ်ခါလည်း ကြည့်နေပါ မာန်တို့အစွမ်းကို "

သူ့ဘာသာ အားပေးလျက် ထိုဝိုင်းကို စူးစိုက်ပြီး ကြည့်နေပြန်သည်။ တော်တော်လေး ကြာတော့မှ

" ဒီတစ်ခါတော့ လုံးဝရှိမန်တစ်ပဲ "

" ဘာဖြစ်လို့လဲဟ "

" ကောင်လေးက ကောင်မလေးကို သူဘယ်လောက်ချစ်ကြောင်းတွေ ပြောနေတာဟ၊ ကဗျာဆန်ဆန် စကားလုံးတွေနဲ့ပေါ့"

" ဟုတ်လား ဘယ်လိုစကားလုံးတွေလဲ "

" မသိချင်ပါနဲ့ သူများရဲ့ ရင်တွင်းခံစားချက်တွေကို "

သူက တကယ့်ကိုပင် သူမကို မပြောပြရန် ဆုံးဖြတ်ထားသည့်အတိုင်း ငြိမ်သက်သွား၏။

" ဩော် နင်ကျတော့ နားထောင်တယ်၊ ငါ့ကိုကျတော့





ပြန်မပြောပြဘူး ဟုတ်လား "

" ငါက ဘယ်မှာနားထောင်လို့လဲ၊ သူများ စကားပြောတာကို ဘယ်တော့မှ ခိုးနားမထောင်ဘူး "

သူပြောတာကလည်း ဟုတ်သလိုလိုမို့ သူမမှာ ဘာပြောရမည်မသိ ဖြစ်ရပြန်သည်။

" နားထောင်တာ မဟုတ်ပေမယ့် နင်သိအောင်တော့ တစ်နည်းနည်းနဲ့ ကြိုးစားတယ် မဟုတ်လား၊ သူများတကာ ရည်းစားစကား ပြောတာကို သူကျတော့ ကြိတ်ပြီး သဘောတွေကျနေတာများ မသိရင်ခက်မယ် "

ကြွယ်ဖြူလေးက သူ့ကို မကျေနပ်စွာ ပြောလိုက်သည်မို့ အသံက အနည်းငယ်ကျယ်သွားပါသည်။ သူမကတော့ အနည်းငယ်လေး ကျယ်သွားသည်လို့ ထင်လိုက်ပေမယ့် ဆိုင်ထဲမှာက တိတ်ဆိတ်နေသည်မို့ ကြွယ်ဖြူ့အသံကို အနီးအနားဝိုင်းတွေကတော့ ကောင်းကောင်းလေး ကြားရလောက်ပါ၏။

ဟိုဘက်ဝိုင်းမှ ကောင်လေးကလည်း သူမတို့ကို လှည့်ကြည့်ပါသည်။ ထိုကောင်လေး၏ အကြည့်က ဒေါသအနည်းငယ်ပါသောဘုကြည့်မျိုး ဖြစ်၏။ မာန်ကိုယ်တိုင်ကတော့ သူမကို မျက်လုံးကြီးများ ကျွတ်ထွက်တော့မတတ် ပြူးကျယ်ပြီး ကြည့်လျက် အံကြိတ်ပြပါသည်။

ကြယ်ဖြူလေးလည်း ပြောလိုက်မိပြီးပြီမို့ ဘာလုပ်လို့လုပ်ရမှန်း မသိတော့။ အဲဒီလိုဖြစ်နေသော ပြဿနာကို ဖြေရှင်းလိုက်သည်ကတော့ မာန်ဝင့်ထည်ပဲ ဖြစ်၏။

ကျသင့်ငွေကို အမြန်ရှင်းပေးလိုက်ကာ ဆိုင်ထဲမှ ခပ်သွက်သွက် ထွက်ခဲ့ခြင်းပင် ဖြစ်သည်။

ဆိုင်ပြင်သို့ ရောက်သည်နှင့် မာန်က သူမကို မျက်နှာချင်းဆိုင် နီးကပ်စွာ စူးစူးစိုက်စိုက် ကြည့်ပစ်လိုက်ပြီး

" မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ မရှက်ဘူးလား "

သူ အဲဒီလို မေးတော့လည်း သူမမှာ ပြန်ဖြေစရာ စကားလုံးတို့ ပျောက်ရှနေသလို ဘာအသံမှ မထွက်နိုင်တော့ပါ။

" ဆောရီးဟာ ငါ နည်းနည်းလွန်သွားတယ် "

ကိုယ်က လွန်သွားတာ သေချာသည်မို့ သူ့ကို ရင်ဆိုင်မကြည့်ရဲဘဲ ခေါင်းငုံ့ချလျက်ကနေ လေသံလေးနှင့် တောင်းပန်လိုက်မိ၏။

သူ့ထံမှ သက်ပြင်းချသံ သဲ့သဲ့တစ်ခု ကြားရသည်။ နောက်တော့ သူမရဲ့ခေါင်းလေးကို သူ့လက်ဖဝါးကြီးနှင့် အုပ်ကိုင်လိုက်ကာ

" နင်က အရမ်းကလေးဆန်တာကိုး၊ နောက်ဆို သတိထားပေါ့ဟာ "





သူ့လေသံက အစတုန်းကလို မမာတော့ဘဲ ပျော့ပျောင်းသွားကာမှ သူမမှာ မျက်ရည်ကြည်တို့ ရစ်ဝိုင်းလာရခြင်းဖြစ်၏။

သူမရဲ့ မျက်ရည်များကို မြင်တော့ သူ တော်တော်လေး ပျာယာခတ်သွားပါသည်။

" ဟာ ဘာဖြစ်လို့လဲ၊ ဒီမျက်ရည်တွေက ဘာဖြစ်လို့ ကျလာတာလဲ၊ ငါနင့်ကို ဘာမှမလုပ်ဘူးနော် ကြယ်ဖြူလေး "

သူ့ပျာပျာသလဲ စကားက သူမကို ပိုလို့တောင် ရှိုက်ငိုချင်အောင် ဖန်တီးလိုက်သလိုပင်။ ချော့တော့မယ်ဆိုတာသိရင် ပိုငိုတတ်သော ကလေးတစ်ယောက်ရဲ့ ပုံစံမျိုးပါပဲ။

မာန်က ကြယ်ဖြူ့ပခုံးသားလေးကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်လျက်က ငုံ့ကျနေသော သူမခေါင်းလေးကို ပင့်မော့လိုက်ပါသည်။ ထိုအချိန်မှာပဲ မျက်ရည်တစ်စက်က ပါးပြင်ထက်သို့ လိမ့်ဆင်းသွား၏။

သူ ခေါင်းကို တစ်ဖက်သို့လှည့်ကာ ကျွတ်ခနဲ စုပ်သပ်လျက်က သူမကို ပြန်ငုံ့ကြည့်လိုက်၏။

" ငါပြောချင်တာက လုပ်သင့်တဲ့အရာတွေ ရှိသလို မလုပ်သင့်တာတွေလည်း ရှိတယ်လေ၊ နင်က အဲဒါကို သဘောမပေါက်သေးတာပါ၊ နင်က ကလေးတစ်ယောက်လိုပဲ ကိုယ်လုပ်ချင်တာပဲ သိတယ်၊ ကလေးဆန်တယ်လို့ ပြောချင်တာ၊ နင့်ကို ဆူတာ မဟုတ်ဘူး "

" ငါ့ကို ဆူရအောင်လည်း နင်က ဘာမှမဟုတ်ပါဘူး "

သူမရဲ့ ဆတ်ဆတ်ထိမခံ ပြန်ပြောလိုက်သည့် စကားကြောင့် သူ့မျက်နှာက အနည်းငယ် သုန်မှုန်သွားသော်လည်း ဘာမှဖြစ်မသွားသလို ဟန်ပန်မျိုးကို ချက်ချင်းပင် ပြင်လိုက်နိုင်ပါသည်။

" ကဲ ငါတို့သွားကြရအောင် "

" ဘယ်ကိုလဲ "

ပါးပြင်ပေါ်မှ မျက်ရည်ကြောင်းလေး နှစ်ခုကို လက်ခုံနှင့် ပွတ်တိုက်သုတ်ပစ်လိုက်ပြီး သူမက ပြန်မေးလိုက်၏။

" ငါပြောတဲ့ အေးအေးချမ်းချမ်းဖြစ်မယ့် နေရာလေးကိုပေါ့"

" ဘယ်နေရာလဲ "

" လိုက်ခဲ့လေ "

သူက စက်ဘီးပေါ်သို့ လွှားခနဲတက်လိုက်ပြီး သူမကို ပြောတော့ သူမလည်း ကိုယ့်စက်ဘီးလေးပေါ်သို့ ခပ်သွက်သွက်ပင် တက်လိုက်ခဲ့ရပြန်သည်။

အတန်ကြာ နင်းပြီးတော့ ရောက်လာသည့် နေရာက မနက်တုန်းက ဖိုးပြာနှင့်တူတူ လမ်းလျှောက်ခဲ့သည့် လမ်းလေးဖြစ်၏။ သူမတို့ ထိုင်ခဲ့သည့် အုတ်ခုံလေးကိုတောင် လှမ်းတွေ့နေရပြီ။

" နင်ပြောတဲ့ နေရာက ဒီနားမှာလား မာန် "





" အေး ဟုတ်တယ်၊ ဒီရှေ့တည့်တည့်ကို ဆက်နင်းသွားရင် တောအုပ်တစ်ခု ရှိတယ်၊ အဲဒီတောစပ်လေးက အရမ်းမိုက်တယ်ဟ၊ ငါဆို သိပ်သဘောကျတာပဲ၊ ငါအားတိုင်းလည်း တစ်ယောက်တည်း လာလေ့ရှိတယ် "

" ဟင် ဟုတ်လား၊ အဲဒီ တောထဲမှာက အကောင်တွေ ဘာတွေ မရှိဘူးလား "

" ငါတော့ ကြီးကြီးမားမား အကောင်ရယ်လို့ သိပ်မတွေ့မိပါဘူး၊ မျောက်တို့ဘာတို့တော့ မြင်ဖူးတာပေါ့ "

" နင်က ဒီနေရာကို ခဏခဏ ရောက်လို့လား "

သူမ မေးခွန်းကို မာန်က ပါးစပ်က ပြန်မဖြေဘဲ နှုတ်ခမ်းများကတော့ ပြုံးသွား၏။ နောက်တော့ သူ တစ်ခုခုကို ပြောရန် ဟန်ပြင်လိုက်၏။ သို့သော် ဘာကိုမှ မပြောဖြစ်ပါ။

အောက်ခြေတွင် ထုထည်ကြီးမားပြီး ရှုပ်ထွေးနေသော ပင်စည်အမြစ်များဖြင့် ရှုပ်ယှက်ခတ်နေသည့် အုံ့အုံ့ဆိုင်းဆိုင်း အပင်မြင့်ကြီး တစ်ပင်အောက်တွင် သူက စက်ဘီးကို မှီထောင်ထားလိုက်ပြီး

" ဒီနေရာလေးဆို ဘယ်လောက်ကောင်းလဲ၊ အရိပ်လည်း ရတယ်လေ "

သူ့ပုံစံက ဒီလို အေးချမ်းမှုမျိုးကို တော်တော်လေး နှစ်သက်သည့်ပုံ ရပါသည်။ ပြီးတော့ မကြာမကြာလည်း လာတတ်လေ့ ရှိပုံပါပဲ။

" နင်တစ်ယောက်တည်း ဒီနေရာမှာ ဘာလာလုပ်တာလဲဟင် မာန် "

သူမရဲ့ သိလိုစိတ်ကို မထိန်းချုပ်နိုင်စွာပင် မေးလိုက်မိတော့ သူက ပြုံးလိုက်ပြန်သည်။

" ဘာလာလုပ်ရမှာလဲဟ၊ စိတ်ပြေလက်ပျောက် လာထိုင်ရင် ထိုင်၊ မထိုင်ရင်လည်း အိပ်နေတာပေါ့၊ ဒီပင်စည်ကြီးနဲ့ အမြစ်တွေက တကယ့်ကို ဖိမ်ယူလို့ ကောင်းတယ် "

သူက အပင်ကြီးကို လှည့်ပတ်ကြည့်ပြီး ပြော၏။

" နင် ဒီကိုလာတော့ လမ်းမှတ်မိလား "

" ဘာမမှတ်မိစရာ ရှိလို့လဲ၊ ဒီလမ်းတွေက ငါငယ်ငယ်တည်းက လျှောက်လာခဲ့တဲ့ လမ်းတွေပဲ "

" နင်ငယ်ငယ်တည်းက လျှောက်လာတဲ့ လမ်းတွေ ဟုတ်လား မာန် "

သူမက သူ့စကားကို နားမလည်နိုင်စွာ မေးမိတော့ သူကလည်း ကြယ်ဖြူ့စကားကို နားမလည်သလိုနှင့် ပြန်လည်စိုက်ကြည့်နေပါသည်။





" အေးလေ ငါငယ်ငယ်တည်းက ဒီလမ်းတွေကို လျှောက်လာခဲ့ရတာပေါ့ "

" ဘာဖြစ်လို့လဲ "

ခုချိန်ထိ နားမလည်နိုင် ဖြစ်နေမိသော ကြယ်ဖြူလေးကို သူက စိတ်ပျက်လက်ပျက်နှင့် တစ်ချက်စိုက်ကြည့်လိုက်ပြီး သူမနှင့် မျက်နှာချင်းဆိုင်နေရင်းကမှ ကျောပေးရပ်လိုက်ကာ တောအုပ်အတွင်းဘက်ဆီသို့ လက်ညှိုးထိုးလိုက်ပြီး

" ဟိုးထဲမှာ. . . ဟိုးထဲမှာ. . . ဘာတွေရှိမယ်လို့ နင်ထင်လဲ ကြယ်ဖြူလေး "

သူ မေးလိုက်သည့်ပုံက မသိလို့ မေးနေခြင်းမျိုး မဟုတ်တာတော့ သေချာလွန်းပါသည်။ သူ့အမေးကို ကြားမှပင် မနက်က ဖိုးပြာပြောခဲ့သော စကားများက သူမ နားထဲသို့ ပြန်ရောက်လာကြ၏။

" အဲဒီ တောအုပ်ထဲမှာ အိမ်အကြီးကြီးတစ်လုံး ရှိနေတယ်လို့တော့ ငါကြားမိတယ် "

သူမက ခပ်ဆဆဆလေး ချင့်ချိန်ကာ ပြောလိုက်၏။ အဲဒီအဖြေစကားကို ကြားလိုက်ရတော့ မာန့်မျက်နှာက အံ့သြသလိုလေး ဖြစ်သွားပြီးမှ တဖြည်းဖြည်းချင်း ပြုံးယောင်သမ်းလာပါသည်။

သူ့ရဲ့ ထိုအမူအရာကိုကြည့်ပြီး သူမ ခေါင်းထဲတွင်လည်း

အတွေးတစ်ခု ဖျတ်ခနဲ လင်းလက်သွား

" နင် နင်က အဲဒီအိမ် "

သူမ စကားပင် မဆုံးလိုက်ပါ။ ဘာပြောချင်သည်ဆိုတာကို ခန့်မှန်းမိနေပြီ ဖြစ်သော မာန်က ခေါင်းကို လှိုက်လှိုက်လှဲလှဲကြီး ညိတ်ပြလိုက်ပါသည်။

အိုး ဒါဟာ သိပ်ကို အံ့သြစရာ ကောင်းလွန်းပါသည်။ သူမ ဘယ်လိုနည်းနဲ့မှ မမျှော်လင့်ထားခဲ့သော အရာပင် ဖြစ်၏။

အဖြစ်မှန်ကို သိလိုက်သည့် အချိန်မှာပင် သူမ ခေါင်းထဲသို့ ပထမဆုံး ဝင်လာသော အတွေးဖြစ်၏။

ထူးဆန်းလွန်းပါသည်။

" ငါက အဲဒီအိမ်က အိမ်သားတစ်ယောက်ပဲ ကြယ်ဖြူလေး၊ တိတိကျကျ ပြောရရင်တော့ မျိုးရိုးအမွေကို ဆက်ခံရမယ့် တစ်ဦးတည်းသော ယောကျ်ားလေးပေါ့ဟာ "

" အို "

သူမ ဘာပြန်ပြောရမှန်း မသိနိုင်စွာပင် သူ့ကို ကြောင်ငေးပြီး ကြည့်နေမိ၏။





" အဲဒါကြောင့် နင်က တစ်ယောက်တည်း ကူငြွေကြီးနဲ့ နေနေတာလား "

ကိုယ့်အတွေးနှင့်ကိုယ် ပြောလိုက်သော စကားက သူ့ကို ဒီလောက်ထိ ရယ်မောစရာ ဖြစ်သွားလိမ့်မယ်လို့ မတွေးထားခဲ့မိပါ။

" ဘာရယ်တာလဲ နင်က "

" အဲဒီလိုလည်း မဟုတ်ပါဘူး၊ ငါတစ်ယောက်တည်း နေတတ်တာက ငယ်ငယ်တည်းက အကျင့်ပါနေတာလေ၊ အိငြွေနဲ့တောင် အမြွာဆိုပေမယ့် တိုက်ပ်ချင်းမတူဘူး၊ သူက အပေါင်းအသင်းတွေ ဘာတွေနဲ့ နေတတ်တယ်၊ လူကြီးတွေနဲ့လည်း ပေါင်းတတ်သင်းတတ်တယ်၊ ငါကတော့ အဆင်မပြေပါဘူးဟာ၊ ကိုယ့်ဘာသာ အေးဆေးနေရတာကို ပိုသဘောကျတယ် "

" ဒါကြောင့် အိငြွေနဲ့ဒွန်းနဲ့ကို နှစ်ဖက်မိဘတွေက သဘောတူကြတာပေါ့ ဟုတ်လား၊ အဲဒီသတင်းကို ကြားကြားချင်းတုန်းကတောင် ငါနည်းနည်းတော့ အံ့သြသွားသေးတယ် "

" အင်း ဟုတ်တယ်၊ ငါ့ပုံက အရမ်းအေးဆေးလွန်းနေတယ်လေ၊ အိမ်မှာနေရင်လည်း ဒီလိုပဲ၊ ဒီတော့ လူကြီးတွေက ငါတို့ချင်းချင်းတွေ ဆက်သွယ်ပြီး လုပ်ရတဲ့ လုပ်ငန်းတွေကို ငါစိတ်မဝင်စားလောက်ဘူးဆိုတာသိလို့ နောင်တစ်ချိန်မှာ ဦးစီးဦးဆောင်ပြုနိုင်မယ့် ယောကျ်ား

တစ်ယောက်ကို ရှာကြတာလေ၊ ဒါနဲ့ပဲ အိန္ဒြေကို ယောကျ်ားပေးစားဖို့ စီစဉ်ကြတော့တာပေါ့၊ ပြီးတော့ ကိုယ့်မျိုးနွယ်ထဲက ဖြစ်ဖို့လည်း လိုသေးတယ်လေ၊ အဲဒါနဲ့ပဲ ဒွန်းနဲ့ စီစဉ်ဖြစ်သွားတာပါ၊ အိန္ဒြေနဲ့ဒွန်းကလည်း တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ငြင်းစရာ မရှိတဲ့အတွက် အဆင်ပြေသွားတာပေါ့ဟာ၊ ငါကတော့ အကြောင်းအမျိုးမျိုးကြောင့် ခေါင်းရှောင်လိုက်တယ်လေ ''

'' နင့်ကိုကျတော့ရော အိန္ဒြေ့လိုမျိုး မစီစဉ်ကြဘူးလား ''

သူမရဲ့ မေးခွန်းကြောင့် သူက ယဲ့ယဲ့လေး ပြုံးလိုက်ပြီး

'' ငါ့ကို သူတို့ ဘာမှအတင်းအကျပ် လုပ်လို့မရဘူးလေ၊ နင်သဘောပေါက်မှာပါ ''

သူ့ပုံစံကြည့်ရတာ အေးအေးဆေးဆေး နေတတ်ပေမယ့် ကိစ္စတစ်ခုကိုတော့ အတင်းအကျပ် ခိုင်းစေတိုင်း လုပ်တတ်မည့် ပုံစံမျိုး မရှိတာ အတိအကျပင်။ မဟုတ်မခံ လူဖြောင့်စိတ်တိုပုံမျိုးပင်ဖြစ်၏။

'' နင်က ဒါဆို နားလည်ရခက်တဲ့ လူမျိုးလား ''

'' နင် အဲ့ဒီလို ထင်လို့လား ကြယ်ဖြူလေး ''

သူမက ဘာမှပြန်မဖြေဘဲ ရှင်းသန့်နေသော သူ့မျက်နှာကိုသာ ငေးကြည့်နေမိသည်။

'' ငါက သူတို့ရဲ့ အရှုပ်အရှင်းတွေကို ဝင်မပါချင်တာပါ၊





ငါတို့မိသားစုက တခြား တိုင်းရင်းသားမျိုးတွေလို နေရာတကာ စည်းတွေ ဘောင်တွေ အရမ်းမတင်းကျပ်ထားပေမယ့် တချို့ကိစ္စတွေမှာတော့ ဝင်ပါရတာပေါ့၊ ခေါင်းရှောင်လို့ မရတဲ့ ကိစ္စတွေပေါ့ဟာ ''

သူ ပြောသမျှတွေကို အားလုံး လုံးစေ့ပတ်စေ့ နားမလည်သော်လည်း သူတို့အချင်းချင်းကြားမှာ ပြဿနာ တစ်ခုခု ရှိနေတာတော့ သူမ မှန်းဆ၍ ရသည်။

သို့သော်လည်း သူများ အိမ်တွင်းရေးတွေမို့ သူမက ဘာမှတော့ ထပ်မေးမနေတော့ပါ။ အလွယ်တကူပဲ ခေါင်းညိတ်ပြလိုက်၏။

'' ကဲ ငါတို့ စာလုပ်မယ့်ကိစ္စတောင် မေ့နေတယ်၊ ဘယ်သူအရင်ဆိုမလဲ ''

သူက စကားစကို ဖြတ်ပစ်လိုက်ကာ ကျောပိုးအိတ်ထဲမှ စာအုပ်ကို ထုတ်ပြီး စာဆိုရန် အာရုံပြောင်းလိုက်တော့၏။

အဲဒီညနေက သူနဲ့အတူတူ စာလုပ်ဖြစ်ခဲ့သော်လည်း ကြယ်ဖြူ့အာရုံတို့က သူ့အကြောင်းကို သိချင်စိတ်တွေသာ တဖွားဖွားနှင့် ပေါ်ပေါက်လာနေ၏။

ဒါပေမဲ့ သူ့အကြောင်းတွေ ပိုသိလေလေ သူမနဲ့ ဘယ်လိုမှ အပ်စပ်ခြင်း မရှိတာကလည်း သိသာလာလေလေ ဖြစ်နေသောကြောင့်

သူ့ဘဝမှန်ကို ကြိုးစားပြီး မေ့ဖျောက်ပစ်ရန်သာ သူမ တတ်နိုင်တော့သည်။

■ ■ ■

အခန်း (၆)

" ကဲ သမီး အဆင်သင့်ဖြစ်ရင် သွားကြရအောင်လေ၊ ကျော်ကြီးတောင် ကားပေါ်ရောက်နေပြီ "

အန်တီနုငယ်တို့အိမ်မှာ အလှူရှိသည့်အတွက် အတန်းထဲမှ ကျောင်းသားများကိုလည်း ဖိတ်ထားသောကြောင့် ကြယ်ဖြူလေးမှာလည်း သေချာပြင်ဆင်နေမိခြင်း ဖြစ်၏။

သူမ အောက်ထပ်သို့ ဆင်းလာတော့ ဖေဖေ့ကိုလည်း ရှပ်အဖြူရောင် ပုဆိုးပိတောက်ခြောက်ရောင် အကွက်လေးနှင့် သားနားစွာ တွေ့လိုက်ရသည်။ အန်တီနုငယ်လုပ်သည့် အလှူမို့လို့များ ဒီလောက်ထိ ပြင်ဆင်ထားခြင်းလားလို့ သဝန်တိုစွာ တွေးမိသေးသည်။

" ငါ့သမီးက ဒီလိုလေးကျတော့လည်း ချစ်ဖို့ကောင်းသားပဲ"

ချည်သားဝမ်းဆက် အနီရောင်လေးကို သပ်သပ်ရပ်ရပ်လေး ဝတ်ထားသော ကြယ်ဖြူလေးကို ကြည့်ပြီး ဖေဖေက မှတ်ချက်ချ၏။

“ ကိုယ့်သမီးကိုယ် ချစ်ဖို့ကောင်းတာကို ခုမှပဲ ဖေဖေ သိတော့တယ်ပေါ့လေ ”

သူမရဲ့ နှုတ်ခမ်းစူမေးမူကို ဖေဖေက အော်ဟစ်ရယ်မော လိုက်ခြင်းဖြင့် တုန့်ပြန်ပါသည်။

“ ကဲ နောက်ကျနေပြီ သမီးရဲ့ သွားကြရအောင် ”

ကားပေါ်တက်လိုက်ပြီး ဘယ်လောက်မှ မကြာသေးခင်မှာပဲ အန်တီနှငယ်အိမ်ကို ရောက်လာခဲ့သည်။ အရင်က စာသွားမေးစဉ် တုန်းက အန်တီနှငယ်နဲ့ အန်တီနှငယ်အမေတို့ နှစ်ယောက်တည်းသာ ပျင်းရိငြီးငွေ့ဖွယ် တွေ့ရတတ်သော်လည်း ဒီနေ့တော့ ခြံဝန်းထဲမှာကို လူများနှင့် ပြည့်နေ၏။

မိုးမြင့်နဲ့ ဂျူလိုင်ကိုတောင် လှမ်းမြင်လိုက်မိသေးသည်။

“ ကြယ်ဖြူ့သူငယ်ချင်းတွေတောင် ရောက်နေပြီ ဖေဖေရဲ့ ”

“ ဟုတ်လား သမီး၊ ဒါဆို ဖေဖေ့ကို မိတ်ဆက်ပေးဦးလေ ”

ဖေဖေက အဲဒီလို ချစ်ဖို့ကောင်းတဲ့ လူပါ၊ လူငယ်တွေကို လိုက်လျောညီထွေ ဖြစ်နိုင်ဖို့ကိုပဲ အမြဲကြိုးပမ်းနေတတ်သူ ဖြစ်၏။ ဒါကြောင့်လည်း ဖေဖေ့ပုံက ဘယ်တော့မှ အသက်ကြီးလာသည်ဟု





မထင်ရတော့ဘဲ နုပျိုနေတာ ဖြစ်နိုင်သည်။

“ နှငယ်က မျှော်နေတာ ကြာပြီ၊ နောက်ကျလိုက်တာ ”

အန်တီနှငယ်က ဖေဖေ့လက်တစ်ဖက်ကို ဆွဲခေါ်သွားတော့ မတတ် သည်းသည်းလှုပ် ပြောလိုက်ရင်း သူမတို့ သားအဖကို အခန်းရဲ့ ထိပ်ဘက်က ဝိုင်းတစ်ဝိုင်းမှာ နေရာချပေးပါသည်။

“ ကြယ်ဖြူ မစားချင်သေးဘူး၊ ဟိုမှာ ဂျူလိုင်တို့ဆီ သွားဝိုင်း လုပ်ပေးလိုက်ဦးမယ် ”

“ လုပ်စရာကတော့ ဘာမှမရှိတော့ပါဘူးကွယ်၊ သူတို့ သူငယ်ချင်းတွေ အလုပ်မရှိ အလုပ်ရှာ ဝိုင်းဖွဲ့နေကြတာလေ ”

ဟုတ်လည်း ဟုတ်လောက်ပါသည်။ တကယ်တမ်းက အချိုပွဲ တွေ အားလုံးကို ပန်းကန်လေးတွေထဲမှာ အဆင်သင့်ထည့်ထားပြီး ဖြစ်ရုံသာမက သူတို့က လာယူသူများကို လှမ်းပေးနေခြင်းလောက်သာ ဖြစ်၏။ သို့သော် အဲဒီနေရာလေးမှာပဲ လူအုံနေခြင်းဖြစ်၏။

ကြယ်ဖြူလေး ရောက်လာတာကို လှမ်းတွေ့လိုက်သော မိုးမြင့်က လက်လှမ်းပြကာ ခေါ်နေသေး၏။

“ နင်တို့က ဒီနားကို အပိုင်သိမ်းထားတာပေါ့ ဟုတ်လား”

“ အေး ဟုတ်တယ်ဟ၊ အချိုပွဲတွေက မြည်းလို့ ကောင်းတယ်လေ ဟင်း ဟင်း ”

အရေးထဲမှ ကျောက်ကျောဖန်းထဲက ကျောက်ကျောတစ်တုံးကို ပါးစပ်ထဲသို့ ဖတ်ခနဲ ကောက်ထည့်လိုက်ရင်းနှင့် ကျော်ကျော်က မျက်နှာပြောင်နေသေးသည်။

" နင်ကတော့လေ ဆရာမက အလှူလုပ်နေတာကို နှောင့်ယှက်နေကြတယ် ဟုတ်လား "

" အဲဒီလို မဟုတ်ပါဘူးဟာ ငါတို့က ပျော်စေပြက်စေပါ "

" တော်ပါတော့ဟယ် အချိုပွဲကလည်း နင်စားတာနဲ့တင် ကုန်တော့မယ့်ကိန်း ဆိုက်နေပြီ "

ရွှေကြည်တွေကိုလည်း တဖွတ်ဖွတ်နှင့် ကောက်စားနေသော ကျော်ကျော့်ကို သူမက လှမ်းဟန့်လိုက်၏။

" ဒီနေ့ လူတော်တော်စုံသားပဲနော်၊ ငါပြောတာက ငါတို့အတန်းထဲက ကျောင်းသားတွေကိုလေ "

ကြယ်ဖြူလေးထက် နောက်ကျပြီး ခုနကမှ ရောက်လာသော ဆုဝေက အိမ်ထဲသို့ မျက်လုံးဝေ့ကြည့်ကာ ခေါင်းညိတ်လိုက်၏။

" ဟုတ်တယ်နော် လူတွေ တော်တော်စုံတယ် ဒါပေမဲ့. . . "

ဆုဝေက သူမကို လှမ်းကြည့်လိုက်ပါသည်။ ဆုဝေ ဘာပြောချင်သည်ဆိုတာ သူမ နားလည်၏။

" သူ လာမယ်လို့ နင်တို့ထင်လား "





နောက်တော့ ဆုဝေက ထိုအတိုင်း ထုတ်မေးပါသည်။ သူမတို့အားလုံးကလည်း နာမည်တပ်ပြောစရာ မလိုပါဘဲ ဆုဝေဆိုလိုချင်သည့်သူကို တန်းခနဲ သိနေကြပါသည်။

" သူ လာချင်လာမှာပေါ့ ဆုဝေ "

" နင့်ကို သူ ဘာမှမပြောဘူးလား "

ခုတလော သူမနှင့် မာန်ဝင့်ထည်တို့က ပိုတွဲဖြစ်နေသောကြောင့် အားလုံးက သူမကို ဦးတည်ပြီး မေးလိုက်ခြင်းဖြစ်သည်။

" အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ငါတို့ ဘာမှမပြောဖြစ်ကြပါဘူး၊ သူ လာချင်မှ လာမှာပေါ့၊ သူက တစ်ယောက်တည်း အေးဆေးနေချင်တဲ့ လူမျိုးလေ "

သူမရဲ့ ထင်မြင်ချက်ကို ခြံထဲသို့ ဝင်လာသော သူ့စက်ဘီးလေးက မှားယွင်းကြောင်း ပြောလိုက်သလိုပါပဲ။

" ဟော ဟိုမှာ မာန်ဝင့်ထည် မဟုတ်လား "

ကျော်ကျော် လှမ်းမပြခင်တည်းက သူမက မြင်ပြီးသားဖြစ်၏။ မာန်က သူမထံသို့ လက်ကို ဝှေ့ယမ်းပြပြီး လျှောက်လာနေပါသည်။ လမ်းလျှောက်ပုံက အစ စမတ်ကျလှသော သူ့ကို ကြယ်ဖြူလေးကတော့ ပြုံးရင်းသာ ငေးနေမိ၏။

" နင် ရောက်နေတာ ကြာပြီလား "

သူက အားလုံးတူတူ ထိုင်နေသည့် ကြားကမှ ကြယ်ဖြူလေး တစ်ယောက်တည်းကိုသာ ကွက်ပြီး စကားပြောလိုက်ခြင်း ဖြစ်၏။

" မကြာသေးပါဘူး စားတောင် မစားရသေးဘူးလေ "

" ဟုတ်လား ငါက တော်တော် နောက်ကျနေပြီ မှတ်တာ"

" ဘာစိတ်ကူးပေါက်ပြီး ရောက်လာတာလဲ မာန်ဝင့်ထည်"

ကျော်ကျော်က သူ့ကို တည့်တည့်ကြည့်ပြီး မေးလိုက်သည်။ သူကတော့ မပွင့်တပွင့်လေး ပြုံးလျက်က သူမကို စိုက်ကြည့်လိုက်ပြီး

" ကြယ်ဖြူလေး ရှိနေမယ့် နေရာဆိုတော့ ငါလာရတာပေါ့"

သူ့စကားက တော်တော်လေးကို တာသွားပါသည်။ ဘေး လူတွေ ဖြစ်သော ဂျူလိုင်တို့ ဆုဝေတို့တောင် မျက်လုံးများပြူးလျက် ပါးစပ်အဟောင်းသား ဖြစ်သွားကြရသည်။ အပြောခံလိုက်ရသည့် သူမ ဆိုရင် မပြောပါနဲ့တော့။

ယောကျ်ားလေးတွေကတော့ အံ့သြသွားသည့်ပုံနှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဘာမှန်းမသိတာတွေကို ခပ်တိုးတိုး ရေရွတ်နေကြ၏။

" နင် ဘာတွေပြောနေတာလဲ မာန် "

သူမကလည်း လေသံသဲ့သဲ့လေးနှင့် မာန့်ကို လှမ်းဟန့်လိုက် ပါသည်။ သို့သော် မာန့်မျက်နှာပေါ်က အပြုံးတို့ကတော့ ပျောက်ပျက်





မသွားပါ။

" ငါ တကယ်ပြောနေတာလေ၊ ကဲပါ ငါ ဗိုက်နည်းနည်း ဆာလာသလိုပဲ၊ တစ်ခုခု သွားစားကြတာပေါ့ "

ကြယ်ဖြူလေးလက်ကို မာန်က ချက်ချင်းပဲ ဆွဲခေါ်သွားတော့ မတတ် ပြောနေသည်မို့ သူမလည်း အားလုံးကို လျော့တိလျော့ရဲလေး ပြုံးပြလိုက်ပြီး သူ့နောက်ကို လိုက်ခဲ့ရသည်။

အိမ်ထဲဝင်လိုက်သည်နှင့် အန်တီနုငယ်နှင့် ယှဉ်တွဲထိုင် နေသော ဖေဖေက သူမကို လှမ်းကြည့်လိုက်၏။ ဖေဖေ့အကြည့်များက သူမကို ကျော်လွန်သွားပြီး မာန့်ထံမှာ ရပ်တန့်သွားကြ၏။ မာန်ကတော့ သိပုံမရပါ။ အန်တီနုငယ်ကို နှုတ်ဆက်စကား ပြောနေသည်။

ဖေဖေ့ရှေ့မှာ သူ တစ်ခုခု လုပ်လိုက်ပြောလိုက်မှာကို သူမ ထိတ်လန့်လာမိ၏။ ထို့ကြောင့်ပင်

" ဖေဖေ စားပြီးပြီလား "

ဖေဖေ့နားသို့ ကပ်သွားကာ မာန် ကြားလောက်သော အသံမျိုးနှင့် မေးလိုက်သည်။ တကယ်ကိုလည်း သူမအသံကို မာန် ကြားသွားပါ၏။ သူမကိုတစ်လှည့် ဖေဖေ့ကိုတစ်လှည့် ငေးကြည့်ရင်း ခဏတာ ငြိမ်သက်သွား။

နောက်မှ သူမကို တည့်တည့်စိုက်ကြည့်ပြီး

" ကြယ်ဖြူလေး ငါစားနှင့်တော့မယ်နော် "

အသံတိုးတိုးနှင့် ပြောလျက်က သူမတို့နှင့် ခပ်လှမ်းလှမ်းတွင် ရှိသော စားပွဲတစ်လုံးနှင့် ဝင်ထိုင်လိုက်၏။ ဖေဖေ့အကြည့်များကတော့ သူ့ထံမှာသာ ဖြစ်တည်နေပါသေးသည်။ သူမ နည်းနည်း စိုးရိမ်လာမိ၏။

" ဖေဖေ ကြယ်ဖြူတို့ ဘယ်အချိန် ပြန်ကြမလဲဟင် "

တကယ်တော့ ဖေဖေ့ကို သူ့ထံမှ အာရုံပြောင်းသွားစေရန် သူမက ကြိုးစားလိုက်ခြင်း ဖြစ်၏။

" သမီးရဲ့ သူငယ်ချင်းတွေနဲ့ ဖေဖေ့ကို မိတ်ဆက်ပေးဦးလေ"

" ဟုတ်သားပဲ ကြယ်ဖြူက မေ့တောင်မေ့သွားတယ် "

သူမက ကျော်ကျော်တို့နားသို့ ဖေဖေ့ကို ခေါ်ဆောင်သွားကာ အားလုံးနှင့် မိတ်ဆက်ပေးလိုက်သည်။ ဖေဖေကလည်း ပျော်တတ်သူမို့ သူတို့ကလည်း ဖေဖေနှင့် ခဏအတွင်းမှာပင် အဆင်တပြေနှင့် စကားပြောဖြစ်သွားကြ၏။

" ဒါနဲ့ ဟိုမှာ တစ်ယောက်တည်း ထိုင်စားနေတဲ့ တစ်ယောက်ကရော သမီးသူငယ်ချင်း မဟုတ်ဘူးလား "

ဖေဖေက သူ့ကို လက်ညှိုးညွှန်ကာ ပြောလိုက်ခြင်းမို့ သူမလည်း နည်းနည်း အဖြေရကျပ်သွားကာ ဆုဝေတို့ကလည်း ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားကြပုံပါပဲ။





" သမီးနဲ့တူတူ အိမ်ထဲကို ဝင်လာတာ ဖေဖေ တွေ့လိုက်ပါတယ် "

ဖေဖေက ထိုစကားကိုပင် ထပ်မံပြောနေပြန်သောကြောင့် သူမလည်း မငြင်းဝံ့တော့ပါ။ တကယ်တော့ မာန်ဝင့်ထည်နဲ့ မိတ်ဆက်ပေးရမှာကို အလိုလို ရှိန်နေမိခြင်း ဖြစ်၏။ ပြီးတော့ ခုနက ဖေဖေ့ရှေ့မှာလည်း သူ့အမူအရာနဲ့ အကြည့်တွေက အနည်းငယ် ရဲတင်းသလို ဖြစ်သွားခဲ့သည်လေ။

" ဟုတ်တယ် ဖေဖေ၊ အတန်းထဲမှာ ကြယ်ဖြူနဲ့ ဘေးချင်းကပ် ထိုင်တဲ့ သူငယ်ချင်းပါ၊ မာန်ဝင့်ထည်တဲ့ "

" ဩော် သမီးကို သူ့အိမ် အလည်မခေါ်ဘူးဆိုတဲ့ တစ်ယောက်လား မာန်ဝင့်ထည်လေ၊ ဖေဖေ မှတ်မိပါတယ် "

ဖေဖေက သတိတရနှင့် ပြောလိုက်ခြင်းကြောင့် ကြယ်ဖြူလေးမှာ အံ့ဩသွားရသေး၏။ သူမ ပြောခဲ့တဲ့ အဲဒီစကားတွေကို ဖေဖေက အမှုမဲ့အမှတ်မဲ့ပဲ သဘောထားလိမ့်မယ်လို့ သူမက ထင်နေတာလေ။ ခုတော့ အမှတ်ထင်ထင်ပင် ပြန်ပြောခြင်းကို ခံလိုက်ရ၏။

ထို့ကြောင့်လည်း သူမမှာ ထပ်တစ်ခါ ခေါင်းညိတ် ဝန်ခံရပြန်ပါသည်။

" ဟုတ်တယ် ဖေဖေ "

" ခုရော သမီး သူ့အိမ်ရောက်ဖူးပြီလား "

" ဟင့်အင်း မရောက်ဖူးသေးပါဘူး ဖေဖေ၊ ဒါပေမဲ့ သူ့အိမ် ဘယ်မှာရှိတယ်ဆိုတာတော့ ကြယ်ဖြူ သိပြီးပါပြီ "

" သူနဲ့ မိတ်ဆက်ပေးဦးလေ၊ သူ့ပုံစံကြည့်ရတာ သမီးနဲ့ ပတ်သက်မှုက နည်းနည်းများ ပိုနေသလားလို့ ဖေဖေ ခံစားမိတယ်"

" ရှင် "

ဖေဖေက လေသံတိုးတိုးလေးနှင့် နားနားကပ်ကာ ပြောလိုက်ခြင်းပေမယ့် သူမ ရင်ထဲမှာတော့ တော်တော်လေးကို ကတုန်ကယင်ဖြစ်သွားသည်။

" ဖေဖေ ဘာကိုဆိုလိုချင်တာလဲဟင် "

ဖေဖေက ဘာမှပြန်မပြောတော့ပါ။ ပြုံးရုံသာ ပြုံးနေပါသည်။ အဲဒါကြောင့်ပဲ ကြယ်ဖြူလေးက ပိုလန့်နေမိခြင်း ဖြစ်၏။

ဖေဖေ့ရဲ့ ဘယ်လိုမျက်လုံးတွေနဲ့ ကြည့်လိုက်လို့များ သူမနဲ့ မာန်ဝင့်ထည်တို့ဟာ သာမန်ထက် ပိုတယ်လို့ ပြောနိုင်တာပါလိမ့်။ ပြီးတော့ ဒီနေ့ မာန်ဝင့်ထည် ပြောလိုက်သော စကား၊ အဲဒါကရော ဘယ်လိုအဓိပ္ပာယ်လဲ။

ကြယ်ဖြူလေး ရှိနေတဲ့ နေရာတွေကို သူက ဘာလို့များ လိုက်ရှိချင်နေရတာတဲ့လဲ၊ အတွေးများနှင့် တစ်ယောက်တည်း





တုန်တုန်ယင်ယင်လေး ဖြစ်နေမိသော သူမနားသို့ မာန်ဝင့်ထည် ရောက်လာချိန်မှာတော့ သူမမှာ မျက်လုံးလေးများဝိုင်းကာ ငေးမော ကြည့်လျက် ယောင်ယမ်းပြီး ရင်ဘတ်လေးကိုတောင် လက်နှင့်ဖိထား လိုက်မိသေးသည်။

" ကျေးဇူးပြုပြီး သူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံပေးပါနော် ဖေဖေ "

မာန်အနားသို့ မရောက်ခင်လေးမှာ သူမက ဖေဖေ့နားကပ်ပြီး တိုးတိုးပြောလိုက်၏။ ဖေဖေက သူမကို အဓိပ္ပာယ်တစ်မျိုးပါသော အကြည့်မျိုးနှင့် ပြန်ကြည့်၏။ ဖေဖေ့ရဲ့အကြည့်ကြောင့် သူမလည်း မျက်လွှာလေး အသာချလိုက်ရင်း

" သူက ကြယ်ဖြူ့အတွက် အရေးကြီးလို့ပါ ဖေဖေ "

ဖေဖေက သူမကို တည့်တည့်ကြည့်နေလျက်ကပဲ သက်ပြင်း တစ်ခုကို အသာအယာ ချလိုက်ပါသည်။ အဲဒီအချိန်မှာပဲ မာန်က သူမနှင့်ဖေဖေတို့နားသို့ ရောက်လာသည်။

" တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်လ်၊ ကျွန်တော်က ကြယ်ဖြူလေးရဲ့ သူငယ်ချင်း မာန်ဝင့်တည်ပါ "

မာန်က ဖေဖေ့ကို တရင်းတနှီးပင် ကြည့်လိုက်ပြီး စတင် မိတ်ဆက်စကား ပြောလိုက်၏။

" အန်ကယ်လ် ကြားဖူးပါတယ်၊ သမီးက မင်းအကြောင်းကို ပြောဖူးတယ်လေ "

မာန်က သူမကို မျက်လုံးတစ်ချက် စွေကြည့်ပြီး ပြုံးလိုက်ကာ

" ကျွန်တော့်အကြောင်းဆိုရင်တော့ ကောင်းတာပါမယ် မထင်ပါဘူးလေ "

" သေချာတာပေါ့၊ မင်းအိမ်ကို သူ့ကို အလည်မခေါ်လို့ဆိုပြီး သူက စိတ်ကောက်ချင်နေတာလေ "

" ဟင် ဟုတ်လား ကျွန်တော် လုံးဝ သတိမထားလိုက်မိဘူး"

သူက ထိုစကားကို ကြယ်ဖြူလေးအား ကြည့်လျက်ကနေ ဖေဖေ့ကို ပြောလိုက်ခြင်းဖြစ်သည်။ သူမမှာတော့ ဖေဖေက ထိုသို့ ပွင့်ပွင့်လင်းလင်းကြီး ပြောလိုက်၍ အနည်းငယ် ရှက်နေမိသည်။ မာန့်မျက်နှာကိုလည်း သေချာစူးစိုက်ပြီး ပြန်မကြည့်ရဲအောင်ပင် ဖြစ်သည်။

" နင် အလည်လိုက်ချင်ရင် ငါက ခေါ်မှာပေါ့ ကြယ်ဖြူလေးရဲ့ "

အဲဒီလိုကြီး သူ့ပါးစပ်က ပြောလာတော့လည်း စိတ်ထဲမှာ မဝံ့မရဲလေး ဖြစ်သွားမိတာ သူမပါပဲ။

" အဲဒီလိုမျိုး မဟုတ်ပါဘူး "





သူမရဲ့ အငြင်းစကားက အသက်မပါလှတာ ကိုယ့်ဘာသာပဲ သိလိုက်ပါသည်။ ဖေဖေကတော့ သူမနှင့် မာန်ဝင့်ထည်ကို တစ်ချက်မျှ ငေးကြည့်လိုက်ပြီး

" ကဲ ဖေဖေ နုငယ်ကို သွားနှုတ်ဆက်လိုက်ဦးမယ် ပြီးရင် ပြန်ကြတာပေါ့ "

ဖေဖေက အိမ်ထဲသို့ ပြန်ဝင်ရန် လှည့်လိုက်ချိန်တွင် မာန်က ဖေဖေ့ကို ခပ်သွက်သွက်လေး လှမ်းခေါ်လိုက်ပြီး

" အန်ကယ်လ် စိတ်မရှိဘူးဆိုရင် ကြယ်ဖြူလေးကို ကျွန်တော်နဲ့တူတူ ပြန်ခွင့်ပြုပါလားခင်ဗျာ "

သူ့ပုံစံက တကယ့်ကို လိုက်လိုက်လဲ့လဲ့နှင့် ယဉ်ကျေးစွာ တောင်းဆိုလိုက်ခြင်း ဖြစ်သောကြောင့် ဖေဖေလည်း ရုတ်တရက် ဘာမှ ပြန်မပြောနိုင်အောင် ဖြစ်သွားပုံပါပဲ။ နောက်တော့ သူမထံသို့ လှမ်းကြည့်၏။

သူမကလည်း ဖေဖေ့ကို ပြန်ကြည့်နေရုံကလွဲရင် ဘာပြောလို့ ပြောရမှန်း မသိပါ။ သူ့ရဲ့ ရဲတင်းမှုကိုတော့ အံ့သြမိတာ အမှန်ပါပဲ။

" သမီး နေချင်နေခဲ့လေ၊ ဒီမှာ သမီးသူငယ်ချင်းတွေလည်း ပြန်မှ မပြန်သေးဘဲ "

ဖေဖေ့ရဲ့ လိုက်လျောမှုက သူမအတွက် တကယ့်ကို မင်သက်

မိသွားစေ၏။ ယောင်ယမ်းပြီးတော့ ခေါင်းညိတ်ပြလိုက်မိလား၊ ပါးစပ်ကပဲ ပြန်ဖြေလိုက်မိလားပင် မမှတ်မိတော့ပါ။ သူမရှေ့မှ ဖေဖေ ထွက်သွားသည်ကိုသာ မြင်လိုက်ရသည်။

ဖေဖေပြန်သွားပြီးနောက်တော့ အားလုံးရဲ့ အကြည့်များက သူမနဲ့မာန့်ထံမှာသာ ရစ်ဝဲကုန်၏။ အထူးသဖြင့်တော့ ဆုဝေနဲ့ဂျူလိုင်ပေါ့။

" ငါတို့ လုံးဝ ထင်မထားဘူး မာန်ဝင့်ထည်၊ နင်က အားလုံးကို အံ့သြအောင် လုပ်လိုက်တာပဲ "

သူမကတော့ ဆုဝေတို့ကိုကြည့်ပြီး ဇဝေဇဝါ ဖြစ်နေသေး၏။ အခု အခြေအနေက ဘာကို ကိုယ်စားပြုနေမှန်း သူမ ကိုယ်တိုင်ပင် မသိတော့ပါ။

" ဘာဖြစ်လို့လဲ မာန်၊ နင် ဘယ်သွားစရာ ရှိသေးလို့လဲ"

သူ့နှုတ်ခမ်းများက တွန့်သည်ဆိုရုံလေး ပြုံးပါသည်။

" ငါနင့်ကို လိုက်ပို့ချင်ရုံသက်သက်ပါပဲ "

" ဟွန် ဘယ်လိုကြီးတုန်း "

သူက အားလုံးကို ပြုံးပြကာ ထိုနားမှ ထွက်ခွာရန် ခြေလှမ်း ပြင်၏။ သူမက ဘာလုပ်ရမှာလဲ၊ သူသွားရာနောက် ထပ်ချပ်မကွာ လိုက်နေရမှာလား။ သူမတို့နှစ်ယောက်ကို အားကျသလိုလို အံ့သြ သလိုလိုနှင့် ကြည့်နေကြသော လူတွေရှေ့ကနေ သူမကလည်း





ကြောင်တောင်တောင်နဲ့ပဲ ထွက်လာခဲ့ရသည်။

မာန်က စက်ဘီးလေးကို ခြံပြင်ထိ တွန်းထွက်ခဲ့ပြီးမှ သူမဘက်သို့ ပြန်လှည့်လျက်

" တက်လေ "

" ဘယ်ကိုတက်ရမှာလဲ "

သူ့ရဲ့စက်ဘီးလေးက နင်းသူနောက်တွင် လူပိုထိုင်လိုက်ရန် ကယ်ရီယာမပါသည့် ပြိုင်ဘီးလေးမို့ သူမက အဲဒီလို မေးလိုက်မိခြင်း လည်း ဖြစ်သည်။ သူက ပြုံးပြန်သည်။

နောက်မှ နင်းသူရဲ့ ရှေ့တွင်ရှိသော တန်းလေးကို မေးငေါ့ ပြလျက်

" အဲဒီမှာ ထိုင်ပေါ့ "

" အာ. . . "

" ဘာဖြစ်လို့လဲ "

" မထိုင်ချင်ပါဘူး "

သူ့မျက်နှာကို နည်းနည်းမှ မော့မကြည့်ဘဲ ပြောနေသော သူမကို သူဘယ်လို မျက်လုံးမျိုးတွေနဲ့ အကဲခတ်နေမယ်ဆိုတာ သူမ မသိလိုက်ရပါ။

" နင့်ကိုငါ လိုက်ပို့မယ်လို့ နင့်အဖေကို ပြောလိုက်တယ်လေ

နင်က အဲဒီမှာ မထိုင်တော့ ဘယ်လိုလုပ်မှာလဲ ''

မာန့်အသံက အနည်းငယ် ဆောင့်ဆောင့်အောင့်အောင့်လေး ထွက်လာခြင်းဖြစ်၏။ အဲဒီလိုကျပြန်တော့လည်း မာန် စိတ်ဆိုးသွားမှာကို သူမ ပူပန်နေမိပြန်သည်။

'' နင် ငါ့ကို တင်မနင်းနိုင်မှာစိုးလို့ပါ ''

သူမရဲ့ လျှောက်လွှဲချက်ကို မာန်က ယုံပုံမပြပါ။ ဒါပေမဲ့ ဘာမှလည်း ထပ်မပြောတော့ပါ။ စက်ဘီးလေးကိုသာ ခွထိုင်လိုက်၏။ လက်ကိုင်တန်းများကို ကုန်းလျက် မကိုင်သေးသော မာန့်ပုံစံက တစ်ခုခုကို စောင့်ဆိုင်းနေသည့် ပုံပါ။

မာန်က သူမ မတက်မချင်း ထိုပုံအတိုင်း နေတော့မယ်လို့များ ဆုံးဖြတ်ထားလေသလား မသိ။ ဘယ်ကိုမှလည်း မကြည့်တော့ဘဲ ရှေ့တူရူသို့သာ ငေးလျက် ကျောက်ရုပ်ပမာ ရှိနေပါသည်။

စက်ဘီးကိုခွကာ ခြေတစ်ဖက်ကို ခြေနင်းပေါ်တွင် တင်လျက် ကျန်တစ်ဖက်ကတော့ မြေကြီးပေါ်တွင် ထောက်လျက်သားပုံစံနှင့် အန်တီနုငယ်တို့ အိမ်ရှေ့မှာ ဒီတိုင်းကြီး ရှိနေသော မာန့်ကို ကျန်သည့် အတန်းဖော်များကလည်း ခြံထဲကနေ လှမ်းစူးစမ်းနေကြသည်။

သူတို့ပုံစံတွေက မာန်ဝင့်ထည်နဲ့ ကြယ်ဖြူလေးတို့ ဘာတွေ ဆက်ဖြစ်ကြမည်ဆိုတာကို အလွန် စိတ်ဝင်စားနေကြသည့် ပုံတွေပါပဲ။





အဲဒီမျက်လုံးတွေကို ရှောင်ရှားချင်သည့်အတွက်ကြောင့်ပင် ကြယ်ဖြူလေးက မာန့်စက်ဘီးလေးပေါ်သို့တက်ရန် ပြင်ရတော့၏။ မာန်က သူမထိုင်လို့ အဆင်ပြေစေရန် စက်ဘီးကို ထိန်းကိုင်ပေးထားပါသည်။

ဘားတန်းပေါ်တွင် ထိန်းထိုင်လိုက်ပြီးချိန်မှာပဲ မာန်က လက်ကိုင်နှစ်ဖက်ကို ကုန်းကိုင်လိုက်သောကြောင့် ကြယ်ဖြူလေးမှာ နစ်ဝင်ပျောက်ကွယ်လုလု ဖြစ်သွားရ၏။ ခဏလေးအတွင်းမှာပင် ခုန်လှုပ်သွားသော ရင်အစုံနှင့်အတူ အလန့်တကြား မော့ကြည့်မိကာမှ ခေါင်းကို အောက်သို့ငုံ့ကာ သူမကို ကြည့်နေသော သူ့မျက်နှာနှင့် အလွန်နီးကပ်သွားရပြန်၏။

သူမကပင် အလျင်ခေါင်းပြန်ငုံ့လိုက်ပါသည်။ သူက စက်ဘီးလေးကို နင်းထွက်ခဲ့လိုက်၏။ သူမ ကိုယ်လုံးက ပိန်ပိန်သွယ်သွယ်လေး မဟုတ်ပါဘဲ အနည်းငယ် ပြည့်ပြည့်လေး ဖြစ်သည်မို့ သူ့အတွက် လေးလံနေမလားလို့ စိတ်ပူခဲ့မိသေးပေမယ့် တကယ်တမ်းကတော့ သူ့ပုံစံက အေးအေးလူလူသာ ရှိနေခဲ့သည်။

လမ်းတစ်လျှောက်လုံးမှာလည်း ဖြတ်သွားဖြတ်လာ လူများက သူမတို့ စက်ဘီးစီးလာတာကို မြင်တိုင်း တစေ့တစောင်း လိုက်ကြည့်နေကြပြန်သည်။ ကောင်လေးတစ်ယောက်ရဲ့ ပြိုင်ဘီးဘားတန်းပေါ်မှာ

ကောင်မလေး တစ်ယောက်ကို တင်နင်းလာခြင်းအား တကယ့်ကို အထူးအဆန်းသဖွယ် ကြည့်နေကြခြင်းမျိုး ဖြစ်၏။

အိုး. . . ရန်ကုန်နဲ့များ ကွာလှချည်လား၊ ရန်ကုန်မှာဆိုရင် ဒီလို မြင်ကွင်းမျိုးဟာ ထူးဆန်းလှသော လူတိုင်း လိုက်ငေးရလောက်အောင် မြင်ကွင်းမျိုး မဟုတ်တတ်ပါ။ ညနေဘက်တွေ ညဦးပိုင်းအချိန်တွေမှာဆိုရင် အမြဲလိုလို မြင်တွေ့နေရသော ချစ်သူနှစ်ဦးရဲ့ မြင်ကွင်းမျိုးပင် ဖြစ်၏။ မဟုတ်သေးပါဘူးလေ။ တကယ်တော့ မာန်နဲ့ ကြယ်ဖြူလေးက ချစ်သူတွေမှ မဟုတ်ကြတာဘဲ၊ ကိုယ့်အတွေးနှင့်ကိုယ် ရှက်သွားမိရင်း သူ့ကို မသိမသာလေး ခိုးကြည့်လိုက်မိသည်။

သူမမှာ မျက်နှာမော့လိုက်လျှင် မာန့်ခေါင်းနှင့် တိုက်မိနေမည်စိုးသောကြောင့် ခေါင်းလည်း အရမ်းမမော့ရဲပါဘဲ သူ့လက်မောင်းများပေါ်မှ ကျော်ကာ မြင်နေရသော လူတွေကိုသာ လိုက်ကြည့်နေရ၏။ စကားလည်း ပြောလို့ အဆင်မပြေသော အနေအထားမျိုး ဖြစ်သည်။

သို့သော် သူမ တစ်ခုခုတော့ ပြောရပါလိမ့်မည်။ အနည်းဆုံးတော့ ခု သူမတို့နှစ်ယောက် ဘယ်ကိုဦးတည်နေတယ်ဆိုတာကိုပေါ့။

ခေါင်းငုံ့ထားရသောကြောင့် ဇက်လည်း ညောင်းညာလှပြီဖြစ်သည်။ နောက်ဆုံးတော့ ထိုသို့ ခေါင်းငုံ့ထားလျက်ကပင် သူမမှာ ကြိုးစား၍ သူ့ကို စကားပြောလိုက်ပါသည်။





" ငါတို့ ဘယ်သွားနေတာလဲ မာန် "

ခပ်တိုးတိုးလေးသာ ထွက်သွားသော သူမအသံကို မာန်က မသဲမကွဲဖြစ်သွားဟန် ရပါသည်။ သူ့ခေါင်းကို အောက်သို့ ငုံ့စောင်းလိုက်ပြီး သူမကို ပြန်မေးလိုက်၏။ သူမကတော့ သူ့မျက်နှာကို နည်းနည်းမှ မော့မကြည့်မိအောင် သတိထားပြီး ထပ်မေးလိုက်ရ၏။

" ငါတို့တွေ ဘယ်ကိုသွားနေတာလဲလို့ "

" ငါ့အိမ်ခေါ်သွားမယ်ဆို လိုက်မှာလား "

သူမ နည်းနည်းတော့ တုန်လှုပ်သွားသည်။ သူ့အိမ်ကို အရင်က ရောက်ဖူးချင်စိတ်မျိုး ရှိခဲ့သော်လည်း ခုတော့ ဘာလို့မှန်း မသိပါဘဲ ရင်တွေက တုန်ယင်နေ၏။ ထို့ပြင် ဦးနှောက်ထဲမှာလည်း တစ်ခုခုကို စိုးကြောက်သလို ရှုံ့နေမိသေး၏။

" စက်ဘီးကို ရပ်ပေးပါ မာန် "

အသံက ခပ်ကျယ်ကျယ်မို့ ဒီတစ်ခါတော့ မာန်က သေချာကြားသွားပါသည်။ နောက်တော့ မယုံကြည်နိုင်သလို မျက်လုံးများဖြင့် သူမကို ငုံ့ကြည့်လိုက်ပြန်၏။ ဒီတစ်ခါတော့ သူမကလည်း သူ့မျက်နှာကို မော့ကြည့်လျက် ပြောလိုက်ခြင်းမို့ အကြည့်နှစ်ခုက နီးနီးကပ်ကပ် စူးစိုက်သွားကြသည်။

ဒီတစ်ခါလည်း သူမကပင် အရင် မျက်လွှာပြန်ချလိုက်ပါ၏။

မာန်ကတော့ ကြယ်ဖြူလေးထံမှ အကြည့်တွေကို မလွှတ်တမ်း လိုက်လံစုဆောင်းနေဟန် ရှိပါသည်။

" ဘာဖြစ်လို့လဲ ကြယ်ဖြူလေး "

" ခဏ ရပ်လိုက်စမ်းပါ "

သူမ တကယ်ပြောနေမှန်း ရိပ်မိသွားသောကြောင့် သူက ချက်ချင်းပင် စက်ဘီးကို လမ်းဘေးချ ရပ်ပေးလိုက်၏။ စက်ဘီးရပ်လိုက်သည်နှင့် တပြိုင်နက် သူမသည်လည်း မြေပြင်ပေါ်သို့ ဆင်းလိုက်ပြီး သူနှင့်မျက်နှာချင်းဆိုင် ရပ်ပစ်လိုက်သည်။

" ကဲ ပြောပါဦး ဘာကြောင့် စက်ဘီးရပ်ခိုင်းရတယ်ဆိုတာ"

" နင်တကယ်ပဲ နင့်အိမ်ကို ခေါ်သွားမလို့လား "

" နင်လိုက်ချင်တယ်ဆိုရင် ငါခေါ်သွားမှာပေါ့ "

အဲဒီအခါကျတော့မှပင် သူမ ရင်ထဲမှ အလုံးကြီး ကျဆင်းသွားတော့၏။ သူ့ပုံစံက အတင်းအကျပ် အမူအရာမျိုး တစိုးတစေ့မှပင် မပါပါ။

" ငါ မလိုက်ချင်သေးဘူး "

" ကောင်းပြီလေ ဒါဆိုရင်လည်း ငါနင့်ကို အိမ်ပြန်လိုက်ပို့ပေးမယ်နော် "

" အဲဒါများ မာန်ရယ် စောစောတည်းက မေးလိုက်လည်း





ပြီးနေတာကို "

သူမက သက်ပြင်းလေး ဖြည်းဖြည်းချလျက် ပြောလိုက်ခြင်းမို့ သူက ရယ်မောပါသည်။ ခပ်တိုးတိုးလေးသာ ဖြစ်၏။

" နင့်ပုံကြည့်ရတာ ခုမှပဲ စိတ်ချလက်ချ ဖြစ်သွားတဲ့ပုံပါလား"

" အင်းလေ ငါ နင့်အိမ်ကို မလိုက်ရဲပါဘူး "

ဒီတစ်ခါတော့ သူ့မျက်နှာ အမူအရာက အနည်းငယ် အံ့အားသင့်သွားသည့်ဟန်မျိုး ဖြစ်၏။

" ဘာဖြစ်လို့ မလိုက်ရဲရတာလဲ "

သူ့မေးခွန်းကို ပြန်ဖြေဖို့ သူမမှာ သင့်တော်သည့် အဖြေမျိုး အဆင်သင့် ရှိမနေပါ။ ထို့ကြောင့်ပင် ခေါင်းကို ခါရမ်းပစ်လိုက်ရ၏။

" ဒီလိုပါပဲ ငါ့စိတ်ထဲမှာ လိုက်ချင်စိတ် မရှိသေးလို့ပါ "

သူ့မျက်နှာက မှုန်ကုတ်သွားသယောင်ပါပဲ။ ဒီလိုကျပြန်တော့လည်း သူမမှာ မနေတတ်မထိုင်တတ် ဖြစ်သွားရပြန်သည်။

" ငါတို့ စာမေးပွဲတွေ ဖြေပြီးတော့မှပဲ အေးအေးဆေးဆေး လာလည်မှာပေါ့ဟ "

အဲဒီစကားပြောလိုက်ရင် သူ့မျက်နှာ ပြန်လည်ပြုံးလာမည်ဆိုတာ သူမကတော့ အစတည်းက တွေးမိပြီးသားပါ၊ တွေးထားသည့်

အတိုင်းလည်း ဖြစ်လာတာပဲလေ။ သူ့အပြုံးကြောင့်ပင် သူမလည်း ရယ်မောလိုက်မိ၏။

" ကဲ ငါ့ကို အိမ်ပြန်လိုက်ပို့လေ "

" အို့ကေ နောက်မှပဲ အေးအေးဆေးဆေး သွားတာ ပိုကောင်းတာပေါ့နော် ကြယ်ဖြူလေး "

" အင်းပေါ့ ဒီနေ့ကျတော့ ငါလည်း အိမ်ပြန်ချင်ပြီလေ "

တော်ပါသေးရဲ့၊ မာန်ဝင့်ထည်ဟာ အများထင်ထားသလို ဘဝင်မြင့်ပြီး အတ္တကြီးနေသည့် ကောင်လေးတစ်ယောက် မဟုတ်လို့ပေါ့။ အားလုံးထဲမှာ သူမက မာန်နှင့်နောက်ဆုံးမှ ခင်မင်ခွင့်ရခြင်း ဖြစ်ပေမယ့် ခုဆိုရင် မာန့်အကြောင်းတွေကို အားလုံးထက် ပိုလို့တောင် သိနေသလို ခံစားလာရသည်။

ဒါဟာ အံ့ဩစရာ မကောင်းနေဘူးလား။ သို့သော် အဲဒါကိုပဲ သူမ ကျေနပ်နေတာ သေချာပါသည်။

■ ■ ■



အခန်း (၇)

နာကျင်နေသည့် ဒဏ်ရာကြောင့် ခြေထောက်က ကောင်းကောင်းထောက်မရသော်လည်း သူမ အားတင်းကာ လျှောက်လာခဲ့သည်။ လက်တစ်ဖက်ကလည်း စက်ဘီးလေးကို တွန်းလို့ပေါ့။ စီးလို့မရတော့လောက်အောင် ပိန်ချိုင့်သွားသော ရှေ့ဘီးဆီကို အကြည့်တစ်ချက် ရောက်သွားပြီး စိတ်ပျက်ပျက်နှင့် ခေါင်းကို ခါရမ်းပစ်လိုက်မိသေးသည်။

အိမ်နားကို ရောက်သည်ထိ အားတင်းကာ လျှောက်လာရသောကြောင့် လူတစ်ကိုယ်လုံးက ကိုင်ရိုက်ထားသလို နာကျင်နေပြီ ဖြစ်သည်။

အိမ်ဆီသို့ လှမ်းကြည့်မိတော့ ဖေဖေ ပြန်ရောက်နေသည့် အရိပ်အယောင်မျှပင် မမြင်ရပါ။ သို့သော် တစ်ဖက်အိမ် ဝရန်တာကနေ သူမကို မျက်လုံးပြူးကြီးများဖြင့် ကြောင်ငေးကြည့်နေသော ဖိုးပြာကိုတော့ တွေ့လိုက်ရသည်။

ထို့ကြောင့်ပင် သူမက ဖိုးပြာကို သူမဆီ ဆင်းလာခဲ့ရန် လက်ပြခေါ်လိုက်၏။ အခြေအနေကို ရိပ်မိသွားဟန်ရှိသော ဖိုးပြာကလည်း ချက်ချင်းလိုလိုပင် သူမနားသို့ ရောက်လာခဲ့၏။ သူမ ကိုယ်ကို ခပ်ငှဲ့ငှဲ့ကုန်းကာ လက်တစ်ဖက်နှင့် အုပ်ထားသော ခြေထောက်နေရာကို သူက ဘာမှန်းမရေရာသော မျက်လုံးများဖြင့် လှမ်းကြည့်၏။

"ငါ စက်ဘီးမှောက်လာတာ"

အားတင်းကာ ပြောလိုက်ရသော စကားက လေသံလေး လောက်သာ ထွက်သွားသည်။ နောက်တော့ ခြံထဲရှိ အုတ်ခုံလေးတွင် ခပ်ဖြည်းဖြည်း ထိုင်ချလိုက်ရ၏။

"ပြစမ်း နင်ဘယ်လောက်တောင် ထိလာတယ်ဆိုတာ"

ဖိုးပြာက သူမရဲ့ ကွာတားဘောင်းဘီလေးကို လက်နှင့် မတင်ကာ ဒဏ်ရာကို ကြည့်တော့မလို့မို့ သူမက ချက်ချင်းပင် သူ့လက်ကို ဖယ်ထုတ်လိုက်ပြီး သူမကိုယ်တိုင်ပင် ဘောင်းဘီလေးကို ဒူးခေါင်းထက်သို့ မတင်လိုက်၏။





ဟက်တက်ကွဲသွားသော ဒဏ်ရာမှ သွေးများက ဒလဟော ကျဆင်းနေတာ သူမ ခြေသလုံးတစ်ခုလုံးတင်မကတော့ဘဲ ဂျင်းဘောင်းဘီထူထူကိုပင် ဖောက်ထွက်နေကြပြီ ဖြစ်သည်။ ဘောင်းဘီရဲ့ ရှိသွားသော နေရာကို လက်နှင့်အုပ်ကိုင်ထားမိသော ကြောင့် သူမ လက်တစ်ခုလုံးမှာလည်း သွေးများဖြင့် မြင်မကောင်းတော့ပေ။

သူမရဲ့ ဒဏ်ရာကိုကြည့်ပြီး ဖိုးပြာကတော့ တော်တော်လေး ထိတ်လန့်သွားပုံ ရပါသည်။

"နင့်ဒဏ်ရာက တော်တော်ကြီးတာပဲ၊ အဲဒါကို ဆေးခန်း တန်းမသွားဘဲ ဘာလို့များ အိမ်ပြန်လာသေးတာလဲ ကြယ်ဖြူလေး"

ဖိုးပြာအသံက ခပ်ကျယ်ကျယ် ထွက်လာ၏။ သူမအပေါ်တွင် ဂရုဏာဒေါသနှင့် ပြောပစ်လိုက်သော အသံမျိုးပါ။ သူမ မျက်ရည် များကလည်း အဲဒီအခါကျမှပင် ထိန်းမနိုင်သိမ်းမရစွာ ကျဆင်းလာကြ ခြင်း ဖြစ်သည်။

"ဟာ အဲဒါက ခုမှ ဘယ်လိုဖြစ်တာတုန်း"

"နာလို့ပေါ့ဟ"

ငိုသံပါကြီးနှင့် သူမက ပြောလိုက်တော့ ဖိုးပြာမှာ ရယ်ရခက် ငိုရခက် ဖြစ်သွားသည့် ပုံပါပဲ။ သူ့ဆံပင်များကို လက်ချောင်းများဖြင့်

ထိုးဖွလိုက်ရင်း သူမကို မျက်မှောင်များ တွန့်ကာ ကြည့်၏။

'' ဒဏ်ရာရလာတာကဖြင့် ကြာလှပြီ အဲဒါကို ခုမှ ငိုတယ် ဟုတ်လား၊ နင် တော်တော်ထူးဆန်းတယ် ''

'' ခုနက ငါတစ်ယောက်တည်းဆိုတော့ ကြောက်တာနဲ့ပဲ ငိုဖို့တောင် မေ့နေတာပေါ့၊ ခုမှ ငိုရတာ ဘာဖြစ်လဲ ''

ကလေးတစ်ယောက်လို မျက်ရည်များ သုတ်လိုက် တတွတ်တွတ်ပြောလိုက် လုပ်နေသောသူမ အမူအရာက ဖိုးပြာအတွက်တော့ ရယ်စရာ ကောင်းနေနိုင်မှာ သေချာပါသည်။ သို့သော် ဖိုးပြာ မရယ်ပါ။

သူမ လက်မောင်းတစ်ဖက်ကို အသာဖေးမတွဲလျက် မတ်တပ်ရပ်စေလိုက်သည်။

'' ငါတို့ ဆေးခန်းသွားပြသင့်တယ် ကြယ်ဖြူလေး ''

'' အင်း ပြသင့်တာပေါ့ ဒါပေမဲ့ ငါကြောက်တယ် ''

'' ဟင် ဘာကိုကြောက်တာလဲ ''

ဖိုးပြာ မျက်လုံးများက သူမ ပြောလာမည့် အဖြေကို စိုးရိမ်တကြီး စောင့်မျှော်နေဟန် ရှိပါသည်။

'' ဒဏ်ရာက တော်တော်ပြဲသွားတာလေ အဲဒီတော့ ငါ့ကို သူတို့ ချုပ်ကြမှာ ကျိန်းသေပဲ ''

'' အဲဒါလား နင်ကြောက်တာ ''





သူက မယုံသင်္ကာသလို ပြန်မေးနေပါသည်။ သူမကတော့ ခေါင်းကိုသာ အသာညိတ်ပြလိုက်ရ၏။ သူ ရယ်မောလိုက်တော့မလို ဖြစ်သွားပြီးမှ မရယ်တော့ပါ။ သူမ မျက်နှာပေါ်က တကယ်ကို ကြောက်ရွံ့နေသော အနေအထားကို သူ နားလည်သွားဟန် ရှိပါသည်။

'' ချုပ်မှ ဖြစ်မှာ '' ဟူသော ဆရာဝန်ကြီးရဲ့ စကားအဆုံးမှာတော့ ဖိုးပြာမျက်နှာကိုသာ လှမ်းကြည့်လိုက်မိ၏။ အဲဒီအကြည့်ဟာ တကယ့်ကို အားကိုးတကြီးနဲ့ ဆိုတာတော့ သူမကိုယ်တိုင်သာ အသိဆုံးပါပဲ။ သူကလည်း သူမလက်မောင်းလေးတစ်ဖက်ကို သူ့လက်ချောင်းများနှင့် မြဲမြဲစွာ ဆုပ်ကိုင်ထားပါသည်။

အံကို တင်းတင်းကြိတ်လျက် ဖိုးပြာလက်များကို ပြန်လည်ဆုပ်ကိုင်လျက် အောင့်အီးသည်းခံပါသော်လည်း အစိမ်းချုပ် လေးချက်ချုပ်လိုက်ရခြင်းသည် သူမကို ပျော့ခွေကျသွားစေတာတော့ အမှန်ပင်ဖြစ်၏။

ဆေးခန်းထဲမှ ပြန်ထွက်ဖို့ကိုတောင် သူမရဲ့ ခြေထောက်များက ထောက်မရ ဖြစ်နေကြသည်။ နာကျင်မှုဒဏ်ကို ဘယ်လိုမှ သည်းမခံနိုင်အောင်ကိုလည်း ဖြစ်မိ၏။ သူမက ဖျားနာလို့ ဆေးထိုးရမည် ဆိုလျှင်တောင် အကြောက်အကန် ငြင်းတတ်သည်ထိ ကိုယ့်အသား နာကျင်မှုကို စိတ်ပူပန်တတ်သူ ဖြစ်၏။

ခုလိုမျိုး ကိစ္စဆိုတာကတော့ အတွေးထဲမှာတောင် ကြောက်လန့်နေမိခဲ့ခြင်းပါ။ ဖိုးပြာက သူမရဲ့ ပခုံးကို အသာဖွဖွ ဖက်ထိန်းထားကာ လက်မောင်းရင်းကိုလည်း ဆုပ်ကိုင်ပေးထားသေးသည်။ ညာဘက်ခြေထောက်က ဘယ်လိုမှကို အားပြုလို့ မရခြင်းကြောင့် သူမမှာ ခြေတစ်ပေါင်ကျိုးတမ်း ကစားနေရသူလို ခုန်ဆွခုန်ဆွ ဖြစ်နေ၏။

စက်ဘီးနောက်ခုံတွင် သူမ ထိုင်နိုင်အောင် ဖိုးပြာက ကူညီပေးကာ သူက နင်းသူနေရာတွင် ထိုင်လိုက်၏။ အဲဒီအချိန်မှာပဲ ဖိုးပြာရဲ့ စက်ဘီးအနီးရောင်လေးဘေးသို့ ကားတစ်စီး ထိုးရပ်လိုက်သည်။ လှည့်ကြည့်လိုက်တော့ ဖေဖေ့ကားလေး ဖြစ်နေတာကို တွေ့လိုက်ရ၏။

ရင်ထဲမှာ ပျော်ရွှင်မှုက ဘယ်က ဘယ်လို ချက်ချင်းကြီး ရောက်လာမှန်း မသိ။ ဝမ်းသာသွားမိ၏။ သူမဟာ ခုချိန်ထိ ဖေဖေ့အပေါ်မှာ အပြည့်အဝ မှီခိုချင်စိတ်တွေ ရှိနေသေးပါလားလို့ ကိုယ့်ကိုယ်ကို အံ့ဩစွာ ပြန်သိလိုက်ရသည်။

ဘောင်းဘီကို ဒူးခေါင်းထက်နားထိ ခေါက်တင်ထားလျက် ပတ်တီးအဖွေးသား ဖြစ်နေသော ကြယ်ဖြူလေးကိုမြင်တော့ ဖေဖေ တော်တော်လေး စိတ်ပူသွားမှန်း ဖေဖေ့မျက်နှာပေါ်က နွမ်းနယ်မှုက





သက်သေပြနေသည်။

ကားပေါ်မှ ခုန်ဆင်းကာ သူမနားသို့ ဖေဖေ ချက်ချင်း ရောက်လာပါသည်။

" သမီး ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ၊ ဖေဖေ့ကို ပြောစမ်း"

" ဖေဖေ. . . အဟင့်. . . "

သူမရဲ့ မျက်ရည်များကြောင့် ဖေဖေ ပိုလို့တောင် ပျာယာခတ်သွားပါသည်။ အဖြစ်အပျက် အစအဆုံးကိုပဲ ဆက်မေးရမလား၊ ရှိုက်ကြီးတငင် ငိုနေသော သမီးဖြစ်သူကိုပဲ ချော့ရမလား၊ ဝေခွဲမရ ဖြစ်သွားပုံပါ။

" ကြယ်ဖြူလေး မငိုနဲ့တော့လေ နင်ကလည်း ကလေးကျနေတာပဲ "

ဖိုးပြာ အသံကြားမှ သူမမှာ အသိပြန်ဝင်လာသူလို မျက်ရည်များကို လက်ခုံနှင့် သုတ်ပစ်လိုက်ရသည်။ ဖေဖေကတော့ ဖိုးပြာကို စူးစူးစိုက်စိုက် ကြည့်နေပါသည်။ ထို့ကြောင့်ပင် ဖိုးပြာကလည်း သူ့ကိုယ်သူ ဒီကိစ္စကို ဖေဖေ့အား ရှင်းပြတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သော ပုံစံမျိုးဖြင့် ပြန်ကြည့်လိုက်၏။

" ဒီလိုပါ ဦး၊ ကျွန်တော်က ဦးတို့ အိမ်ဘေးကပ်လျက်က တောင်တန်းပြာပါ "

သူ့ကိုယ်သူ မိတ်ဆက်ပေးလိုက်ပြီးမှ စကားဆက်ပြောလို့ အဆင်ပြေမည်ဆိုတာ သူ နားလည်ထားဟန် ရှိပါသည်။

" ဦး မင်းကို မြင်ဖူးပါတယ် "

" ကြယ်ဖြူလေး စက်ဘီးမှောက်ပြီး ဒဏ်ရာကြီးနဲ့ တစ်ယောက်တည်း အိမ်ပြန်လာတာတွေ့လို့ ကျွန်တော် ဆေးခန်း လိုက်ပို့ပေးတာပါ၊ ဒဏ်ရာက ပြသွားတာဆိုတော့ လေးချက်လောက် ချုပ်လိုက်ရတယ် "

ဖေဖေ့မျက်နှာမှာ စိုးရိမ်ပူပန်မှုတွေက ထင်ထင်ရှားရှား ပေါ်လွင်သွားသည်။ သူမကိုလည်း ထိတ်လန့်တကြား ကြည့်လိုက်သေး၏။ သူမ ပါးပြင်မှ မျက်ရည်စများပင် မခြောက်သေးပါ။

" သမီး တော်တော် နာနေသေးလား "

ပါးစပ်ကပင် ပြန်မဖြေနိုင်တော့ဘဲ ခေါင်းညိတ်ပြရုံသာလာက်သာ သူမ တတ်နိုင်ပါတော့သည်။

" ကဲပါလေ ဖေဖေ့ကားပေါ်ကို တက်ပါ၊ စက်ဘီးနဲ့ဆိုတော့ သမီး ထိုင်ရတာ ဘယ်အဆင်ပြေပါ့မလဲ "

သူမ လက်တစ်ဖက်ကို တွဲလျက် ဖေဖေက စက်ဘီးပေါ်မှ ဆင်းစေလိုက်၏။

" မောင်တောင်တန်းပြာကတော့ စက်ဘီးနင်းပြီးပဲ လိုက်ခဲ့





လိုက်တော့ပေါ့၊ ဦးတို့ အိမ်ရောက်မှပဲ ပြန်ဆုံကြမယ်လေ၊ အခုဖြစ်တဲ့ ကိစ္စမှာ မင်းကို ဦး တော်တော် ကျေးဇူးတင်ပါတယ် "

" ရပါတယ် ဦး အိမ်နီးချင်းတွေပဲ ကျွန်တော်က ကူညီသင့် တာပေါ့၊ ပြီးတော့ ကြယ်ဖြူလေးက ကျွန်တော့်သူငယ်ချင်းပါ "

ဖေဖေက သူမကို တစ်ချက်လှမ်းကြည့်ပါသည်။ ဘာမှတော့ မပြောပါ။ အိမ်ပြန်ရောက်ပြီး တော်တော်ကြာသည်ထိ ဖိုးပြာက သူမတို့ အိမ်ဘက်ကို ကူးမလာခဲ့ပါ။ ဖေဖေကတော့ အိမ်ပြန်ရောက်တည်းက သူမကို အခန်းထဲသို့ တစ်ခါတည်းဝင်ခိုင်းလျက် သူကိုယ်တိုင်လည်း သူမ ခုတင်ဘေးမှာ ထိုင်ကြည့်နေခဲ့၏။

" သမီး ဘယ်လိုနေသေးလဲ "

" နည်းနည်းတော့ နာနေသေးတယ် ဖေဖေ၊ တစ်ခါမှ ဒီလို မဖြစ်ဘူးတော့ ကြယ်ဖြူ သိပ်ကြောက်သွားလို့ပါ၊ ပြီးတော့ စက်ဘီးနဲ့ ပတ်သက်ပြီး ဘာအန္တရာယ်မှ မဖြစ်စေရပါဘူးလို့ ပေးခဲ့တဲ့ ကတိ ကိုလည်း ကြယ်ဖြူ ဖျက်သလို ဖြစ်သွားတယ် "

" စက်ဘီးမှောက်ရလောက်အောင် သမီးက ဘယ်လိုတွေများ ဖြစ်ရတာလဲကွယ် "

ဖေဖေ့မေးခွန်းကို ပြန်မဖြေနိုင်ခင်မှာဘဲ သူမရဲ့ အာရုံတွေက မကြာသေးခင်လို့ ပြောလို့ရလောက်သော အချိန်က အဖြစ်အပျက်

များကို ပြန်လည်မြင်ယောင်လာမိ၏။

တကယ်တော့ သူမ တစ်ယောက်တည်း စာကျက်ရတာ ပျင်းလာသောကြောင့် စိတ်ပြေလက်ပျောက် ဖြစ်စေရန် စက်ဘီးစီး ထွက်ခဲ့ခြင်း ဖြစ်၏။

စက်ဘီးလေးရဲ့ ဦးတည်ရာက တကယ့်ကို မရည်ရွယ်ပါဘဲနှင့် မြို့ပြင်စပ်နားက တောအုပ်လေးဆီကို ရောက်ခဲ့ခြင်း ဖြစ်သည်။ အဲဒီအချိန်မှာပဲ သူမရဲ့ အတွေးတွေက မာန်များ ဟိုတစ်နေ့က သစ်ပင်ကြီးအောက်မှာ ရှိနေမလားလို့ တွေးခဲ့မိခြင်း ဖြစ်၏။

သို့သော် သူမ ထင်သလိုမျိုး မာန် ရှိမနေပါ။ မာန် မရှိသောကြောင့် သူမ တစ်ယောက်တည်း သစ်ပင်ကြီးအောက် ထိုင်နေစဉ်မှာပင် အလွန်ကြီးပြီး ကြောက်မက်ဖွယ် မျက်နှာထားမျိုးနှင့် ခွေးကြီးတစ်ကောင်ကို တွေ့လိုက်ရခြင်း ဖြစ်သည်။

ခွေးကြီးကလည်း သူမကို မြင်တွေ့သွားပုံနှင့် အနားသို့ တဖြည်းဖြည်း တိုးကပ်လာပါသည်။ သူ့အမူအယာက နည်းနည်းလေးမှ ရင်းနှီးသည့် သဏ္ဌာန်မျိုး မပေါက်ပါ။ သူမ ထိတ်လန့်လာမိ၏။ သို့သော် လှုပ်ရှားမှုလည်း မပြုရဲပါ။

ငြိမ်နေတုန်းက ဘာမှမဖြစ်ဘဲ လှုပ်လှုပ်ရှားရှား လုပ်လိုက်မှ ဆိုးဆိုးရွားရွား တစ်ခုခုလုပ်လိုက်မှာကိုလည်း စိုးရိမ်နေမိသေး၏။





ခွေးကြီးရဲ့ပုံစံက ကြောက်မက်ဖွယ်ကောင်းပေမယ့် တကယ့်ကို မျိုးရိုးကောင်းသည့် အိမ်မွေးခွေး အကောင်းစားဆိုတာတော့ သူမ သိနေပါသည်။ ဘယ်လိုပဲ သိနေပါစေ၊ ထိုခွေးကြီးနှင့် သူမသည် ရင်းနှီးသူများ မဟုတ်ကြပါ။ ပြီးတော့ ခွေးကြီးရဲ့ ပုံစံက သူမကို တစ်ခုခု အန္တရာယ်ပြုနိုင်လောက်သည့် အနေအထားမှာလေ။

ထိုအတွေးအဆုံးမှာပင် ကြောက်စိတ်က ထိပ်ဆုံးသို့ ရောက်သွားပြီး ချွေးစီးတွေပင် ပျံလာသည်ထိ ဖြစ်သွားရခြင်းဖြစ်သည်။ အိမ်မွေးခွေးဆိုတာ သေချာသော်လည်း သူ့ပိုင်ရှင်ကိုတော့ အနီးအနားမှာပင် တွေ့မြင်ရခြင်း မရှိ။

အဲဒီအချိန်မှာပဲ သူမ ခေါင်းထဲသို့ နောက်ထပ် အတွေးတစ်ခု ရောက်လာပြန်သည်။ ဒီခွေးကြီးဟာ မာန်တို့ အိမ်ကများလားဟူသော အတွေးပင် ဖြစ်၏။ မာန့်ခွေးကြီးတောင် ဖြစ်နေနိုင်ပါသေးသည်။ ဒါပေမဲ့ သူ့ဆီကနေတော့ ခွေးနဲ့ပတ်သက်ပြီး ဘာမှကြားဖူးခြင်း မရှိတာ သေချာ၏။

မာန့်ခွေးဆိုတော့ရော သူမက ဘာလုပ်နိုင်မှာမို့လဲ၊ မာန်ကပဲ သူမကို သိတာလေ၊ မာန့်ခွေး ဒါမှမဟုတ်လည်း မာန့်အိမ်ကခွေးက သူမကို သိသည်မဟုတ်ပါ။ လူစိမ်းဆိုပြီး ကိုက်စရာရှိလျှင် ကိုက်လိုက်မည်သာ ဖြစ်၏။

ခွေးကြီးကလည်း သူမနှင့် တဖြည်းဖြည်းချင်း နီးကပ်လာပြီဖြစ်သည်။ ပိုနီးလေ သူ့ရဲ့ကြောက်မက်ဖွယ် မျက်နှာပြင်က ပိုလို့တောင် ထင်းလာလေဖြစ်၏။ ကျောထဲကပင် စိမ့်ခနဲနေအောင် သူမ ထိတ်လန့်နေမိသည်။

ဒါပေမဲ့ ဒီတိုင်းကြီးပဲလည်း သူမ ထိုင်နေလို့ ပြီးသွားမည်မဟုတ်ပါ။ ပင်စည်ကို ကျောမှီပြီး ထိုင်နေရာမှ ကိုယ်ကို အနည်းငယ်ငဲ့စောင်းလိုက်ကာ မြေကြီးကို လက်နှစ်ဖက်နှင့် နောက်ပြန်ထောက်လိုက်မိပြီး မသိမသာ ဆုတ်လိုက်မိ၏။

နောက်တော့ ဘာကိုမှ သေချာမသိတော့ပါဘဲ သူမ တအား ကျုံးထ ပြေးခဲ့မိတော့သည်။ ခွေးကြီးကပါ နောက်ကနေ ထပ်ချပ်မကွာ လိုက်လာသောအခါ သူမရဲ့ ကြောက်စိတ်တွေက တစ်ကိုယ်လုံးမှာ ကဆုန်ပေါက် ပြေးလွှားနေကြပြီ ဖြစ်၏။

စက်ဘီးက သူမ ထိုင်နေရာနေရာနှင့် ခပ်လှမ်းလှမ်းတွင် ရှိနေသည်မို့ တော်တော်လေး ပြေးသွားတော့မှ စက်ဘီးဆီသို့ ရောက်တော့သည်။ မျက်လုံးထဲမှာ ပြာဝေလျက် စက်ဘီးကိုသာ ကျုံးနင်းနေမိသည်။ နောက်ကနေ ကပ်ပါလာသော ခွေးကြီးကိုလည်း လှည့်ကြည့်ရသေး၏။

သူ လုံးဝ လက်မလျှော့ပါ။ လိုက်လာဆဲပင် ဖြစ်သည်။





တောစပ်နားပင် ရောက်တော့မည်။ အဲဒီအချိန်မှာပဲ သူမရဲ့ နားထဲသို့ ကျယ်လောင်လှသော လေချွန်သံတစ်ခု တိုးဝင်လာခြင်းဖြစ်၏။ သူမ လှည့်ကြည့်မိသည့် တစ်ချိန်တည်းမှာပင် ခွေးကြီးက ဆက်မလိုက်တော့ဘဲ ရပ်တန့်သွားကာ လေချွန်သံလာရာ အနောက်ဘက်ဆီသို့ လှည့်ပြန်ကြည့်လိုက်၏။

ရှေ့သို့ မကြည့်မိသော သူမမှာလည်း အပင်ကြီးတစ်ပင်၏ ပင်စည်ကို အရှိန်နှင့် ဝင်ဆောင့်မိကာ လူတခြား စက်ဘီးတခြား ဖြစ်သွားရခြင်းပါပဲ။ လွင့်စင်ကျသွားတည်းက ခြေထောက်ဆီသို့ အချွန်တစ်ခုခုနှင့် ထိခိုက်မိပြီဆိုတာ တန်းသိလိုက်သည်။

နာကျင်မှုက မခံမရပ်နိုင်အောင်ဆိုပေမယ့် ခွေးကြီးရှိရာ သို့လည်း ထပ်ကြည့်လိုက်မိပြန်သေးသည်။ ခွေးကြီးအနားတွင် မရှိတော့ပါ။ ဟိုးအဝေးဆီသို့ တရှိန်ထိုး ထွက်ပြေးသွားသော အရိပ်အယောင်ကိုသာ နောက်ဆုံး မြင်လိုက်ရတော့သည်။

လူက အိပ်ရာပေါ်မှာ ပက်လပ်လေး ဖြစ်နေသော်လည်း စိတ်ထဲကတော့ ထိုခွေးကြီးရဲ့ ပိုင်ရှင်ကို ရှာဖွေကြည့်ချင်စိတ်က တဖွားဖွား ဖြစ်ပေါ်နေဆဲပင်။ ဖေဖေ့ကိုတော့ အဖြစ်အပျက် အမှန်အတိုင်း မပြောပြချင်သည်မို့ တခြားအကြောင်းပြချက် တစ်ခုခုနှင့် အစားထိုး ဖြေရှင်းလိုက်ပါသည်။

မြို့ပြင် တောစပ်သို့ တစ်ယောက်တည်း သွားမှန်းသာ ဖေဖေ သိသွားလျှင် သူမအတွက် တကယ့်ကို မတွေးရဲတော့စရာပါ။ အပြင်သို့ တစ်ယောက်တည်းတောင် ထွက်ခွင့်ပေးတော့မည် မထင်။ အခု ရရှိနေသော လွတ်လပ်ခွင့်လေးကို သူမ မဖျက်ဆီးပစ်နိုင်ပါ။

ခုတောင်မှပဲ စက်ဘီးစီးခွင့် ဆက်ပေးဖို့ကို စဉ်းစားရတော့မည်ဟု သူမရှေ့မှာ ငြီးငြူနေသေးသည်။ သူမအတွက်တော့ ဒဏ်ရာက နာတာထက် အပြင်ထွက်ခွင့် မပေးတော့မှာကို ပိုလို့တောင် ကြောက်ရွံ့နေမိသေး၏။

မဖြစ်ပါဘူး၊ ဒဏ်ရာကို သိပ်မနာဘဲ ဘာမှမဟုတ်သလို နေပြမှ ဖြစ်တော့မည်နဲ့ တူသည်။

× × ×

အခန်းထဲမှာပဲ တစ်ညနဲ့တစ်ရက်လုံးလုံး အောင်းနေရသည်မို့ သူမစိတ်တွေ နည်းနည်း ကျဉ်းကျပ်လာ၏။ မနက်ကျရင်လည်း ကျောင်းသွားရဦးမည်မို့ စိတ်ကို တင်းလိုက်ကာ အခန်းထဲမှ ခြေဖွဖွ ထောက်ပြီး ထွက်ခဲ့လိုက်သည်။

လှေကားမှနေ၍ တစ်လှမ်းချင်း ဖြည်းဖြည်းဆင်းလာနေသော သူမကို မြင်လိုက်တော့ ဖေဖေက ထမင်းစားပွဲတွင် ကော်ဖီသောက်





နေရာမှ ချက်ချင်းထလာပါသည်။

“ သမီး အခန်းထဲမှာ မနေဘဲနဲ့ ဘာဖြစ်လို့ အောက်ဆင်းလာတာလဲ ”

ဖေဖေ့မျက်နှာမှာ စိုးရိမ်ပူပန်ခြင်းတွေက အလုံးအရင်းနဲ့ ပြည့်နှက်နေကြသည်။ ထို့ကြောင့်ပင် သူမက အားရပါးရ ပြုံးပြလျက် ဖေဖေ့ပူပန်မှုတွေကို လျှော့ကျသွားစေရန် ကြိုးစားလိုက်၏။

“ ကြယ်ဖြူ့ကို ဖေဖေ အရမ်းစိတ်ပူနေတယ်နဲ့ တူတယ် ”

“ ဘယ်လိုပြောလိုက်တာလဲ သမီးရယ်၊ ဖေဖေ ဒီနေ့ စခန်းတောင် မသွားတော့ဖို့ စဉ်းစားထားတာ ”

“ အာ ဖေဖေကလည်း ကြယ်ဖြူက အိပ်ရာထဲ လဲနေတဲ့ သေခါနီး လူမမာမှ မဟုတ်တာကို၊ ဒီလောက်မလိုပါဘူး ဖေဖေရဲ့၊ ကြယ်ဖြူ့ဘာသာ သွားနိုင်လာနိုင်ပါတယ် ”

ဖေဖေ့မျက်နှာက ယုံကြည်ဟန် မရှိပါ။ မျက်မှောင်များ ကျုံ့လျက် စူးစိုက်ကြည့်နေ၏။ အဲဒီအချိန်မှာပဲ ဖွင့်ထားသော ခြံတံခါးမှ တစ်ဆင့် အိမ်တွင်းသို့ လှမ်းဝင်လာသော တောင်တန်းပြာကို တွေ့လိုက်ရခြင်းပါ။

ဖေဖေ့ကို ကြည့်နေရာကနေ သူမရဲ့ မျက်လုံးများက နောက်ဘက်တံခါးဝဆီသို့ ပြောင်းရွှေ့သွားသောကြောင့် ဖေဖေက

နောက်လှည့်ကြည့်လိုက်သည်။ ဖိုးပြာကိုမြင်တော့ ဖေဖေ့မျက်နှာက နည်းနည်းအံ့သြသွားသည့်ပုံပါပဲ။

" ခြံတံခါးဖွင့်ထားလို့ ကျွန်တော် ဝင်လာတာပါ ဦး "

" သြော် အေး အေး "

" ဘယ်လိုလဲ ကြယ်ဖြူလေး နင့်ခြေထောက် သက်သာရဲ့လား "

ဖိုးပြာပုံစံက ဖေဖေ့ရှေ့မှာမို့ ရှိန်နေခြင်းတွေ ဘာတွေ မရှိပါ။ သူမကို ရင်းရင်းနှီးနှီးပင် စကားစလိုက်သည်။ သူမကလည်း ပြုံးလျက်ခေါင်းသာဆတ်ပြလိုက်ရ၏။

" နင် ငါ့ကို သတင်းလာမေးတာလား ထိုင်လေ "

ဧည့်ခန်းထဲတွင် ဖိုးပြာက ဝင်ထိုင်လိုက်၏။ ဖေဖေက သူမလက်မောင်းတစ်ဖက်ကို အသာကိုင်လျက် ဖိုးပြာနှင့် မျက်နှာချင်းဆိုင်တွင် နေရာချပေးပါသည်။ ဖေဖေကိုယ်တိုင်လည်း သူမဘေးတွင် ထိုင်လိုက်သည်။

" မောင်တောင်တန်းပြာကိုတောင် ကျေးဇူးတင်စကားကောင်းကောင်းမပြောရသေးဘူးနော်၊ ဟိုတစ်နေ့က သမီးကို မြင်လိုက်ရချင်းမှာ တအားစိတ်ပူသွားတော့ ဦး ရိုင်းသလို ဖြစ်သွားတယ် "

" ဟာ မဟုတ်ပါဘူး ဦးရယ်၊ အဲဒီလို မထင်ပါဘူး၊ ဒီလိုပဲ





ဖြစ်တတ်တာ ကျွန်တော် နားလည်ပါတယ် "

ဖေဖေ့စကားကို ဖိုးပြာက ပျာပျာသလဲ ငြင်းဆန်လိုက်ပါသည်။ ဖေဖေက ဘာကို သဘောကျသွားမှန်း မသိနိုင်ဘဲ ပြုံးတုံ့တုံ့လုပ်ကာ ခေါင်းညိတ်နေ၏။

" တကယ်တော့ ကြယ်ဖြူလေးက ကျွန်တော့်အိမ်နီးချင်းသူငယ်ချင်းလေ၊ ပြီးတော့ ကိုယ့်မြို့ကို ပြောင်းလာတဲ့ ဧည့်သည်တွေ မဟုတ်လား၊ ဘယ်ဘက်ကကြည့်ကြည့် ကျွန်တော့်မှာ တာဝန်ရှိပါတယ် "

တကယ့်ကို ရင့်ကျက်စွာ စကားပြောနေသော ဖိုးပြာကို ကြည့်ပြီး သူမ ကြောင်ငေးနေမိ၏။ ဖိုးပြာကို ဒီလိုမျိုး လူကြီးတစ်ယောက်နှင့်တည်ငြိမ်စွာ စကားပြောတတ်မည့် ကောင်လေးတစ်ယောက်လို့ သူမ မထင်ထားခဲ့ဘူးလေ။

" အေးကွာ ဘယ်လိုပဲဖြစ်ဖြစ် ဦးကတော့ မင်းကို တကယ်ပဲ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ မင်း မနက်စာ ဘာစားပြီးပြီလဲ၊ စားပွဲပေါ်မှာ ကော်ဖီတွေရော မုန့်တွေပါ ရှိတယ်၊ စားကွာ "

ဖေဖေ့ပုံစံက အလွန်ရင်းနှီးသော ဆွေမျိုးသားချင်းတစ်ယောက်ကို ပြောလိုက်သည့် လေသံမျိုးနှင့် တော်တော်ကို တူညီလှပါသည်။ သူမပင် အံ့သြသွားရ၏။ ထို့ထက် ပိုအံ့သြမိသည်ကတော့

ဖိုးပြာကြောင့်ပင် ဖြစ်သည်။

" ဟား ကောင်းလိုက်တာ ဦးရာ၊ ကျွန်တော်လည်း လမ်းလျှောက်ထွက်ရာကနေ အပြန် လှည့်ဝင်လာတာဆိုတော့ ဘာမှကို မစားရသေးဘူး "

" ဟင် ဝတ်ကြီးကျလိုက်တာ "

နေရာမှ ထရန်ပင် ပြင်နေပြီဖြစ်သော ဖိုးပြာကို မျက်စောင်း ချိတ်လျက်ကြည့်ပြီး သူမက ခပ်တိုးတိုးလေး ပြောလိုက်တာကို ဖေဖေကတော့ သေချာကြားသွားပုံ ရပါသည်။ သူမဘက်သို့ လှည့်ကြည့်လျက် မျက်လုံးကြီး ပြူးပြ၏။

သူမ ပြောလိုက်တာကို ကြားလိုက်ပေမယ့် ဖိုးပြာကတော့ ရှိသမျှ သွားများအားလုံးပေါ်အောင် ဖြဲပြလျက် မျက်နှာပြောင်ပြောင် နှင့်ပင် ထမင်းစားပွဲရှိရာသို့ လျှောက်သွားပြီ ဖြစ်သည်။

ထို့ကြောင့်ပင် သူမလည်း လက်နှစ်ဖက်အား ခုံလက်ရန်း များတွင် ထောက်လျက် သူ့နားသို့ သွားရန် ပြင်ရတော့သည်။ ဖေဖေက သူမပခုံးလေးကိုဖက်ကာ ဖိုးပြာ့ဘေးကပ်လျက် ခုံတွင် ဝင်ထိုင်စေ လိုက်၏။

" ကောင်းတယ် ဦးကလည်း အဲဒီလိုမျိုး ပွင့်ပွင့်လင်းလင်း ရှိတာကို သဘောကျတယ်၊ ကိုယ်ဆာရင် ဆာတယ်ပေါ့၊ ဦးတို့အိမ်ကို





သား ဘာမှအားနာမနေနဲ့နော်၊ အဝသာစား၊ မလောက်ရင် ဟိုးမုန့်ဘူး ထဲမှာ ရှိသေးတယ် "

ရေခဲသေတ္တာပေါ်တွင် တင်ထားသော မုန့်ဘူးအပြာရောင် လေးကို လက်ညှိုးထိုးပြလျက် ဖေဖေပြောတော့ သူက ခေါင်းညိတ် ပြလိုက်ပြန်၏။ လက်ကလည်း ကော်ဖီခွက်ကို ကိုင်လျက်ပေါ့။ တော်တော် အမြင်ကပ်စရာတွေ လုပ်တတ်သည့် ဖိုးပြာပါလား။

သူမကသာ အမြင်ကပ်နေမိသော်လည်း ပြောင်းလဲသွားတာ တစ်ခုကို သူမ သတိထားမိလိုက်ပါသည်။

ဖိုးပြာကို 'မင်း'ဟု နာမ်စားသုံးကာ ခေါ်ဝေါ်နေရာကနေ 'သား'ဆိုပြီး ပြောင်းလဲသွားသော ဖေဖေ့အခေါ်အဝေါ်ပင် ဖြစ်သည်။ ဒီလောက်ဆိုရင် ဖိုးပြာဟာ တော်တော်လေးကို ပေါင်းသင်းဆက်ဆံရေး ပြေပြစ်မည့် ကောင်လေးတစ်ယောက်ဆိုတာ သူမ သိလိုက်ပါသည်။

" ဦး စခန်းမသွားသေးဘူးလား ခင်ဗျ "

ဖိုးပြာပြောမှ ဖေဖေက နံရံကပ်နာရီကို တွေဝေစွာ တစ်ချက် လှမ်းကြည့်လိုက်ပြီး

" သမီးက ခြေထောက်သိပ်မကောင်းသေးတော့ ဦးလည်း ဒီနေ့ စခန်းမသွားတော့ဘူးလားလို့လေ "

" ဟာ ဖေဖေကလည်း ကြယ်ဖြူ ဘာမှမဖြစ်တော့ပါဘူး

ဆိုနေမှပဲ၊ အလုပ်သွားပါ ဖေဖေရဲ့ စိတ်ပူမနေပါနဲ့ ''

'' မဟုတ်သေးဘူးလေ သမီး ထမင်းစားဖို့တို့ ဘာတို့ကျတော့ ဘယ်သူက လုပ်ပေးမှာလဲ ''

'' ဦးကျော်ကြီးကို ထားခဲ့လိုက်လေ ဖေဖေရဲ့၊ ဖေဖေပဲ ဒီနေ့ အရေးကြီးတဲ့ အစီရင်ခံစာ သွားတင်စရာ ရှိတယ်ဆို၊ ကြယ်ဖြူက ကလေးမှ မဟုတ်တော့တာဘဲ ဖေဖေရယ် ''

'' ဟုတ်တော့ဟုတ်တာပေါ့၊ ဒါပေမဲ့. . . ''

ဖေဖေ့အမူအရာက အလုပ်နဲ့ကြယ်ဖြူလေးကြားမှာ ဘာကို ရွေးချယ်ရမှန်းမသိ ဖြစ်နေပုံပါပဲ။

'' ဦး အလုပ်အရေးကြီးတယ်ဆိုတော့ အလုပ်သွားလိုက်ပါ ဦးရယ်၊ ကျွန်တော်လည်း ဒီမှာ ရှိနေမှာပဲလေ၊ ဦးက နေစေချင်တယ် ဆိုရင်ပေါ့ ''

ဖေဖေ့မျက်နှာကို ကြည့်ရတာ ဖိုးပြာအပေါ်မှာ တော်တော်လေးကို အားကိုးအားထားစိတ်တွေ ရှိနေသလိုပါပဲ။ ဖိုးပြာက အဲဒီလို ပြောလိုက်တာနှင့် ဝမ်းသာသွားသည့်ပုံက အထင်းသား ပေါ်လွင်နေပါသည်။

'' ဒီလိုဆိုရင်လည်း သားကိုပဲ အပူကပ်ရတော့မယ်နဲ့ တူတယ် ''





ဒီလိုဆို အိမ်မှာ ဖိုးပြာကို ထားခဲ့ဖို့ ဖေဖေ သဘောတူလိုက်ပြီပေါ့၊ သူမ နည်းနည်းတော့ အံ့အားသင့်သွားမိသည်။ သို့သော် ဘာမှတော့ ကန့်ကွက်ပြောဆိုမနေတော့ပါ။

သူမတို့ ထမင်းစားပွဲမှာ ထိုင်နေဆဲမှာပင် ဖေဖေက ယူနီဖောင်းဝတ်လျက် အခန်းထဲမှ ထွက်လာ၏။

'' ကဲ ဖေဖေ သွားတော့မယ်နော် သမီး၊ သား အိမ်မှာပဲ ထမင်းစားနော်၊ ကျော်ကြီးက အားလုံးချက်ထားပြီးသား ''

'' ဟုတ်ကဲ့ပါ ဦး၊ ဦးက ယူနီဖောင်းနဲ့ဆိုတော့ ပိုတောင် ခန့်သွားသလိုပဲဗျ ''

'' ဟေ ''

ဖေဖေ့မျက်ခုံးတန်းထူထူများ အထက်သို့ ပင့်တက်သွား၏။ ကြားနေကျမဟုတ်သော စကားတစ်ခွန်းကို ကြားလိုက်ရသလိုပါပဲ။

'' မြှောက်မနေနဲ့ကွ၊ အိမ်မှာရှိတာ စားချင်တာသာ ယူစား ထားလိုက် ''

'' မမြှောက်ပါဘူး ဦးရဲ့၊ ကြယ်ဖြူလေး အဖေမို့သာ တလေး တစားနဲ့ ဦးလို့ ခေါ်နေရတာ၊ တကယ်တော့ ကျွန်တော့်အစ်ကိုလို့ ပြောရင်တောင် အားလုံးက ယုံကြမှာ ကျိန်းသေတယ် ''

'' ဟား တော်ပါတော့ကွာ၊ ဒီတစ်ခါမှ တကယ်မြှောက်

တော့မှာ ''

'' ငါ့ဖေဖေက နပြီးချောနေတာကို နင် ခုမှသိလား ဖိုးပြာ''

သူမကလည်း ပြုံးရယ်နေသော ဖေဖေ့ကိုကြည့်ပြီး ထပ်ပြော လိုက်ပြန်တော့ ဖေဖေ့မှာ ပိုလို့တောင် မနေတတ်မထိုင်တတ် ဖြစ်သွားပုံ နှင့် သူမတို့နှစ်ယောက်ကို လက်ပြနှုတ်ဆက်ကာ အိမ်ထဲမှ ထွက်သွား တော့သည်။

ဖေဖေတို့ ကားစက်နှိုးပြီး ထွက်သွားသံကြားမှ သူမက ဖိုးပြာကို မျက်စောင်းထိုးလိုက်လျက်

'' နင်ဟာလေ ငါ့ဖေဖေကို ဘယ်လိုပေါင်းရမယ်ဆိုတာ သိနေသလိုပဲနော် ''

'' အောင်မာ ငါက မဟုတ်တာတွေ ပြောနေတာမှ မဟုတ်ဘဲ အမှန်အတိုင်း ပြောတာပဲ ''

'' တော်ပါဟယ် နင့်ကို ငါတောင် လန့်လာပြီ ''

'' ဟ ဘာဆိုင်လို့လဲ ''

'' ဆိုင်တာပေါ့ စကားအပြောကောင်းတဲ့ လူတွေက ကြောက်စရာကောင်းတယ်တဲ့လေ၊ နင်မသိဘူးလား ''

သူမရဲ့ မလိုတမာ စကားကို ဖိုးပြာကတော့ ဖြုံပုံပင် မရပါ။

'' ငါ စကားပြော မကောင်းပါဘူး ကြယ်ဖြူရယ် ''





'' သြော်. . . ခဏလေးနော်၊ ဟိုနေ့က ဆေးဖိုး ဖေဖေက နင့်ကိုပြန်ပေးဖို့ ငါ့ကိုပေးသွားတယ်၊ အခန်းထဲမှာ ''

သူမက ခုံနောက်မှီကို ထောက်လျက် ထရန်ပြင်တော့ သူက သူမနားသို့ ချက်ချင်းပင် ရောက်လာပြီး

'' သွားမနေနဲ့ အဲဒီပိုက်ဆံကို ငါယူမှာလည်း မဟုတ်ဘူး''

'' ဟင် ဘာဖြစ်လို့လဲဟ နင့်ကို ငါက ကျေးဇူးတင်နေတာပါ ဖေဖေကလည်း တကယ့်ကို ကျေးဇူးတင်နေတာပါ ''

ဖိုးပြာကတော့ ခေါင်းကိုသာ သွင်သွင်ခါနေပါသည်။

'' အဲဒီပိုက်ဆံလောက်လေးကို ငါက ပြန်ယူရလောက်အောင် သူစိမ်းမဆန်ပါဘူးဟာ၊ နင်လည်း ပြန်ပေးရလောက်အောင် သူစိမ်း မဆန်ပါနဲ့ ''

'' မဟုတ်ဘူး ငါက. . . ''

တစ်ခုခုကိုတော့ ပြောရန် ကြိုးစားသေးသည်။ သို့သော် သူမ ကြိုးစားမှုက အရာမထင်ပါ။ ဖိုးပြာက သူ့နှုတ်ခမ်းရှေ့မှာ လက်ညှိုး တစ်ချောင်းထောင်ပြလျက် တိတ်တိတ်နေရန် အချက်ပြလိုက်သော ကြောင့်ပင်။

'' ကဲပါ ငါတို့ အဲဒီ ဘာမဟုတ်တဲ့ ပိုက်ဆံနည်းနည်းလေးကို ထည့်ပြောမနေတော့ဘဲ. . . ''

" ဩော်. . . သိပြီ နည်းလို့ နင်က မယူတာ မဟုတ်လား၊ များရင်တော့ ယူမှာ ကျိန်းသေပါတယ်ဟာ ဟင်း ဟင်း "

" အေး အဲဒါ ဟုတ်တယ် နင်ဘယ်လိုသိသွားတာလဲ "

သူမက သူ့စကားကို ဖြတ်ပြောလျက် နောက်ပြောင်လိုက်ကြောင်း ချက်ချင်းသိလိုက်သော ဖိုးပြာကလည်း ပြန်လည်နောက်ပြောင်လိုက်ခြင်း ဖြစ်သည်။

" နင် စာတွေရော ရပြီလား ကြယ်ဖြူလေး၊ စာမေးပွဲက ဘယ်လောက်မှ မလိုတော့ဘူးနော် "

" အေး အောင်ရုံလောက်ဆိုရင်တော့ ရပါတယ်၊ နောက်နှစ်ခါလောက် သေချာပြန်နွှေးလိုက်ရင် အိုကေပြီပေါ့ "

" နင် ဘာလုပ်မယ် ရည်ရွယ်ထားလဲ "

" ငါလား "

သူမက အဲဒီမေးခွန်းကို တစ်ခါမှ မစဉ်းစားဖူးသလို မျက်ဆန်လေး အပေါ်ကပ်လျက် ခေါင်းမော့စဉ်းစားနေမိသည်။ ဟုတ်ပါရဲ့ သူမ ဘဝမှာ တစ်ခါမှ ဘာလုပ်မယ်ဆိုပြီး ရည်ရွယ်ချက် ကြီးကြီးမားမား မထားခဲ့ဖူးပါ။

ဒါပေမဲ့ ဆယ်တန်းကို ကောင်းမွန်စွာ အောင်မြင်ချင်စိတ်တော့ ကြယ်ဖြူလေးဆီမှာ ရှိနေပါသည်။





" ဟ နင်ကလည်း ကိုယ် ဘာလုပ်မယ်ဆိုတာတောင် ပြန်စဉ်းစားနေရသေးလား "

ဖိုးပြာက စိတ်မရှည်တော့သလို လေသံ ခပ်ဆတ်ဆတ်နှင့် ပြောလိုက်တော့မှ ကိုယ့်အဖြစ်ကိုယ် စိတ်ကုန်သွားမိ၏။ သူမဟာ ဘဝမှာ ဘာရည်မှန်းချက်မှ တိတိကျကျ မထားရှိဘဲ ဒီတိုင်းလေး ဖြတ်သန်းနေခြင်းဖြစ်ကြောင်း ကိုယ့်ကိုယ်ကို သေချာလာသောကြောင့် ဖြစ်သည်။

" အေးဟ ငါ ဘာဖြစ်ချင်တယ်ဆိုတာ ခုချိန်ထိ သေသေချာချာ မစဉ်းစားရသေးဘူး "

" ဟူး နင်ကတော့လေ တကယ့်ကို နို့နံ့မစင်သေးတဲ့ ကလေးကျနေတာပဲ "

" အေးလေ ငါ့အသက်က နှစ်ဆယ်တောင်မှ မပြည့်သေးဘဲ နို့နံ့ဘယ်စင်ပါ့မလဲ "

သူမက ရွှတ်နောက်နောက်လေး ပြောမိသည်ကို ဖိုးပြာကတော့ မျက်မှောင်ကြီးကျုံ့လျက်သာ ကြည့်နေပါသည်။ သူ့အကြည့်များက ကြောက်စရာကောင်းသောကြောင့် သူမရဲ့ ပြုံးရယ်နေသော မျက်နှာလေးပင် ချက်ချင်းတည်သွားရ၏။

" စာကျက်လေ ကြယ်ဖြူလေး၊ ငါ အောက်ထပ်မှာပဲ

စောင့်နေပေးပါ့မယ် ''

ချက်ချင်းပင် ပြန်ပြီး ချိုသာသွားသော သူ့စကားများကြောင့် သူမှာ အံ့ဩသွားရပြန်သည်။ ဖိုးပြာ ဘာတွေဖြစ်နေတာပါလိမ့်။

'' လာ အပေါ်ထပ်ကို ငါတွဲပို့ပေးမယ် ''

သူမ မငြင်းနိုင်ခင်မှာပင် ဖိုးပြာက သူမရဲ့ လက်မောင်းလေးကို သူ့လက်များဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်လျက် မတ်တပ်ရပ်စေလိုက်သည်။

လှေကားထစ်များကို တစ်ထစ်ချင်း တက်နေရသည့် ကိုယ့်ဒုက္ခကိုယ် စိတ်ပျက်လှစွာ သက်ပြင်းကိုပဲ ခဏခဏ ချဖြစ်နေ၏။

'' နင်ကလည်း ဘာဖြစ်လို့ သက်ပြင်းကြီးပဲ ချနေတာလဲ လှေကားတစ်ထစ်ကို သက်ပြင်းတစ်ခါ ချနေသလိုပဲ ''

'' အေးဟာ ကိုယ့်ဟာကိုယ် စိတ်ပျက်လွန်းလို့ပါ၊ ဒီလှေကားလေးကိုတောင် ဖြောင့်တန်းအောင် မတက်နိုင်တော့ဘူး ''

'' ဒါကတော့ ဒီလိုပဲပေါ့ဟာ အကောင်းနဲ့အဆိုးဟာ နံရံလေး တစ်ခုပဲ ခြားထားတာလေ၊ အဆိုးပြီးရင် အကောင်းလာမယ်၊ အကောင်းပြီးရင် အဆိုးလာမယ် ဒါ ဓမ္မတာပဲလေ ''

ဖိုးပြာရဲ့ လူကြီးလေသံကြောင့် သူမက အသံလေးများပင် ထွက်အောင် ရယ်မောလျက် စာကျက်စားပွဲလေးတွင် ထိုင်လိုက်သည်။





'' နင်က ဘာရယ်တာလဲ ''

'' နင့်လေသံက တရားဟောတဲ့သံ ပေါက်နေပြီ ''

'' ငါက အကောင်းပြောတာပါဟ ''

'' အေးပါ မှန်ပါတယ်၊ ဒါပေမဲ့ ငါကတော့ နာတာကြီးကို တရားသဘောနဲ့ သည်းမခံနိုင်သေးဘူး ''

'' ဒါဆိုလည်း နာတာကို နာတယ်လို့ မှတ်ပေါ့ ''

'' အေးပါ အေးပါ ဒီနေ့တော့ ငါ နင်ဟောတဲ့ တရားပဲ နာရတော့မယ်နဲ့ တူတယ် ''

'' ကဲ ဒါဆိုလည်း ငါ ဘာမှ မပြောတော့ဘူးနော်၊ စာကျက်ထော့ ငါ အောက်မှာ ရှိနေမယ်၊ တစ်ခုခုဆို လှမ်းခေါ်လိုက် ကြားလား ''

သူမက နာခံတတ်သော ကလေးတစ်ယောက်လို ခေါင်းကို သာ တဆတ်ဆတ် ညိတ်ပြလိုက်တော့၏။ ဒါပေမဲ့ ဖိုးပြာက စာကျက် ခိုင်းသွားသော်လည်း သူမမှာတော့ ဘိုင်အိုနှစ်ပုဒ်လောက် ပြန်ကျက် ပြီးသည်နှင့် မျက်လုံးများက မှေးစင်းလာတော့သည်။

သူမ ဘယ်လိုအိပ်ပျော်သွားသည် မသိပါဘဲ ပြန်နိုးလာသည့် အချိန်မှာတော့ အချိန်တစ်နာရီလောက် ကုန်ဆုံးသွားပြီဆိုတာ သိလိုက် ရသည်။

ဖိုးပြာ တစ်ယောက်တည်း အောက်မှာ ဘာလုပ်နေပါလိမ့်။ သူ့ကိုတော့ တစ်ယောက်တည်း အောက်မှာထားပြီး သူမကတော့ အခန်းထဲမှာ လာအိပ်နေသလို ဖြစ်နေပြီလေ။

သို့နှင့်ပင် ထိုင်ခုံကနေ ကိုယ့်ဘာသာ ကြိုးစားထပြီး အခန်းတံခါးဝသို့ ခပ်ဖွဖွ လျှောက်ခဲ့လိုက်၏။ ပြတင်းပေါက်နားမှ ဖြတ်လျှောက်မိစဉ် ပြတင်းပေါက်ဘောင်ကို လက်နှင့် လှမ်းထိန်းလိုက်ရသေး၏။ အဲဒါကြောင့်လည်း သူမရဲ့စက်ဘီးလေးကို လက်တစ်ဖက်က တွန်းကာ ခြံထဲသို့ ဝင်လာသော ဖိုးပြာကို တွေ့လိုက်ရခြင်းဖြစ်သည်။

ဟင် သူ ဘယ်သွားတာပါလိမ့်၊ ပြောတော့ဖြင့် အောက်မှာ ရှိနေမယ် လိုအပ်ရင် ခေါ်လိုက်ဆိုပြီးတော့ ကိုယ့်ဘာသာ တစ်ယောက်တည်း ဒေါ်လေးပွသွားမိရင်းနှင့်မှ စက်ဘီးလေးကို ပြန်ကြည့်မိတော့ သစ်ပင်၏ ပင်စည်နှင့် အရှိန်ပြင်းစွာ တိုက်မိထားသောကြောင့် ပိန်ချိုင့်နေသော ရှေ့ဘီးခွေလေးမှာ အကောင်းပကတိအတိုင်း ရှိနေတာကို တွေ့လိုက်ရသည်။

သူမ လှိုက်ခနဲ ပျော်သွားမိ၏။

ဖိုးပြာက အပေါ်သို့ မော့ကြည့်လိုက်စဉ်မှာပဲ ပြတင်းပေါက်တွင် ရပ်ကာ သူ့ကို လှမ်းကြည့်နေသော သူမကို တွေ့သွား၏။ လက်တစ်ဖက်ကို ဇော့ရမ်းပြကာ သူ အပေါ်သို့ တက်လာမည့်ဟန်





ပြပါသည်။

" ငါ့ နင့်စက်ဘီးလေးကို သွားပြန်ပြင်ပေးတာဟ "

" ပြောတော့ဖြင့် လိုအပ်ရင် ခေါ်လိုက်ဆိုပြီး ခုတော့ နင်က အပြင်ထွက်သွားတယ်ပေါ့လေ၊ သိပ်ကောင်းပဲ "

သူမက ကျေးဇူးတင်စကား မပြောခင် အပြစ်တင်စကား အရင်ဆိုလိုက်သော်လည်း သူကတော့ စိတ်ဆိုးရမည့်အစား ရယ်မော လိုက်သေးသည်။

" နင်က ဘာရယ်တာလဲ "

" ငါ အပေါ်ထပ် တက်လာကြည့်တော့ နင်အိပ်နေတာ တွေ့လို့ နင်မနိုးနိုင်သေးခင် စက်ဘီးသွားပြင်ပေးထားတာပေါ့၊ ငါက နင့်ကို တစ်ယောက်တည်း ပေယျာလကန် ပစ်မထားပါဘူးဟာ စိတ်ချစမ်းပါ "

အဲဒီတော့မှ သူမမှာ ကိုယ့်ဘာသာ ပြန်ရှက်သွားရသည်။ ဘယ်လောက်တောင် အိပ်ပျော်သွားလဲ မသိ၊ ဖိုးပြာ အပေါ်တက် လာတာကိုပင် သူမ မသိလိုက်ဘူးဆိုပါလား။

" ဒါဆိုလည်း နင့်ကို အပြစ်မတင်တော့ဘူး၊ ငါ့စက်ဘီးကို ပြန်ပြင်ပေးတာ ကျေးဇူးပဲ ဖိုးပြာ "

" ခုတော့ မျက်နှာချိုသွေးပြီပေါ့ ဟုတ်လား "

“ ဟီး ”

သွားလေးများ ဖြဲပြလိုက်ရင်း ဖိုးပြာကို တကယ်ပင် မျက်နှာချို သွေးလိုက်ပါသည်။ ပြတင်းပေါက်နှင့် ကပ်လျက် ခုတင်စွန်းလေးမှာ တင်ပါးလွှဲ ထိုင်ချလိုက်ရင်း ခေါင်းအုံးဘေးတွင် ချထားသော သူမရဲ့ ပိုက်ဆံအိတ်ပြားပြားလေးကို လှမ်းယူလိုက်၏။

“ စက်ဘီးပြင်တာ ဘယ်လောက်ကျလဲ ဖိုးပြာ ”

ပြုံးချိုနေသော သူ့မျက်နှာက သူမရဲ့စကားကြောင့် အလွန် တည်သွားပြီး အကြည့်များကလည်း မလိုလားမှုကို အတိုင်းသား ပြနေကြသည်။

“ နင် ဘာပြောလိုက်တာလဲ ကြယ်ဖြူလေး၊ ငါ့ကို နောက်ဆို ပိုက်ဆံစကား လာမပြောနဲ့၊ အေး ငါ မတတ်နိုင်တဲ့ အတိုင်းအတာ ဆိုရင်တော့ ငါ့ပါးစပ်ကနေ ဖွင့်ပြောမှာပဲ၊ နင့်သဘောနဲ့နင် ငါ့ကို ဘယ်တော့မှ ပိုက်ဆံစကား မပြောနဲ့ ကြားလား ”

သူ စိတ်တိုသွားဟန် ရပါသည်။ သူမကို လှည့်ပင်မကြည့် တော့ဘဲ အခန်းထဲမှ ပြန်ထွက်သွား၏။ ပြတင်းပေါက်လေးကို လှမ်းမျှော် ကြည့်လိုက်ပြီး တစ်ဖက်ခြံသို့ သူ ကူးသွားမလားလို့ စောင့်နေမိသေး သည်။ သို့သော် သူ့ကို မတွေ့ရပါ။ ဒါဆို သူ အိမ်ထဲမှာပဲ ရှိနေသေး သည်ပေါ့။





သူမ အထင်သေချာသွားပါသည်။ ခဏနေတော့ အိမ်ပေါ်သို့ ပြန်တက်လာသော ခြေသံကို ကြားလိုက်ရ၍ဖြစ်သည်။

“ ထမင်းစားရအောင် ငါခူးပြီးသွားပြီ ”

ခုလိုကျပြန်တော့လည်း ခုနက ဒေါသတကြီး အော်ဟစ် လိုက်တာ သူ မဟုတ်သလိုပင်။ အဲဒါကြောင့်ပဲ သူမကလည်း သူ့ကို စိတ်ကောက်ချင်လာ၏။ ဘာဖြစ်လို့မှန်း မသိပါဘဲ တောင်တန်းပြာ· အပေါ်တွင် သူမက အစ်ကိုကြီးတစ်ယောက်လို ခင်တွယ်နေမိသည်။

“ ဟင့်အင်း ငါ မစားချင်ဘူး နင့်ဟာနင်စား ”

ဒီလောက်ဆို သူမ စိတ်ကောက်ချင်နေပြီဆိုတာ သူ သိသင့် ပါသည်။

“ ဘာဖြစ်လို့လဲဟ ခုပဲ ဆယ့်နှစ်နာရီ ထိုးနေပြီလေ ”

“ နင့်ကို စိတ်ကောက်နေတာ မစားဘူး သိလား ”

“ ဟွန်း. . . နင်စိတ်ကောက်တာကလည်း ပေါ်တင်ကြီး ဖွင့်ပြောပြီး ကောက်တာလား၊ နည်းအသစ်ပဲနော် မသိချင်ယောင်ဆောင် တာတောင် မရဘူး ”

သူက အူကြောင်ကြောင်လုပ်ကာ ပြောနေတော့ သူမမှာ လည်း ရယ်ချင်လာမိပြီး နှုတ်ခမ်းများက ပြုံးယောင်သမ်းသွားရသည်။

“ ဟော စိတ်ကောက်တဲ့သူကလည်း ပြုံးနေပြန်ပြီ၊ ဘာလဲ

နင်တို့ ရန်ကုန်သူတွေ စိတ်ကောက်ရင် အဲဒီလိုပဲလား ''

'' နင်နော် ဘယ်လိုဖြစ်နေတာလဲ ဖိုးပြာ ''

သူမက စိတ်တိုသလို အော်ပစ်လိုက်ခြင်း ဖြစ်ပေမယ့် မျက်နှာပေါ်က အပြုံးကိုတော့ ဘယ်လိုမှ ဖျောက်ဖျက်ပစ်လို့ မရခဲ့ပါ။ ထို့ကြောင့်ပင် သူမနားသို့ ဖိုးပြာရောက်လာကာ လက်မောင်းလေး တစ်ဖက်ကို တွဲပြီး အောက်သို့ ဖြည်းညင်းစွာ တွဲခေါ်သွားပါသည်။

တစ်သက်လုံးမှာမှ မွေးချင်းမရှိပါဘဲ တစ်ယောက်တည်း ကြီးပြင်းလာရသည့်အပြင် မိခင်ဖြစ်သူကလည်း နောက်အိမ်ထောင် ပြုသွားသောအခါ သူမရဲ့ နေ့ရက်တော်တော်များများကို အထီးကျန်စွာ ဖြတ်သန်းလာခဲ့ရသည်က များ၏။

ဖေဖေက သူမအပေါ်မှာ လိုလေသေးမရှိအောင် ကောင်းမွန် လှသော်လည်း သူမအတွက် လိုအပ်နေတာက ရွယ်တူတန်းတူ သူငယ်ချင်းတစ်ယောက်ဖြစ်မှန်း ခုမှပင် ပိုသေချာလာခဲ့သည်။ ဖိုးပြာကို ခင်မင်ခွင့်ရခြင်းသည် သူမအတွက်တော့ တကယ့်ကို ကံကောင်းခြင်း တစ်ခုပါပဲ။

■ ■ ■



အခန်း (၈)

'' နင် ငါ့ကို နည်းနည်းပါးပါး အကြောင်းကြားသင့်တာပေါ့ ကြယ်ဖြူလေး ''

အိမ်ထဲသို့ ရောက်သည်နှင့် မာန့်ဆီက အပြစ်တင်စကားကို အရင်ဦးစွာ ကြားလိုက်ရသည်။ သူမကတော့ မတွေ့ရတာ ကြာပြီ ဖြစ်သော သူ့မျက်နှာချောချောကိုသာ ငေးမောနေမိတာပါပဲ။

သူရောက်လာသည့် အချိန်က ဖေဖေ အလုပ်သွားနေပြီး အိမ်စောင့်အဖြစ် နေနေပေးသည့် ဖိုးပြာလည်း သူ့အိမ်သူပြန်ကာ ရေချိုးနေချိန်ဖြစ်သည်။

'' ငါက ဘယ်လိုအကြောင်းကြားရမှာလဲ မာန် ''

သူမရဲ့ အေးစက်စက် အမေးကြောင့် သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ အနည်းဆုံးတော့ သူ့ဆီ ဖုန်းဆက်စရာ နံပါတ်လေး တစ်ခုတလေတောင် သူမမှာ မရှိပါ။

" ကျောင်းက တစ်ယောက်ယောက်ကို နင် ပြောပြလိုက်ပြီး ငါ့ဆီ အကြောင်းကြားလို့ ရတာပဲလေ "

" အဲဒီလိုမျိုးလား။ ငါက ဘယ်သူ့ကိုမှ အပူမပေးချင်ဘူးလေ၊ ဒါကြောင့် ဘယ်သူမှ မသိကြဘူး၊ ခုရော နင် ဘယ်လိုသိလာတာလဲ "

" ငါ တီချယ် ဒေါ်နုနုငယ်ကို မေးလိုက်တာပေါ့၊ သူကလည်း နင့်အဖေ ခွင့်လာတိုင်တော့မှ သိရတာတဲ့၊ ငါလည်း ကြားကြားချင်း နင့်ဆီ တန်းလာခဲ့တာလေ "

ဖြစ်နိုင်ပါသည်။ ကျောင်းဆင်းတာ ဘယ်လောက်မှ မကြာသေး။ ကျောင်းဝတ်စုံကြီး ဝတ်လျက်သားနှင့် သူ ရောက်လာခြင်း ဖြစ်၏။

" စာတွေကတော့ ရီဗွီရှင်တွေပဲလေ၊ နင့်အတွက် ဘာမှ သိပ်ခဲယဉ်းမှာ မဟုတ်ပါဘူး "

" အင်းပါ ငါသိပါတယ် "

" နင် ဘယ်လိုဖြစ်ရတယ်ဆိုတာ ငါ့ကို ပြောပါဦး "





သူမ ပြောသင့် မပြောသင့် ချိန်ဆနေမိ၏။ ပြောလိုက်ပါက လည်း သူ့ကို သတိတရနှင့် အဲဒီ တောစပ်လေးကို သူမ ရောက်ခဲ့သည် ဆိုတာ သူ သိသွားလိမ့်မည်။

အို သူ သိချင်မှလည်း သိမှာပါ။ အဲဒီ နေရာလေးဟာ မာန်ဝင့်ထည် တစ်ယောက်တည်း အပိုင်ဝယ်ထားသော နေရာလေးမှ မဟုတ်ပါဘဲ။ အများပြည်သူပိုင် မည်သူမဆို လာနိုင်သည့် နေရာလေးပဲ။ သူမက ဘာကိုများ စိုးရိမ်နေရမှာလဲ။

ဒါမှမဟုတ်လည်း ဖေဖေ့ကို လိမ်ညာလိုက်သလိုပဲ လိမ်ညာ လိုက်ရမည်လား။

သူမ ဘာလုပ်ရမှန်းမသိသေးဘဲ သူ့ကိုသာ ငေးကြည့် နေမိတော့သည်။

" ပြောလေဟာ နင် ဘယ်လိုဖြစ်တာလဲဆိုတာ "

သူက အတင်းမရမက မေးနေသော အခါမှာတော့ သူမ အမှန်အတိုင်း ပြောပြလိုက်မိတော့၏။ သူ့မျက်နှာမှာ မယုံကြည်နိုင်ခြင်း တွေ အတိုင်းသား မြင်နေရသည်။

" နင် နင် အဲဒီနေရာကို ဘာလာလုပ်တာလဲ "

သူမ ထင်သည့်အတိုင်း အဲဒီမေးခွန်းက သူ့နှုတ်ဖျားကနေ ထွက်ကျလာပါသည်။

" ငါ ပျင်းလို့ စက်ဘီးလျှောက်စီးရင်းနဲ့ အမှတ်မထင် ရောက်သွားတာပါ "

သူ ယုံလား မယုံဘူးလားဆိုတာ သူမ မသိပါ။ သူ့နေရာမှာ သူမဆိုရင်ကော ယုံမှာမဟုတ်တာ သေချာပါသည်။ ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ့်ခြေထောက်နှင့်နင်းပြီး သွားနေသော စက်ဘီးသည် နေရာတစ်ခုကို အမှတ်မထင် ရောက်သွားသည်ဆိုတာ ဘယ်လိုမှ လက်ခံနိုင်ဖွယ် မရှိပါ။

သူကတော့ ဘာတုံ့ပြန်မှုမှ မပေးပေ။ သူမကို ငေးကြည့်နေ၏။

" နင့်ကို ခွေးကိုက်လိုက်တာတော့ မဟုတ်ပါဘူးနော်၊ ကြယ်ဖြူလေး "

သူ့အသံက အနည်းငယ် တုန်ယင်နေသလို စိုးရိမ်မှုတွေလည်း အလုံးအရင်းနဲ့ ပျော်ဝင်နေမှန်း သူမ ခံစားသိလိုက်သည်။ ထို့ကြောင့်ပင် ပြုံးပြလျက် ခေါင်းခါလိုက်ပါသည်။

" မကိုက်ပါဘူး ဒါပေမဲ့ အဲဒီခွေးက လမ်းဘေး အလေအလွင့်





ခွေးတစ်ကောင် မဟုတ်တာတော့ ကျိန်းသေတယ်၊ အိမ်မွေး ခွေးကောင်း ခွေးသန့်ပဲ၊ ငါ့ကို လူစိမ်းမို့ ရန်ပြုတာ ဖြစ်နိုင်တယ်၊ ငါ သိချင်တာက အဲဒီ ခွေးပိုင်ရှင်ကိုပဲ "

အဲဒီအချိန်မှာ သူ့မျက်နှာက ဖြူဖတ်ဖြူလျော် ဖြစ်သွားသည်ဟု သူမ ထင်ပါသည်။ နောက်တော့ အားတင်းကာ ပြုံးလိုက်သော ပုံနှင့်

" ဟုတ်ပါတယ် အဲဒါ ငါ့ခွေးပါ "

သူ အဲဒီလို ဝန်ခံလိုက်မှာကို သူမ ကြောက်နေခဲ့မိသည်။ သို့သော် သူ ဝန်ခံပြီးပါပြီ။ တကယ်တော့ သူမကိုလည်း သူ့ခွေးက ကိုက်မိသည် မဟုတ်ပါ။ ဒါပေမဲ့ သူမကတော့ ကိုက်မိလိုက်သလိုပင် တနှံ့နှံ့နှင့် ခံစားနေရသည်။

ခွေးကိုက်မိခြင်း မရှိသော်လည်း အဲဒီခွေးရဲ့ ပယောဂ မကင်းနိုင်စွာပင် သူမ ဒဏ်ရာရခဲ့တာကတော့ အမှန်ပင် ဖြစ်သည်။

" ငါ့ခွေးကြောင့် နင် ဒီလိုဖြစ်ရတယ်ဆိုတာ ဘယ်လိုမှ ထင်မထားခဲ့မိဘူး ကြယ်ဖြူလေးရယ်၊ ငါ တကယ် တောင်းပန်ပါတယ် "

" နင့်ခွေးက ရန်ပြုတတ်မှန်း သိရင်လည်း နည်းနည်းပါးပါး ထိန်းကျောင်းထားသင့်တာပေါ့ မာန်၊ ခုတော့ တခြားသူတစ်ယောက်

အန္တရာယ်နဲ့ တွေ့တော့မလို့ သီသီလေးပဲ လိုတော့တယ် ''

'' တကယ်တော့ အဲဒီခွေးက ငါ့လက်ထဲရောက်တာတောင် သိပ်မကြာသေးဘူးလေ၊ ငါ လေ့ကျင့်ပေးနေတုန်းပါ ''

'' ဩော် ဒီလိုလား တော်တော်တော့ မျိုးရိုးကောင်းမှာပဲနော်၊ ခြံသာလုံမယ်ဆိုရင် ငါတောင် တစ်ကောင်လောက် ဝယ်ထားချင်သေးတယ်၊ နင် ဝယ်တာ ဘယ်လောက်ပေးရလဲ ''

သူမ စကားကို သူက ခေါင်းခါရမ်းလျက် ပျာပျာသလဲ ငြင်းပါသည်။

'' အဲဒါ ငါဝယ်တာ မဟုတ်ဘူး၊ လက်ဆောင်ရတာဟ ''

'' လက်ဆောင်ရတာ ဟုတ်လား၊ မိုက်လှချည်လား နင့်ကို ဘယ်သူက ဒီလောက် တန်ဖိုးကြီးတဲ့ လက်ဆောင် ပေးတာလဲ ''

'' စပ်နိုင်ဒွန်း လေ ''

'' ဩော် ''

အံ့ဩစရာ မဟုတ်ပေမယ့် အဲဒီနာမည်ကို ကြားလိုက်ရတော့ သူမ နည်းနည်း အံ့ဩသွားမိသည်။

'' သူက နင့်ယောက်ဖလောင်းပေါ့နော် ''





'' အေးပေါ့ နည်းနည်းတော့ မျက်နှာပူစရာ ကောင်းတယ်နော် ''

သူက ရယ်ကျဲကျဲ လုပ်ကာ ပြောနေသေးသည်။

'' နင့်အစ်မကတော့ အဆင်ပြေသွားတာပေါ့၊ နင်နဲ့ သူ့ခင်ပွန်းလောင်းနဲ့က အိုကေတယ် ဆိုတော့လေ ''

'' အင်း ဒီလိုပဲပေါ့ ''

မာန့်ပုံစံက စပ်နိုင်ဒွန်း အကြောင်းကို သိပ်ပြောချင်ပုံ မရပါ။ ဒါပေမဲ့ သူမကတော့ စပ်စုချင်ပါသည်။

ဒါကြောင့်ပဲ ထပ်မေးလိုက်မိ၏။

'' သူတို့ မိသားစုနဲ့ တူတူနေတာ မဟုတ်ဘူးနော် ''

'' အင်း အဲဒီလို ပြောလို့တော့ ရတာပေါ့၊ သူတို့နဲ့ ငါတို့က သိပ်မတူကြဘူးလေ ''

'' နင်တို့ မောင်နှမကျတော့ နာမည်တွေက မြန်မာလိုတွေပဲနော် ''

'' ငါတို့ မေမေက မြန်မာလူမျိုးလေ၊ ဒေါ်လှဝင့်ထည် တဲ့၊ မေမေ့ကို ဖေဖေ လက်ထပ်ယူဖို့ လုပ်တုန်းကဆို ဘိုးဘိုးက တအား

ကန့်ကွက်ခဲ့တာ၊ ဘွားဘွားက နားချကောင်းလွန်းလို့သာ လက်ခံလိုက်တာလေ၊ ဖေဖေက မေမေ့ကို ချစ်လွန်းလို့ဆိုပြီး ငါတို့ မောင်နှမရဲ့ နာမည်တွေမှာ မေမေ့နာမည်ပါအောင် မှည့်ပေးထားတာပေါ့ ''

သူတို့ မိသားစုအကြောင်းလေးက သူမအတွက်တော့ တကယ့်ကို စိတ်ဝင်စားစရာ ကောင်းနေပါသည်။

မာန့်ကို ကြည့်လိုက်လျှင် အလွန်ကို အေးစက်စက် နိုင်လွန်းသောကြောင့် ဒီလိုမျိုး ရှုပ်ထွေးသည့် ဇာတ်လမ်းမျိုးတွေ မရှိဘဲ ရိုးရှင်းသည့် မိသားစုမှ ပေါက်ဖွားလာသည်ဟု ထင်ရသည်။

'' နင်ဆိုရင်ရော နောင်တစ်ချိန် လက်ထပ်တဲ့အခါကျရင် နင်တို့ မျိုးနွယ်ထဲကပဲ ယူမှာလား၊ ဒါမှမဟုတ် နင် ချစ်တဲ့သူကို ယူမှာလားဟင် ''

ထိုမေးခွန်းကို သူမ ဘာအဓိပ္ပါယ်နှင့် မေးလိုက်မိသည်ဆိုတာ ကိုယ့်ဘာသာပင် ပြန်အံ့ဩသွားရ၏။

သူကတော့ သူမမျက်နှာကို တစိမ့် စိမ့်ကြည့်လျက် ဘာမှမဖြေပါ။ နှုတ်ခမ်းများကတော့ ပြုံးယောင်သမ်းနေကြ၏။

သူ့ရဲ့ နက်ရှိုင်းလှ သော အကြည့်များကြောင့် သူမက အနေရ





ခက်စွာပင် မျက်လုံးလွှဲလိုက် မိသည်။

ထိုအခါကျမှ တံခါးဝမှာ ရပ်နေသော ဖိုးပြာ ကို တွေ့လိုက်ရခြင်း ဖြစ်၏။

သူ ဘယ်အချိန်တည်းက အဲဒီနေရာကို ရောက်နေတာလဲ မသိပါ။ သူမတို့နှစ်ယောက် ပြောနေကြတာတွေကိုများ ဖိုးပြာ ကြားသွားပြီလားဟု မျက်နှာပူစွာ တွေးလိုက်မိသေးသည်။

'' ဖိုးပြာ ဘယ်တုန်းက ရောက်နေတာလဲ၊ ဝင်လာလေဟာ ''

သူမက ပျက်ချင်ချင် ဖြစ်သွားသော ကိုယ့်မျက်နှာကို ပြန်ပြင်လိုက်ရင်း ဖိုးပြာကို လှိုက်လှဲစွာ လှမ်းခေါ်လိုက်၏။

သူမရဲ့အသံကြောင့် မာန်ကပါ နောက်ဘက် တံခါးဝဆီသို့ လှည့်ကြည့်လိုက်ပါသည်။

မာန့် မျက်နှာကို မြင်လိုက်သောအချိန်တွင် ဖိုးပြာ မျက်နှာက အနည်းငယ် ပျက်ယွင်းသွားတာကို သူမ သတိထား ဖြစ်အောင် သတိထားလိုက်မိ သေးသည်။

ဒါပေမဲ့ အဲဒါဟာ ခဏလေးပဲ ဖြစ်သည်။ ဖိုးပြာက သူမတို့

နှစ်ယောက်စလုံးကို ပြုံးပြလျက် သူမရဲ့ ဘေးခုတင်ပေါ်တွင် ဝင်ထိုင်လိုက်သည်။

" မကြာသေးပါဘူး နင့်ညီ့သည်ရောက်နေတာ တွေ့လို့ ငါဝင်မလာသေးတာပါ "

ဖိုးပြာနှင့် စကားပြောနေရင်းက မာန့်မျက်နှာကို မသိမသာ ငဲ့ကြည့်မိတော့ သူမတို့နှစ်ယောက်ကို အကဲခတ်သော အကြည့်များဖြင့် ကြည့်နေတာ မြင်လိုက်ရသည်။ သူမနှင့် ဖိုးပြာကို မာန် ဘယ်လိုများ ထင်သွားပြီလဲ မသိပါ။

" ငါ ပြန်တော့မယ် ကြယ်ဖြူလေး နင့်အတွက်ငါ အရေးကြီးတာတွေ သင်ရင် မှတ်ပေးထားပါ့မယ် "

ချက်ချင်းပင် ထပြန်ရန် ပြင်လိုက်သော မာန့်မျက်နှာက တစ်ခုခုကို အထင်လွဲသွားပြီဆိုတာ သူမ သိလိုက်ပါသည်။ ထို့ကြောင့်ပင် သူမက မာန့်ကိုတားရန် ခြေထောက်မှ ဒဏ်ရာကို မေ့လျော့စွာနှင့် အလျင်စလို မတ်တပ်ထရပ်လိုက်မိသည်။

ကောင်းမွန်စွာ မတ်တပ်မရပ်နိုင်သေးကြောင်းကို ကိုယ့်ဘာသာ ပြန်သတိရမိချိန်၌ ဒူးများက ပျော့ခွေကာ လူတစ်ကိုယ်လုံး ယိုင်ထိုးသွားပြီ ဖြစ်သည်။

သို့သော် သူမခန္ဓာကိုယ်နှင့် ကြမ်းပြင်တို့ ထိတွေ့ခွင့် မရ





လိုက်ပါ။ လမ်းတစ်ဝက်မှာပင် ဖိုးပြာက လှမ်းထိန်းလိုက်သောကြောင့် ဖြစ်၏။ သူမရဲ့ ကိုယ်လုံးလေး ဖိုးပြာရင်ခွင်ထဲ ရောက်သွားချိန်မှာပဲ မာန်က သူမအခန်းထဲမှ ထွက်သွားခဲ့ပြီ ဖြစ်သည်။

မတ်တပ်ပြန်ထရန်ပင် အားမရှိတော့သူ တစ်ယောက်လို သူမ တစ်ကိုယ်လုံး ဖိုးပြာ ရင်ခွင်ထဲ၌ ပျော့ခွေကျသွား၏။ သေချာပေါက်ကို မာန် အထင်လွဲသွားပြီဆိုတာ မေးစရာပင် မလိုတော့ပါ။ သူ လှည့်ထွက်မသွားခင်မှာ သူမတို့နှစ်ယောက်ကို ကြည့်သွားသော မျက်ဝန်းများ၏ အဓိပ္ပာယ်ကို သူမ ကောင်းစွာ နားလည်လိုက်ပါသည်။

" ကြယ်ဖြူ ဘာဖြစ်သွားတာလဲ မတ်တပ်ထနိုင်သေးရဲ့လား ထကြည့်စမ်း "

ဖိုးပြာက သူ့ရင်ခွင်ထဲတွင် အရုပ်ကြိုးပြတ်လဲကျနေသော သူမရဲ့ ပခုံးလေးတစ်ဖက်ကို လှုပ်ကိုင်ကာ စိုးရိမ်ပူပန်တကြီး ပြောလိုက်ခြင်းဖြစ်သည်။

" ငါ. . . ငါ ဘာမှမဖြစ်ပါဘူး ဖိုးပြာရယ် "

နှုတ်ခမ်းများက ဘာမှမဖြစ်ဘူးဟု ပြောလိုက်ရသော်လည်း သူမရဲ့ ကိုယ်ခန္ဓာကိုတော့ ဖိုးပြာကပင် ပွေ့ထူလိုက်ရခြင်း ဖြစ်၏။ ခုတင်ပေါ်မှာ သေချာလှဲအိပ်စေပြီးမှ သူက ကြယ်ဖြူလေးရဲ့ နဖူးပေါ် ကျနေသော ဆံစလေးများကို လက်နှင့် အသာသပ်တင်ပေးလိုက်ရင်း

" ငါက မြို့ထဲသွားမလို့လေ၊ နင် ဘာမှာဦးမလဲလို့ ဝင်မေးတာပါ၊ နင့်အတွက် အနှောင့်အယှက်များ ဖြစ်သွားလား မသိဘူး "

ဖိုးပြာကိုယ်တိုင်ကလည်း သူမရဲ့ အခြေအနေကို ရိပ်စားမိစွာ ပြောလိုက်ခြင်းဖြစ်နိုင်ပါသည်။ အဲဒီတော့မှပင် သူမ ဘယ်လောက်တောင် ရုပ်ပျက်ဆင်းပျက်နိုင်သွားပြီလဲလို့ တွေးပူမိသွား၏။

" အနှောင့်အယှက် မဖြစ်ပါဘူး ဖိုးပြာရယ်၊ နင်တို့နှစ်ယောက်ကိုတောင် မိတ်မဆက်ပေးလိုက်ရဘူးနော် "

" သူက ဘယ်သူလဲ ကြယ်ဖြူ "

" ငါနဲ့တစ်တန်းတည်း သူငယ်ချင်းလေ၊ မာန်ဝင့်ထည်တဲ့ တိုက်တိုက်ဆိုင်ဆိုင်ပဲ နင်ပြောပြတဲ့ ဟိုတောထဲက အိမ်ကြီးမှာ နေတာတဲ့ဟ သိလား "

" ဩော်. . . ဟုတ်လား "

သူမက ထိုသို့ပြောလိုက်လျှင် ဖိုးပြာ အံ့ဩသွားမည် ထင်သော်လည်း ဖိုးပြာဆီက တုံ့ပြန်မှုက အေးစက်လွန်း၏။

" သူနဲ့နင်နဲ့ ခင်တာ ကြာပြီလား "

" ငါ ကျောင်းစတက်တည်းကလေ နည်းနည်းတော့ ကြာပြီပေါ့ "

" နင် သူတို့အိမ်ကို ရောက်ဖူးလား "





" ဟင့်အင်း မရောက်ဖူးပါဘူး "

" နင်ဘာလို့ သူနဲ့ငါ့အကြောင်းတွေကို စိတ်ဝင်စားနေတာလဲဟင် "

သူမက ထိုသို့ မေးလိုက်မှပင် ဖိုးပြာက သူ့ကိုယ်သူ ပြန်သတိထားမိသွားပုံနှင့် ရယ်ကျဲကျဲ လုပ်လိုက်လေသည်။

" မဟုတ်ပါဘူးဟာ နင်က ငါ့သူငယ်ချင်းဆိုတော့ မတော်တရော်တွေနဲ့ ပေါင်းမိနေမှာ စိုးလို့ပါ "

" အောင်မာ လေသံကိုက ဆုံးမစာလေသံနဲ့ "

" တကယ်ပြောတာပါဟ ငါ နင့်ကို တစ်ခုခု နစ်နာသွားမှာ စိုးရိမ်လို့ မေးနေတာပါ "

ဖိုးပြာမျက်နှာက တကယ့်ကိုပင် သူမအတွက် တစ်ခုခုကို စိုးရိမ်ပူပန်နေသည့် ပုံစံမျိုး ဖြစ်၏။ ဒါမှမဟုတ် သူမကပဲ လူကဲခတ်ညံ့ခြင်းလား မသိပါ။

" ငါ နင့်ကို နောက်ဆုံးတစ်ခု မေးချင်တယ် နင် ခွင့်ပြုမလား "

" အလိုတော် မေးချင်ရာတွေ အားလုံးစွတ်မေးပြီးတော့မှ လာယဉ်ကျေးပြနေသေးတယ် "

" မဟုတ်ပါဘူးဟာ ငါက နင်တို့နှစ်ယောက်ရဲ့ အခြေအနေ

မှန်ကို သိချင်ရုံတင်ပါ ''

'' ငါတို့နှစ်ယောက်ရဲ့ အခြေအနေမှန် ဟုတ်လား ''

ဖိုးပြာက ပါးစပ်က မဖြေဘဲ သူမထံမှ အကြည့်လွှဲလျက် ခေါင်းညိတ်ပြပါသည်။

'' ငါတို့နှစ်ယောက် အခြေအနေကတော့ ခုလောလောဆယ် ပုံမှန်ပါပဲ၊ နောက်ပိုင်းတော့ ငါလည်း မသိသေးဘူး၊ အရမ်းသိချင်နေရင် မကြာမီ လာမည် မျှော်လေ ''

သူမက ပြောင်စပ်စပ်လေး ပြောလိုက်ခြင်း ဖြစ်ပေမယ့် ဖိုးပြာ မျက်ခုံးများကတော့ စိတ်ရှုပ်ထွေးကုန်သလို တွန့်ကျုံ့ကုန်ကြ၏။ သူမကို ခဏမျှ ခပ်စိုက်စိုက်ကြည့်လျက် သက်ပြင်းတစ်ခုကိုချရင်း အခန်းထဲမှ ထထွက်သွားတော့သည်။ အခန်းဝနားရောက်မှ ကျွန်မဘက်သို့ တစ်ချက်လှည့်ပြန်ကြည့်လျက်

'' အချစ်နဲ့ပတ်သက်ပြီး နင့်ကို တစ်စုံတစ်ခု နာနာကျင်ကျင် ခံစားရမှာ ငါစိုးရိမ်တယ် ကြယ်ဖြူ၊ အဲဒီတော့ နင်ဘာပဲလုပ်လုပ် ငါ့ကို တိုင်ပင်ပါနော် ''

'' ဟဲ့. . . ''

သူ့လေသံက ဖျော့တော့လွန်းသောကြောင့် သူမမှာ ဘာကိုမှ သဲသဲကွဲကွဲ မကြားလိုက်ဘဲ ရှိ၏။ သူမ နားလည်လိုက်သလောက်





ကတော့ ကြယ်ဖြူလေး နာနာကျင်ကျင် ဖြစ်မှာကို ဖိုးပြာက စိုးရိမ်သောကြောင့် သူ့ကို တိုင်ပင်ပါနော်လို့ ပြောလိုက်သလိုပါပဲ။ ဘာကို ဆိုလိုမှန်း သေချာမသိပါ။

သူကလည်း သူမ လှမ်းခေါ်နေတာကိုပင် လှည့်မကြည့်တော့ဘဲ ထွက်သွား၏။ သေချာတာကတော့ သူမနှင့်မာန်တို့ကို ဖိုးပြာ စိတ်ထဲမှာ တစ်ခုခု ပူပန်နေသလိုပဲ။ ဒီကောင်ကတော့လေ တစ်ခါ တစ်ခါကျရင် နားလည်ရခက်လွန်းအောင် လုပ်တတ်နေပြန်သည်။

နေပါစေဦး၊ စကားကို မရှင်းမလင်းလုပ်ပြီး ထွက်သွားတဲ့ ကောင်၊ စိတ်ကောက်ပစ်လိုက်ဦးမယ်။

× × ×

ကိုယ့်ဘက်က ဘာအမှားမှ မလုပ်ရပါဘဲ ဥပေက္ခာပြုခံရတာ တကယ်စိတ်ပျက်ဖို့ ကောင်းသည်။ ခုတော့ သူမက ဘာမှလည်း မသိလိုက်ရပါဘဲ မာန့်ဥပေက္ခာများကို ဖေချင်းသောချင်း ရနေ၏။ နှစ်ရက်တိတိ မာန် ကျောင်းပျက်သောအခါမှာတော့ ဒီအဖြစ်ဟာ သူမရဲ့ ပ[illegible]ဂမကင်းဘူးဆိုတာ စိတ်ထဲက အလိုလို သိလာခဲ့သည်။

ဒါပေမဲ့ ဘယ်လိုနည်းဖြင့် သူ့ကို ရှင်းပြရမှန်း မသိခဲ့၊ ပြီးတော့ ဒီကိစ္စဟာ သူနဲ့သူမကြားမှာ ရှင်းပြစရာရော လိုလို့လား။ မာန် ကျောင်းပျက်တာဟာ နေမကောင်းလို့ရော မဖြစ်နိုင်ဘူးလား။

သူ့အကြောင်း တွေးရလွန်းလို့ စာကျက်လို့ မရတော့အောင်ထိ သူမ တစ်ယောက်တည်း စိတ်ဒုက္ခ ဖြစ်နေရသည်။ ဒါကို ဘယ်သူ့ဆီမှာ ရင်ဖွင့်လို့ ရမှာတဲ့လဲ။

ဖိုးပြာကတော့ သူမအတွက် ရင်ဖွင့်ချင်စရာ လူတစ်ယောက် ဆိုပေမယ့် ဖိုးပြာပုံစံက ဟိုနေ့တည်းက မာန့်ကို သဘောမကျတာ ပေါ်လွင်နေသည်။ အဲလို လူတစ်ယောက်ကို မာန်နဲ့ပတ်သက်တာတွေ သွားပြီး ရင်ဖွင့်လို့ ကောင်းပါ့မလား။ ဘယ်နှစ်ခါမြောက်မှန်း မသိနိုင်လောက်အောင် သူမ စိတ်ပျက်စွာနှင့် သက်ပြင်းချလိုက်မိသည်။

" သမီး ဘာတွေတစ်ယောက်တည်း သက်ပြင်းချနေတာလဲ"

လှည့်ကြည့်လိုက်မိတော့ အခန်းဝမှာ ရပ်နေသော ဖေဖေ့ကို လက်တစ်ဖက်ခါးထောက်လျက်သားနှင့် သူမကို ငေးကြည့်နေတာ တွေ့လိုက်ရသည်။ သူမ အမူအယာတွေ သိသာစွာ ပျက်ယွင်းနေပြီလား၊ သူမ ရင်ထဲက ခံစားရမှုတွေကို ဖေဖေ တွေ့သွားပြီလား။ စိုးရွံ့စွာနှင့်ပင် ဖေဖေ့မျက်နှာကို ရင်မဆိုင်ရဲလောက်အောင် ဖြစ်ရပြန်သည်။

" စာကျက်လို့ မရလို့လား၊ ဘာအခက်အခဲရှိတယ်ဆိုတာကို သမီးက ဖေဖေ့ကို ပြောပြမှ ကူညီဖြေရှင်းပေးလို့ ရမှာပေါ့၊ သမီးအတွက် ဂိုက်ငှားပေးရမလား "





" အဲဒီလို မဟုတ်ပါဘူး ဖေဖေ၊ ကြယ်ဖြူ့စိတ်ထဲမှာ ဘာကို အလိုမကျဖြစ်နေမှန်း မသိဘူး၊ ဘာလုပ်လုပ် စိတ်တိုင်းမကျနိုင်ဘူး ဖြစ်နေတယ် "

" ကျောင်းမှာ သူငယ်ချင်းတွေနဲ့ရော အဆင်ပြေရဲ့လား သမီး "

ဖေဖေ ဘာကိုရည်ရွယ်ပြီး ပြောနေမှန်း သူမ မသိနိုင်သော်လည်း ဖေဖေ စိတ်မပူရအောင် ခေါင်းကိုသာ ညိတ်ပြလိုက်မိသည်။ ဒါပေမဲ့ ပျက်ယွင်းနေသော ကြယ်ဖြူလေးရဲ့ မျက်နှာကိုကြည့်ပြီး ဖေဖေ ယုံပုံမရပါ။

" ဖေဖေပြောတာက မောင်မာန်ဝင့်ထည်နဲ့ သမီး အဆင်ပြေရဲ့လားလို့ပါ "

" ရှင်. . . "

မျက်လုံးလေးများ ဝိုင်းစက်သွားရလောက်အောင် အံ့သြသွားမိပြီး ဖေဖေ့မျက်နှာကို အကြောင်သား ငေးကြည့်နေမိသော သူမရဲ့ ဦးခေါင်းလေးကို ဖေဖေက လက်ဖဝါးဖြင့် အုပ်ကိုင်လျက် လှုပ်ရမ်းလိုက်ကာ

" သူငယ်ချင်းချင်း ရန်ဖြစ်တယ်ဆိုလည်း ကိုယ့်ဘက်က တောင်းပန်လိုက်ပေါ့ သမီးရယ်၊ မှားမှားမှန်မှန် ကိုယ့်ဘက်က

တောင်းပန်လိုက်တယ်ဆိုတာ ကိုယ်သဘောထားကြီးကြောင်း ပြလိုက်တာပဲလေ ''

ဖေဖေက သူမနဲ့ မာန်ဝင့်ထည်ကို ရန်ဖြစ်ထားသည်ဟု အထင်ရောက်နေပုံရသည်။ ဒါပေမဲ့ အခုဖြစ်နေတဲ့ အဖြစ်အပျက်ဟာ ဒီလောက်ထိ ကလေးမဆန်ဘူးဆိုတာ ဖေဖေ့ကို ဘယ်ကစပြောရမှန်း မသိတော့ပါ။ ဒါပေမဲ့ ဖေဖေပြောလိုက်သည့် စကားလေးကိုတော့ သူမ သဘောကျပါသည်။

ဟုတ်တယ်၊ ဘာပဲဖြစ်ဖြစ် သူမဘက်ကစပြီး မာန့်ကို ဆက်သွယ်လိုက်ရင် အားလုံးပုံမှန် ပြန်ဖြစ်သွားမှာပါ။

အဲဒီ ဆုံးဖြတ်ချက်နှင့်အတူ တက်ကြွနေသော ကြယ်ဖြူလေးက နောက်တစ်နေ့မှာ ကျောင်းကို စောစောရောက်အောင် သွားနှင့်သည်။ အိန္ဒြေဝင့်ထည်တို့ လာမည့်အချိန်ကို ကျောင်းပေါက်ဝကနေ စောင့်ဖမ်းချင်လို့ပဲ ဖြစ်၏။ မာန် ကျောင်းမတက်ရင်တောင် အိန္ဒြေနဲ့ တွေ့ရင် မာန့်အကြောင်း မေးလို့ရမှာ သေချာ၏။ အနည်းဆုံးတော့ မာန် နေကောင်းလား၊ မကောင်းလား သူမ သိချင်ပါသည်။

ဒါပေမဲ့ သူမ ကံကောင်းသွား၏။ အိန္ဒြေဝင့်ထည်ကို လာစောင့်သော သူမသည် ကျောင်းရှေ့၌ ရပ်လိုက်သော မာစီဒီးကားကြီးပေါ်က ဆင်းလာသည့် မာန့်ကို မြင်လိုက်ရချိန်မှာ ပြောမပြတတ်လောက်အောင်





ဝမ်းသာသွားပါသည်။ ရင်တွေလည်း ခုန်သွားမိ၏။

ပျော်ရွှင်သွားသော သူမရဲ့မျက်နှာကို မာန် သေချာမြင်လိုက်မှာ သိလိုက်သည်။ ဒါပေမဲ့ မာန့်မျက်နှာပေါ်မှာတော့ အပြုံးရေးရေးလေး တစ်ခုတောင် မတွေ့ရပါ။ သူမဘေးမှ ဖြတ်လျှောက်သွားသော မာန်သည် မျက်လုံးတစ်ချက် စွေကြည့်လျက်သာ နှုတ်ခမ်းတွန့်သည် ဆိုရုံလေး ပြုံးပြလျက် ခပ်တည်တည် ရှိလွန်းနေသည်။

မာန့်ကို ဘယ်လိုနားလည်ရမှန်း သူမ မသိတော့ပါ။

'' မာန် ''

နောက်ကနေ ပြေးလိုက်သွားလျက် ခပ်ကျယ်ကျယ်လေး ခေါ်လိုက်တော့ မာန်တစ်ယောက်တည်းတင်မက အိန္ဒြေဝင့်ထည်ရော စဝ်နိုင်ဒွန်းတို့ကပါ လှည့်ကြည့်ကြပါသည်။ အိန္ဒြေဝင့်ထည်က သူမကိုပင် ပြုံးပြလိုက်သေးသည်။ စဝ်နိုင်ဒွန်းကတော့ ထုံးစံအတိုင်း မျက်နှာသေလေးနှင့် လှမ်းငေးနေရုံသာ ဖြစ်၏။

'' မာန် ခဏလေး ငါနင့်ကို ပြောစရာရှိလို့ ''

သူမက မာန့်နားသို့ လျှောက်သွားပြီး အိန္ဒြေ့ကိုလည်း ပြန်လည် ပြုံးပြလိုက်ပါသည်။

'' ကဲ သူက နင့်ကို ပြောစရာရှိတယ်ဆိုတော့ ငါတို့ ဝင်နှင့်တော့မယ် မာန် ''

အိန္ဒြေက အလိုက်သိစွာပင် ရှောင်ပေးလိုက်ခြင်း ဖြစ်နိုင်ပါသည်။ ဒါပေမဲ့ မာန်ကတော့ အိန္ဒြေ အဲဒီလိုလုပ်သွားတာကို သဘောကျဟန် မရှိသော်လည်း ဘာမှတော့ မပြော၊ သူမကိုသာ မျက်ခုံးများတွန့်ကျုံ့လျက် လှမ်းကြည့်နေပါသည်။ တော်ပါသေးရဲ့၊ သူမဘေးမှာ ရပ်လျက်လေးတော့ ကျန်နေခဲ့လို့သာပေါ့၊ နို့မို့ သူမ ဘာဆက်လုပ်လို့ လုပ်ရမှန်း မသိဘဲ ယောင်တောင်တောင် ဖြစ်သွားနိုင်သည်။

" ဘာပြောမလို့လဲ "

" နင် ဘာလို့ကျောင်းမတက်တာလဲလို့ သိချင်လို့ "

" အဲဒါမျိုး အတန်းထဲရောက်မှ မေးလည်း ရတာပဲကွာ၊ နင်က သက်သက်မဲ့ သူများတွေ အထင်လွဲအောင် လုပ်နေတယ် "

သူ့စကားက သူမကို စော်ကားလိုက်သလိုမို့ ရင်ထဲက ဒေါသလေးကလည်း ခေါင်းပြူထလာ၏။ သူ့မျက်နှာကိုလည်း ခပ်စိမ်းစိမ်း ကြည့်လိုက်မိသည်။

" နင် ဘယ်လိုဖြစ်နေတာလဲ မာန်၊ ငါက နင်ကျောင်းမလာမှာစိုးလို့ အပေါက်ဝကနေ စောင့်ပြီး အိန္ဒြေတို့ကို သတင်းမေးဖို့ စောင့်နေတာ၊ နင့်ကို တွေ့လိုက်လို့ ငါဘယ်လောက်ဝမ်းသာသွားတယ်ဆိုတာ နင်သိလား "

သူ့မျက်နှာက ဘာမှအပြောင်းအလဲ မရှိသော်လည်း သူ့





အကြည့်များကတော့ ပိုလို့တောင် စူးရှလာသလို ခံစားရသည်။

" နင် နေမကောင်းများ ဖြစ်နေလားဆိုပြီး ငါ့မှာ စိတ်ပူနေခဲ့ရတာ၊ နင့်ကို ဆက်သွယ်ဖို့အတွက် ငါ့မှာ ဖုန်းနံပါတ်လေး တစ်ခုတောင် မရှိဘူးလေ၊ အဲဒါကို နင့်ဆီက ဒီလိုမျိုး ဆက်ဆံခံရတာ ငါ တကယ်ဝမ်းနည်းတယ် သိလား "

ကြယ်ဖြူလေးက မျက်ရည်ရစ်ဝဲလာသော မျက်ဝန်းများကို အောက်ငုံ့ချပစ်လျက် သူ့နားကနေ အပြေးထွက်လာခဲ့သည်။ သူ သေချာပေါက် လှမ်းကြည့်နေလိမ့်မယ်ဆိုတာ အလိုလို သိနေခဲ့၏။

အတန်းထဲ ပြန်ရောက်တော့ ဆုဝေတို့နေရာတွင် စကားသွားပြောနေလိုက်၍ သူ အတန်းထဲ ဝင်လာတာကို သူမ မတွေ့လိုက်ပါ။ ကျောင်းတက်ခေါင်းလောင်းထိုးချိန်ကျမှ ကိုယ့်နေရာကိုယ် ပြန်လာခဲ့လိုက်သည်။ သူ့ဆီက သက်ပြင်းချလိုက်သလို အသံသဲ့သဲ့တစ်ခု ကြားလိုက်ရ၏။

သူ့ဘက်ကို လှည့်မကြည့်မိအောင် ကြယ်ဖြူ အတတ်နိုင်ဆုံး ထိန်းချုပ်ထားလိုက်ပါသည်။

" ခုနက ငါပြောလိုက်တာ နင့်ကို စိတ်မကောင်းဖြစ်သွားစေတယ်ဆိုရင် ငါတောင်းပန်ပါတယ် "

သူ့မျက်နှာကို မသိမသာ ငဲ့ကြည့်မိတော့ သူ့မျက်ဝန်းများ

မှိန်ဖျော့နေသည်ကို မထင်မှတ်စွာဘဲ တွေ့လိုက်ရ၏။ ဒီလိုကျပြန်တော့လည်း ကြယ်ဖြူလေး ရင်ထဲမှာ ဘယ်လိုမှ မကောင်းနိုင်ပါ။

" ရပါတယ် ဒါပေမဲ့ နင် ဘာဖြစ်လို့ အဲဒီလို ဖြစ်သွားတယ်ဆိုတာတော့ ငါ့ကို ပြောပြနိုင်လိမ့်မယ်လို့ ငါမျှော်လင့်တယ် "

" ဟင်း. . . ငါ့ဘာသာ တစ်ဖက်သတ် စိတ်တိုနေတာပါ ကြယ်ဖြူလေးရယ်၊ နင်နဲ့ မပတ်သက်ပါဘူး "

" ဘာလဲ ငါ့ကို စိတ်တိုနေတာလား "

" အဲဒီလိုလည်း မဟုတ်ဘူးနဲ့ တူတယ်၊ ငါ့စိတ်ထဲမှာ ဖြစ်ချင်တာတွေ မဖြစ်ရလို့ ဘာကိုမှ အလိုမကျနိုင် ဖြစ်နေရတယ် "

" နင်ဖြစ်ချင်တာတွေက ဘာတွေလဲ မာန် "

မာန်က ပြန်မဖြေသေးဘဲ သူမမျက်နှာကိုသာ နက်နက်ရှိုင်းရှိုင်း စိုက်ကြည့်နေလေသည်။

" ငါမေးနေတာ ဖြေလေဟာ "

မာန့်ဆီက ဘာအဖြေမှ မရနိုင်သေးခင်မှာဘဲ အတန်းထဲသို့ ဆရာမ ဝင်လာသောကြောင့် စကားစက အဲဒီနေရာမှာပဲ ပြတ်တောက်သွားရသည်။ ဒါပေမဲ့ ကြယ်ဖြူလေး စိတ်ထဲမှာတော့ အဲဒီမေးခွန်းရဲ့ အဖြေကို မာန့်ဆီက မကြားရမချင်း နေသာထိုင်သာ ရှိမှာမဟုတ်တာ သေချာပါသည်။ အားလပ်ချိန်ရမှပဲ ထပ်မေးရမယ်လို့ စိတ်ထဲက





တေးမှတ်ထားလိုက်၏။

ဖြစ်ချင်တော့ ဒုတိယအချိန် ဝင်ရမည့် မြန်မာစာဆရာ ကျောင်းမလာသောကြောင့် သူမတို့အားလုံး အားလပ်သွားကြသည်။ မာန်က ဘိုင်အိုဖတ်စာအုပ်ထုတ်ကာ စာကျက်ရန် ပြင်၏။ သူမက မာန့်ဖတ်စာအုပ်ကို လက်နှင့်လှမ်းပိတ်ပစ်လိုက်သည်။

မာန်က မျက်မှောင်ကျုံ့လျက် သူမကို လှမ်းကြည့်ပါသည်။

" ငါမေးထားတာကို နင်ဖြေဦးလေ "

" ဘာလဲဟ "

သူတကယ်ပဲ မမှတ်မိတော့တာလား၊ မမှတ်မိချင်ယောင် ဆောင်လိုက်တာလားဆိုတာ မာန်ကိုယ်တိုင်မှပဲ သိနိုင်ပါလိမ့်မည်။ ဒါပေမဲ့ သူမကတော့ ခပ်တည်တည်နှင့်သာ ကြည့်လိုက်ပါသည်။

" နင့်ကိုငါ ခုနက မေးထားတာလေ၊ နင်ဖြစ်ချင်တာတွေက ဘာတွေလဲဆိုတာလေ "

" ဪ. . . ဒါလား "

မာန့်ပုံစံကြည့်ရတာတော့ သိပ်အရေးမကြီးသည့် စကားတစ်ခုကို ကြားလိုက်ရသလိုပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် သူမကတော့ အဲဒီအဖြေကို သိရမှ ဖြစ်လိမ့်မည်။

" ငါဖြစ်ချင်တာတွေက ဖြစ်ဖို့ မသေချာတော့ပါဘူး၊ အဲဒီတော့

ဖြစ်မလာတော့မှာကြီးကို နင်သိပြီးတော့ရော ဘာလုပ်မှာလဲ ကြယ်ဖြူလေးရယ်၊ အကျိုးမရှိပါဘူး။ နင် ငါ့ကို အဲဒါမေးနေမယ့်အစား စာကျက်နေလိုက်ရင် နင့်အတွက် သေချာပေါက် အကျိုးရှိမှာပဲ ''

'' နင် ဖြစ်ချင်တာတွေကို သိခွင့်ရတာနဲ့တင် ငါ့အတွက် အကျိုးရှိလိမ့်မယ်လို့ နင်မတွေးမိဘူးလား။ ကိုယ့်သူငယ်ချင်းတစ်ယောက် ဘာတွေလိုအပ်နေတယ်၊ လိုချင်နေတယ်ဆိုတာ သိခွင့်ရတော့ ငါလည်း အတတ်နိုင်ဆုံး ကူညီဖြည့်ဆည်းပေးလို့ ရတာပေါ့၊ မဟုတ်ဘူးလား''

တက်တက်ကြွကြွနှင့် ပြောနေသော ကြယ်ဖြူလေးပုံစံကြောင့် သူက လေပူတစ်ချက် မှုတ်ထုတ်လျက်က သူမဘက်ကို သေချာလှည့်ထိုင်လိုက်ပါသည်။

'' ငါဖြစ်ချင်တာကို နင်သိသွားရင် ဖြည့်ဆည်းပေးနိုင်မှာပါ၊ ဒါပေမဲ့ ငါ နောက်ကျသွားပြီလို့ ငါ ခံစားနေရတယ် ''

မာန်ပြောချင်သည့် စကားတွေကို သူမ နည်းနည်းတော့ နားလည်သလိုလို ရှိလာ၏။ မာန် ဘာတွေဖြစ်နေတယ်ဆိုတာ ပွင့်ပွင့်လင်းလင်း ကြားခွင့်ရချင်နေမိ၏။ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် သူ ဖြစ်ချင်တာတွေကို သူမ ဖြည့်ဆည်းပေးမှာပါ။

'' ပြောကြည့်ပါဟ နင် အဲဒီလို မပြောလေလေ ငါ သိချင်လာလေလေပဲ၊ နင်နော် ငါ့ကို တကယ်ခင်ရင် ပြောပြရမယ်၊ အဲဒါမှ





သူငယ်ချင်းကောင်း ပီသမှာပေါ့ ''

'' ခုတော့ မပြောချင်သေးဘူး ကြယ်ဖြူလေးရယ်၊ နောက်မှပဲ ပြောပြပါတော့မယ်၊ ခုချိန်မှာ ပြောမိသွားရင် ငါ့စိတ်ကိုငါ ထိန်းသိမ်းနိုင်မှာ မဟုတ်ဘူး၊ ဉပမာပေးရရင်ဟာ ဒုတိယကမ္ဘာစစ် ဖြစ်နေတဲ့အချိန်မှာတော့ တကယ့်ကို ကြောက်စရာကောင်းပေမယ့် ခုချိန်မှာ ပြန်ပြောတော့လည်း ဟာသလေးတွေတောင် ဖြစ်နေတတ်သေးတယ် မဟုတ်လား၊ ငါလည်း အဲဒီလို ဟာသတစ်ခုအနေနဲ့ ပြောနိုင်တဲ့ အချိန်ရောက်ရင် နင့်ကိုပြောပြပါ့မယ် ''

'' ဟင့်အင်း မလိုချင်ဘူး၊ ငါ အခုပဲ သိချင်တယ်၊ အခု မသိရရင် ငါ နင့်ကို ကျေနပ်မှာ မဟုတ်ဘူး ''

'' ငါ မပြောပါရစေနဲ့ ''

သူ့စကားအဆုံးမှာ ကြယ်ဖြူလေးက နေရာမှ ထထွက်သွားရန် ပြင်လိုက်၏။ သူက ကြယ်ဖြူ့လက်တစ်ဖက်ကို ဖမ်းဆွဲထားလိုက်ပြီး တင်းမာသော မျက်နှာနှင့် ကြည့်လျက်

'' ထွက်မသွားနဲ့ ''

သူ့လေသံက အေးစက်တင်းမာလွန်းသောကြောင့် ကြယ်ဖြူလေးမှာ အလိုလိုနေရင်း ပြန်ထိုင်မိပြီးသား ဖြစ်သွား၏။ ဒါပေမဲ့ သူ့ကို ဘာစကားမှတော့ ထပ်မပြောဖြစ်တော့ပါ။

သူကသာ ကြယ်ဖြူလေးကို ကြည့်ပြီး မျက်နှာတစ်ချက် ရှုံ့မဲ့သွားသည်။ တစ်စုံတစ်ခုကို ပြောချင်ပါလျက်နဲ့ စောင့်ထိန်းကာ မြိုချလိုက်ရသော ပုံစံမျိုး ဖြစ်သည်။

အဲဒီလောက်ထိ ပျက်ယွင်းသွားသော သူ့မျက်နှာကို ကြယ်ဖြူလေး တစ်ခါမှ မမြင်ဘူးခဲ့ပါ။

" ဘာဖြစ်တာလဲ "

သူက ကြယ်ဖြူ့ကို မျက်နှာလွှဲလျက် ခေါင်းတစ်ချက် ခါသည်။ အတန်ကြာ ငြိမ်သက်နေပြီးမှ

" ငါ နင့်အနားကနေ ထပ်ပြီး ခွဲထွက်သွားနိုင်တဲ့ အင်အားမျိုး မရှိတော့ဘူး "

" အဲဒါဆိုလည်း မသွားနဲ့ပေါ့ "

ချက်ချင်းလိုလိုပင် တုံ့ပြန်ပြောလိုက်မိသည့် သူမရဲ့ နှုတ်ခမ်းများကို သူမ ကိုယ်တိုင်ပင် ပြန်လည် အံ့အားသင့်သွားမိ၏။

မာန့်မျက်နှာ ကတော့ အံ့သြခြင်းများဖြင့် ပြုံးယောင်သမ်းသွားပါသည်။

အဲဒါဟာ သူမတို့နှစ်ယောက်ကြားမှာ တကယ့်ကို လိုအပ်နေ





သော စကားလေး တစ်ခွန်းဆိုတာကိုလည်း တပြိုင်တည်းမှာပင် နှစ်ယောက်လုံး လက်ခံလိုက်ကြပါသည်။

■ ■ ■

" နင် ဘာပြောလိုက်တယ် ကြယ်ဖြူလေး "

သူမရဲ့ စကားအဆုံးမှာ ထအော်လိုက်သော ဖိုးပြာရဲ့ အသံကြောင့် သူမ ကိုယ်လေးပင် ဆတ်ခနဲ တုန်သွားသည်ထိ လန့်ဖျပ်သွားမိသည်။ ဖိုးပြာဟာ ဟိုတစ်နေ့တည်းက မာန့်ကို သိပ်သဘောမကျဘူးဆိုတာတော့ သူမ အကဲခတ်မိပေမယ့် ဒီလောက်ထိ တုန်လှုပ်လိမ့်မယ်လို့ မထင်ခဲ့မိတာ အမှန်ပါပဲ။

" နင်ကလည်း ဘာဖြစ်လို့ ဒီလောက်ထိ စိတ်လှုပ်ရှားနေရတာလဲ၊ မာန်က ဘာဖြစ်နေလို့လဲ "

" အေး မာန်ဝင့်ထည်က ဘာမှမဖြစ်ရင်တောင် ကြီးကျယ်ခမ်းနားလွန်းတဲ့ သူ့မိသားစု အသိုင်းအဝိုင်းက လက်ခံနိုင်ပါ့မလား ဆိုတာကို နင် စဉ်းစားကြည့်ဦးပေါ့ ကြယ်ဖြူရယ် "





သူ့အသံက ဒေါသသံလွှမ်းနေပေမယ့် ဒါဟာ ကရုဏာ ဒေါသဆိုတာတော့ ကြယ်ဖြူ နားလည်ပါသည်။

" ငါလည်း သူတို့ရဲ့ မိသားစု အသိုင်းအဝိုင်းဆိုတာကြီးကို ရှိန်မိပါတယ်၊ ဒါပေမဲ့ မာန့်ကိုလည်း ငါ ယုံကြည်နေတယ်၊ ပြီးတော့ သူ့ကို စိတ်ချမ်းသာစေချင်တယ်၊ သူ စိတ်ဆင်းရဲနေမယ့် လုပ်ရပ်မျိုးတော့ ငါ မလုပ်ချင်ဘူး "

" သူက နင်နဲ့ပတ်သက်ပြီး ဘာတွေများ ဘယ်လောက်ထိ စိတ်ဆင်းရဲခဲ့ဖူးလို့လဲ ကြယ်ဖြူ "

" သူက နင်နဲ့ငါ့ကို အထင်လွဲသွားပြီးတော့ ကျောင်းမတက်နိုင်လောက်အောင်ထိ နာနာကျင်ကျင် ခံစားခဲ့ရတာဟ "

ဖိုးပြာက သူမရဲ့စကားကြောင့် လှောင်ပြုံးလေးတစ်ခု ပြုံးလိုက်ပါသည်။ နောက်တော့ သူမကို ကျောခိုင်းလိုက်၏။

" အဲဒီ စကားက ဒီကောင်ပြောတာ မဟုတ်လား "

" အေးလေ "

"နင် တကယ်ပဲ မာန်ဝင့်ထည်ကို ယုံကြည်နေတယ်ပေါ့၊ ရှေ့လျှောက် ဘာတွေဖြစ်လာမယ်ဆိုတာ မတွေးဘဲနဲ့ နင်က ယုံယုံကြည်

ကြည် ဖြစ်နေတယ်ပေါ့ ဟုတ်လား ''

ကြယ်ဖြူလေးရဲ့ မျက်နှာတည့်တည့်ကို လက်ညှိုးနှင့်ထိုးလျက် ပြောလိုက်သော တောင်းတန်းပြာ အသံက အလိုမကျနိုင်မှုတွေ အတိုင်း အဆမရှိ ပျော်ဝင်နေသည်။ ဒါကို ခံစားမိလိုက်သော သူမ စိတ်ထဲမှာ တစ်စုံတစ်ခုအတွက် ထိတ်လန့်သွားမိ၏။

'' နင် ဘာဖြစ်လို့ ငါတို့နှစ်ယောက်ကိစ္စကို ဒီလောက်ထိ ခါးခါးသီးသီး ဖြစ်နေရတာလဲ ဖိုးပြာ ''

'' နင် ဘယ်လိုထင်လဲ ကြယ်ဖြူလေး ''

သူ့မေးခွန်းက ထင်ချင်သလို ထင်နိုင်တယ်လို့ စိမ်ခေါ်လိုက်ခြင်းနဲ့ အတူတူပါပဲ။ သူမ သူ့မျက်ဝန်းများကို မကြည့်ဘဲ နောက်ဘက်ဆီ လှမ်းမျှော်ကြည့်လိုက်ပြီးမှ

'' နင် ငါ့အပေါ်မှာ ရိုးသားရဲ့လား ဖိုးပြာ ''

ပထမတော့ တောင်တန်းပြာ မျက်နှာက တော်တော်လေး အံ့ဩသွားသည့်ပုံပေါက်ပေမယ့် ဖြည်းဖြည်းချင်း တည်ငြိမ်သွားကာ

'' နင်က သူငယ်ချင်းတွေလိုပဲ ခင်မင်တာကို ရိုးသားတယ်လို့ ပြောချင်တာလား။ သူငယ်ချင်းတစ်ယောက်ကို စည်းကျော်ပြီး ချစ်မိရင်





မရိုးသားတာလို့ နင်ဆိုလိုချင်တာလား။ ငါ ဝန်ခံမယ်၊ နင့်ကိုငါ ချစ်တယ်၊ နင့်စာမေးပွဲက ပြီးခါနီးပြီဆိုတော့ အားလုံးပြီးမှပဲ ငါ ဖွင့်ပြောဖို့ ဆုံးဖြတ်ထားခဲ့တာ၊ အေး ငါ နင့်ကို ချစ်မိတာလေးနဲ့တော့ ငါ့အချစ်ကို မရိုးသားဘူးလို့ နင် ပြောပိုင်ခွင့် မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ အချစ်ဆိုတာက နှစ်နှစ်ကာကာ ချစ်မိသွားတာနဲ့ တပြိုင်နက် ကိုယ့်ချစ်သူအပေါ်မှာ သိပ်ကို ရိုးသားသွားတတ်လို့ပဲ ''

ဖိုးပြာ စကားများကြောင့် စိတ်ထဲမှာ ရှုပ်ထွေးသွားပေမယ့် သူ့အပေါ် စိတ်ဆိုးခြင်းတွေ ဒေါသတွေတော့ ဖြစ်မလာခဲ့ပါ။

'' အေး ဒါပေမဲ့ ငါတစ်ခုတော့ ပြောလိုက်မယ်၊ နင့်ကို မာန်ဝင့်ထည်နဲ့ ပတ်သက်ပြီးတော့ ငါ တားနေရတဲ့ အကြောင်းရင်းက နင့်ကိုငါ ချစ်နေတာနဲ့ ဘယ်လိုမှ မပတ်သက်ဘူး။ ငါ အဲဒီလောက်ထိ အတ္တမကြီးဘူး၊ သူနဲ့ပတ်သက်ပြီး နင့်ဆီမှာ ဖြစ်ပေါ်လာမယ့် ဆိုးဆိုးရွားရွား အဖြစ်တွေကို နင် မကြုံတွေ့ရစေချင်လို့ ငါ စေတနာနဲ့ တားနေရတာ ''

'' နင် ပြောတာတွေကို ငါ နားလည်ပါတယ် ဖိုးပြာ၊ နင့်ကိုလည်း ငါ စိတ်မဆိုးပါဘူး၊ ဒါပေမဲ့ ဘယ်လိုလုပ်မလဲ၊ ငါ သူ့ကို

ချစ်နေမိပြီ ''

ပျက်ယွင်းသွားမှာ သေချာသည့် ဖိုးပြာ မျက်နှာကို မကြည့်တော့ဘဲ သူမက ထိုစကားကို ဖွင့်မိုတ်ပြောချလိုက်ပါသည်။ ဖိုးပြာဆီက သက်ပြင်းချသံသဲ့သဲ့တစ်ခု ကြားလိုက်ရပြီး သူမ ဘေးတွင် ဝင်ထိုင်လိုက်တာကို ခံစားလိုက်မိ၏။

'' နင့်ကိုငါ အဖြစ်အပျက်လေးတစ်ခု ပြောပြမယ် ကြယ်ဖြူလေး၊ နင် နားထောင်ချင်တယ် ဆိုရင်ပေါ့ ''

သူ့အသံက ခုနကလို ဒေါသတွေနဲ့ ပြည့်နှက်မနေတော့ဘဲ တည်တည်ငြိမ်ငြိမ် ပြန်ဖြစ်သွား၏။ သူ ပြောပြမယ့် အကြောင်းအရာကရော ဘာများပါလိမ့်၊ သူ ဘာတွေများ သိထားလို့လဲ၊ မာန်နဲ့ ပတ်သက်ပြီး ဖိုးပြာက သူမထက်များ ပိုသိထားတာလား။

'' ပြောပြလေ ငါ နားထောင်မှာပေါ့ ''

'' တကယ်တော့ အိန္ဒြေဝင့်ထည်နဲ့ ငါနဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြဖူးတယ် ''

'' ဟင် ''

ဟင်ခနဲသာ အာမေဋိတ် တမိလျက် ကြယ်ဖြူလေးမှာ ဘာ





ပြန်ပြောလို့ ပြောရမှန်းမသိအောင်ပင် အူကြောင်ကြောင် ဖြစ်သွား ရ၏။ အိန္ဒြေဝင့်ထည်ဟာ ဘယ်လိုဖြစ်ပြီး ဖိုးပြာနဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြတာပါလိမ့်။ နောက်တစ်ခုက ဖိုးပြာနဲ့ ချစ်သူတွေဆိုရင် ဘာဖြစ်လို့ ခုချိန်မှာ စပ်နိုင်ဒွန်းနဲ့ စေ့စပ်ထားရတာလဲ။ ဖိုးပြာရဲ့ ချစ်သူဟာ ဖိုးပြာနဲ့သာ အတူတကွ ရှိနေသင့်တယ် မဟုတ်ဘူးလား။

'' နင် တော်တော် လန့်သွားတယ် မဟုတ်လား ကြယ်ဖြူ ''

ပါးစပ်က ပြန်မဖြေနိုင်ဘဲ ခေါင်းကိုသာ ခပ်လေးလေး ညိတ်ပြလိုက်ရသည်။

'' နင့်အတွက် အကောင်းဆုံး ဥပမာကတော့ ငါပဲလေ၊ အိန္ဒြေနဲ့ ချစ်ခဲ့မိလို့ နောက်ဆုံးတော့လည်း ငါပဲ ရင်ကွဲပက်လက်နဲ့ ကျန်ခဲ့ရတာပဲ ''

'' ဘာတွေဖြစ်ခဲ့တာလဲ ဖိုးပြာရယ် ''

'' ငါပြောပြမယ်၊ သေချာနားထောင်၊ ငါတို့နှစ်ယောက် ချစ်သူတွေ ဖြစ်နေတာကို သိသိချင်းပဲ သူ့အဖေက တားခဲ့တယ်၊ ငါ့ကို သူတို့အိမ်ကြီးထဲထိ ခေါ်ပြီးတော့ တားမြစ်ခဲ့တာ၊ အိန္ဒြေနဲ့ အဆက်အသွယ်ဖြတ်ဖို့ပေါ့၊ ငါကလည်း ခေါင်းမာတဲ့ ကောင်ပဲ၊ အလွယ်တကူနဲ့ ဘယ်

လက်ခံပါ့မလဲ၊ ငါတို့နှစ်ယောက်ကို အမျိုးမျိုးသော နည်းလမ်းတွေနဲ့ ခွဲပစ်ဖို့ ကြိုးစားကြတယ်လေ၊ ငါတို့ကလည်း တော်တော်လေး ငယ်သေးတဲ့အရွယ်တွေ မဟုတ်လား၊ အိမ်ခြေ့ကိုလည်း ငါ နိုးပြေးခဲ့မိတယ် ''

ဖိုးပြာ ပြောနေသမျှတွေဟာ အမှန်တွေပဲလား။ ဇာတ်လမ်းတစ်ပုဒ်လို ဒီလောက်ထိ နားထောင်ကောင်းရုံတော့ ဖိုးပြာ အကွက်ဆင်ပြောတတ်မည် မထင်ပါ။

'' အဲဒီအဘိုးကြီးက သူကျတော့ သာမန် မိန်းကလေး တစ်ယောက်ကို လက်ထပ်ခဲ့တာပဲ၊ ဘာလို့ သူများတွေကိုကျမှ လိုက်ကန့်ကွက်နေတာလဲ မသိဘူး ''

'' သူ့လက်ထက်ကစပြီး သွေးရောသွားတာကို ကာကွယ်ဖို့နေမှာပေါ့၊ ငါ လုပ်သလို မလုပ်နဲ့၊ ငါ ပြောသလိုလုပ် ဆိုတာမျိုးပေါ့၊ မာန်တို့ ဖေဖေတုန်းကလည်း သူ့သားဖြစ်လျက်နဲ့ သူ မတားနိုင်ခဲ့ဘူးလေ၊ အဲဒီတော့ သူ့မြေးတွေကိုတော့ သူ ရအောင် ချုပ်ကိုင်မှာပဲ ၊ အဲဒီတော့ ငါပြောချင်တာကတော့ နင့်ကို အဲဒီလိုမျိုး ဆိုးဆိုးရွားရွား အဖြစ်တွေနဲ့ ရင်ဆိုင်ရမှာ ငါ မကြည့်ရက်ဘူး ကြယ်ဖြူလေးရယ်၊ ငါ့စေတနာကို နင် နားလည်တယ် မဟုတ်လား ''





သူမ ဘာပြန်ပြောရမှာလဲ။ ဖိုးပြာ ပြောသွားတာတွေက မာန်ပြောပြထားဖူးသည့် သူတို့မိသားစု အဖြစ်အပျက်တွေနှင့် တသွေမတိမ်း တူလွန်းနေသည်။ အဲဒါကြောင့် ဖိုးပြာ ဇာတ်လမ်းဆင်ပြောနေတယ်လို့လည်း ထင်လို့မရတော့ပါ။

ဖိုးပြာ စေတနာကို နားလည်ပေမယ့်လည်း မာန့်ကိုချစ်တဲ့စိတ်တွေက ရင်ထဲမှာ ပြည့်ကျပ်နေသေးတာလေ။ အဲဒါတွေကို ဘယ်သူက လာဖြေသိမ့်ပေးမှာလဲ။ မာန့်ကို ချစ်မိသည့်အတွက် သူမ ရင်ဆိုင်ရမယ့် အဖြစ်တွေကို တွေးမိတော့ ရင်ထဲမှာ စိမ့်ခနဲနေအောင်ကို ထိတ်လန့်သွားမိသည်။ မျက်ရည်များကလည်း အလိုလိုပင် ပါးပြင်ထက် စီးဆင်းကျလာ၏။

ပျော့ခွေနေသည့် သူမ ခန္ဓာကိုယ်လေးကို ဖိုးပြာက သူ့ရင်ခွင်ထဲ ဖက်ပွေ့ထားလိုက်ရင်း မျက်ရည်များကိုလည်း ညင်သာစွာ သုတ်ဖယ်ပေးလိုက်၏။ ဒီတစ်ညတော့ ဖိုးပြာ ရင်ခွင်ထဲမှာ သူမ ဝအောင် ငိုကြွေးပစ်လိုက်ပါမည်။

■ ■ ■

## အခန်း (၉)

" ငါကြောက်တယ် မာန် "

သူမက မာန့်မျက်နှာကို မကြည့်ဘဲ မျက်လွှာလေးချလျက် တိုးတိုးသာသာလေး ပြောလိုက်သည်။

" ဘာကိုကြောက်နေတာလဲ ငါ့ခွေး ထပ်လာမှာကိုလား "

သူမတို့နှစ်ယောက် ထိုင်နေရာ နေရာလေးသည် ဟိုတစ်နေ့က ကြယ်ဖြူလေးကို ခွေးလိုက်သော နေရာလေးနားမှာပင် ဖြစ်သည်။ ထို့ကြောင့် မာန်က စိုးရိမ်တကြီးနှင့် မေးလိုက်ခြင်း ဖြစ်၏။

" ငါကြောက်တာ ခွေးမဟုတ်ပါဘူး၊ နင့်ကိုပါ "

မာန့်မျက်လုံးများ ပြူးကျယ်သွားပါသည်။ နောက်တော့ တဟားဟားနှင့် အော်ရယ်တော့၏။ သူ့ရယ်သံကြောင့် သူမပင် လန့်ဖျပ်





သွားရ၏။

" နင့်က ဘာရယ်တာလဲ မာန် "

စိတ်တိုတိုနှင့် ခပ်ဆတ်ဆတ်လေး မေးမိတော့ မာန်က ရယ်မောနေတာကို ရပ်တန့်လိုက်ပါသည်။

" နင်က ငါ့ကို ကြောက်တယ်ဆိုလို့ ရယ်တာပေါ့၊ စိတ်ချစမ်းပါ လူပြတ်တယ်ဆိုပြီး ငါ နင့်ကို ဘာမှ မလုပ်ပါဘူး "

" အို. . . "

တကယ်တော့ သူမ ပြောချင်တာက ဖိုးပြာ ပြောလိုက်သည့် ကိစ္စတွေနဲ့ ဆက်စပ်ပြီး သူတို့အသိုင်းအဝိုင်းတွေနဲ့ ပတ်သက်ရမှာကို ကြောက်တယ်လို့ ပြောလိုက်ခြင်း ဖြစ်သည်။ ခုတော့ မာန်ပြောမှပင် ကြောက်စရာ နောက်တစ်ခု ရှိနေသေးမှန်း သတိရတော့၏။

" နင် ရှက်တဲ့ပုံလေးကလည်း ရင်ခုန်ချင်စရာ ကောင်းလိုက်တာ "

" အလိုတော် ရင်ခုန်ချင်စရာ ကောင်းတယ်ပဲ ရှိရသေးတယ်၊ နင်ဟာလေ တကယ့်ကိုပဲ မပြောလိုက်ချင်ဘူး "

ကြယ်ဖြူလေးက မျက်စောင်းလေး ဝင့်လျက် ပြောလိုက်တော့ မာန်က ရှက်သွားသလို မျက်နှာအောက်ချလျက် ပြုံးနေပါသည်။

" နင် ရှက်နေတာလား နင်ရှက်တဲ့ ပုံကလည်း ကြည့်လို့

ကောင်းပါတယ်ဟ ''

'' တော်ပြီ မနောက်နဲ့တော့ ''

သူက ခေါင်းပြန်မော့လျက် ခပ်တည်တည်နှင့် ပြောပါသည်။ သူမကလည်း မျက်နှာကို ပြန်တည်လိုက်ပြီး စာကျက်ရန် စာအုပ်ထုတ်လိုက်၏။

'' စာမေးပွဲကပဲ နောက်တစ်ပတ်ဆို ဖြေရတော့မယ်၊ ငါလည်း အနားနီးလာလို့လား မသိပါဘူး၊ စာတွေက ပိုပိုမေ့လာတယ် ''

'' နင် မရတာ ဘာလဲ ဘိုင်အို မဟုတ်လား ''

'' အေး ကျက်ရတာတွေက များတော့ အားလုံး ရောသလိုဖြစ်ကုန်တာပေါ့၊ ပြီးတော့ သင်္ချာ ''

'' သင်္ချာက နောက်ဆုံးဖြေခဲ့တဲ့ စာမေးပွဲမှာတောင် နင် အမှတ်ကောင်းတာပဲ မဟုတ်လား ''

'' ဒါပေမဲ့ ငါက ငယ်ငယ်တည်းက သင်္ချာကြောက်တယ်ဟ အလိုလိုနေရင်းကို သင်္ချာဖြေရမယ်ဆိုရင် ကြောက်နေမိတာ ''

'' တီချယ်ရှင်းပြတာတွေ အကုန်နားလည်တယ် မဟုတ်လား ''

'' အင်း နားလည်ပါတယ် ''

သူမက ခေါင်းကို အသာညိတ်ပြလျက် ဖြေ၏။ သူက





ကြယ်ဖြူလေးရဲ့ ခေါင်းလေးကို သူ့လက်ဖဝါးဖြင့် အုပ်ကိုင်ကာ လှုပ်ရမ်းလျက်

'' ဒါနဲ့များ ကြယ်ဖြူရယ် အလကားနေရင်း ကိုယ့်စိတ်ကို ကိုယ် ဒုက္ခပြန်ပေးနေတယ် ''

'' နင်ရော အိုကေပဲလား ''

'' ဒါပေါ့ ''

'' နင်က ထူးထူးချွန်ချွန် အောင်မြင်ခဲ့ရင် ဘာလုပ်မှာလဲဟင် မာန် ''

'' ငါ ဘာလုပ်မယ်ဆိုတာ ဒီဆယ်တန်းစာမေးပွဲနဲ့ မပတ်သက်ဘူးဟ၊ ငါက စီးပွားရေး တစ်ခုခု လုပ်ဖြစ်ရင်ဖြစ် မဖြစ်ရင်တော့ ကိုယ့်ဘာသာ အေးအေးချမ်းချမ်းရှိမယ့် အလုပ်လေးလုပ်ပြီး လူ့ဘဝကို သာသာယာယာပဲ ဖြတ်သန်းချင်တယ် ''

'' နင်ကမှ ငါ့ထက်စာရင် ဘာလုပ်မယ်ဆိုပြီး စိတ်ကူး ရှိသေးတယ်၊ ငါကတော့ ဘာလုပ်လို့ လုပ်ရမှန်းကို မသိပါဘူး ''

'' အဲဒါ မကောင်းဘူး၊ လူတစ်ယောက်က ဆိုးဆိုး ကောင်းကောင်း သူသွားမယ့် ဦးတည်ရာတစ်ခုတော့ ရှိကိုရှိနေသင့်တယ် ''

'' အင်း ငါသိပါတယ်၊ လောလောဆယ်တော့ ဘာကိုမှ

မစဉ်းစားမိသေးပါဘူး ''

'' အေးပါ လောလောဆယ်တော့ စာကိုပဲ ပိုင်အောင် ကျက်ဦးပေါ့၊ နောက်ကျရင် အားလုံးက အဆင်ပြေသွားမှာပဲဟာ ''

တကယ်တော့ ကြယ်ဖြူလေးသည် ကိုယ့်ကိုယ်ကို ဘာဖြစ်လို့ ဖြစ်ချင်နေမှန်း မသိသော လူတစ်ဦးသာ ဖြစ်၏။ အဲဒါ တော်တော်ဆိုးရွားမှန်းတော့ ကိုယ့်ဘာသာလည်း သိနေပါသည်။

သူမ ငယ်ငယ်တည်းက တခြားကလေးတွေလိုမျိုး ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ ရုပ်ရှင်မင်းသမီးတွေ ဖြစ်ချင်တယ်ဆိုပြီး တစ်ခါမှ စိတ်ကူးယဉ်လျက် မပြောခဲ့ဖူးပါ။ သူမ သိတတ်စ အရွယ်တုန်းက သူမ အားကျမိသူသည် မေမေတစ်ယောက်တည်းသာ ဖြစ်သည်။ မေမေ့လိုမျိုး အိမ်နောက်ဖေး မီးဖိုချောင်မှာ ဖေဖေနဲ့သူမ စားသောက်ဖို့ ဖန်တီးပေးနိုင်သောသူ ဖြစ်ချင်သည်။

မေမေ့လုပ်ရပ်တစ်ခုခုကို ဖေဖေက သဘောတကျနှင့် ချီးကျူးကာ ဖက်ပွေ့လိုက်တိုင်း မေမေ့ကို သူမ အားကျခဲ့ရသည်။ မေမေနဲ့ဖေဖေဟာ သိပ်ချစ်ကြပါလျက်နဲ့ မေမေ့ရဲ့ သဝန်တိုစိတ်ကြောင့်ပင် သူမတို့မိသားစုလေး ပြိုကွဲခဲ့ရခြင်းဖြစ်၏။

အတန်ကြာ ငြိမ်သက်သွားမိသော သူမကို မာန်က လှုပ်ကိုင်လိုက်မှပင် သတိပြန်ဝင်လာသူလို ကြယ်ဖြူလေးက လက်ဖျောက်





တစ်ချက်တီးလျက်

'' ငါ သိပြီ၊ ငါဖြစ်ချင်တာက အိမ်ထောင်ရှင်မကောင်းတစ်ယောက်ပဲ၊ ကိုယ့်ခင်ပွန်းအပေါ်မှာ ရှိသမျှ ဝတ္တရားတွေ အားလုံးကျေပွန်ပြီးတော့ သစ္စာရှိရှိနဲ့ ချစ်သွားတာမျိုးလေ၊ အိမ်ထောင်လည်း မကွဲဘူး၊ လူမှုရေးလည်း မဖောက်ပြန်ဘူးလေ ''

ကြယ်ဖြူလေးရဲ့ အပြောကြောင့် သူ့မျက်နှာက ရှုံ့မဲ့သွားပါသည်။ တစ်ခုခုကို ဘဝင်မကျ ဖြစ်သွားပုံမျိုးနှင့်၊ နောက်တော့ ပြုံးပြန်သည်။

'' နင်က ဘာဖြစ်နေတာလဲ ''

'' နင် ဖြစ်ချင်တာကြီးက တခြားသူတွေနဲ့ မတူဘဲ တစ်မျိုးကြီးဖြစ်နေလို့လေ၊ ဒါပေမဲ့ နင့်မှာ အဲဒီလိုမျိုး ရည်ရွယ်ချက်ရှိနေတာ ငါ့အတွက် ပျော်စရာ မဟုတ်ဘူးလား ''

ကြယ်ဖြူလေးက သူ့ကို မျက်စောင်းနုနုလေး ထိုးလျက် ပခုံးစောင်းကို လက်သီးလေးနှင့် ဖွဖွထိုးလိုက်သည်။ သူမရဲ့ လက်သီးဆုပ်လေးကို မာန်က ဖမ်းကိုင်လျက် စူးစိုက်ကြည့်နေပါသည်။ သူ့အကြည့်များကို ရင်မဆိုင်ရဲသောကြောင့် သူမက သူ့မျက်နှာရှေ့တည့်တည့်တွင် စာအုပ်နှင့် ကွယ်ပစ်လိုက်မိ၏။

'' မကြည့်နဲ့ ငါ မနေတတ်ဘူး ''

သူကတော့ စာအုပ်ကို လက်နှင့်အတင်းပြန်ဖယ်ရင်း ကြယ်ဖြူကလည်း ပြန်ကာရင်းနှင့် နှစ်ယောက်သား အော်ဟစ်ရယ်မောလိုက်မိကြသည်။ အဲဒါဟာ သူမတို့နှစ်ယောက်အတွက် ပျော်စရာနေ့ရက်လေးတွေထဲက တစ်ချို့တစ်ဝက်ပေါ့။

× × ×

" ဘယ်လိုလဲ သမီး၊ ဖြေနိုင်ရဲ့လား "

စာမေးပွဲဖြေပြီး ပြန်လာသော ကြယ်ဖြူ့ကို ဖေဖေက စိုးရိမ်တကြီး မျက်နှာမျိုးနှင့် မေးလိုက်သည်။

" မြန်မာစာက သမီး အားလုံးပိုင်ပါတယ်၊ ဒါပေမဲ့ စာစီစာကုံးကိုတော့ ထင်သလောက် မရေးနိုင်ခဲ့ဘူး "

" ဘာပဲဖြစ်ဖြစ် သမီး ဖြေနိုင်တယ်ဆိုရင် ပြီးတာပါပဲလေ ဒါနဲ့ ဟိုကောင်လေး ဒီနေ့ စာလာလုပ်မှာလား "

မာန်က မနေ့ညကလည်း ကြယ်ဖြူလေးတို့အိမ်မှာ စာတူတူလာလုပ်သွားခြင်းကြောင့် ဖေဖေက သတိတရနှင့် မေးလိုက်ခြင်းဖြစ်သည်။ ဖေဖေ့ပုံစံက မာန့်ကို သဘောမကျသည့်ပုံတော့ မရှိတာသေချာ၏။

" သူ လာလိမ့်မယ် ဖေဖေ၊ သူ့အိမ် ခဏပြန်သွားတယ်"

" ဟုတ်ပြီ ဒါဆို ဖေဖေ ကျော်ကြီးကို သမီးတို့ စားဖို့





သောက်ဖို့တွေ ပြင်ဆင်ခိုင်းထားလိုက်တော့မယ် "

" ဟုတ် "

သူမက လှေကားထစ်များအတိုင်း ပြေးတက်ရန် ပြင်လိုက်စဉ်မှာပင်

" ဟေး ကြယ်ဖြူ နင် ဖြေနိုင်လား "

အိမ်ပေါက်ဝကနေ အသံကျယ်ကြီးနှင့် လှမ်းအော်ကာ အထဲဝင်လာသော ဖိုးပြာ၊ သူမက ခေါင်းညိတ်အဖြေပေးလိုက်ကာ လှေကားကို ဆက်တက်လိုက်သည်။ ဖိုးပြာက သူမ နောက်နားမှ ကပ်လျက်ပါလာ၏။

" နင်က အလင်္ကာတွေဆို သိပ်ရောတတ်တာလေ၊ ခုရော သေချာ ဖြေခဲ့ရဲ့လား "

" ငါက ရပြီးသားပါနော်၊ ခေါင်းအေးအေးနဲ့ စဉ်းစားလိုက်ရင် ဘာမှမရစရာ အကြောင်းကို မရှိဘူး "

" ဟုတ်ပါပြီ ငါက နင့်အတွက် စိတ်ပူလို့ ပြောတာပါလောလောဆယ် နင်ရေမိုးချိုးပြီး နားလိုက်လေ "

" အင်း ရေချိုးပြီး တစ်နာရီလောက် အိပ်လိုက်ဦးမယ် နင်ကရော "

" ငါက နင့်ကို ထိုင်စောင့်ပေးမယ်လေ၊ တော်ကြာ နောက်နေ့

မနက်ထိ နင် အိပ်ပျော်နေရင် ဘယ့်နှယ့်လုပ်မလဲ ''

ကြယ်ဖြူ့ဖေဖေက ခဏနေရင် ရုံးသွားရတော့မည်။ ဒီနေ့ သူမ ပထမဆုံး စာမေးပွဲဖြေသည့်နေ့မို့ ဖေဖေက အလုပ်မသွားသေးဘဲ စောင့်ပေးနေခြင်း ဖြစ်၏။ ဒီတော့ အိပ်လိုက်ပြီဆို တော်ရုံနှင့် ပြန်မနိုးတတ်သော သူမအတွက် ဖိုးပြာက နှိုးစက်လေးအဖြစ် နေပေးမည် ဆိုတော့ ဝမ်းသာစရာပေါ့။

'' နင်ကတော့ တော်တော်တော့ အားကိုးရသားပဲနော်၊ ကောင်းတယ် ကောင်းတယ်၊ ဗိုက်ဆာရင် အောက်မှာ ဦးကျော်ကြီးကို သွားပြောလိုက်၊ သူ အားလုံး စီစဉ်ပေးလိမ့်မယ် ''

ရေကို တဝကြီးချိုးပစ်လိုက်ရင်း အတွေးတို့က မာန့်ဆီ ရောက်သွားပြန်၏။ ကျောင်းပေါက်ဝမှာ ခဏသာ တွေ့လိုက်ရသော မာန့်ကို စကားပြောခွင့်ပင် သူမ မရလိုက်ပါ။ ဒီနေ့တော့ သူတို့အိမ်က ကားနှင့်လာကြို၍ အိန္ဒြေတို့နှင့်တူတူ ပြန်သွားရသည်။ ဒါပေမဲ့ ကြယ်ဖြူ့ အိမ်သို့ လာခဲ့မည်လို့တော့ လက်ဟန်ခြေဟန်မျိုးနှင့် ပြသွားရှာသေး၏။

ဘယ်လိုပဲဖြစ်ဖြစ် မာန့်ကို သူမ ကျေးဇူးတင်ပါသည်။ သူ့အိမ်ရဲ့ ဒီလောက်ကျပ်တည်းသော ချုပ်ချယ်မှုများကြားကနေ ကြယ်ဖြူ့ဘက်ကို ပျက်ကွက်ခြင်း မရှိခဲ့သည့်အတွက်ပေါ့။

'' ဟေး အထဲကတစ်ယောက် ရေချိုးတာ မပြီးတော့ဘူးလား၊





တော်ကြာ အအေးပတ်လို့ စာမေးပွဲ မဖြေနိုင်ဘဲ နေဦးမယ် ''

ရေချိုးခန်းတံခါးကို တဒုန်းဒုန်းထုလျက် အော်ဟစ်နေသော ဖိုးပြာအသံကြောင့် သူမမှာ ရေချိုးခြင်းကို ခပ်မြန်မြန် လက်စသတ်လိုက်ရသည်။

တစ်ခါတစ်ခါကျရင် ဖိုးပြာရဲ့ ဂရုတစိုက်ရှိမှုတွေက နွေးထွေးလွန်းသောကြောင့် ကိုယ့်ကို ရည်းစားစကားပြောထားသည့် ယောကျ်ားတစ်ယောက်ဆိုတာထက် ကိုယ့်အိမ်သားတစ်ယောက်လိုပင် ရင်းနှီးနေမိသည်။ ဒါကို မာန့်ကို နားလည်အောင် ပြောပြထားပါသော်လည်း နားမဝင်နိုင်ဖြစ်နေသောကြောင့် သူမမှာ သူတို့နှစ်ယောက်ကြား ဗျာများနေရသေး၏။

ခုလည်း ခဏနေရင် မာန်ရောက်လာတော့မည်။ ဖိုးပြာကလည်း ရောက်နေသည်။ သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်လိုက်တိုင်း ဘာမှဆိုးဆိုးရွားရွား ပြဿနာ မဖြစ်ကြသော်လည်း တစ်ယောက်ကိုတစ်ယောက် ကြည့်ကြသော မျက်လုံးတွေကတော့ နှစ်လိုနွေးထွေးခြင်း မရှိသည့်အပြင် ကြောက်မက်ဖွယ်ကောင်းလောက်အောင်ပင် အေးစက်လွန်းလှ၏။

'' နင့်အတွက် ငါ ထမင်းပြင်ပေးထားတယ် စားလိုက်ဦး''

ထမင်းဝိုင်းတွင် ဟင်းပွဲများနှင့် ပြည့်နှက်နေသော်လည်း

သူမအကြိုက် ခရမ်းချဉ်သီးငါးပိချက်တော့ မပါပါ။ မနက်က ကျောင်းမသွားခင် ဦးကျော်ကြီးကိုယ်တိုင် ခရမ်းချဉ်သီးတွေ လှီးပြီး ငါးပိချက်ချက်ရန် ပြင်ဆင်နေတာကို ကြယ်ဖြူတွေ့ခဲ့တာပဲလေ။

" ဦးကျော်ကြီး ဘယ်ရောက်နေလဲ ဖိုးပြာ "

" နင့်အဖေနိုင်းထားတဲ့ ကိစ္စတစ်ခုရှိလို့ဆိုပြီး အပြင်ထွက်သွားပြီဟ၊ ဒီထမင်းဝိုင်းကိုလည်း ငါပဲ တာဝန်ယူပြီး ပြင်ဆင်ပေးထားတာလေ "

" ဒါဆို ခရမ်းချဉ်သီးငါးပိချက်ရော "

ကြယ်ဖြူလေးက စူပုတ်ပုတ်လေး မေးလိုက်တာကို ဖိုးပြာက ချစ်စဖွယ်ညီမလေးတစ်ယောက်ကို ကြည့်သလိုမျိုး ပြုံးရယ်ကြည့်လျက် သူမနား လျှောက်လာကာ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ထမင်းဝိုင်းတွင် ထိုင်စေလိုက်သည်။

" မစားရဘူး "

" ဘယ်သူ့အမိန့်လဲ "

" ငါ့အမိန့်လေ "

" အောင်မာ ရာရာစစ နင်ကများ ငါ့ကို ဘာလို့ အမိန့်လာပေးနေရတာတုန်း "

ခရမ်းချဉ်သီး ငါးပိချက်ကို သူမ အရမ်းကြိုက်မှန်း သိနေပါ





လျက်နဲ့ သူ ဘာလို့ ဒီလိုမျိုး အမိန့်တွေနဲ့ လာတားမြစ်နေရတာလဲ နားမလည်နိုင်တော့သောကြောင့် စိတ်တိုတိုနှင့် အော်ဟစ်ပစ်လိုက်မိသည်။ ဒါပေမဲ့ ဖိုးပြာကတော့ နည်းနည်းလေးမှပင် အပြုံးမပျက်ပါ။

" အဲဒီ ငါးပိချက်ကို ငါကြည့်လိုက်တော့ ငရုတ်သီးတွေ တော်တော်များတယ်ဟ "

" အေးလေ ငါက အစပ်ကြိုက်လို့ ဦးကျော်ကြီးက စပ်စပ်လေး လုပ်ပေးထားတာပေါ့၊ နင်ကလည်း သိတာ မဟုတ်ဘဲနဲ့ဟာ "

" ငါသိတာပေါ့၊ နင်က ကြက်တူရွေးတစ်ကောင်လို အစပ်ကြိုက်တတ်တယ်ဆိုတာလေ၊ ဒါပေမဲ့ နင့်စာမေးပွဲရက်မှာတော့ အဲဒီလို အပူအစပ်တွေ မစားပါနဲ့ဟာ၊ တော်ကြာ ဝမ်းတွေဘာတွေ လျှောနေမှဖြင့် စိတ်ညစ်နေရပါဦးမယ် "

ဖိုးပြာ ပြောသည့်စကားက မှန်နေသည်မို့ သူမက ထပ်မံပြီး စောဒက မတက်ရဲတော့ပါ။ ဒီလိုကျပြန်တော့လည်း ဖိုးပြာကိုပင် ကျေးဇူးတင်လိုက်ရသေးသည်။

" ကဲ စားသောက်ပြီးရင် ခဏတဖြုတ် အိပ်လိုက်ဦး "

" နင်ကရော "

" အိမ်မှာ ဘယ်သူမှမှ မရှိတာ၊ ငါစောင့်ပေးပါ့မယ် "

" အိုကေလေ၊ ဒါဆိုရင်တော့ ကျေးဇူးတင်ပါတယ်ဟယ်"

သူမက ခုတင်ထက်မှာ ပက်လက်လေး အိပ်လိုက်တော့ ဖိုးပြာက သူမကိုယ်ပေါ်သို့ စောင်ပါးလေးတစ်ထပ် လွှားပေးသည်။

" ပျော်အောင် အိပ်နော်၊ လူတစ်ယောက်က ဘာကိုမှ မတွေးတော့ဘဲနဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရင် နာရီဝက်ပဲ အိပ်ရင်တောင် အိပ်ရေးဝနိုင်တယ်လေ၊ တစ်နာရီပြည့်ရင် ငါနှိုးလိုက်ပါ့မယ်"

" နင်ရှိနေတာ ငါ့အတွက် တကယ်ကို ဝမ်းသာစရာပါပဲ ဖိုးပြာရယ် "

တောင်တန်းပြာက သူမကို ပြုံးကြည့်လျက် လက်ညှိုးလေးကို သူ့နှုတ်ခမ်းထက်မှာ ကန့်လန့်ဖြတ်တင်ကာ တိတ်တိတ်နေရန် အချက်ပြလိုက်သည်။ သူမက မျက်လုံးလေးများကို ညင်သာစွာ ပိတ်ချလိုက်၏။ တစ်နေ့လုံး တစ်ညလုံး ပင်ပန်းထားသော အရှိန်နှင့် တစ်ခဏအတွင်းမှာပင် သူမ အိပ်ပျော်သွားပါသည်။

အိပ်ပျော်နေသော ကြယ်ဖြူလေးရဲ့ မျက်နှာလေးကို ကြည့်ရင်း တောင်တန်းပြာ ရင်ထဲမှာ ကြည်နူးစိတ်နှင့် သိမ့်သိမ့်လေး လှုပ်ရှားနေခဲ့သည်။ ဒီမိန်းကလေးကို သူ မြတ်နိုးစွာ ချစ်နေမိပြီ ဖြစ်သည်။ အဲဒါကြောင့်လည်း ကြယ်ဖြူလေး ကြုံတွေ့ရမယ့် အခက်အခဲ ပြဿနာတွေကို သူ တားဆီးပေးခွင့် ရချင်မိသည်။





သူ ကြုံခဲ့ရသလိုမျိုး၊ သူ ဘာမှမတတ်နိုင်တော့စွာ ငြိမ်ခံနေခဲ့ရသလိုမျိုး ကြယ်ဖြူလေးကို မကြုံတွေ့စေချင်တာ သူ့ဆန္ဒအမှန်ပင် ဖြစ်သည်။ ဒါပေမဲ့ မာန်ဝင့်ထည်နဲ့ ပတ်သက်နေသရွေ့ကတော့ သူ စိုးရိမ်နေတာတွေ အားလုံးသည် အစီအစဉ်တကျနှင့် ဖြစ်ပွားလာဖို့သာ ရှိတော့သည်။

ဒါတွေကို မာန်ဝင့်ထည်က မသိဘူးတဲ့လား၊ မသိချင်ယောင်ဆောင်နေတာလား။ မာန်ဝင့်ထည်လို အေးစက်စက်နှင့် မိသားစုဆက်ဆံရေး ကျဲပါးသော လူတစ်ယောက်ဟာ ဒီကိစ္စတွေကို ထည့်ရောတွေးမိရဲ့လား၊ မာန်ဝင့်ထည်ဟာ ကြယ်ဖြူ့ကို တကယ်ချစ်တယ်ဆိုရင် ဒီလို ရင်ဆိုင်ရမယ့် အခြေအနေဆိုးတွေကိုလည်း ကြိုတွေးထားသင့်တယ် မဟုတ်ဘူးလား။

ပြန်ဆန်းစစ်ကြည့်လိုက်တော့ တကယ့်ပြဿနာက မာန်ဝင့်ထည်မှာတင် ရှိနေခြင်းဖြစ်သည်။ သူသာ ကြိုကြိုတင်တင် စဉ်းစားထားခဲ့လျှင် ကြယ်ဖြူနှင့် ချစ်သူဘဝကိုတောင် အရောက်ခံသင့်သည် မဟုတ်ပါ။ ဒါပေမဲ့ မာန်ဝင့်ထည်ရော ကြယ်ဖြူလေးကပါ မိသားစုနောက်ခံအကြောင်းတွေကို မေ့ထားချင်နေကြသည်။

တကယ်တော့ သူတို့နှစ်ယောက်ကြားထဲမှာ တောင်တန်းပြာက အပြင်လူတစ်ယောက်သာ ဖြစ်၏။ သူ ဝင်ပြောလို့လည်း

ဘယ်သူကမှ သူ့စကားကို အရေးတယူလုပ်ကာ နာခံမည် မထင်ပါ။ သူ လုပ်နိုင်တာလည်း ပါးစပ်က ပြောဆိုသတိပေးရုံကလွဲရင် တခြားမှ မရှိတာလေ။

သက်ပြင်းကိုသာ ခပ်လေးလေးချလျက် နှစ်ခြိုက်စွာ အိပ်ပျော်နေသော ကြယ်ဖြူလေးရဲ့ ပါးပြင်မို့မို့လေးကို သူ့လက်ချောင်းများဖြင့် အသာဖွဖွ ပွတ်သပ်ပေးနေမိသည်။ နဖူးပြင်ပေါ် ဝဲကျနေသော ဆံစလေးများကို လက်ဖြင့် ပင့်သပ်တင်ပေးလိုက်ချိန်မှာတော့ သူ့ပခုံးကို နောက်ဘက်မှနေ၍ ခပ်ကြမ်းကြမ်း ဆုပ်ကိုင်ခြင်းခံလိုက်ရ၏။

သူ အလန့်တကြားနှင့် လှည့်ကြည့်လိုက်မိသည်။

" မင်း ဘာလုပ်နေတာလဲကွ "

အံကို တင်းတင်းကြိတ်ကာ ခပ်တိုးတိုးမေးလိုက်သော မာန်ဝင့်ထည်ရဲ့ အသံက မာကျောမှုများဖြင့် ပြည့်နှက်နေ၏။ သူ နည်းနည်းတော့ စိုးရိမ်သွားမိသည်။ ဒီကောင်လေး ပုံစံကြည့်ရတာ သူ့ကို တော်တော်လေး မနာလိုဖြစ်နေသည့်ပုံပါပဲ။

သူ့ပခုံးကို ဆုပ်ကိုင်ထားသော မာန်ဝင့်ထည်ရဲ့ လက်ချောင်းများကို သူက အားစိုက်ထုတ်ကာ ဆွဲခွာပစ်လိုက်ရင်း

" မင်းပြောစရာရှိရင် ဧည့်ခန်းထဲ သွားရအောင် "

တောင်တန်းပြာက ရှေ့ကနေ ဦးဆောင်ထွက်သွားသော





ကြောင့် မာန်လည်း ကြယ်ဖြူလေးမျက်နှာကို တစ်ချက်ငေးကြည့်ကာ တောင်တန်းပြာနောက်မှ လိုက်ခဲ့လိုက်သည်။

ဧည့်ခန်းထဲသို့ အရင်ကြိုရောက်နေသော တောင်တန်းပြာက ထိုင်မနေပါ။ မာန့်ကို ကျောပေးကာ ရပ်နေသည်။ ဒါပေမဲ့ မာန်ရောက်လာပြီမှန်းတော့ သူ သိပါလိမ့်မည်။

" မင်းကို ငါ ပြောစရာရှိတယ် မာန်ဝင့်ထည် "

" ဘာလဲ "

တောင်တန်းပြာက မာန်နှင့် မျက်နှာချင်းဆိုင်လိုက်ကာ မာန်နှင့် နီးသထက်နီးလာအောင် လျှောက်လှမ်းလာလျက်

" မင်းအခြေအနေကို မင်းနားလည်ရင် ကြယ်ဖြူ့ကို သူငယ်ချင်းတစ်ယောက်လိုပဲ ဖြူဖြူစင်စင် ဆက်ဆံပါကွာ "

" ခင်ဗျား ဘာကိုဆိုလိုချင်တာလဲ တောင်တန်းပြာ "

" ငါ ဘာကိုဆိုလိုချင်တယ်ဆိုတာ မင်းနားလည်သင့်တယ် မာန်ဝင့်ထည် "

" ဟင့်အင်း ကျွန်တော် နားမလည်ဘူး "

မာန့်မျက်နှာက တကယ်ပဲ သူဘာကိုမှ မသိနားမလည်ပါဘူး ဆိုသည့် အနေအထားမျိုးနှင့် ဖြစ်သည်။ ထိုအမူအယာကြောင့်ပင် တောင်တန်းပြာက ပိုလို့ဒေါသဖြစ်သွားရကာ

76448040

'' အေး မင်းနားမလည်ရင် ငါကပဲ သေချာရှင်းပြရမယ်နဲ့တူတယ် ''

မာန် ဘာမှပြန်မဖြေမိပါ။

'' မင်းအစ်မနဲ့ ငါနဲ့ချစ်သူတွေ ဖြစ်ခဲ့ကြတုန်းက အခြေအနေကို မင်းမှတ်မိနေလိမ့်မယ်လို့ ငါ ထင်တယ် မာန်ဝင့်ထည် ''

အိန္ဒြေနဲ့ တောင်တန်းပြာရဲ့ ကိစ္စက မာန်တို့အသိုင်းအဝိုင်းမှာ တော်တော်လေးကို လူသိရှင်ကြား ဖြစ်ခဲ့သည့်ကိစ္စမို့ ဘယ်တော့မှ မမေ့နိုင်လောက်အောင်ကို မာန့်ခေါင်းထဲမှာ မြဲမြဲမှတ်မိနေပါသည်။ ဒါပေမဲ့ မာန်ဖြစ်ချင်တဲ့ ဘဝတစ်ခုကိုတော့ ဘယ်သူတစ်ဦးတစ်ယောက်ကမှ ဝင်ရောက်ချုပ်ချယ်ခြင်း မပြုနိုင်လောက်အောင် မာန်က မိသားစုအသိုင်းအဝိုင်းထဲမှာ အနေအထိုင် တသီးတခြားဆန်ဆန် ပြုမူခဲ့သည်။

သူ့ခံယူချက်က သူ့ဘဝဟာ သူ့ဆန္ဒစစ်စစ် ဖြစ်ရမည်၊ ဘယ်သူကမှ ဝင်ရောက်ဆုံးဖြတ်ပေးခြင်း မဖြစ်စေရ။ ဘယ်သူ့နောက်ကမှ မလိုက်ဘဲ သူ့ဘာသာ ရပ်တည်နေနိုင်သော ကိုယ့်ဒူးကိုယ်ချွန်လူတစ်ယောက်သာ ဖြစ်ချင်မိသည်။ ဒါတွေကိုတော့ တောင်တန်းပြာအား သူ ရှင်းပြဖို့ လိုမည် မထင်ပါ။

'' ငါ မှတ်မိပါတယ် ဒါပေမဲ့ အဲဒီကိစ္စဟာ ငါနဲ့ဘယ်လိုမှ မပတ်သက်တဲ့ကိစ္စပဲ ''





'' အေး အဲဒီကိစ္စက မင်းနဲ့မပတ်သက်ပေမယ့် မင်းမိသားစုရဲ့ သဘောထားကို ဖော်ပြနေတဲ့ကိစ္စကွ၊ အိန္ဒြေနဲ့ ငါနဲ့ ချစ်ခဲ့ကြတာကို မင်းတို့ဘက်က ဒီလိုမျိုး မရရတဲ့နည်းနဲ့ လိုက်ဖျက်ခဲ့ကြတယ်၊ မင်းနဲ့ ကြယ်ဖြူ့ကိစ္စကို သူတို့သိသွားရင်ရော အဲဒီလိုမျိုးတွေ မလုပ်ပါဘူးလို့ မင်းဘယ်လောက်ထိ အာမခံနိုင်မှာလဲ ''

မာန် ကျစ်ခနဲ စုတ်သပ်လိုက်မိသည်။ ဒီလူက နည်းနည်းတော့ လွန်လွန်းနေပြီ။ သူနဲ့ ကြယ်ဖြူလေးနဲ့က ဘယ်လိုမှ အတွင်းကျတဲ့ ပတ်သက်မှုမျိုး မရှိပါဘဲ ဒီလောက်ထိ နေရာတကာမှာ လိုက်လံစွက်ဖက်နေတာကတော့ တဆိတ်လွန်နေပြီလေ။ မာန်က ကိုယ်နဲ့ မဆိုင်တဲ့ ကိစ္စတစ်ခုကို ဝင်ပတ်သက်တာလောက် မြင်ပြင်းကပ်တာ မရှိ။

'' ဒီမှာ တောင်တန်းပြာ မင်းကိုငါ ပြောချင်တာက တစ်ခုပဲ ရှိတယ်၊ မင်းနဲ့ကြယ်ဖြူနဲ့က ဘာမှပတ်သက်မှုမရှိဘူး၊ အိမ်နီးနားချင်းဆိုတဲ့ သက်ဆိုင်မှုလေးတစ်ခုပဲ ရှိတာ၊ အဲဒီအပေါ်မှာ မင်းဘက်က အခွင့်အရေးယူပြီး ဝင်စွက်ဖက်နေတာတွေ သိပ်များနေပြီ၊ နည်းနည်းတော့ ဆင်ခြင်ပေါ့ကွာ၊ ငါ့ချစ်သူ ဒုက္ခရောက်မှာမျိုးကိုတော့ ငါလည်း မဖြစ်စေချင်ပါဘူး ''

'' အေး ဟုတ်တယ် ကြယ်ဖြူက မင်းချစ်သူ၊ အေး ဒါပေမဲ့

ငါ့ဘက်က ကြည့်ရင်လည်း ကြယ်ဖြူဟာ ငါ့ချစ်သူပဲ၊ အဲဒီတော့ ငါချစ်တဲ့လူကို မင်းတို့အသိုင်းအဝိုင်းနဲ့ ပတ်သက်ပြီးတော့ ဒုက္ခရောက်တာမျိုး ထပ်မဖြစ်စေချင်တော့ဘူး၊ ငါ့ဘဝမှာ မင်းအစ်မကို ချစ်ခဲ့တုန်းကလည်း အလူးအလဲ ခံခဲ့ရဖူးပြီ၊ အဲဒီတော့ ငါ ချစ်တဲ့သူကို မင်းတို့အသိုက်အဝန်းနဲ့ မပတ်သက်စေချင်တာ ငါမှားလား မာန်ဝင့်ထည်''

" မင်း. . . အခု ကြယ်ဖြူ့ကို မင်းချစ်သူလို့ ပြောလိုက်တာလား၊ မင်းက ငါ့ချစ်သူကို ချစ်နေတယ်လို့ ပြောလိုက်တာလား''

" ဟုတ်တယ်လေ ငါ ကြယ်ဖြူ့ကို ချစ်တယ်၊ အဲဒါကို ငါက ဘယ်သူ့ဆီက ခွင့်ပြုချက် ယူနေရဦးမှာလဲ "

" ဟ ကြယ်ဖြူက ငါ့ရဲ့ တရားဝင်ချစ်သူကွ "

" ဘာလဲ တရားဝင်ချစ်သူပါဆိုပြီး စာချုပ်မှာ လက်မှတ်ထိုးထားလို့လားကွ "

မာန်ဒေါသတွေနှင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည်။ ဖြူနုသော အသားအရေတစ်ခုလုံး နီနီရဲလောက်အောင်ထိ သူ့စိတ်တွေ တင်းကျပ်လွန်းနေပြီ။

" မထိုးထားဘူးဆိုရင်တောင် ကြယ်ဖြူဟာ ငါ့တစ်ယောက်တည်းကိုပဲ ချစ်ရမှာကွ၊ မင်း သူ့ကို ချစ်နေတယ်ဆိုတာ ကြယ်ဖြူရော သိရဲ့လား၊ ကြယ်ဖြူသာသိရင် မင်းကို ဒီလိုမျိုး တရင်းတနှီးတောင်





နေမှာမဟုတ်ဘူးဆိုတာ မင်းသဘောပေါက် "

မာန့်ရဲ့ ဒေါသစကားကို တောင်တန်းပြာက မဲ့ပြုံးလေး တစ်ချက် ပြုံးလိုက်ပြီး

" ငါ သူ့ကို ချစ်နေတယ်ဆိုတာ ကြယ်ဖြူ မသိဘူးလို့ မင်းထင်နေတာလား "

" မင်း ဘာကိုပြောချင်နေတာလဲ တောင်တန်းပြာ "

" ငါ သူ့ကိုချစ်တယ်ဆိုတာ သူ သိတယ်၊ ငါကိုယ်တိုင် ဖွင့်ပြောပြခဲ့တာပဲ၊ ငါ ချစ်တဲ့သူကို ဒုက္ခတွင်းထဲ ဆက်ပြီး ဆင်းနေမှာစိုးလို့ ငါ့ခံစားချက်တွေ အားလုံးထုတ်ပြောပြပြီး တားမြစ်ခဲ့ဖူးတာပေါ့''

" ဘာ. . . မင်း. . . မင်းက ကြယ်ဖြူ့ကို ချစ်နေကြောင်း ဖွင့်ပြောပြီးပြီ ဟုတ်လား "

တောင်တန်းပြာက ခေါင်းတစ်ချက်သာ ညိတ်ပြလိုက်သည်။ အဲဒီအဖြေအတွက် မာန် တုန်လှုပ်သွားရ၏။

" ဒါဆို ကြယ်ဖြူ သူ့ကို ရည်းစားစကား ပြောထားတဲ့ လူတစ်ယောက်နဲ့ အိမ်တစ်လုံးထဲမှာ စိတ်ချလက်ချ နေနေတာပေါ့ ဟုတ်လား၊ ပြီးတော့ သူ့အခန်းထဲမှာလည်း ဒီလူကို ဘေးမှာထားပြီး အေးအေးဆေးဆေး အိပ်နေနိုင်တယ်ပေါ့၊ အဲဒီလိုလား "

" ဟော့ကောင် မင်းစကားတွေက တော်တော်တရားလွန်တာ

ပဲကွ၊ ငါက ကြယ်ဖြူလေးကို ချစ်တယ်ဆိုတာ သိပ်ကိုရိုးသားပြီး ဖြူစင်တယ်၊ ငါက လူတစ်ယောက် ခွင့်မပြုဘဲနဲ့ ဘာကိုမှ အတင်း အကျပ် ဖန်တီးယူတတ်တဲ့ လူမျိုးမဟုတ်ဘူးဆိုတာ မင်းမှတ်ထား ''

'' ဒါပေမဲ့ ကြယ်ဖြူက. . . ကြယ်ဖြူကတော့ ဒီလိုအနေ အထားမျိုးကို လက်မခံသင့်ဘူးလေ ''

'' ဒီလို အနေအထားမျိုးလို့ မင်းဘာလို့ ပြောရတာလဲ၊ တကယ်တော့ တစ်ယောက်နဲ့တစ်ယောက် ကြားမှာ ယုံကြည်မှုရှိနေရင် ဘာကိုမှ စိုးရိမ်နေစရာ မလိုဘူးကွ၊ အေး အဲဒီလိုပဲ မင်းသာ ကြယ်ဖြူ့ကို ယုံနေရင် ငါနဲ့သူနဲ့ တစ်အိမ်ထဲမှာ ရှိနေလည်း ဘာမှပူပန်နေစရာ မလိုဘူးကွ၊ ငါကတော့ ကြယ်ဖြူ့ရဲ့ကိုယ်ကျင့်သိက္ခာကိုရော ငါ့ကိုယ်ငါရဲ့ ကိုယ့်ကျင့်တရားကိုပါ ယုံတယ် ''

မာန် ဘာမှဆက်မပြောနိုင်တော့ပါ။ ကုလားထိုင်တစ်လုံး ပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိသည်။ တကယ်ဆို တောင်တန်း ပြာဟာ အကျင့်စာရိတ္တ ဆိုးဆိုးရွားရွား မရှိတာကို သူ အသိ၊ ကြယ်ဖြူ လေးက သူ့အပေါ်မှာ သစ္စာမဖောက်တာကို သူ အသိ၊ ဒါပေမဲ့ သူ့ရင်ထဲက မနာလိုဝန်တိုမှုတွေကိုတော့ ဘယ်လိုငြိမ်းသတ်ရပါ့မလဲ။

သူ့ရဲ့ သဝန်တိုမှု တစ်ခုတည်းနဲ့တော့ ကြယ်ဖြူအပေါ်မှာ ယုံကြည်ချက် မကင်းမဲ့စေရပါ။ သူ ကြယ်ဖြူ့ကို ယုံသည်။ ကြယ်ဖြူဟာ





သူ့အပေါ်မှာ ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်တဲ့ မိန်းကလေးပါ။

'' မင်း ဘာတွေတွေးနေတယ်ဆိုတာ ငါ နားလည်တယ် မာန်ဝင့်ထည်၊ မင်းစိတ်ချပါ၊ ငါဆိုတဲ့ကောင်ကလည်း ပိုင်ရှင်ခွင့်မပြုတဲ့ ဘယ်အရာကိုမှ အဓမ္မလုမယူဘူး၊ ငါ ကြယ်ဖြူ့နားမှာ နေနေပေးတယ် ဆိုတာလည်း ငါ့မေတ္တာသက်သက်နဲ့ သူ့ကို စောင့်ရှောက်ပေးတာပါ၊ အဲဒါကို မင်းလက်ခံရင် ငါတို့နှစ်ယောက် ဒီလိုမျိုး ပဋိပက္ခတွေ ဖြစ်နေစရာ မလိုဘူးလို့ ငါထင်တယ် ''

တောင်တန်းပြာရဲ့ အသံက တွေဝေတွန့်ဆုတ်ခြင်း နည်းနည်းမှ မရှိဟု ထင်ရလောက်အောင် ပြတ်သားသည်။ သူ့ဘက် ကလည်း ကိုယ့်ချစ်သူကို သူစိမ်းယောကျ်ားတစ်ယောက်နှင့် နီးနီး ကပ်ကပ် ရှိနေသည့်အတွက် သဝန်တိုနေမိသည်ကလွဲရင်

'' ဒီလိုဆိုရင် မင်း ငါ့ကို ယောကျ်ားစကားတစ်ခွန်းတော့ ပြောပါ၊ ကြယ်ဖြူ့ကို ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ညီမလေး တစ်ယောက်လိုပဲ စိတ်ထားပေးပါ့မယ်လို့လေ ''

မာန့်စကားကြောင့် တောင်တန်းပြာက အသံထွက် ရယ်မော လိုက်ပါသည်။ မာန် နည်းနည်းတော့ တင်းသွား၏။

'' ဆောရီးကွာ ငါက ကြယ်ဖြူလေးကို ညီမလေးတစ်ယောက် လို ချစ်တာမဟုတ်ဘူးကွ၊ ချစ်သူတစ်ယောက်လို ချစ်တာ ''

" ဟာ. . . မင်း. . . မင်းကွာ ငါက ငါ့ချစ်သူတစ်ယောက်လုံးကိုတောင် မင်းနဲ့နီးနီးနားနားမှာ ရှိနေမှာကို ခွင့်ပြုပေးရမယ့်ကောင်ပါကွ "

" ဩော်. . . မာန်ဝင့်ထည်ရယ် ငါ့စကားကိုလည်း ဆုံးအောင် နားထောင်ပါဦးကွာ၊ ငါ သူ့ကို တစ်ထောင့်ငါးရာအချစ်နဲ့ ချစ်နေပေမယ့် မင်းချစ်သူဖြစ်နေသရွေ့တော့ ငါ သူ့အပေါ်မှာ ဖြူဖြူစင်စင်နဲ့ ကာကွယ်စောင့်ရှောက်နေမှာပါ "

" ငါ့ချစ်သူဖြစ်နေသရွေ့ဆိုရင်တော့ မင်းတစ်သက်လုံးသာ ကြယ်ဖြူ့ကို ဖြူဖြူစင်စင်နဲ့ ဆက်ဆံပေတော့ "

တောင်တန်းပြာ ဘာမှပြန်မပြောတော့ပါ။ သွားတန်းလေးများ ပေါ်အောင်သာ တစ်ယောက်တည်း ခေါင်းတခါခါနှင့် ရယ်မောနေတော့သည်။

" နင်တို့နှစ်ယောက် ညှိခန်းထဲမှာ ဘာလုပ်နေကြတာလဲ"

အသံနှင့်အတူ အပေါ်ထပ် လှေကားထစ်များအတိုင်း ဇဝေဇဝါ မျက်နှာမျိုးလေးနှင့် ဆင်းလာသော ကြယ်ဖြူလေး၊

သူမ စိတ်ထဲမှာတော့ ဘယ်တော့မှ မတည့်ကြသည့် ယောကျ်ားနှစ်ယောက်က ညှိခန်းထဲမှာ အတူတူရှိနေခြင်းအား ထူးဆန်းနေပါသည်။ ပြီးတော့ တောင်တန်းပြာက ရယ်တောင်မှ ရယ်နေ





သေးသည်လေ။ အဲဒါဟာ တကယ့်ကို ထူးဆန်းမှုပင် ဖြစ်သည်။ တောင်တန်းပြာက သူမကို ဒုက္ခမတွေ့စေချင်လို့ မာန်နဲ့ မပတ်သက်စေချင်သူ။ မာန်ကလည်း ကြယ်ဖြူလေးအား သူ့ချစ်သူဆိုတဲ့ ခေါင်းစဉ်အောက်မှာ တောင်တန်းပြာ အပါအဝင် ဘယ်ယောကျ်ားကိုမှ အကပ်မခံစေချင်သူ။

အဲဒီလို လူနှစ်ယောက်က တစ်နေရာတည်းမှာ ထိုင်ပြီး ရယ်မောနေသည်ဆိုတာ ဖြစ်ရောဖြစ်နိုင်ပါရဲ့လား။

" ပြောလေ နင်တို့နှစ်ယောက် ဘာလုပ်နေကြတာလဲလို့"

သူမက ဒုတိယတစ်ခါ ထပ်မေးမှပင် ဖိုးပြာက မတ်တပ်ထရပ်ကာ သူမနားသို့ လျှောက်လာပြီး

" နင်နိုးပြီဆိုရင် စာလုပ်ကြတော့လေ၊ ငါ အောက်ထပ်မှာ ဦးကျော်ကြီး ပြန်လာတဲ့ထိ စောင့်နေပေးမယ်၊ နင်လိုတာရှိရင် အောက်ကိုသာ လှမ်းအော်လိုက် "

တောင်တန်းပြာရဲ့ စကားအသွားအလာကို မာန် ရိပ်စားမိပါသည်။ ဒါဟာ မာန်နဲ့ကြယ်ဖြူနဲ့ကို အိမ်တစ်လုံးထဲမှာ နှစ်ယောက်တည်း ရှိမနေစေချင်ဘူးဆိုတဲ့ သဘောပေါ့၊ သူက စိတ်မချလို့ အောက်မှာ ရှိနေပါတယ်ဆိုတဲ့ သဘောပေါ့။

မာန်က တောင်တန်းပြာကို မျက်ထောင့်နီကြီးနှင့် လှမ်းကြည့်

လိုက်မိသော်လည်း တောင်တန်းပြာကတော့ ပြုံးလျက်သာ နေပါသည်။

" တောင်တန်းပြာက နင့်ကို ဘာတွေပြောထားသေးလဲ ကြယ်ဖြူ "

ကြယ်ဖြူ့အခန်းထဲ ရောက်သည်နှင့် သူ မလိုမုန်းတီးစွာ မေးမိသည်။ ကြယ်ဖြူ့မျက်နှာလေး အနည်းငယ် ပျက်ယွင်းသွားသည်ဟု သူ ထင်လိုက်မိ၏။

" နင် ဘာကိုသိချင်တာလဲ မာန် "

" ငါသိချင်တာတွေကတော့ အများကြီးပဲပေါ့ ကြယ်ဖြူရယ်၊ ဒါပေမဲ့ ငါက နင်ပြောပြသလောက်ပဲ သိခွင့်ရှိမှာပါ "

မာန့်မျက်နှာလေးက သနားစဖွယ် ချောမောလျက်ရှိသည်ကို သူမက မြတ်နိုးစွာကြည့်လျက် သူ့လက်တစ်ဖက်ကို ဆွဲယူဆုပ်ကိုင်လိုက်သည်။

" အေးဆေးပေါ့ဟာ လောလောဆယ်တော့ ငါတို့ စာလုပ်ကြရအောင်နော်၊ မနက်ဖြန် စာမေးပွဲလေ၊ ငါးဘာသာပဲ ကျန်တော့တာ သေချာလေးလုပ်မှ အောင်မှာပေါ့ဟာ၊ စာမေးပွဲတွေ ပြီးသွားတော့မှပဲ ငါတို့ စကားတွေ တဝကြီး ပြောကြမယ်လေနော် "

မာန်က သူမစကားကို စောဒက တက်ချင်သော်လည်း မငြင်းသာသည်မို့ စာကြည့်စားပွဲတွင် ဝင်ထိုင်လိုက်ရသည်။





စာမေးပွဲရက် တစ်လျှောက်လုံး မာန့်ကို ကြယ်ဖြူက တခြား စကားများ ပြောခွင့်မပြုဘဲ သင်ခန်းစာများကိုသာ တစိုက်မတ်မတ် လုပ်စေခဲ့၏။ သူမကိုယ်တိုင်လည်း တခြား ဘာကိုမှ မတွေးမိအောင် ထိန်းချုပ်လျက် စာထဲမှာသာ အာရုံနှစ်ထားခဲ့ရသည်။

မာန်နဲ့ဖိုးပြာတို့ ဘာတွေများ ပြောဖြစ်သွားတာလဲလို့ တွေးမိတိုင်းလည်း သူမ နှလုံးသားက တဒုတ်ဒုတ်နှင့် တုန်ယင်လာတတ်၏။ မာန့်ကို သောကမများစေချင်သလို ဖိုးပြာကိုလည်း မခံစားရစေချင်ပါ။ သူမကိုယ်တိုင်ကတော့ ဖိုးပြာကို မချစ်နိုင်တာ သေချာပေမယ့်လည်း သူငယ်ချင်းတစ်ယောက်အနေနှင့်တော့ ဖိုးပြာ ခံစားနေရမှာကို ကြည့်မနေရက်ပါ။

ပြီးတော့ ဖိုးပြာ ပြောသမျှတွေကလည်း သူမကို စိတ်ညစ်ရမှာစိုးလို့ ဒုက္ခရောက်မှာစိုးလို့ တားမြစ်ခဲ့ခြင်းတွေပဲ။ တကယ်တော့ ဖိုးပြာမှာလည်း ဘာအပြစ်မှ မရှိပါဘူးလေ။

" သမီးလေး နောက်ဆုံးတစ်ရက်ပဲ ကျန်တော့တယ်နော်၊ တော်တော်လေး ပင်ပန်းနေပြီလား "

အိပ်ရာဝင်ခါနီးတိုင်း ဖေဖေ့ကို ကန်တော့နေကျမို့ ဒီညလည်း ဖေဖေက ဆုပေးရင်းနှင့် သူမခေါင်းလေးကို ပွတ်လျက် ကြင်နာစွာ စကားဆိုလာသည်။

" ပင်ပန်းတာကတော့ ပင်ပန်းတာပေါ့ ဖေဖေရယ်၊ ဒါပေမဲ့ ကြယ်ဖြူ ခံနိုင်ပါတယ် "

" ဖေဖေက သမီးကို ဘာမှမကူညီနိုင်ဘူး ဖြစ်နေတာတော့ ဝမ်းနည်းပါတယ် သမီးရယ် "

" ဖေဖေနဲ့တူတူ ရှိနေတာကိုက သမီးအတွက် အားဖြစ်စေပါတယ် ဖေဖေရဲ့ "

" ဒါပေမဲ့လေ သမီးမိန်းကလေးဆိုတာ အမေလုပ်တဲ့သူနဲ့ပဲ ပိုပြီးရှိနေသင့်တယ်ဆိုတာ ဖေဖေ သိပါတယ်၊ တစ်ခါတစ်ခါကျတော့လည်း သမီးကို ကလောထိ ခေါ်ခဲ့ရတာ ဖေဖေ စိတ်မကောင်းဘူး၊ သမီးမေမေနဲ့တူတူသာ ထားခဲ့ရင် သမီးလေးလည်း ပိုပြီးလုံလုံခြုံခြုံ ခံစားရမှာ သေချာတယ် "

" မဟုတ်ပါဘူး ဖေဖေရယ်၊ ကြယ်ဖြူ့ဘေးမှာ ဖေဖေက အချိန်ပြည့်ရှိမနေပေးပေမယ့် ကြယ်ဖြူ့အတွက်ကတော့ လုံခြုံပါတယ်၊ မေမေနဲ့ဖေဖေက ကြယ်ဖြူ့အတွက်တော့ တူတူပါပဲ "

" ကဲ ကဲ သမီးလည်း အိပ်တော့၊ မနက်ထဖို့ နှိုးစက်ရော ပေးပြီးပြီလား "

" ပေးပြီးပါပြီ ဖေဖေ "

သူမက ဖေဖေ့ပါးကို တစ်ချက်နမ်းလျက် ဖေဖေ့အခန်းထဲမှ





ထွက်ရန် ပြင်လိုက်သည်။

" ဩော် သမီး ခဏနေဦး အရေးကြီးတာကို ဖေဖေက ပြောဖို့မေ့နေတယ် "

" ဘာများလဲ ဖေဖေ "

" သမီးမေမေက ညနေက သမီးစာလုပ်နေတုန်း ဖုန်းဆက်တယ်၊ စာမေးပွဲပြီးရင် သမီးကို သူ့ဆီ ခဏလွှတ်ပေးဖို့ လှမ်းပြောတာလေ "

" ဟုတ်လား ဖေဖေ၊ ဒါပေမဲ့ ကြယ်ဖြူက မေမေ့အိမ်မှာ မနေချင်ဘူး "

" ဖေဖေ သိပါတယ် ဖေဖေလည်း ပြောပြလိုက်ပါတယ်၊ သမီးက နေချင်မှာ မဟုတ်ဘူးလို့ ဒါပေမယ့် သမီး မနေချင်တာက ကိုဇော်ထိုက်ရှိနေလို့ မဟုတ်လား၊ နောက်သုံးရက်လောက်နေရင် ကိုဇော်ထိုက်က အလုပ်ကိစ္စတစ်ခုနဲ့ ခရီးတစ်လလောက် ထွက်ရမှာတဲ့၊ အဲဒါကြောင့် သမီးလေး လွတ်လွတ်လပ်လပ် သွားနေနိုင်ပါတယ် "

" အင်း ဒီလိုဆိုရင်တော့ ကောင်းပါတယ် ဖေဖေ၊ ကြယ်ဖြူလည်း မေမေနဲ့တွေ့ချင်နေတာ အတော်ပဲပေါ့ "

မာန့်ကိုတော့ အကျိုးအကြောင်း ပြောပြပြီး ချန်ရစ်ခဲ့ရဦးမည်။ မာန်က စာမေးပွဲပြီးလျှင် သူ့အိမ်က လူကြီးတွေကို သူမတို့နှစ်ယောက်

အကြောင်းစုံ ဖွင့်ပြောပြလိုက်မယ် တဲ့၊ သူ့မျက်နှာကတော့ ဘာကိုမှ စိုးရိမ်ပူပန်မှု မရှိသည့် မျက်နှာမျိုးနှင့် ဖြစ်သည်။

ကြယ်ဖြူကတော့ မာန့်အိမ်က လူတွေနှင့် မျက်နှာချင်းဆိုင်ရမည်လို့ တွေးမိလိုက်တိုင်း ထိတ်လန့်စိတ်များဖြင့် တစ်ကိုယ်လုံး မွန်ထူလာတတ်သည်။ ဖိုးပြာ ပြောပြထားသည့် ကိုယ်တွေ့အကြောင်းအရာတွေကလည်း သူမရဲ့ စိတ်တွေကို အမြဲလိုလို နှိပ်စက်နေကြ၏။

မာန်နဲ့သူမအကြောင်းကို မာန့်အိမ်က သိသွားရင်ရော ဖိုးပြာနဲ့အိန္ဒြေနဲ့တုန်းကလိုပဲ ခွဲပစ်ကြဦးမှာလား။ ဒီတိုင်းတော့ ကြည့်မနေမှာ သေချာပါသည်။ မာန်က အိမ်က လူတွေနှင့် သိပ်ပြီးရောရောထွေးထွေး မနေဘူးဆိုပေမယ့်လည်း မာန်ဝင့်ထည်ဆိုတာ သူတို့အိမ်ရဲ့ နောက်ဆုံးကျန်သော သားယောက်ျားလေးတစ်ယောက် ဖြစ်နေသေးသည်လေ။

ဒီလိုအခြေအနေကို မာန်က အလွယ်တကူနဲ့ ရုန်းထွက်နိုင်ပါ့မလား။ မာန်က ရုန်းထွက်နိုင်တယ်ဆိုရင်ရော သူမက မာန်နဲ့တူတူအရာရာကို ရင်ဆိုင်ရဲတဲ့ သတ္တိမျိုးတွေ ရှိနေလို့လား။ ကိုယ့်မေးခွန်းနှင့်ကိုယ် စိတ်ရှုပ်ထွေးစွာပင် မျက်လုံးများကို စွတ်မှိတ်ပစ်လိုက်၏။

ဘယ်လိုပဲဖြစ်ဖြစ် စာမေးပွဲက နောက်ဆုံးတစ်ရက် ကျန်နေသေးသည်။ ဒီတစ်ရက်လေးကိုတော့ သူမ စိတ်တွေ ရှုပ်ထွေးစွာနှင့် အရှုံးမပေးလိုပါ။ ဒီစာမေးပွဲကို ကောင်းကောင်းမွန်မွန် ဖြေဆိုပြီးဆုံး





သွားနိုင်မှ ဖေဖေလည်း စိတ်အေးရမည်။ ရှုပ်ယှက်ခတ်နေသော အတွေးများစွာကို မောင်းထုတ်ပစ်လျက် အိပ်ပျော်ရန်သာ အာရုံပြုထားလိုက်တော့၏။

■ ■ ■

## အခန်း (၁၀)

" မသွားပါနဲ့လို့ ငါ မတားချင်ပါဘူး၊ ဒါပေမဲ့ နင့်ကိုငါ မခွဲနိုင်ဘူး "

မာန့်လေသံက တိုးတိုးညှင်းညှင်းလေးနှင့် ခုချက်ချင်းပဲ ငိုချလိုက်တော့မလိုမို့ ကြယ်ဖြူလေးက မာန့်လက်တစ်ဖက်ကို ဆွဲကိုင်လိုက်ကာ သက်ပြင်းလေးတစ်ခု ချလိုက်မိသည်။ 'မာန်ဝင့်ထည်မှ မဟုတ်တော့သလိုပဲ' လို့လည်း ရေရွတ်လိုက်မိသည်။

" မသိဘူးဟာ မာန်ဝင့်ထည်လည်း လူပဲ၊ ခံစားတတ်တာပေါ့၊ အဲဒါကြီးကိုတော့ ဟန်မဆောင်ထားနိုင်ပါဘူး "

" နင့်ကို ဟန်မဆောင်ခိုင်ပါဘူးဟာ၊ ဒါပေမဲ့ နင်က အဲဒီလိုမျိုးကြီး ဖြစ်နေတော့ ငါက သွားရမှာ ဘယ်စိတ်ဖြောင့်ပါ့မလဲ "





သူမရဲ့ ရင်ထဲမှာလည်း မာန့်ကို အရမ်းလွမ်းနေမှာ သေချာနေပါသည်။ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲ။

" ငါလည်း သိပ်ကြာမှာ မဟုတ်ပါဘူး မာန်ရယ်၊ ပြီးတော့ နင့်ကိုလည်း အရမ်းကို သတိရနေမှာပါ "

" သတိရနေရုံပဲလား "

တစ်ခါတလေကျပြန်တော့လည်း မာန်ဟာ ရုပ်တည်ကြီးနှင့် ကလေးဆန်နေတတ်ပြန်ပါသည်။ အဲဒါကြောင့်ပဲ သူမ ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိ၏။

" နင်ဟာလေ ကလေးကျနေတာပဲ တော်တော်ဂျီကျချင်တယ်၊ ကဲပါ သတိရရုံတင် မကပါဘူး၊ လွမ်းနေမှာ. . . လွမ်းနေမှာ ကျေနပ်ပြီလား "

ယုအခါမှ မာန့်မျက်နှာက ပြုံးဝေသွားလျက် သူမ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပါသည်။ သူမ နည်းနည်းတော့ လန့်သွားမိ၏။ ဒီနေရာက မာန်နဲ့သူမတို့နှစ်ယောက် တွေ့နေကျ တောအုပ်အစပ်လေး မဟုတ်လား၊ ဘယ်သူတစ်ဦးတစ်ယောက်ကမှ အကြောင်းကိစ္စ တစ်စုံတစ်ရာ မရှိပါဘဲ ဒီလိုနေရာမျိုးကို မလာတတ်ကြဘူး မဟုတ်လား၊ အဲဒီလို နေရာမျိုးမှာ မာန်နဲ့နှစ်ယောက်တည်း ရှိနေခြင်းသည် ကြယ်ဖြူလေးအတွက်တော့ ရင်ခုန်ထိတ်လန့်ခြင်းတွေနဲ့ ပြည့်နှက်

နေခဲ့မိရပြီပေါ့။

" အဲဒီလို အလွမ်းတွေကို ဖြေသိမ့်နိုင်ဖို့အတွက် နင့်ကိုငါက လက်ဆောင်တစ်ခု ပေးလိုက်မယ်လေ၊ နင် လက်ခံမယ် မဟုတ်လား"

မာန့်အကြည့်များက စူးရှလွန်းစွာ နက်ရှိုင်းနေကြသည်။ ခုနကလိုမျိုး ကလေးဆန်သော မာန်မဟုတ်တော့ပါ။

" နင် ဘာလုပ်မလို့လဲ မာန် "

" မျက်လုံးလေးပဲ ခဏလောက် မှိတ်ထားပေးပါ "

အသံက တကယ့်ကို နှစ်ကိုယ်တည်း ကြားလောက်ရုံ တိုးတိုးလေး၊ ဒါပေမဲ့ သူမ နားထဲမှာတော့ တုန်ခါမှုနှုန်းက တော်တော်လေး ပြင်းထန်သွားခဲ့သည်။ မာန်က ကြယ်ဖြူလေးကို နမ်းမလို့ များလား။ ကိုယ့်ဘာသာ လျှောက်တွေးနေမိပြီးမှ ကိုယ့်အတွေးနဲ့ကိုယ် ပြန်ရှက်မိသွား၏။ ရင်ဘတ်တစ်ခုလုံးလည်း နေစရာမရှိလောက်အောင်ကို ခုန်လှုပ်နေကြ၏။

" နင်ဘာလုပ်မလို့လဲဆိုတာ ပြောပါ မာန်ရယ် "

" ဘာပဲလုပ်လုပ်ဟာ နင့်ကို နစ်နာအောင်လုပ်မှာ မဟုတ်ဘူး ဆိုတာတော့ နင်ယုံတယ်မဟုတ်လား "

သေချာမစဉ်းစားမိသေးခင်မှာပင် သူမရဲ့ ဦးခေါင်းက အလိုလို ညိတ်ပြလိုက်မိပြီးသား ဖြစ်၏။ မာန် ပြုံးလိုက်တာကို သူမ တွေ့လိုက်





ရခြင်းသည် မျက်လုံးများ မမှိတ်လိုက်ခင် နောက်ဆုံးမြင်ကွင်းပါပဲ။

သူမ ပထမဆုံး ခံစားလိုက်ရတာက နဖူးပြင်ပေါ်မှ နွေးနွေးလေး ဖြတ်သန်းသွားသော လေရဲ့အထိအတွေ့၊ ပါးပြင်ပေါ်သို့ နစ်ဝင်သွားသော နူးညံ့မှုတစ်ခု၊ နောက်ဆုံးတော့ အလွန်တရာ သိမ်မွေ့စွာနှင့် ဆွဲဆောင်မှုရှိသည့် နှုတ်ခမ်းထက်မှ ချိုမြိန်သည့် အရသာ၊ အားလုံး ပေါင်းစပ်လိုက်သောအခါ သူမဘဝအတွက် ပထမဆုံးအကြိမ် အနမ်းသေးသေးတစ်ခု ဖြစ်လာခဲ့၏။

မာန့်ရင်ခွင်ထဲမှာ သူမခေါင်းလေးကို ငုံ့ဝင်ကွယ်ထားလိုက်တော့ မာန်ကလည်း အလိုက်သင့်လေး ပြန်ဖက်ထားပေးပါသည်။ အဲဒီညနေဟာ သူမတို့နှစ်ယောက်အတွက် အမှတ်တရတွေနဲ့ ပျော်ရွှင်လှိုက်မောစရာ ဖြစ်နေခဲ့သော်လည်း ထိုမြင်ကွင်းတွေကို ခပ်လှမ်းလှမ်း တစ်နေရာကနေ နာကျင်စွာ စောင့်ကြည့်နေခဲ့သော လူတစ်ယောက် ရှိနေခဲ့ပါသည်။

" ရက်စက်လိုက်တာ ကြယ်ဖြူလေးရယ် "

ဖိုးပြာနှုတ်ဖျားကနေလည်း ထိုအတိုင်း ခပ်တိုးတိုး ထွက်ကျလာ၏။ ဒီပုံစံအတိုင်းသာ သူတို့နှစ်ယောက် ဆက်သွားနေလျှင် သိပ်မကြာတော့တဲ့ တစ်နေ့နေ့မှာတော့ ကြယ်ဖြူ့ကို မာန်ဝင့်ထည်တို့ဘက်ကနေ အမျိုးမျိုး နှောင့်ယှက်တော့မယ်ဆိုတာ သူ့အလိုလို

သိနေသလိုပါပဲ။

ကြယ်ဖြူလေးကို သူ့လိုမျိုး သောကတွေနဲ့ ရင်မဆိုင်ရစေချင်ပါ။ သူပြောပြသည့် စကားများကိုလည်း ကြယ်ဖြူက နားမထောင်သောကြောင့် ဖိုးပြာမှာ တစ်ယောက်တည်းနှင့် စိတ်ပျက်လက်ပျက်ဖြစ်နေရသည်။ ဒါကြောင့်လည်း ကြယ်ဖြူတစ်ယောက် စာမေးပွဲနှင့် အလုပ်ရှုပ်နေသော ကာလအတွင်း ကြယ်ဖြူ့ဖေဖေကို မာန်ဝင့်ထည်နှင့် ကြယ်ဖြူတို့ ပတ်သက်နေကြသည့် အနေအထားအမှန်များကို ဖွင့်ပြောပြခဲ့မိခြင်းပါပဲ။

ဒါဟာ တစ်ကိုယ်ကောင်းဆန်မှုတစ်ခုလို့လည်း စွပ်စွဲချင် စွပ်စွဲနိုင်ပါတယ်။ သေချာတာကတော့ ဖိုးပြာရင်ထဲမှာလည်း မာန်ဝင့်ထည်ထက် မလျော့တဲ့ ချစ်ခြင်းတွေဟာ ကြယ်ဖြူ့အတွက် ရှိနေတယ်၊ ဒါကို ကြယ်ဖြူကိုယ်တိုင်လည်း မြင်နေလျက်သားနဲ့။

× × ×

" နင်ကတော့ နင့်အမေနဲ့ သွားနေရမှာမို့လို့ ဝမ်းသာနေမှာပေါ့ ဟုတ်လား "

" အဲဒီလောက်ကြီးတော့လည်း မဟုတ်ပါဘူးလေ၊ ဒီမှာက ဖေဖေ့ကို တစ်ယောက်တည်း ထားခဲ့ရမှာ မဟုတ်လား၊ ငါ အကြာကြီး မနေပါဘူး "





ကြယ်ဖြူလေး စကားများကို နားထောင်ပြီး တောင်တန်းပြာက ခပ်ဟဟ ရယ်လိုက်လေသည်။

" နင်က ဘာရယ်တာလဲ ဖိုးပြာ "

" မဟုတ်ပါဘူးဟာ နင်အကြာကြီး မနေနိုင်တာက ဦးကြောင့်မှ ဟုတ်ရဲ့လား၊ နောက်ထပ် တစ်ယောက်ယောက်များ အကြောင်းပြစရာ မရှိတော့ဘူးလား "

" နင်နော် ဘာကိုပြောချင်နေတာလဲ ဖိုးပြာ "

သူမရဲ့ မျက်စောင်းလှလှလေးတစ်ခုကို ဖိုးပြာက ရယ်ရယ်မောမောနှင့်ပင် လက်ခံလိုက်ပါသည်။

" သိလျက်သားနဲ့ ဘာဖြစ်လို့ ဟန်ဆောင်နေတာလဲ ကြယ်ဖြူရယ် "

ရယ်မောနေသော ဖိုးပြာမျက်နှာက ချက်ချင်းပင် တည်သွားပါသည်။ တည်သွားသည်ဆိုတာထက် ကြေကွဲရိပ်တွေ သမ်းသွားသည်ဆိုက ပိုမှန်ပါလိမ့်မည်။ အဲဒီလို မျက်နှာထားမျိုးကြောင့်လည်း ကြယ်ဖြူလေးဟာ ဘာဆက်ပြောလို့ ပြောရမည် မသိနိုင်လောက်အောင် ငြိမ်သက်သွားမိ၏။

ဖိုးပြာဘက်က သူမကို ချစ်နေသည်ဆိုတာ ကောင်းကောင်း နားလည်ပါသည်။ ဒါပေမဲ့ အဲဒါကြီးကို သူမက မတုံ့ပြန်နိုင်သောအခါ

ဖိုးပြာနှင့် မျက်နှာချင်းဆိုင်ရတိုင်း ကိုယ့်ဘာသာ မလုံမလဲဖြစ်နေရသော အချိန်တွေကသာ ပိုများလာလေသည်။ ခုလည်း သူမ တိတ်ဆိတ်စွာ ငြိမ်သက်နေမိ၏။

" ငါပြောချင်တာတွေ အများကြီး ရှိတယ် ကြယ်ဖြူရယ်၊ ဒါပေမဲ့ နင်က ငါ့စကားတွေကို ဘယ်လိုမှ နားဝင်မှာ မဟုတ်ဘူး ငါလေ. . . "

" မပြောပါနဲ့တော့ ဖိုးပြာ၊ နင်ပြောချင်တာတွေကို ငါသိပါတယ်၊ ဒါပေမဲ့ မာန်နဲ့ငါက အသက်ငယ်သေးတဲ့ ဆယ်ကျော်သက်အရွယ်တွေဆိုပေမယ့် ငါတို့အချစ်ကို ငါတို့နားလည်တယ်၊ ငါတို့နှစ်ယောက် ဘာတွေပဲဖြစ်ဖြစ် ရင်ဆိုင်မှာပါ "

နင်က ရင်ဆိုင်ရဲပေမယ့် ငါကတော့ နင်ခံစားရမယ့် သောကတွေကို မမြင်ချင်ဘူး ကြယ်ဖြူ၊ အဲဒါတွေကြောင့်လည်း နင်နဲ့မာန်နဲ့ ဝေးသွားကြမှာမျိုးကိုပဲ ငါလိုလားတယ်၊ ငါ့အတ္တလေး နည်းနည်းပါတာကိုတော့ နင်ခွင့်လွှတ်ပေါ့ဟာ။

× × ×

" ကြယ်ဖြူလေးရှိလား ဦး "

" ရှိတယ် သား အခန်းထဲမှာ ယူသွားမယ့် ပစ္စည်းတွေ ပြန်စစ်နေတယ်လေ "





ညနေကျရင် ကြယ်ဖြူက ရန်ကုန်ကို ပြန်တော့မည်မို့ ဖိုးပြာက လာရောက်နှုတ်ဆက်တယ်လို့ပဲ ထင်မှတ်နေမိသော ကြယ်ဖြူ့ဖေဖေမှာ ဖိုးပြာ ဆက်ပြောလိုက်သော စကားကြောင့် အံ့ဩသွားရ၏။

" သားလည်း ရန်ကုန်ကို ကိစ္စတစ်ခုနဲ့ သွားစရာပေါ်လာလို့ ကြယ်ဖြူလည်း တစ်ယောက်တည်း ဖြစ်နေတော့ တူတူသွားဖို့ လာပြောတာပါ ဦး "

" ဟေ. . . ရုတ်တရက်ကြီးပါလားကွ "

" ဟုတ်တယ် ဦး မေမေက ရန်ကုန်က သူ့အစ်ကိုဆီကို အလုပ်ကိစ္စတစ်ခုနဲ့ သွားစေချင်နေတာလေ၊ ကျွန်တော့်ကိစ္စက တစ်ပတ်လောက် လိုသေးပေမယ့် ကြယ်ဖြူလည်း သွားမယ်ဆိုတော့ အဖော်လည်းရသွားအောင် တူတူပဲ သွားလိုက်မလားလို့ တွေးမိလို့ပါ"

" ကောင်းသားပဲကွ ဒါဆို မင်းက ဘာနဲ့သွားမှာလဲ "

" ကျွန်တော်လည်း ခုပဲ ကားလက်မှတ် ဖြတ်လာခဲ့ပါတယ်"

" တော်သေးတယ်ကွာ ဦးက သမီးလေးကို တစ်ယောက်တည်း လွှတ်ချင်တာ မဟုတ်ဘူးကွ ရန်ကုန်ထိ ဦးလိုက်ပို့ဖို့ကလည်း ဒီမှာက တာဝန်ကြီးတစ်ဖက်နဲ့ ဖြစ်နေတယ်လေ၊ ခုလိုမျိုး မင်းက အဖော်အဖြစ် ပါသွားမယ်ဆိုတော့ ဦး စိတ်ချသွားပါပြီ "

" စိတ်ချပါ ဦး ကြယ်ဖြူ့ကို ကျွန်တော် သေချာစောင့်ရှောက်

မှာပါ ''

အခန်းထဲမှာ အပေါက်ဝကို ကျောပေးလျက် ပစ္စည်းများ ထည့်နေသော ကြယ်ဖြူမသိအောင် ဖိုးပြာက ခြေဖျားထောက်ဝင်လျက် နောက်ဘက်ကနေ မျက်လုံးများကို သူ့လက်ဖဝါးများဖြင့် ပိတ်ပစ်လိုက်သည်။

ဟင်. . . ဘယ်လိုဖြစ်တာလဲ၊ ကြယ်ဖြူ့ကို နောက်ချင်သောကြောင့် အနောက်ဘက်ကနေ မျက်စိမှိတ်လိုက်သော ဖိုးပြာလက်များတွင် အရည်များဖြင့် စိုရွှဲသွားသည်။ ကြယ်ဖြူက သူမဦးခေါင်းကို ခါရမ်းကာ ဖိုးပြာလက်များကို ဆွဲဖယ်ချပစ်လိုက်သည်။

နောက်တော့ ဖိုးပြာဘက်သို့ ဖြည်းညှင်းစွာ မော့ကြည့်၏။ မျက်လုံးအိမ်ထဲတွင် ပြည့်လျှံနေသော မျက်ရည်ကြည်တို့က ဖိုးပြာ ထင်ထားသည့်အတိုင်းပင် ဖြစ်သည်။

'' နင် ငိုနေတယ်ပေါ့လေ ကြယ်ဖြူ ဘာဖြစ်လို့လဲ ''

သူမက မျက်ရည်များကို လက်ခုံဖြင့် ပွတ်သုတ်လိုက်ရင်း ဖိုးပြာကို ပြုံးကြည့်လိုက်သည်။ သူမ ဘယ်လိုပြန်ဖြေရပါ့မလဲ၊ မာန့်ကို ထားခဲ့ရမှာမို့လို့ အဲဒီမျက်ရည်တွေ ကျလာရပါတယ်ဆိုပြီး အမှန်အတိုင်းပဲ ဖြေလိုက်ရမှာလား၊ အဲဒီလိုသာ ဖြေလိုက်မိရင် ဖိုးပြာ ခံစားသွားရမှာတော့ သေချာပါသည်။





ထို့ကြောင့်ပင်

'' နင်တို့ကို ထားခဲ့ရတော့မှာမို့လို့ ငိုမိတာပေါ့ဟ ''

သူမ သိပါသည်။ အဲဒီလို လိမ်လည်လိုက်ပေမယ့်လည်း ဖိုးပြာ မယုံကြည်ဘူးဆိုတာကိုပေါ့။ သူမကို မျက်မှောင်ကြီးကျုံ့လျက် စူးစိုက်ကြည့်နေပါသည်။ ဒါပေမဲ့ ကြယ်ဖြူ့စကားကို သူ မယုံကြည်ဘူးလို့တော့ သူ မပြောပါ။ မျက်နှာကို အတတ်နိုင်ဆုံး ပြုံးလိုက်တာ သူမ မြင်လိုက်ရ၏။

'' ရန်ကုန်ရောက်ရင်လည်း နင်က ငါ့ကို သတိရလို့ဆိုပြီး ငိုချင်ငိုနေဦးမယ်ဆိုတာ ငါကြိုသိနေတယ်လေ၊ ဒါကြောင့် ညနေကျရင် ငါက နင်နဲ့တူတူ ရန်ကုန်လိုက်မှာဟ ''

ဖိုးပြာကို မော့ကြည့်လျက် ကြယ်ဖြူ့မျက်လုံးလေးများ ပြူးကျယ်သွားရ၏။ ဖိုးပြာက သူမဘေးတွင် ကပ်ထိုင်လိုက်ပါသည်။

'' ယုံတယ် မဟုတ်လား ''

'' ဟင့်အင်း မယုံပါဘူး ''

မျက်လုံးလေးများ ဝိုင်းစက်လျက် အံ့သြနေရာကနေ သူမက ချက်ချင်းလိုလိုပင် ခေါင်းခါပြကာ ငြင်းလိုက်၏။ ဖိုးပြာက သူမ ခေါင်းလေးကို အုပ်ကိုင်လျက် ပွတ်သပ်လိုက်ပြီး ရယ်နေပါသည်။

'' ငါ့ကို လာနောက်မနေနဲ့နော် နင့်လက်ကြီးကို ဖယ်စမ်း

ပါဟာ ''

သူမခေါင်းကို အုပ်ကိုင်ထားသော ဖိုးပြာလက်များအား သူမက ပုတ်ချပစ်လိုက်ရင်း ဘုပြောလိုက်၏။ ဒါပေမဲ့ ဖိုးပြာမျက်နှာက ပျက်မသွားပါ။ ကြယ်ဖြူအခန်းထဲသို့ ဝင်လာသော ဖေဖေကတော့ သူမရဲ့ အသံကြောင့် မျက်ထောင့်နီကြီးနှင့် လှမ်းကြည့်လိုက်ပါသည်။

'' သမီး ဘယ်လိုဖြစ်လို့ မောင်တောင်တန်းပြာကို အဲဒီလို လေသံနဲ့ အော်ရတာလဲ၊ ဖေဖေ လုံးဝမကြိုက်ဘူးနော် ''

'' တွေ့လား နင် ငါ့ကို လာစလို့ ခု အဆူခံရပြီ ''

'' ဟောဗျာ ဦး သမီးက ကျွန်တော့်ကို လာရမ်းနေပါလားဗျ သူ့ကိုလည်း ကျွန်တော်က လိုက်ပို့ပေးရဦးမယ် ''

ဖိုးပြာက ဖေဖေ့နားသို့ ပြေးကပ်လိုက်ကာ ကလေး တစ်ယောက်လို တိုင်လိုက်၏။ ဖေဖေက သူ့ပခုံးတစ်ဖက်ကို ဖက်လျက် သူမနားသို့ လျှောက်လာပြီး

'' သမီးနဲ့တူတူ ညနေကျရင် မောင်တောင်တန်းပြာက ရန်ကုန်ကို လိုက်လိမ့်မယ် ''

'' ဟင် အဲဒါ တကယ်ပြောနေတာလား ''

'' ဟုတ်တယ် ကြယ်ဖြူ ငါ့ဦးလေးဆီကို အလုပ်ကိစ္စနဲ့ သွားရမှာလေ၊ နောက်တစ်ပတ်လောက်နေမှ သွားရင်လည်း ရပေမယ့်





ခုတစ်ခါတည်း နင်နဲ့လိုက်လိုက်တော့ နင်လည်း အဖော်ရတာပေါ့''

'' ဟား ကောင်းလိုက်တာ ဖိုးပြာရယ် ငါက တစ်ယောက်တည်း ခရီးသွားရမှာကို အရမ်းပျင်းနေတာဟ ''

'' သိတယ်လေ ဒါကြောင့် ငါက အပင်ပန်းခံပြီး လိုက်ပေးမှာပေါ့ ''

'' အောင်မာ နင့်ကိစ္စရှိလို့ပါနော် ''

'' ကိစ္စက နောက်တစ်ပတ်နေမှ သွားရင်လည်း ရတယ် လေဟာ၊ ငါက နင့်အတွက် စဉ်းစားပေးတာနော်၊ နင့်အတွက် အဲဒီလိုမျိုး ဘယ်သူက စဉ်းစားပေးလို့လဲ ''

ထိုစကားကတော့ မာန့်ကို ရည်ရွယ်ပြီး ပြောလိုက်တာမှန်း သူမ ကောင်းကောင်းသိလိုက်ပါသည်။ ထို့ကြောင့်ပင် ဖေဖေ မမြင်အောင် မျက်စောင်းထိုးလိုက်ရသေး၏။

'' ကဲ ဒီလိုဆို သားလည်း ယူသွားမယ့်ပစ္စည်းတွေ အဝတ်အစားတွေ ပြင်ဆင်ထားတော့လေ၊ အချိန်က သိပ်မကျန်တော့ဘူးကွ''

'' ဟုတ်ကဲ့ပါ ဦး၊ ကျွန်တော်က အဝတ်အစားလည်း သိပ်မသယ်ပါဘူးဗျာ၊ မဟုတ်ရင် အလုပ်ရှုပ်တယ်ဗျ ''

'' ယောကျ်ားလေးတွေကတော့ ဒီလိုပါပဲကွာ၊ ဦးလည်း ဒီလိုပဲကွ အဝတ်အစားအတွက်နဲ့တော့ အလုပ်ရှုပ်မခံချင်ဘူး ''

“ တချို့ကျတော့လည်း မဟုတ်ပါဘူးဗျာ၊ တစ်နေ့နဲ့တစ်နေ့ကို အဝတ်အစား မထပ်ရအောင် ရှိုးများနေတာလေ ”

ကြယ်ဖြူက ဖိုးပြာမျက်နှာကို လှမ်းကြည့်ကာ အံတစ်ချက်ကြိတ်ပြလိုက်၏။ ဖိုးပြာ ဘယ်သူ့ကို ရည်ရွယ်ပြီး ပြောသည်ဆိုတာ သူမ သိနေတာပဲလေ။ ဖေဖေကတော့ ဖိုးပြာနဲ့ စကားပြောနေရင် တကယ့်ကို ဟက်ဟက်ပက်ပက် ရှိလွန်းလှသည်ဟု သူမ ထင်နေမိ၏။

“ အဲဒီလို ကောင်လေးမျိုးနဲ့သာ ငါ့သမီး အိမ်ထောင်ကျရင်တော့ တစ်နေ့တစ်နေ့ အဝတ်လျှော်နေရတာနဲ့တင် ဖတ်ဖတ်မောနေမှာပဲဟော့၊ အဲဒီလိုမျိုးနဲ့တော့ ဖေဖေက သမီးကို သဘောတူမှာ မဟုတ်ဘူးနော် ”

ဒါကရော ဖေဖေ ဘာကိုရည်ရွယ်ပြီး ပြောနေတာပါလိမ့်၊ ဖေဖေ့ပုံစံကြီးက သူမနဲ့ ပတ်သက်သော တစ်ခုခုကို သိနေသည့် အမူအရာမျိုးနှင့် ဖြစ်သည်။

ဖိုးပြာ ထင်နေသလောက်လည်း မာန်က ရှိုးထုတ်တတ်သည်တော့ မဟုတ်ပါ။ သူ အပြင်ထွက်ခါနီးတိုင်း သူ့မေမေက အဝတ်အစားများကို အဆင်သင့် ထုတ်ပေးထားတတ်သည်တဲ့လေ၊ အဲဒီ အဝတ်အစားများကိုလည်း သူ့မေမေကိုယ်တိုင်ပဲ ဝယ်ဆင်ခြင်း ဖြစ်သည်တဲ့လေ၊ သားကို ဂရုတစိုက်ရှိတတ်သော အမေတစ်ယောက်အနေနဲ့





တော့ ကြယ်ဖြူက မာန့်မေမေကို အားကျမိပါသည်။

ဒါပေမဲ့လည်း အဲဒီလိုမျိုး ဂရုစိုက်မှုတွေ ရရှိနေသော လူတစ်ယောက်ဟာ ဘာမှမရှိသည့် ဘဝတစ်ခုထဲသို့ အလွယ်တကူ ခုန်ဆင်းလာနိုင်မည်တဲ့လား၊ တစ်ခါတစ်ခါတော့လည်း မာန့်ကြောင့်နဲ့ သူမ ရင်မောရပါသည်။

“ နင် ဘာလုပ်နေတာလဲ ကားထွက်ဖို့က လိုသေးတာပဲ၊ ငါတို့ ဒီနားက တစ်နေရာရာမှာ မုန့်သွားစားရအောင်လေ ”

ရန်ကုန်သို့ ထွက်ခွာမည့် ကားကြီး၏ဘေးတွင် သူမ တစ်ယောက်တည်း လည်တဆန့်ဆန့် ဖြစ်နေပုံကိုကြည့်ပြီး ဖိုးပြာက ပြောလာ၏။ သူမကတော့ မျက်လုံးများကို နေရာစုံသို့ လိုက်လံကြည့်ရှုနေမိသည်။ သူမ မုန့်လိုက်စားလို့ မဖြစ်သေးပါဘူး။

သူမ ဒီမြို့ကနေ မထွက်ခွာခင်မှာ မာန်က လာနှုတ်ဆက်မယ်လို့ ပြောထားခဲ့သည်လေ၊ သူမ မာန့်ကို စောင့်ရပါမည်။

“ ငါ. . . ငါ သူ့ကို စောင့်နေတာဟ ”

“ ဘယ်သူ့ကိုလဲ၊ မာန်ဝင့်ထည်ကိုလား ”

ဖိုးပြာက မျက်နှာတည်တည်နှင့် မေးလာပါသည်။ ခေါင်းညိတ်လျက်သာ အဖြေပြန်ပေးလိုက်၏။ ဖိုးပြာထံမှ သက်ပြင်းချလိုက်သံလိုလို ကြားလိုက်မိသည်။

" သူ လာမှာသေချာလို့လား "

" သူ လာမယ်လို့ ငါ့ကို ပြောတယ်လေ "

ဖိုးပြာရဲ့ နှုတ်ခမ်းတစ်ချက် တွန့်သည်ဆိုရုံ ပြုံးလိုက်သည့် အပြုံးကိုတော့ သူမ မတွေ့လိုက်ပါ။ သူမရဲ့ အာရုံတွေက ဖိုးပြာထံမှာ ရှိနေခဲ့သည်မှ မဟုတ်ဘဲလေ။

" နင် သူ့ကိုပဲ စောင့်နေတော့မှာလား၊ ငါတို့ တစ်ခုခု စားသွားသင့်တယ်လို့ နင်မထင်ဘူးလား "

ကားထွက်ရန် ဆယ့်ငါးမိနစ်သာ လိုတော့သည့် အချိန်ထိ မာန်ရောက်မလာသေးသောအခါ သူမသည် ဘာကိုမှလည်း စားချင်စိတ် မရှိတော့သည့်အပြင် ငိုချင်စိတ်တွေကသာ ရင်ဘတ်တစ်ခုလုံး ပြည့်နှက်နေတော့၏။

" နင်စားချင်ရင် သွားစားပေါ့ ဖိုးပြာရယ် ငါကတော့ ဘာမှကို စားချင်စိတ် မရှိတော့ဘူး "

လေသံပျော့လေးနှင့် ပြောလျက် ကားပေါ်တွင် ပြန်တက်ထိုင်နေလိုက်သော ကြယ်ဖြူ့ကို ဖိုးပြာကလည်း ဘာမှပြောချင်စိတ် မရှိတော့သည့်ပုံနှင့် ခေါင်းတခါခါလုပ်ကာ သူပါ ကားပေါ်တက်လာပါသည်။ ပြီးနောက် သူမဘေးတွင် ဝင်ထိုင်လိုက်၏။

" နင့်နေရာက နောက်ဘက်မှာ မဟုတ်ဘူးလား ဖိုးပြာ "





" အေး ဟုတ်တယ် ဒါပေမဲ့ နင့်ဘေးက အန်ကယ်ကြီးကို အကျိုးအကြောင်း ပြောပြပြီး ငါနဲ့နေရာချင်း လဲပေးလိုက်တာ "

" အင်း ကောင်းသားပဲ "

ဖိုးပြာကို အလိုက်သင့်ပြောနေရပေမယ့် သူမစိတ်တွေကတော့ တကယ့်ကိုပဲ မွန်းကျပ်လွန်းနေပြီ ဖြစ်သည်။

အဲဒီအချိန်မှာပဲ ကားပေါ်သို့ ဒရိုင်ဘာလူကြီး တက်လာကာ ကားစက်ကို နှိုးလိုက်ပါသည်။ သူမ မျက်လုံးများကို အစွမ်းကုန် အသုံးချလျက် ကားပြတင်းမှတစ်ဆင့် လိုက်လံရှာဖွေပါသော်လည်း မာန့်အရိပ်အယောင်မျှပင် မမြင်တွေ့ရသောအခါ မျက်ဝန်းမှ မျက်ရည်တို့က ပါးပြင်ထက်သို့ တစ်ပေါက်ချင်း လိမ့်ဆင်းကျလာတော့၏။

ပြတင်းပေါက်ကနေ အပြင်သို့ ကိုယ်တစ်ပိုင်း လျှံထွက်နေသော ကြယ်ဖြူလေးအား ဖိုးပြာက လက်မောင်းရင်းမှဆွဲကာ ထိုင်ခုံတွင် ပြန်ထိုင်ခိုင်းလိုက်သည်။ ကားက ဘီးစလိမ့်နေပြီ ဖြစ်၏။

နေရာတွင် နေသားတကျ ဖြစ်သွားသောအခါမှာတော့ သူမ မျက်နှာအား လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ရှိုက်ကြီးတငင် ငိုချလိုက်မိတော့၏။ ဖိုးပြာက သူမ ပခုံးတစ်ဖက်ကို ခပ်ဖွဖွ ထွေးဖက်လျက် အားပေးနှစ်သိမ့်ပါသည်။

" တကယ်တော့ နင့်ကိုငါ ပြောပြချင်နေခဲ့တာပါ ကြယ်ဖြူ"

ငိုနေလျက်ကပင် ဖိုးပြာမျက်နှာကို မော့ကြည့်လိုက်မိသည်။ ဖိုးပြာက သူမ ပါးပြင်ထက်မှ မျက်ရည်စက်များကို တို့သုတ်ပေးရင်း

" မနက်က နင်တို့အိမ်ကပြန်တော့ သူ့ကို နင်တို့ခြံဝမှာ ငါတွေ့ခဲ့တယ်၊ နင့်ကို လာနှုတ်ဆက်တာလို့ သူ ပြောပါတယ် "

" ဟင်. . . ဒါပေမဲ့ သူ. . . သူ ငါ့ဆီကို ရောက်မလာခဲ့ဘူးလေ၊ အိမ်ထဲကို သူ ဝင်မလာခဲ့ဘူး "

သူမရဲ့ ပျာပျာသလဲ အပြောကြောင့် ဖိုးပြာက 'အသာနေဦး' ဆိုသည့်ပုံနှင့် လက်ကာပြပါသည်။ သူမလည်း ငြိမ်နေလိုက်ရ၏။

" ငါတို့ ကားထွက်ခါနီးအချိန်ကျရင် သူ့အဖေနဲ့တူတူ သူ့အဖိုး နှစ်ပတ်လည်ကို သွားရမှာမို့လို့ နင့်ကို ကြိုပြီး နှုတ်ဆက်ထားချင်လို့တဲ့ "

" ဟင့်အင်း သူ ရောက်မလာခဲ့ဘူး "

" ငါပြောတာကိုပဲ နင်ဆုံးအောင် နားထောင်ပေးပါ ကြယ်ဖြူ"

" ဆောရီးဟာ ငါ သူ့ကို အရမ်းတွေ့ချင်နေမိတယ်လေ"

" ဒါပေမဲ့ သူကတော့ နင့်ကို မတွေ့ချင်ဘူးနဲ့ တူတယ် "

" နင် ဘာကိုပြောချင်တာလဲဟာ ငါ့ကို ပဟေဠိတွေ လုပ်မနေပါနဲ့ မြန်မြန်ပြောစမ်းပါ "

သူမ အသံအနည်းငယ် ကျယ်သွားသောကြောင့် ဖိုးပြာက





လက်ညှိုးတစ်ချောင်းကို သူ့နှုတ်ခမ်းထက်တွင် ကန့်လန့်ဖြတ်တင်ကာ 'ရှူး'လုပ်လိုက်သေး၏။ ဘာပဲဖြစ်ဖြစ် သူမအတွက် ဒီအချိန်မှာ ထိန်းချုပ်နိုင်မှုတွေလည်း ပျောက်ရှနေပြီ ဖြစ်သည်။

မာန်က ကြယ်ဖြူ့ကို မတွေ့ချင်ဘူးနဲ့ တူတယ်လို့ ဘာလို့များ ဖိုးပြာက ပြောရတာလဲ၊ အဲဒီစကားအတွက် ခိုင်လုံတဲ့ အကြောင်းပြချက် တစ်ခုတော့ ဖိုးပြာမှာ ရှိကိုရှိရပါမည်။

" ပြောလေဟာ သူ ဘာကြောင့် ငါ့ကို မတွေ့ချင်တော့ဘူးလို့ နင်က ထင်ရတာလဲဆိုတာ "

" သူ့ကိုငါက နင်နဲ့ငါ ရန်ကုန်ကို တူတူသွားကြမယ်ဆိုတာ ပြောပြလိုက်တယ် ကြယ်ဖြူ "

" ဟင်. . . "

သူမ ဘာပြန်ပြောရမှန်း မသိတော့ပါ။ တကယ့်ကိုပဲ ပါးစပ်အဟောင်းသားနှင့် ငြိမ်သက်သွားရခြင်း ဖြစ်၏။ ဖိုးပြာနဲ့သူမ ရန်ကုန်သွားသည်ဆိုတာကို မာန် အထင်လွဲသွားတာတော့ သေချာနေပါပြီ။ ထိုကိစ္စကို သူမက မည်သို့ ဖြေရှင်းပြရမှာတဲ့လဲ။

" ဘာဖြစ်သွားတာလဲ ကြယ်ဖြူ "

ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်သွားမိသော သူမ၏ ပခုံးလေးတစ်ဖက်အား ဖိုးပြာက ပုတ်လျက် မေးပါသည်။ ဒီကိစ္စမှာ

သူမက ဖိုးပြာကို အပြစ်တင်ရမည်လား၊ မာန့်ကိုပဲ အပြစ်တင်ရမည်လား မသိတော့ပါ။

" ငါ. . . ငါ ဘာဆက်လုပ်ရမလဲဟင် ဖိုးပြာ "

" နှင်က ဘာလုပ်ချင်လို့လဲ "

ဖိုးပြာပြောမှပင် ကိုယ့်ရဲ့ ဘာမှမတတ်နိုင်တော့သော အခြေအနေကို ကိုယ်ပြန်သတိရတော့၏။ မာန်ရှိနေသော မြို့လေးကနေ တဖြည်းဖြည်းချင်း ထွက်ခွာနေပြီဖြစ်သည့် ကားတစ်စီးပေါ်မှာ ငြိမ်သက်စွာ ပါလာပြီးပြီဖြစ်သော သူမသည် ဘာကိုများ လုပ်နိုင်ဦးမှာတဲ့လဲ။

" ငါက ဘာလုပ်နိုင်တော့မှာလဲ "

" နင်နေချင်နေခဲ့လေ၊ ငါတို့ကားက မြို့ထဲကမှ မထွက်သေးတာ "

ဒီစကားကို ပြောလိုက်သော ဖိုးပြာရဲ့ ရင်ထဲမှာတော့ ပင်လယ်ပြင်ကျယ်ကြီးတစ်ခုကို လက်ပစ်ကူးလိုက်ရသူလို မောဟိုက်သွားမိသည်။ ဒါပေမဲ့ သူ သိပါတယ်၊ ကြယ်ဖြူဟာ အဲဒီလိုလုပ်မှာ မဟုတ်တာကိုပေါ့။

သူ ထင်တဲ့အတိုင်းပါပဲ။

" နေပါစေတော့ဟာ သူကမှ ငါ့ကို မတွေ့ချင်လို့





ရောက်မလာခဲ့သေးတာ၊ ငါက ဘာလို့ တကူးတက ဆင်းနေခဲ့ရမှာလဲ"

ဟုတ်တယ်လေ၊ သူကိုယ်တိုင်ကိုက ဘာမှ အရေးမကြီးသည့် ကိစ္စလေးတစ်ခုမှာတောင် ကြယ်ဖြူ့ကို နားလည်မပေးနိုင်ခဲ့တာပဲ၊ ရန်ကုန်ကို ဖိုးပြာနဲ့တူတူ သွားတော့ရော ဘာဖြစ်သလဲ၊ ဘာမှမဟုတ်တာလေးကိုပဲ လာပြီး သဝန်တိုနေသေးသည်။ မာန့်ရဲ့ အဲဒီအပြုအမူဟာ သူမရဲ့ ကိုယ်ကျင့်တရားကိုပါ စော်ကားလိုက်ခြင်းနှင့်တူတူပင် ဖြစ်သည်။

" ငါ မှားသွားလားဟင် ကြယ်ဖြူ "

သူမ မျက်နှာကို သေချာငေးစိုက်ကြည့်ကာ မျက်နှာငယ်လေးနှင့် ပြောလိုက်သော ဖိုးပြာကိုလည်း သူမ အားနာသွားမိသည်။

" ဆောရီးဟာ မာန်က တစ်ခါတစ်ခါ အဲဒီလိုပဲဟ သူ လုပ်ချင်တာကိုပဲ သူ လုပ်တတ်တယ်၊ ဒီကိစ္စမှာ နင်မမှားပါဘူး၊ နင်က အမှန်တရားကို ပြောပြတာပဲ၊ သူ လက်ခံနိုင်ရမှာပေါ့၊ နင်နဲ့ငါ ရန်ကုန်တူတူသွားမှာမို့ သူက ငါ့ခြေရှေ့ရောက်နေလျက်သားနဲ့ ငါ့ကို ဝင်မတွေ့ဘူး ဆိုတာကတော့ ငါဘယ်လိုမှ လက်ခံမပေးနိုင်ဘူး "

" တော်သေးတာပေါ့ဟာ ငါက နင့်ဆီ မာန်ရောက်မလာတဲ့ ကိစ္စမှာ ငါ့ကိုယ်ငါ တရားခံလို့ ထင်နေမိတာဟ "

ဖိုးပြာကို အားတင်းကာ ပြုံးပြလိုက်ရသော်လည်း ရင်ထဲမှာတော့ နာကျင်နေမိပါသည်။ မာန်ဟာ သူမ ဒီလောက်ပြောထားရဲ့

သားနဲ့ သူမကို မယုံကြည်နိုင်ပါလားဆိုသော အတွေးတစ်ခုက သူမ နှလုံးသားကို ဆုပ်ညှစ်နေသလို ခံစားရသည်။ ဒီကိစ္စမှာတော့ မာန့်ဘက်က လွန်တယ်လို့ ကြယ်ဖြူ ထင်ပါသည်။

ရန်ကုန်မြေသို့ ခြေချမိသည်နှင့် သူမစိတ်တွေက လန်းဆန်းသွားသလို လူတစ်ကိုယ်လုံးလည်း ပေါ့ပါးသွား၏။ ဒီမြေကို ခွဲခွာခဲ့ရတာ ကြာလို့လားတော့ မသိ၊ ခုလိုမျိုး ပြန်ရောက်လာတဲ့အခါမှာ ရန်ကုန်မြို့ ကြီးဟာ သူမကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုနေသလို ခံစားရသည်။

" နင်က နင့်ဦးလေးအိမ်မှာပဲ တည်းမှာလား ဖိုးပြာ "

" ဟုတ်တယ်လေ ဒါပေမဲ့ နင့်ကို အိမ်တိုင်ရာရောက် လိုက်ပို့ ပေးပြီးမှ ငါသွားမှာပါ "

ဖိုးပြာရဲ့ ပိုင်စိုးပိုင်နင်း အပြောကြောင့် ကြယ်ဖြူလေးက အူလှိုက်သည်းလှိုက် ရယ်မောလိုက်မိ၏။

" နင်က ဘာရယ်တာလဲ "

မျက်နှာစူပုတ်လျက် မေးလိုက်သော ဖိုးပြာပုံကိုက သူမ မျက်လုံးထဲမှာ ရယ်ချင်စရာ ဖြစ်နေခဲ့သည်။

" နင့်ကိုငါ မေးနေတယ်လေ ဘာရယ်နေတာလဲလို့"

" ဖိုးပြာရယ် ရန်ကုန်ဆိုတာ ငါ့အတွက် မျက်စိမှိတ်ပြီး လမ်းလျှောက်သွားရင်တောင် ကားတွေကို လွတ်အောင်ရှောင်နိုင်တဲ့





နေရာပါ၊ နင့်ကို ငါကပဲ အိမ်တိုင်ရာရောက် လိုက်ပို့ပါ့မယ်၊ တော်ကြာနေ ငါ့သူငယ်ချင်း တောင်ပေါ်သားလေး လမ်းပျောက်လို့ ငိုနေမှာ စိုးလို့ပါ"

" ဩော် ငါက နင်တစ်ယောက်တည်း စိတ်ပူလို့ ပြောတာကို နင်က ငါ့ကို ပြန်လှောင်တယ်ပေါ့လေ "

" လှောင်တာ မဟုတ်ပါဘူးဟာ၊ ဟိုမှာတုန်းက နင်က ငါ့ကို ကူညီတယ်လေ၊ ခု ငါက နင့်ကို တစ်လှည့်ပြန်ပြီး ကူညီမလို့ ပြောပြတာပါ၊ နင်ကလည်း စိတ်ကြီးလိုက်တာ "

" နင်က ငါ့ကို ရယ်တာကိုးဟ "

" တစ်ခါတစ်ခါကျရင်လေ နင်လည်း မာန့်လိုပဲ သိလား ကလေးသိပ်ဆန်တယ် "

ပြောမိပြီးမှ ကိုယ့်ဘာသာ ငြိမ်သက်သွားမိပြီး ဖိုးပြာကလည်း မျက်နှာပျက်သွားသည်။ သူမ စိတ်ထဲမှာ မာန့်ကို သတိရနေမိတာ ကိုတော့ ဘယ်လိုမှ မငြင်းနိုင်ပါ။

" နင် ငါ့ကို မာန်ဝင့်ထည်နဲ့ယှဉ်ပြီး မကြည့်ရင် ပိုကောင်း မယ်နဲ့တူတယ် ကြယ်ဖြူ "

" အေးပါ အေးပါ နင်တို့နှစ်ယောက်လုံးကလေ ကိုယ်ဖြစ်ချင် တာကိုပဲ ဦးစားပေးနေကြတယ်၊ တကယ့်ကို စိတ်ကြီးပဲ၊ နင်တို့စိတ် နင်တို့သဘောနဲ့ ကောင်းပါတယ် ကောင်းပါတယ်၊ ငါ့မှာတော့ သူတို့

မျက်နှာတွေပဲ လိုက်ကြည့်နေရတယ် ''

'' ကဲပါဟာ လောလောဆယ် ငါတို့ ဘာဆက်လုပ်ကြမလဲ''

'' ငါ့အိမ်ပဲ သွားမယ်လေ၊ အိမ်ရောက်မှပဲ ထမင်းစားပေါ့၊ မေမေက ငါလာမယ်ဆိုတာသိလို့ အထူးစပါယ်ရှယ် ချက်ထားမှာဟ၊ ပြီးမှ မေမေ့ကို နှင့်ဦးလေးအိမ် လိုက်ပို့ခိုင်းပေးမယ် ''

'' ဟာ နေပါစေ၊ ငါ့ဘာသာ ကားငှားသွားလည်း ရတာပဲဟာကို ''

'' လျှာမရှည်နဲ့ ခုဟာက ငါ့အပိုင်းထဲကို ရောက်နေပြီ၊ နင်လုပ်ချင်တာ လုပ်လို့ မရတော့ဘူး ''

'' ဩော် နင်က ငါ့ကို ခုတော့ ရန်စွာပြီပေါ့လေ ''

ဖိုးပြာက ခါးထောက်လျက် မိန်းမကြီးတစ်ယောက်လို လေသံမျိုးနှင့် ပြောလိုက်ပါသည်။ သူမက ဖိုးပြာ အမူအရာကြောင့် ရယ်ချင်သွားသော်လည်း ဖိုးပြာ စိတ်တိုသွားပြီဆိုတာသိ၍ မျက်နှာကို ချက်ချင်းပြန်တည်လိုက်ရသည်။

'' တကယ်တော့ ငါက နင့်ကို ငါ့အိမ်မှာပဲ တည်းစေချင်တာဟ၊ နင်က နင့်ဦးလေးအိမ်မှ နင့်ဦးလေးအိမ် ဖြစ်နေလို့သာ ခွင့်ပြုလိုက်ရတာ ''

ကြယ်ဖြူ့စကားကြောင့် ဖိုးပြာက မျက်လုံးတွေ ပြူးသွား





ပါသည်။

'' ငါက ဘယ်တုန်းက ငါ့ဦးလေးအိမ်မှ ငါ့ဦးလေးအိမ် ဖြစ်နေခဲ့လို့လဲ၊ နင်တို့က ရန်ကုန်မှာ တည်းစရာအိမ်ရှိလားလို့ မေးလို့သာ ငါ့ဦးလေးအိမ် ရှိတယ်လို့ ပြောခဲ့ရတာ မဟုတ်လား ''

'' ဟယ် တကယ်လား၊ ဒီလိုဆို ငါ့အိမ်မှာပဲ လိုက်တည်းလေဟာ ''

သူမက ဝမ်းသာအားရနှင့် ဖိတ်ခေါ်လိုက်သော်လည်း ဖိုးပြာကတော့ ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းလိုက်လေသည်။

'' မဖြစ်ပါဘူးဟာ ''

'' ဘာလို့လဲဟ ''

'' နင်နဲ့ငါ ရန်ကုန်ကို လမ်းကြုံလို့ တူတူသွားတာကိုတောင် မာန်ဝင့်ထည်က အမြင်မကြည်တာ နင့်အိမ်မှာသာ ငါတည်းမှန်း သူသိသွားရင် နင့်အတွက် စိတ်ညစ်စရာတွေပဲ ထပ်ဖြစ်လာလိမ့်မယ်နဲ့ တူတယ် ''

တောင်တန်းပြာ ပြောတာလည်း ဟုတ်ပါသည်။ ဖိုးပြာသာ မေမေ့အိမ်မှာ တည်းလိုက်လျှင် မာန်တစ်ယောက်တော့ ဆွေ့ဆွေ့ခုန်နေမှာ သေချာသည်။ ဒါပေမဲ့ သူမကိုယ်တိုင်ကတော့ ဖိုးပြာကို သူမနှင့်တူတူသာ လိုက်တည်းစေချင်မိသည်။

ဘယ်လိုပဲဖြစ်ဖြစ်၊ သူမ ဟိုမှာနေသည့် တစ်လျှောက်လုံး ဖိုးပြာကသာ အစစအရာရာ ကူညီစောင့်ရှောက်ပေးခဲ့တာ မဟုတ်လား၊ ခုလိုမျိုး ကိုယ့်အလှည့်ကျတော့မှ တာဝန်မကျေသလို ဖြစ်ရမှာကို သူမ မလိုလားပါ။

" ကဲ ကဲ လောလောဆယ်တော့ ငါတို့ ကားငှားပြီး ငါ့အိမ် အရင်သွားကြတာပေါ့၊ ကျန်တာကို အိမ်ရောက်မှ အေးအေးဆေးဆေး ဆက်ဆွေးနွေးကြမယ် "

သူမက အငှားကားတစ်စီးကို သွက်လက်စွာပင် ငှားလိုက်သည်။ ဖိုးပြာကတော့ သူမ လုပ်သမျှကိုသာ ဘာစောဒကမှ မတက်တော့ဘဲ အလိုက်သင့်လေး ပါလာ၏။

ဖိုးပြာကို မေမေနှင့် မိတ်ဆက်ပေးပြီး ထမင်းစားသောက်ပြီးစီးသည့်အခါမှာတော့ သူက ပြန်ရန်ပြင်၏။ မေမေ့ကိုလည်း ဖိုးပြာ အလစ်တွင် ဟိုမှာရှိစဉ်က ဖိုးပြာက ကူညီပေးခဲ့သည်များကို ပြောပြထားသောကြောင့် မေမေကိုယ်တိုင်ကလည်း သူ့ကို ဒီအိမ်တွင်သာ တည်းစေချင်နေသည်။

" မပြန်ပါနဲ့လား မောင်တောင်တန်းပြာရယ်၊ အန်တီတို့ဆီမှာပဲ တည်းလိုက် ပြီးရော "

ဖိုးပြာက အားနာပြုံးပြုံးလျက်က သူမကို လှမ်းကြည့်ပါသည်။





သူမကတော့ မသိချင်ယောင်ဆောင်နေလိုက်၏။

" အန်တီက မင်းတို့ဦးလေးနဲ့ ဖုန်းပြောဖြစ်နေတော့ မင်းအကြောင်းကိုလည်း နည်းနည်းပါးပါး ကြားဖူးထားပါတယ်၊ သမီး စက်ဘီးမှောက်တုန်းက မင်းပဲ ဆေးခန်းလိုက်ပို့ခဲ့ရတာတွေ ဘာတွေပေါ့ "

" အဲဒါ ဘာမှမဟုတ်ပါဘူး အန်တီရယ်၊ ကျွန်တော်က မြို့ခံဆိုတော့ ညီ့သည်ကို ကူညီရုံပါ "

" အေးလေ ခုလည်း ဒီသဘောပဲပေါ့၊ အန်တီတို့ဆီ ရောက်တုန်းရောက်ခိုက်တော့ ဒီအိမ်မှာပဲ တည်းစေချင်တယ်ကွယ် "

ဒီတစ်ခါလည်း ဖိုးပြာက သူမဘက်သို့သာ လှမ်းကြည့်ပါသည်။ သူ့မှာ မေမေက ဖော်ဖော်ရွေရွေနှင့် လိုက်လျှောစွာ ခေါ်နေသောကြောင့် ငြင်းရမှာကို တော်တော်လေး အားနာနေသည့်ပုံစံမျိုးနှင့် ဖြစ်သည်။

" ဟုတ်တယ် နင့်ကိုငါ လမ်းမှာတည်းက ပြောခဲ့ပြီးသားပဲ၊ ငါ့ဆီမှာပဲ တည်းပါလို့၊ နင့်အမေ ခိုင်းလိုက်တဲ့ ကိစ္စကလည်း နောက်တစ်ပတ်လောက်နေမှ လုပ်ရမှာကို ပြီးတော့ ဘယ်မှာတည်းပြီး လုပ်လုပ် ရနေတာပဲဟာ "

ရှေ့နေငှားခါမှ ထောင်လုံးလုံးကျသွားသည့် တရားခံ၏

မျက်နှာပေးမျိုးနှင့် ဖိုးပြာမှာ ငိုရခက်ရယ်ရခက် ဖြစ်သွားပုံရသည်။ ဘာမှလည်း ပြန်မပြောနိုင်ဘဲ သူမကိုတစ်လှည့် မေမေ့ကိုတစ်လှည့်သာ ကြည့်နေနိုင်ရှာတော့၏။

ထို့ကြောင့်ပင် ကြယ်ဖြူလေးက ဖိုးပြာလက်ထဲမှ ခရီးဆောင်အိတ်သေးလေးကို ဆွဲယူကာ ခပ်တည်တည်နှင့်ပင် အိမ်ထဲသို့ ဝင်သွားလိုက်၏။ သူမ ထင်သည့်အတိုင်းပင် သူမ နောက်ကနေ ထပ်ချပ်မကွာဘဲ ဖိုးပြာပါလာ၏။

" ဘာလုပ်တာလဲ ကြယ်ဖြူရယ် "

" နင်က ဒီအိမ်မှာပဲ နေမှာဆိုတော့ နင့်အထုပ်ကို သိမ်းပေးတာလေ "

သူမရဲ့ ပြုံးစိစိ မျက်နှာပေးကြောင့် ဖိုးပြာမှာ ဘယ်လိုမှ ငြင်းမရနိုင်တော့တာကို သိသွားသလိုနှင့် ဆံပင်များကို လက်ချောင်းများဖြင့် ထိုးဖွရင်း ခပ်ဟဟ ရယ်မောလိုက်လေသည်။

" ကောင်းပါပြီဟာ ဒီမှာပဲ တည်းဆိုရင်လည်း တည်းပါ့မယ်၊ ဒါပေမဲ့ လောလောဆယ်တော့ ငါ့ဦးလေးကို ငါရောက်ပြီဆိုတာ လူလုံးသွားပြမှ ဖြစ်မှာဟ၊ မဟုတ်ရင် ဦးလေး စိတ်ပူနေလိမ့်မယ် "

" ဒီလိုမှပေါ့ ဖိုးပြာရဲ့၊ နင်က လိမ္မာချင်လျက်သားနဲ့ ဆိုးချင်ယောင်ဆောင်နေတယ် "





ကြယ်ဖြူလေးရဲ့ စကားကြောင့် ဖိုးပြာမှာ မသိမသာ မျက်နှာပျက်သွားရ၏။ တကယ်တော့ ငါက နင်နဲ့ မာန်ဝင့်ထည်တို့ကြားမှာ လိမ္မာချင်လျက်သားနဲ့ ဆိုးချင်ယောင်ဆောင်ခဲ့တာ မဟုတ်ဘူး ကြယ်ဖြူရယ်၊ ငါဟာ ဆိုးနေပါလျက်နဲ့ လိမ္မာချင်ယောင်ဆောင်ခဲ့မိတာပါ။

× × ×

မျက်လုံးများက ရှေ့နှစ်ပေလောက်ကိုတောင် သဲကွဲစွာ မမြင်နိုင်တော့လောက်အောင် ဝေဝါးနေကြ၏။ ဦးခေါင်းကြီးတစ်ခုလုံးလည်း ထူမတတ်နိုင်ဖို့ အင်အားများ ကုန်ခမ်းနေသလို အောက်သို့သာ ငိုက်ဆင်းကျနေသည်။ ခြေလှမ်းများက သွားနေကျလမ်းကိုတောင် ဖြောင့်တန်းစွာ သွားနိုင်ခြင်း မရှိ။

သူ့ကိုယ်သူ စိတ်ပျက်လွန်းစွာပင် သစ်ပင်မြစ်ဆုံတစ်ခု၌ ခြေပစ်လက်ပစ် ထိုင်ချပစ်လိုက်မိသည်။ ဒီသစ်ပင်ကြီးအောက်မှာ ခုတော့လည်း သူတစ်ယောက်တည်းပဲ ကျန်ရစ်ခဲ့ရတာပဲ မဟုတ်လား။ တကယ်တော့လည်း ကြယ်ဖြူလေး ရောက်မလာခင် အချိန်ထိ သူတစ်ယောက်တည်းသာ ဒီသစ်ပင်ကြီးအောက်မှာ လာလာထိုင်နေတတ်မြဲ ဖြစ်သည်။

ခုတော့ ထိုသို့ တစ်ယောက်တည်း ထိုင်ခဲ့ဖူးသည့် အချိန်

များကို သတိမရတော့ဘဲ ကြယ်ဖြူနှင့်တူတူ ရှိခဲ့ဖူးသည်များကိုသာ မြင်ယောင်ကာ နေသားမကျနိုင် ဖြစ်နေမိ၏။

" ကြယ်ဖြူ ရန်ကုန်သွားရင် ငါနဲ့တူတူသွားမှာဆိုတာ မင်းသိလား မာန်ဝင့်ထည် "

" မင်းတို့နှစ်ယောက်က ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ မင်းကိုငါ ဟိုးအရင်တည်းက ပြောဖူးပါတယ်ကွာ၊ ခုတော့လည်း ဖြစ်သင့်တာတွေပဲ ဆက်ဖြစ်လာတော့မှာလေ၊ ကြယ်ဖြူ့ဖေဖေက မင်းနဲ့ကြယ်ဖြူနဲ့အကြောင်းကို သိနေလို့ ကြယ်ဖြူ့ကို ရန်ကုန်ပို့လိုက်တာကွ၊ အဲဒီမှာမှ သူ့သမီးကို စောင့်ရှောက်ဖို့ ငါ့ကိုထည့်ပေးလိုက်တယ်ဆိုတော့ကွာ၊ အခြေအနေကို မင်းဘာသာ တွေးကြည့်ပေါ့ "

" မင်းကို ကြယ်ဖြူက မပြောဘူးဆိုတာလည်း နောက်တွေ့မယ့်လူတွေမှ မဟုတ်တော့တာ၊ အချိန်ကုန်ခံ စိတ်အညစ်ခံပြီး ဘယ်ပြောနေပါတော့မလဲ "

" ဒီမြို့ကနေ ထွက်သွားပြီးတာနဲ့ မင်းနဲ့ကြယ်ဖြူလေးဟာ ဘယ်လိုပတ်သက်မှုမျိုးမှ ရှိမှာမဟုတ်တော့ဘူး "

" မင်းက အရာရာပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်ပါ မာန်ဝင့်ထည်၊ အဲဒါကြောင့်လည်း ငါတို့လို သာမန်လူတန်းစားတွေနဲ့ မင်းတို့လို အဆင့်မြင့်မြင့်လူတွေဟာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး "





မာန့်နားထဲမှာ ပြန်ကြားယောင်နေမိသော တောင်တန်းပြာရဲ့ စကားသံများ၊ အဲဒီလို စကားမျိုးတွေကို ကြယ်ဖြူ ရန်ကုန်သွားမှာမို့ သူ လာနှုတ်ဆက်သည့် အချိန်မှာ ကြယ်ဖြူတို့ ခြံရှေ့မှာတင် တောင်တန်းပြာက ပြောသွားခဲ့ခြင်း ဖြစ်၏။

အဲဒီစကားတွေ ပြောနေသော တောင်တန်းပြာရဲ့ မျက်နှာသည် သူ မမြင်ချင်ဆုံးသော အရာတစ်ခု ဖြစ်ခဲ့သည်။ ထို့ထက်ပိုဆိုးတာက ကြယ်ဖြူကိုယ်တိုင်ကိုက သူ့ကို ဖုံးကွယ်ထားခဲ့သည့် အချက်ပါပဲ။

ကြယ်ဖြူနဲ့ တောင်တန်းပြာတို့ တကယ်ပဲ နှစ်ယောက်တည်း တူတူ ရန်ကုန်သို့ သွားခြင်းလားဆိုတာကို သူ စောင့်ကြည့်နေခဲ့ပါသေးသည်။ ဒါကလည်း တောင်တန်းပြာ ပြောသွားသည့် စကားများကို အပြည့်အဝ မယုံကြည်နိုင်သောကြောင့် ဖြစ်သည်။ ဒါပေမဲ့ သူ မဖြစ်စေချင်သည့် ကိစ္စတွေသည် သူ့မျက်စိရှေ့မှာတင် ဖြစ်ပျက်သွားခဲ့၏။

ကြယ်ဖြူရော တောင်တန်းပြာရောကို ဦးကျော်ကြီးကိုယ်တိုင် ကားဂိတ်ထိ လိုက်ပို့ပေးခဲ့တာကို သူ့မျက်လုံးများဖြင့် သေသေချာချာ မြင်တွေ့ခဲ့ရခြင်း ဖြစ်သည်။ ကြယ်ဖြူ့မျက်နှာကလည်း ပြုံးရွှင်စွာနှင့်ပင် ဖြစ်သည်။ အဲဒီမြင်ကွင်းတွေနှင့် တောင်တန်းပြာ ပြောသွားသည့်

စကားတွေကို ဆက်စပ်ကြည့်လိုက်သောအခါ အဖြေသည် သူ မလိုချင်ဆုံးသော ခံစားချက်တွေကို ပေါက်ဖွားလာစေခဲ့၏။

" ကြယ်ဖြူရယ် မင်းတော်တော် လုပ်ရက်တယ်ကွာ "

သူ့နှုတ်ခမ်းများကနေ ဗလုံးဗထွေး ထွက်ပေါ်နေသော စကားသံများကိုတောင် သူကိုယ်တိုင် သဲကွဲစွာ ပြန်မကြားသော်လည်း တောင်တန်းပြာရဲ့ အသံတို့ကတော့ နားထဲမှာရော ဦးနှောက်ထဲမှာရော နှလုံးသားတစ်ခုလုံးကိုရော ရစရာမရှိအောင် လွှမ်းမိုးထားပါသည်။

သူ မလိုချင်ပါ။ သူ လိုချင်ခဲ့တာက ကြယ်ဖြူ့ဆီက ရိုးသားမှုတစ်ခုကို ဖြစ်သည်။ ကြယ်ဖြူသာ ရိုးသားခဲ့လျှင် တောင်တန်းပြာနှင့်တူတူ ရန်ကုန်သို့ သွားမည်ဆိုတာကို ဖုံးကွယ်ထားစရာ အကြောင်းမရှိပါ။

ဟား. . . ဘယ်လိုပဲ စဉ်းစားပါစေ၊ နောက်ဆုံးရလဒ်ကတော့ သူတစ်ယောက်တည်း ရင်ကွဲပက်လက်နဲ့ ကျန်ခဲ့တယ်ဆိုတာပါပဲ။

" လူလေး မင်းကို လိုက်ရှာနေကြတာကွာ၊ တစ်အိမ်လုံးလည်း စိတ်တော်တော်ပူနေပြီ၊ မင်း ဒီမှာ တစ်ယောက်တည်း ဘာလုပ်နေတာလဲ "

သူ့နားထဲမှာ ကြားနေကျ အသံတစ်ခုကို ကြားလိုက်ရသည်။ မျက်လုံးရှေ့မှာလည်း မှုန်ဝါးဝါး အရိပ်တစ်ချို့





" ဘယ်. . . ဘယ်သူတွေလဲ၊ ဘယ်သူပဲဖြစ်ဖြစ်ကွာ ငါ့ကို လာမနှောင့်ယှက်နဲ့ "

သူ့ ဝေဝါးဝါးစကားတို့ကို ဂရုမစိုက်စွာပင် ထိုအရိပ်က မာန့်လက်မောင်းတစ်ဖက်ကို လက်မောင်းရင်းကနေ ဆွဲထူမလိုက်ပါသည်။

" ဘယ်သူလဲလို့ မေးနေတယ် မဟုတ်လား "

" အဘပါ စိုင်းကျော်ဖပါ၊ ထပါ လူလေးရယ်၊ သခင်မဆိုတာ ခုချိန်ထိ မင်း ပြန်မလာသေးလို့ တော်တော်လေးကို မျက်စိမျက်နှာပျက်နေပြီကွ၊ မင်းအဖေကိုလည်း အသိမပေးရဲဘူး ဖြစ်နေရှာတယ်"

သူ သိသွားပါပြီ၊ ဒါ သူတို့အိမ်က အိမ်ထိန်းကြီးရဲ့ အသံပဲ၊ သူ့ကို မေမေ စိတ်ပူနေမယ်ဆိုတာကတော့ သေချာပါသည်။ ဒါပေမဲ့ ဖေဖေကတော့ သူ ပျောက်နေလည်း စိုးရိမ်လိမ့်မည် မထင်ပါ။ ကြယ်ဖြူ ရန်ကုန်သွားသည့် ညနေက အဖိုးရဲ့နှစ်ပတ်လည် ကန်တော့ပွဲကို သွားရောက်ရန် ပျက်ကွက်ခဲ့သည့်အတွက် သူ့ကို ဖေဖေ စိတ်မကြည်လင်သေးဘူးဆိုတာ သူ သိပါသည်။

ပြီးတော့ ဖေဖေဟာ သူ့ထက်စာရင် တစ်အိမ်သားလုံးနှင့် ရင်းရင်းနှီးနှီး နေနိုင်သည်။ သူ့ရဲ့ အပြုအမူတွေကိုတော့ ဘယ်တုန်းကမှ ဖေဖေ သဘောမကျခဲ့ပါ။

" ကျွန်တော် မပြန်ချင်သေးဘူး အဘရယ် "

" မပြန်လို့ မဖြစ်ဘူး လူလေး၊ ဒီနေရာမှာ ဒီလိုမျိုး မှုးပြီး လဲနေမှန်းသာ သခင်မသိရင် ရင်ကျိုးသွားလိမ့်မယ်၊ ဘာလို့များ ဒီလိုမျိုးတွေ ဖြစ်နေရတာလဲကွယ် "

ဂရုဏာသံပါသော အိမ်ထိန်းကြီးရဲ့ အသံက နဂိုကမှ အားငယ်နေမိသော သူ့စိတ်ကို အရည်ဖျော်လိုက်သလိုမို့ မျက်ရည်တို့က ရစ်ဝိုင်းလာမိသည်။

" အဘပဲ စဉ်းစားကြည့်ပါဗျာ ကျွန်တော်ဟာ ငယ်ငယ်လေးတည်းက ဒီလိုမျိုး ချုပ်နှောင်ခံနေရတဲ့ ဘဝကြီးကို ငြီးငွေ့လာခဲ့တာပါ၊ ဖြစ်နိုင်ရင် ကျွန်တော့်ဘာသာ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်တာမျိုးကို လိုချင်ခဲ့တာပါ၊ ဒီဘဝကြီးကို ကျွန်တော် မုန်းတယ် အဘရယ် "

မိသားစုဝင်များနှင့် ခပ်စိမ်းစိမ်းသာ နေတတ်သည့် မာန်ဝင့်ထည်အကြောင်းကို ငယ်ငယ်တည်းက သိနေသော စိုင်းကျော်ဖမှာတော့ သက်ပြင်းကိုသာ ချလိုက်မိသည်။

" ခုတော့ ကျွန်တော်က ဒီဘဝကြီးကို မုန်းပါတယ်ဆိုမှ ထပ်ပြီး မုန်းတီးစရာကိစ္စတွေနဲ့ပဲ ကြုံတွေ့နေရတယ်လေ "

" ထပါ လူလေးရယ်၊ အချိန်လည်း တော်တော်လင့် နေပါပြီ"





စိုင်းကျော်ဖရဲ့ သန်မာနေဆဲဖြစ်သော လက်များထဲမှ ရုန်းထွက်ကာ သစ်ပင်ကြီးရဲ့ ပင်စည်ကို မှီပြီး သူ ပြန်ထိုင်ချလိုက်သည်။

" ကျွန်တော့်ကို နည်းနည်းတော့ ပြောခွင့်ပေးပါဗျာ၊ ကျွန်တော့် ရင်ထဲက ခံစားချက်တွေကို ဘယ်သူကမှ နားလည်မပေးနိုင်ကြတော့ဘူးလား၊ ဘယ်သူ့ကိုမှရော ဖွင့်ပြောပြခွင့် မရှိတော့ဘူးလား၊ ကျွန်တော် အရမ်းဝမ်းနည်းတယ်ဗျာ "

ယောက်ျားတန်မဲ့ ငိုသံပါကြီးနှင့် ပြောနေသော မာန်ဝင့်ထည်ကို ကြည့်ပြီး စိုင်းကျော်ဖကိုယ်တိုင်လည်း စိတ်ပျက်လက်ပျက်ဖြစ်လာကာ မာန့်ဘေးတွင် ဝင်ထိုင်လိုက်ပါသည်။ သက်ပြင်းမောကြီး တစ်ခုကိုလည်း လေးပင်စွာ ချလိုက်မိ၏။

" ပြောကွာ. . . ပြော၊ လူလေး ကြိုက်သလောက်ကာ ပြောတော့၊ အဘ နားထောင်ပေးမယ် ဟုတ်ပြီလား "

" ကျေးဇူးပါပဲ အဘရယ် ကျွန်တော့်ရင်ထဲမှာ မီးတွေ လောင်နေတာကို ဘယ်သူ့ကိုမှ ရင်ဖွင့်စရာ မရှိဘူး ဖြစ်နေတာ၊ ကျွန်တော့်ကို သူက ချစ်နေပါလျက်နဲ့ မဖြစ်နိုင်တဲ့ ဘဝနှစ်ခုမို့ သူနဲ့ တန်းတူ လူစားတစ်ယောက်ကိုပဲ ရွေးချယ်လိုက်တယ်တဲ့ အဘရယ်၊ ဖေဖေကလည်း သေသွားတဲ့ အဖိုးကိုယ်စားဆိုပြီး ကျွန်တော်တို့ကို ဘယ်လိုချုပ်ကိုင်ထားတယ်ဆိုတာ အဘ အသိဆုံးပါ၊ အဲဒီလို

အခြေအနေမှာ သူက ကျွန်တော့်ဘက်မှာ ရှိမနေဘဲ အဝေးဆုံးကို ထွက်သွားရက်တယ်၊ အဲဒီတည်းက သူ ဘယ်လောက် ရက်စက်တယ် ဆိုတာ အဘ တွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်ဗျာ ''

စိုင်းကျော်ဖမှာ ဘာကိုမှ ဂဃနဏ မသိသော်လည်း ဒီစကားတွေဟာ အသည်းကွဲပြီး ထွက်လာသော စကားတွေဆိုတာတော့ သေချာနားလည်လိုက်ပါသည်။

'' ခုတော့ သူက ကျွန်တော် မမြင်နိုင်တဲ့ အဝေးကြီးကို အဲဒီကောင်နဲ့တူတူ ပျော်ပျော်ပါးပါးကြီး ထွက်သွားပြီဗျ၊ ကျွန်တော့်မှာတော့ တစ်ယောက်တည်း ဒီလိုဖြစ်ကျန်ခဲ့တော့တာပါပဲ၊ ရယ်ရတယ်နော်၊ သူက ခုလောက်ဆို ဟိုကောင်နဲ့ ပျော်ပျော်ပါးပါးကြီး ရယ်မောပြီး ဟိုဟိုဒီဒီတွေ လျှောက်လည်ပတ်နေတော့မှာဗျ ''

ပါးပြင်ပေါ်သို့ မျက်ရည်ကြောင်းများက အလုအယက် ကျဆင်းလာသောကြောင့် သူက လက်ဖဝါးများဖြင့်ပင် ခပ်ကြမ်းကြမ်း ပွတ်တိုက်သုတ်ပစ်လိုက်၏။ သူ့ရင်ဘတ်တွေက နိမ့်လိုက်မြင့်လိုက်နှင့် တုန်ယင်နေသော်လည်း သူ မရပ်နိုင်သေးပါ။ ကြယ်ဖြူလေးနဲ့ ပတ်သက်ပြီး သူ့မှာ ရင်ဖွင့်ချင်တာတွေ ကျန်နေပါသေးသည်။

'' သူက ဒီသစ်ပင်ကြီးကိုလည်း သတိရတော့မှာ မဟုတ်ဘူး၊ ဒီနေရာလေးမှာ ကျွန်တော် လက်ဆောင်ပေးခဲ့တဲ့ အနမ်းကိုလည်း





သူ မေ့ပစ်လိုက်မှာ သေချာတယ်၊ အဆိုးဆုံးကတော့ သူက ကျွန်တော်ဆိုတဲ့ကောင်ကို နည်းနည်းလေးမှ လွမ်းတော့မှာ မဟုတ်တာဘဲ၊ ရင်နာတယ်ဗျာ သူ့လုပ်ရပ်တွေကို ပြန်တွေးမိတိုင်း ကျွန်တော့်ရဲ့ ဒါကြီးထဲက တဆစ်ဆစ်နဲ့ကို နာတယ် ''

မာန်က သူ့ရင်ဘတ်ကို လက်များဖြင့် ဒေါသတကြီး တဖုန်းဖုန်း ထုရိုက်ကာ ပြောပါသည်။ ထုရိုက်နေသော အရှိန်က ပြင်းလှသည်မို့ စိုင်းကျော်ဖကပင် မာန့်လက်များကို ဖမ်းချုပ်ထားလိုက်ရ၏။ မာန် အရမ်းကို ခံစားနေရမှန်းတော့ ကောင်းကောင်းကြီး သိလိုက်ပြီ ဖြစ်သည်။

ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ စိုင်းကျော်ဖ ကိုယ်တိုင်ကလည်း မာန့်ကို မခံစားရစေချင်ပေမယ့် မာန့်မှာ ချစ်သူရှိသည့် ကိစ္စကိုသာ သခင်ကြီး သိသွားလျှင် အားလုံးအတွက် မလိုလားအပ်တဲ့ ဆိုးကျိုးတွေ ဖြစ်ပေါ်လာမှာ ကျိန်းသေနေသည်။

ဒီတော့လည်း ကောင်မလေးဘက်က ဒီလိုမျိုး လုပ်သွားတာပင် ခပ်ကောင်းကောင်းလို့ ပြောရမလို ဖြစ်နေ၏။

'' လာပါ သားရယ်၊ အဘတို့ ပြန်ကြရအောင်နော်၊ မိုးလည်း တော်တော်မှောင်နေပြီကွ၊ ထမင်းစားချိန်အမီ လူလေး ပြန်မရောက်ရင် အားလုံးပွတ်လောရိုက်ကုန်မှာပေါ့ ''

ဟုတ်တော့လည်း ဟုတ်ပါသည်၊ ဖေဖေဟာ ညစာ ထမင်းစားသည့် အချိန်တွင် အားလုံး လူစုံတက်စုံ ရှိနေမှ ကျေနပ်တတ်သူ ဖြစ်၏။ ညစာ စားသောက်ပြီးစီးလျှင်လည်း အားလုံးကို လူစုစေကာ စကားပြောဆိုတတ်သည်။ မာန်တစ်ယောက်ကတော့ ဖေဖေ ပြောသည့် အလုပ်ကိစ္စများနှင့် တခြားလူမှုရေး စကားများကို စိတ်မပါဝင်စားလှသော်လည်း နားထောင်ပေးတတ်မြဲ ဖြစ်၏။

မေမေတို့ အိန္ဒြေတို့က ဝင်ပြောနေလျှင်လည်း သူကတော့ ဘေးကနေသာ သူနဲ့ မဆိုင်သလို နေတတ်မြဲ ဖြစ်သည်။ ဒါကိုပဲ ဖေဖေက မကြိုက်တာမှန်းလည်း သူ သိ၏။

" ကဲ ပြန်ကြတာပေါ့ဗျာ၊ ကျွန်တော့်ရဲ့ ခံစားချက်တွေကို ဒီအပင်ကြီးအောက်မှာ မြှုပ်နှံလိုက်ပြီး ကျွန်တော့်ခန္ဓာကိုယ်ကြီး သက်သက်ကတော့ ပြန်လိုက်ခဲ့ရမှာပေါ့၊ ကျွန်တော်မှ ပြန်မလိုက်ရင် မေမေ ဘယ်လိုလုပ်မလဲ၊ ကျွန်တော် မေမေ့ကိုတော့ ချစ်ပါတယ်"

သူ ပြောချင်ရာတွေ ပြောနေတာကို စိုင်းကျော်ဖခမျာမှာလည်း သည်းခံနားထောင်ပေးလျက် ကားပေါ်ထိရောက်အောင် တွဲတင်ပေးလိုက်ရသည်။ အဲဒီနောက်တော့ အိမ်ပြန်ရောက်သည်ထိ တစ်လမ်းလုံး သူ ငြိမ်သက်တိတ်ဆိတ်စွာ ပါလာခဲ့သည်။

တကယ့်ကိုပဲ စိတ်ခံစားချက်တွေကို တစ်နေရာရာမှာ လွှင့်ပစ်





ထားခဲ့သော လူတစ်ယောက်၏ ငြိမ်သက်မှုမျိုးနှင့် ဖြစ်သည်။

■ ■ ■

## အခန်း (၁၀)

“ မင်း ညက အိမ်ကို ဘယ်အချိန် ပြန်ရောက်လဲ မာန်ဝင့်ထည် ”

မနက်ကော်ဖီဝိုင်းတွင် ဝင်ထိုင်မိသည်နှင့် ဖေဖေ့အသံက အိမ်ကြီးတစ်ခုလုံးကို ဟိန်းထွက်သွားစေ၏။ မေမေကတော့ သောက်လက်စ ကော်ဖီခွက်ကို စားပွဲပေါ်သို့ အလန့်တကြားနှင့် ပြန်တင်လိုက်ပြီး ဖေဖေ့ကိုတစ်လှည့် သူ့ကိုတစ်လှည့် ကြည့်လိုက်သည်။ အိန္ဒြေကတော့ ပခုံးတစ်ချက် တွန့်ပြရုံသာ တတ်နိုင်၏။

သူ ထင်တော့လည်း ထင်ပါသည်။ ညက သူ အိမ်ပြန်ရောက်သွားတော့ ထမင်းစားသောက် ပြီးစီးလို့ ဖေဖေလည်း စာဖတ်ခန်းထဲဝင်ရောက်သွားပြီ ဖြစ်သည်။ ခေါင်းမထူနိုင်ဖြစ်နေသော သူ့ကို





စိုင်းကျော်ဖကပဲ အခန်းထဲထိ တွဲပို့ပေးခဲ့ရပြီး နောက်မှ မေမေက တိတ်တဆိတ် ရောက်လာခဲ့ခြင်း ဖြစ်သည်။

ဖေဖေနဲ့ကတော့ အခုမှပင် မျက်နှာချင်းဆိုင်ဖြစ်ခြင်း ဖြစ်၏။

“ မင်းကိုငါ မေးနေတယ်လေ ဘာလို့ ကြောင်တောင်တောင်နဲ့ ရပ်နေတာလဲ ”

မေမေ့နားမှ သူ ထိုင်နေကျ ကုလားထိုင်ကို အိမ်အကူတစ်ယောက်က ဆွဲယူကာ ထိုင်စေလိုက်၍ သူလည်း အလိုက်သင့်လေး ထိုင်လိုက်ရသည်။ မေမေက သူ့အတွက် ကော်ဖီတစ်ခွက် ငှဲ့ပေး၏။ သားသမီးတွေနဲ့ ပတ်သက်လာရင် မေမေက အိမ်အကူတွေကို လုပ်ခိုင်းခြင်းထက် သူမကိုယ်တိုင် သူမလက် သူမခြေ ဝင်လုပ်ပေးရခြင်းကိုမှ ကျေနပ်တတ်သူ ဖြစ်သည်။

အဲဒါမျိုးတွေကိုလည်း ဖေဖေက မကြိုက်တတ်ပါ။ ကိုယ်နေထိုင်နေသည့် အခြေအနေနှင့် ကိုယ့်လုပ်ရပ်တွေဟာ ညီတူညီမျှပဲ ရှိနေရလိမ့်မယ်လို့ ဖေဖေက တစ်ယူသန်စွာ တွေးတောထားခြင်း ဖြစ်သည်။

တကယ်တော့ ဖေဖေဟာလည်း သာမန်မိန်းကလေးတစ်ယောက်ကို လက်ထပ်ခဲ့တာကအစ သူ့လက်ထက်မှာ မလုပ်နိုင်ခဲ့တာတွေကို သားသမီးတွေလက်ထက်မှာ မရမက ဘောင်သွင်းပြီး

သူ စိစဉ်သည့်အတိုင်း ဖြစ်စေချင်နေတာအထိ အဖိုးနှင့် အတူတူပင် ဖြစ်၏။

“ မာန်ဝင့်ထည် မင်းကိုငါ မေးနေတာကို ဘာလို့ ရေငုံနှုတ်ပိတ်နေတာလဲ၊ ငါ့ကို မခန့်လေးစားလုပ်တဲ့ အဆင့်တောင် ရောက်နေပြီလား မင်းက ”

ဖေဖေ့အသံကို နားထောင်ကြည့်ပါလျှင် ဖေဖေ ဘယ်လောက်တောင် ဒေါသမုန်တိုင်းတွေ တိုက်ခတ်တော့မယ်ဆိုတာ သူ သိနေပါသည်။ ဒါပေမဲ့ သူ မတုန်လှုပ်ချင်တော့ပါ။ မျက်နှာကို ခပ်တည်တည်သာ ထားလျက် ကော်ဖီကို တစ်ကျိုက်မော့သောက်လိုက်သည်။

“ ထမင်းစားချိန်ကျော်မှ ပြန်ရောက်တာပါ ဖေဖေ ”

“ ထင်သားပဲ မင်းတို့အမေက မင်းတို့နဲ့ ပတ်သက်လာရင် နေရာတကာ ကာဆီးကာဆီးနဲ့ လိမ်ပြောလိမ့်မယ်ဆိုတာ အစတည်းက ငါ ထင်ပြီးသားပဲ ”

သူ မေမေ့ဘက်ကို တစ်ချက်လှမ်းကြည့်လိုက်မိသည်။ မေမေ့မျက်နှာက စိတ်အပျက်ကြီးပျက်နေသည့် ပုံစံမျိုး၊ ဒီလိုဆိုရင်တော့ ညတုန်းက သူ အဆူခံရမည်စိုး၍ ဖေဖေ့ကို မေမေက တစ်ခုခု လိမ်လည်ပြောထားတဲ့ ပုံပါပဲ။

စိုးရိမ်ပူပန်နေသော မေမေ့ကို သူ မသိမသာလေး ပြုံးပြ





လိုက်သည်။

“ မင်း ဘာတွေ လုပ်နေတာလဲ မာန်ဝင့်ထည်၊ မင်းကိုငါက အချိန်မတန်သေးဘူးထင်လို့ ဘာမှမပြောသေးဘဲ ဒီတိုင်းကြည့်နေခဲ့တာကွ၊ ခုဟာက မင်းသတင်းတွေက ပိုပိုပြီး ဆိုးဆိုးလာတယ်၊ အဲဒါကြောင့် မင်းတို့နှစ်ယောက်လုံးကို ငါက အရပ်ကျောင်း မထားချင်ခဲ့တာကွ ”

ဖေဖေ ဘာတွေသိနေပြီလဲ၊ သူနဲ့ပတ်သက်ပြီး ဘာတွေကိုများ ဖေဖေ ဘယ်လောက်ထိ သိနေပြီလဲ၊ သူ့မျက်နှာ တစ်ချက် ပျက်သွားမိ၏။ သို့သော် ချက်ချင်းပင် ပြန်လည်ထိန်းချုပ်လိုက်ပါသည်။

“ အိန္ဒြေတုန်းကလည်း ဖြစ်ပြီးပြီ၊ ငါနဲ့မင်းတို့အဖိုး ကြားထဲကနေ မနည်းကြီး တားမြစ်ခဲ့လို့သာ မဖြစ်သင့်တာတွေ မဖြစ်ခဲ့တာ၊ ခုတစ်ခါ မင်းကပါ အဲဒီနည်းအတိုင်းပဲ . ထပ်ရှေ့တိုးချင်နေတာလား မာန် ”

အိန္ဒြေ့မျက်နှာက ဖေဖေ့စကားကြောင့် တစ်ချက် ပြုံဆင်းကျသွားပြီး မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် လုပ်နေသေး၏။ အိန္ဒြေလို မိန်းမသားကတောင် ဖေဖေ့အမိန့်ကို လွန်ဆန်ဖို့ အတတ်နိုင်ဆုံး ကြိုးစားခဲ့ဖူးလျှင် သူလို ယောကျ်ားရင့်မာကြီးတစ်ယောက်က ဒီတိုင်းပဲ လက်လျှော့လိုက်ရမည်တဲ့လား၊ ဘယ်လိုမှ မဖြစ်နိုင်ပါ။

“ ကျွန်တော့်အကြောင်းတွေကို ဖေဖေ ဘယ်လောက်ထိ သိထားလို့လဲ၊ ကျွန်တော့်ကိစ္စတွေကို ဖေဖေ နားမလည်နိုင်တာတော့ သေချာပါတယ် ”

သူ့စကားကြောင့် ဖေဖေ့မျက်နှာကြီးတစ်ခုလုံး ငရုတ်ဆီနဲ့ အပက်ခံရသူလို ရဲရဲတွတ်သွား၏။ နဂိုက အသားဖြူသူမို့ ဒေါသဖြစ်နေသည့် အချိန်မျိုးဆို ဖေဖေဟာ ဘယ်လောက်ပဲ ဟန်ဆောင်ထားထား နီသွားသော မျက်နှာပြင်ကိုတော့ လိမ်လည်လို့ မရခဲ့ပါ။

“ ဖေဖေ့ကို ကျွန်တော် ဒီလိုတွေ ပြောလို့ ဖေဖေ စိတ်တိုမယ်၊ ဒေါသထွက်မယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ရဲ့ ခံစားချက်တွေကိုတော့ ဖေဖေ ဘယ်လိုနည်းနဲ့မှ မသိနိုင်တာ သေချာတယ် ”

ဖေဖေ သူ့ကို ဘာမှပြန်မပြောပါ။ စားပွဲခုံပေါ်သို့ တင်ထားသော လက်များကိုတော့ ကျစ်ကျစ်ပါအောင် ဆုပ်ထားကြသည်။

“ ဟေ့ မောင်စံ ငါ ယူခိုင်းထားတဲ့ စာအိတ် ယူလာခဲ့စမ်း”

ဖေဖေ့အသံက ခပ်တိုးတိုးနှင့် မာမာထွက်လာသည်။ ဖေဖေ့ နောက်တော်ပါးတွင် အမြဲရှိနေတတ်သော ဖေဖေ့ရဲ့ သက်တော်စောင့် မောင်စံက ဖေဖေ့နားသို့ တိုးကပ်ကာ စာအိတ်အညိုရောင် ခပ်ရှည်ရှည် တစ်လုံးကို ချပေးလိုက်၏။





ဖေဖေက ထိုစာအိတ်ကို မာန့်ဘက်သို့ အသာတွန်းပို့လိုက်ပါသည်။ မာန် နည်းနည်းတော့ ကြောင်တောင်တောင် ဖြစ်သွားရ၏။ ဖေဖေက ဖွင့်ကြည့်လိုက်ဟု မျက်နှာအမူအယာနှင့် အချက်ပြလိုက်သည်။ ဘာမှန်းမသိပေမယ့် သူ မဝံ့ရဲစွာပင် စာအိတ်ညိုလေးကို အသာဆွဲယူ ဖွင့်ကြည့်လိုက်ရသည်။

“ ဟင်. . . ”

မာန့်မျက်လုံးများက အပြင်သို့ ကျွတ်ထွက်တော့မတတ် ပြူးကျယ်ကုန်၏။ စာအိတ်ထဲမှ ထွက်လာသော ရောင်စုံဓာတ်ပုံများ အားလုံးဟာ သူ့ရဲ့ အံ့ဩမင်သက်မှုတွေကို အစုလိုက်အပြုံလိုက် သိမ်းကျုံးယူသွားခဲ့ပြီ ဖြစ်၏။

“ ဖေဖေ ဒါ. . . ဒါတွေက ဘယ်လိုဖြစ်တာလဲ ”

သူ့ရဲ့ တုန်ယင်စွာ ထွက်သွားသော အသံကြောင့် ဖေဖေ့ မျက်နှာထက်က ခပ်ယဲ့ယဲ့ မဲ့ပြုံးက ပိုလို့အသက်ဝင်သွားရခြင်း ဖြစ်၏။

“ မင်းကို ငါက ပြန်မေးရမှာပါကွ၊ အဲဒါတွေက ဘယ်လို ဖြစ်တာလဲလို့လေ ”

ရုတ်တရက်မို့ ဘာဆိုဘာမှ ပြန်မဖြေနိုင်လောက်အောင် သူ ဆွံ့အနေမိသည်။ သူ့လက်ထဲမှာ ကိုင်ထားသော ဓာတ်ပုံများကိုလည်း မယုံကြည်နိုင်စွာ ငေးကြည့်နေမိ၏။

" ဆက်ကြည့်ပါဦးကွ ဒီ့ထက်ပိုပြီး အံ့သြစရာကောင်းတာတွေ မင်းတွေ့ရဦးမှာပါ "

ဖေဖေက သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ရှိနေသည့် မျက်နှာထားမျိုးနှင့် ပိုင်နိုင်စွာ ပြောလာပါသည်။ အထပ်လိုက်ကြီး ဖြစ်နေသော ဓာတ်ပုံများကို သူ သေချာဖြည်းညင်းစွာ တစ်ပုံကြီး ဖယ်ကြည့်လိုက်မိ၏။

" ဟာ. . . ဟာ. . . ဒါ. . . ဒါတွေက တကယ်ပဲလား၊ ဒီပုံတွေကို ဖေဖေ ဘယ်ကရလာတာလဲဗျာ၊ ဖေဖေ ဘာတွေလုပ်နေတာလဲ၊ ကျွန်တော့်နောက်ကို ဖေဖေ လူလွှတ်ပြီး ကြည့်ခိုင်းနေတာလား၊ ကြယ်ဖြူ့နောက်ကိုပါ ဖေဖေက နောက်ယောင်ခံလိုက်ခိုင်းနေတာလား ဟင်၊ ကျွန်တော်တော့ ဖေဖေ့လုပ်ရပ်ကို မယုံကြည်နိုင်လောက်အောင်ပဲ "

မရပ်မနား ပြောနေမိသော သူ့ကို ဖေဖေက လက်ကာပြကာ ရပ်ခိုင်းလိုက်၏။ မာန့်ကို ကြည့်နေသော ဖေဖေ့အကြည့်များသည် ခုတော့လည်း သနားစရာ သတ္တဝါတစ်ကောင်ကို ကြည့်နေပုံမျိုးနှင့် အတူတူပင် ဖြစ်သည်။

အများအမြင်မှာ သူဟာ တကယ်ပဲ သနားစရာ ကောင်းနေပြီနဲ့ တူပါရဲ့။





" မာန် နေဦး၊ ဖေဖေ ပြောပြတာတွေကို မင်း ဆုံးအောင်နားထောင်လိုက်ပါဦး "

" ဟင့်အင်း ကျွန်တော် ဘာမှမသိချင်ဘူး ဖေဖေ၊ ဖေဖေ ဘာတွေလိမ်လည်ဦးမလို့လဲ "

ဖေဖေ့မျက်နှာ တည်သွားပါသည်။

" မင်းကိုငါ ဘယ်နှစ်ခါများ လိမ်လည်ဖူးလို့လဲ မာန်ဝင့်ထည် မင်းမသိချင်လည်း ငါကတော့ မင်းကို ပြောပြရမှာပဲ ဘာဖြစ်လို့လည်းဆိုတော့ မင်းဟာ ငါ့လက်အောက်မှာ နေနေသေးတဲ့ ငါ့သားအရင်းဖြစ်နေလို့ပဲ၊ အဲဒါကို မင်း လက်ခံနိုင်ရမယ် "

သူ ခေါင်းကိုသာ အဆက်မပြတ် ခါရမ်းနေမိသည်။ ဘာတွေလဲ၊ ဘာတွေဖြစ်ကုန်တာလဲ။

တောအစပ်က သစ်ပင်ကြီးအောက်မှာ ကြယ်ဖြူ့ကို သူက နူတ်ဆက်အနမ်းပေးနေသည့်ပုံသည် တိကျပြတ်သားစွာပင် ဖေဖေ့လက်ထဲသို့ ရောက်ရှိနေခဲ့သည်။ ပြီးတော့ ကြယ်ဖြူနဲ့ သူနဲ့ စာအတူတူလုပ်နေကြသည့် ပုံများ။

အဆိုးရွားဆုံးကတော့ လတ်တလော အချိန်တွင် ရန်ကုန်မှာရှိနေသည့် တောင်တန်းပြာနဲ့ ကြယ်ဖြူလေးတို့၏ ရင်းနှီးစွာ ပျော်ရွှင်ရယ်မောနေသော ဓာတ်ပုံများလည်း ပါဝင်နေခြင်းဖြစ်သည်။

ဓာတ်ပုံထဲမှာတော့ ကြယ်ဖြူဟာ ချစ်သူတစ်ယောက်ကို သစ္စာဖောက်ပြီး တခြားတစ်ယောက်နှင့် ပျော်မြူးနေသော မိန်းကလေး တစ်ယောက်ပုံမျိုး မဟုတ်ပါဘဲ ပကတိ အပြစ်ကင်းစင်စွာ ရယ်မော နေခြင်းဖြစ်၏။ အဲဒါကိုပဲ သူ့ရင်ဘတ်တွေက လက်မခံနိုင်ခဲ့ခြင်း ဖြစ်သည်။

သူကတော့ ကြယ်ဖြူ့ကြောင့် အရက်တွေတောင် သောက်မိ ပြီး တစ်ယောက်တည်းနှင့် ပြဿနာတွေ ရှုပ်နေသည့် အချိန်မျိုးမှာ သူမကတော့ တောင်တန်းပြာနှင့် အပူအပင်မဲ့စွာ ပျော်မြူးနေနိုင်သည်။

" အဲဒီပုံတွေ အားလုံးကို ဖေဖေ စီမံပြီး ရိုက်ယူခိုင်းခဲ့တာ မဟုတ်ဘူး သား "

ဖေဖေ့အသံက အနည်းငယ် ပျော့ပျောင်းလာပါသည်။ မာန့် မျက်ဝန်းမှာတော့ မျက်ရည်စတို့ ရစ်ဝဲစပြုလာ၏။

" တကယ်တော့ ဒီဓာတ်ပုံထဲက သားမဟုတ်တဲ့ ကောင်လေး ကို ဖေဖေ သေတောင်မေ့လို့ရမှာ မဟုတ်တာကို သား သိမှာပါ၊ တောင်တန်းပြာ ဆိုတဲ့ ကောင်လေးပဲ၊ သူ့ကြောင့်ပဲ သမီးလေးဘဝကို အနစ်မွန်းခံရမလို ဖြစ်ခဲ့ရတယ်၊ ခုလည်း သားနဲ့ပတ်သက်နေပြန်ပြီ၊ ထားလိုက်ပါ၊ ဖေဖေ အခု အဓိကပြောချင်တာက ဒီဓာတ်ပုံတွေ အားလုံးကို ဖေဖေက ရိုက်ခိုင်းခဲ့တာ မဟုတ်ဘဲ အဲဒီတောင်တန်းပြာ





ဆိုတဲ့ ကောင်လေးကိုယ်တိုင် ရိုက်ယူပြီး ပို့ပေးလိုက်တာပါ၊ အဲဒါဟာ ဘာကိုဆိုလိုတယ်ဆိုတာ သား သိရဲ့လား၊ သားနဲ့ မိန်းကလေး တစ်ယောက်နဲ့ ဒီလိုအခြေအနေမှာ ရှိနေပါတယ်ဆိုပြီး ဖေဖေ့ကို အသိ ပေးချင်တာရယ်၊ ပြီးတော့ အဲဒီမိန်းကလေးဟာ သားတစ်ယောက် တည်းနဲ့တင် မဟုတ်ပါဘဲ သူနဲ့ပါ ပတ်သက်ဆက်နွယ်နေတယ်ဆိုတာ သားကို အသိပေးချင်တာရယ်၊ ဒီဓာတ်ပုံတွေနဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်လိုက်တာပဲ "

ဖေဖေ့စကားတွေကို သူ ယုံကြည်ရမလား၊ ဖေဖေ ပြောခဲ့ သလိုပါပဲ ဖေဖေဟာ အတင်းအဓမ္မဆန်သော အချုပ်အနှောင်တွေထဲ သူတို့ကို ထည့်သွင်းဖို့ ကြိုးစားနေတာလွဲရင် ဘယ်တုန်းကမှ မလိမ်ညာ ခဲ့ဖူးသော ဖခင်တစ်ယောက်သာ ဖြစ်သည်။

သူ့ရဲ့ တုန်လှုပ်စွာ ငြိမ်သက်နေမှုကို ဖေဖေကလည်း ငြိမ်သက်စွာပင် ကြည့်နေပါသည်။ ဒါပေမဲ့ ဘာကိုမှ နားမလည်နိုင် ဖြစ်နေသော မေမေနှင့် အိန္ဒြေကတော့ မျက်စိမျက်နှာတွေပျက်ကာ ဓာတ်ပုံများကိုသာ သဲသဲမဲမဲ ယူကြည့်လိုက်ကြ၏။

မေမေရော အိန္ဒြေရော နှစ်ဦးလုံးထံမှ သူ မျှော်လင့်ထားသည့် အတိုင်း အာမေဋိတ်သံများ ကိုယ်စီထွက်ကျလာ၏။ ဒါဟာ အဖြစ်သင့် ဆုံးပါပဲ။ ဘယ်မိသားစုဝင်မဆို ဒီဓာတ်ပုံတွေမြင်မိလျှင် သူ့ကို

သနားစိတ်တွေ ဝင်လာမှာ သေချာသည်။

သူ မြတ်မြတ်နိုးနိုးနှင့် နမ်းရှိုက်ခဲ့ရသော မိန်းကလေးတစ်ဦးသည် သူ့ကွယ်ရာမှာ တခြားသော ယောကျ်ားသားတစ်ဦးနှင့် ပျော်မြူးနေသော မြင်ကွင်းကို မြင်ရခြင်းဟာ သူ့အတွက်တော့ တကယ့်ကို ချောက်နက်နက်ကြီး တစ်ခုထဲ အကာအကွယ်မဲ့ ခုန်ဆင်းနေရသလိုပင် ဖြစ်၏။

ဓာတ်ပုံများကိုကြည့်ပြီး မယုံကြည်နိုင်စွာနှင့် ခေါင်းတခါခါ ဖြစ်နေသော အိန္ဒြေက မာန့်နားသို့ ရောက်လာကာ

“ ဒါ. . . ဒါတွေက အမှန်တွေပဲလား မာန် ”

အိန္ဒြေ့လက်ထဲတွင် တုန်ခါနေသော ဓာတ်ပုံများကို သူ တစ်ချက်ငဲ့စောင်းကြည့်လျက် အံကို တင်းတင်းကြိတ်လိုက်မိသည်။

“ ဘာတွေဖြစ်ကုန်တာလဲ ကြယ်ဖြူလေးနဲ့ ဖိုးပြာက ဘယ်လို ပတ်သက်မှုတွေ ရှိနေတာလဲ ”

“ သူတို့နှစ်ယောက်က အိမ်ချင်းကပ်လျက် နေကြတာလေ၊ လောလောဆယ်တော့ ငါ့ထက်စာရင် နင့်တောင်တန်းပြာက ကြယ်ဖြူနဲ့ ပိုပတ်သက်သွားပါပြီ၊ နင် ဝမ်းနည်းလို့လား အိန္ဒြေ ”

မာန်က ဖေဖေ့ရှေ့မှာပင် ပေါ်တင်ကြီး မေးလိုက်သည်မို့ အိန္ဒြေက ခေါင်းကို သွက်သွက်ကြီး ခါပစ်လိုက်၏။





“ ငါက ဘာလို့ ဝမ်းနည်းရမှာလဲ၊ ခုချိန် ငါ့မှာ စဝ်နိုင်ဒွန်း ရှိပြီးသားပဲ၊ ဖိုးပြာကြောင့် ငါ ဝမ်းမနည်းတော့ပါဘူး၊ ဒါပေမဲ့ မယုံကြည်နိုင်လောက်အောင် အံ့သြမိတယ်၊ ပြီးတော့ သံသယလည်း ဝင်မိတယ်”

အိန္ဒြေ့အသံက ပြတ်သားစွာ ထွက်လာ၏။ ဖေဖေကတော့ ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်သည်။ မေမေ့မျက်နှာပေါ်မှာတော့ မာန့်အတွက် ရင်ကျိုးမရခြင်းတွေနဲ့ စိတ်ရှုပ်ထွေးခြင်းတွေ အတိုင်းသား ပေါ်လွင်နေသည်။

“ ဖေဖေလည်း အဲဒီလိုမျိုးပဲ တွေးမိတယ်၊ ဒါကြောင့်လည်း ဖေဖေ စိတ်တိုမိတာပေါ့၊ သူတို့ အရပ်သူ အရပ်သားတွေရဲ့ အတွေးဟာ အဲဒီလိုမျိုး နိမ့်ပါးနေလိမ့်မယ်လို့ ဖေဖေ ထင်ပြီးသားပါ ”

မာန် ဘာမှဝင်မပြောနိုင်ခဲ့ပါ။ ဒီလိုဆိုရင် တောင်တန်းပြာရဲ့ လုပ်ရပ်တွေကို ကြယ်ဖြူကရော သိပါ့မလား၊ မာန်တို့ မိသားစုကို ကယက်ထသွားစေသည့် ဒီလိုမျိုး ဓာတ်ပုံတွေကို တောင်တန်းပြာက ပို့ပေးလိုက်တယ် ဆိုတာမျိုးပေါ့။

“ ကျွန်တော်. . . ကျွန်တော် ဘာလုပ်ရမလဲ ဖေဖေ”

သူ့နှုတ်ဖျားမှ ကတုန်ကယင် ထွက်ကျလာသော စကားသံကြောင့် ဖေဖေက သူ့မျက်လုံးများထဲထိ စေ့စေ့စိုက်ကြည့်လိုက်ကာ

“ ကိုယ်နဲ့ အဆင့်အတန်းချင်းလည်း မတူညီဘူး၊ ကိုယ့်အပေါ်

မှာလည်း သစ္စာမရှိဘူး၊ ပြီးတော့ ကိုယ့်ကို ကလဲ့စားချေချင်နေတဲ့ လူနဲ့လည်း တွဲနေတဲ့ မိန်းကလေးတစ်ယောက်၊ အဲဒီလိုလူမျိုးတွေနဲ့ ပတ်သက်နေမိတာကို အမြန်ဆုံး ရပ်တန်းက ရပ်လိုက်သင့်တာပေါ့ကွာ''

ဖေဖေ့အသံက အေးဆေးညင်သာစွာနှင့် တစ်လုံးချင်း ထွက်ကျလာတာ ဖြစ်ပေမယ့် သူ့နားထဲမှာတော့ ဘယ်စကားလုံးကိုမှ လက်မခံချင်ဘဲ ဖြစ်နေရသည်။

အငွေ့ထနေဆဲဖြစ်သော ကော်ဖီခွက်ကို ဒီတိုင်းသာထားခဲ့လျက် အားလုံးနဲ့ဝေးရာသို့ သူ ပြေးထွက်ခဲ့မိသည်။ သနားစရာ သတ္တဝါတစ်ကောင်ကို ကြည့်သလိုမျိုး၊ ကျဉ်းထဲကျပ်ထဲ ရောက်နေသော လူတစ်ယောက်ကို ဝိုင်းပြီး စုပ်တသတ်သတ် ဖြစ်နေကြသော လူတွေကြားထဲမှာ နေရတာ သူ မွန်းကျပ်လွန်းနေပြီ ဖြစ်သည်။

သူ ပြေးသာပြေးလာခဲ့ရသည်။ သူ့အတွက် ပြေးစရာ မြေရောရှိရဲ့လား၊ သူ့ခြေထောက်တွေက ဘယ်ကို ဦးတည်နေမိတာလဲ၊ ဒါပေမဲ့ သူ မောဟိုက်ပင်ပန်းစွာ ခွေကျသွားသည်ထိ မရပ်မနား ပြေးနေခဲ့မိတာကတော့ သေချာပါသည်။

× × ×

'' မာန်ကလည်း ငါ့ကို နည်းနည်းမှ အဆက်အသွယ် မလုပ်ဘူးနော်၊ သူ တော်တော်နေနိုင်တယ် ''





သူမ ရန်ကုန်သို့ ထွက်မလာခင်မှာ သူမထံသို့ ဆက်သွယ်ဖို့ ဖုန်းနံပါတ်တစ်ခု ပေးခဲ့တာကို မာန်က နည်းနည်းလေးမှတောင် အဆက်အသွယ် မလုပ်ခဲ့ပါ။

တကယ်ပဲ ဖိုးပြာနဲ့ ကြယ်ဖြူ့ကို မာန် အထင်လွဲသွားခဲ့တာလား မသိပါ။ အထင်လွဲသွားတယ် ဆိုရင်လည်း နည်းနည်းပါးပါးတော့ အကျိုးအကြောင်း ရှင်းပြခွင့်လေးဖြစ်ဖြစ် သူမကို ပေးသင့်ပါသည်။

ခုတော့ သူ့ဘက်က ဘာအဆက်အသွယ်မှ မလုပ်သောအခါ သူမမှာသာ တစ်ဖက်သတ် လွမ်းဆွတ်နေရသလိုလို၊

'' ဘာလဲ နင်က ငါ့ကို ဘေးမှာထားပြီး မာန့်ကို လွမ်းနေတာလား ''

'' ငါ့ချစ်သူ ငါလွမ်းတာ ဘာဖြစ်လဲ ''

ဖိုးပြာ စကားက ဘယ်လိုအဓိပ္ပာယ်မျိုးလဲဆိုတာ သေချာမသိလိုက်ခင်မှာပင် သူမ နှုတ်ဖျားမှ ထိုစကားက အလိုလို ထွက်ကျသွားခြင်း ဖြစ်၏။

ဖိုးပြာမျက်နှာက တော်တော်လေး ပျက်ယွင်းသွားမှပင် ညှိုသည်ကို ရန်စွာသလို ဖြစ်သွားမှန်း သတိရတော့၏။

'' ဆောရီးဟာ နင်ကလည်း ငါ့ကို အဲဒီလိုမျိုးကြီး မပြောနဲ့လေ၊ မာန်နဲ့ငါနဲ့က ချစ်သူတွေဆိုတာ နင်လည်း အသိပဲ၊

နင်က ငါ့ရဲ့အခင်မင်ဆုံး သူငယ်ချင်းပါ၊ နင်သာ ကလောပြန်သွားရင်လည်း ငါက နင့်ကိုပါ သတိရနေမှာပေါ့ဟ ''

သူမက လေပြည်လေးထိုးလိုက်တော့မှ ဖိုးပြာ မျက်နှာက ပြန်လည် ပြုံးလာပါသည်။

'' ဒီနေ့ နင်ရောက်နေတာ တစ်ပတ်ပြည့်ပြီနော်၊ အလုပ်ကိစ္စ သွားရဦးမှာပေါ့ ''

'' အေး ဟုတ်တယ် နင်လိုက်ဦးမလား ''

'' မလိုက်တော့ဘူးဟာ ဒီနေ့ မေမေက သူနဲ့တူတူ ဈေးဝယ် လိုက်ခဲ့ဖို့ ခေါ်ထားတယ် ''

'' ဒါဆိုလည်း ပြီးရောလေ၊ ငါ့အတွက် ဝယ်ခဲ့ဖို့လည်း မမေ့နဲ့နော် ''

'' နင့်အတွက်လား ရတယ်. . . ရတယ် ကော်ဖီမှုန့်တွေ ဝယ်လာခဲ့မယ် ''

'' အာ တော်စမ်းပါ ကြယ်ဖြူရယ် ''

ဖိုးပြာက မျက်နှာကြီး ရှုံ့မဲ့လျက် သူမနားမှ ထွက်သွားပါသည်။ ဖိုးပြာတို့က ဟိုမှာ ကော်ဖီခြံလုပ်ငန်း လုပ်ကိုင်ခြင်း ဖြစ်၏။ အရမ်းကြီး မအောင်မြင်လှသော်လည်း တစ်ပိုင်တစ်နိုင် လုပ်ငန်းအနေနှင့် ဖိုးပြာ အမေ တစ်ယောက်တည်းကသာ ဦးဆောင်နေခြင်းဖြစ်၏။





သူတို့ ခြံကထွက်သော ကော်ဖီမှုန့်ကို ရန်ကုန်ဈေးကွက်ထဲ ဝင်ဖို့အတွက် လုပ်ငန်းပိုင်းနဲ့စပ်သော သူဦးလေးနှင့် လာဆွေးနွေးခြင်း လို့တော့ သူမကို ဖိုးပြာက ပြောပြထားခဲ့သည်။

'' စောစောပြန်ခဲ့ဦးနော် ''

ခပ်လှမ်းလှမ်းသို့ ရောက်နေပြီဖြစ်သော ဖိုးပြာကို သူမက အော်ပြောလိုက်၏။ ဖိုးပြာက ခေါင်းညိတ်ပြကာ ရွှင်ရွှင်မြူးမြူးနှင့် ထွက်ခွာသွားပါသည်။

ထိုအခါကျမှပင် သူမမှာ စိတ်လွတ်လက်လွတ် လွမ်းဆွတ်ခွင့် ရတော့၏။ စိတ်ထဲမှာတော့ မာန့်ကို အရမ်းလွမ်းနေပေမယ့် ဘယ်သူ့ ကိုမှလည်း ထုတ်ဖော်ပြောခွင့် မရသောအခါ သူမ နှလုံးသားက မွန်းကျပ်လာသလို ခံစားရသည်။

မာန်ကရော သူမကို နည်းနည်းလေးမှ မလွမ်းပါဘူးတဲ့လား၊ မဖြစ်နိုင်ပါ။ မာန်နဲ့ကြယ်ဖြူလေးက တစ်ယောက်ကိုတစ်ယောက် နက်နက်နဲနဲ ချစ်ကြတယ်ဆိုတာ သူတို့နှစ်ယောက်ဘာသာ သိနေပါသည်။

အဲဒီလိုမျိုး တစ်ယောက်နဲ့တစ်ယောက် ယုံကြည်နေကြတာတောင် မာန်က ဘာလို့များ သူမကို ဖိုးပြာနဲ့ အထင်လွဲရက်တာလဲ၊ သူမကို မယုံကြည်လို့များလား၊ ကြယ်ဖြူ့ရင်ထဲမှာရှိနေတဲ့

တစ်ဦးတည်းသော ယောက်ျားဟာ မာန်ဝင့်ထည်ပါဆိုတာကို သူက မယုံဘူးတဲ့လား။

အဖြေတစ်ခုကိုတော့ သူမ ကွဲကွဲပြားပြား သိချင်လှသည်။ ဖိုးပြာက ရန်ကုန်ရောက်ခဲ့သည်မို့ သူမကပင် ဦးဆောင်ကို နေရာအနှံ့ လိုက်ပို့ပြီး ပျော်ရွှင်ပြနေရသော်လည်း တကယ်တမ်း ရင်ထဲမှာတော့ မာန့်ကို သတိရစိတ်တွေနဲ့သာ ပြည့်နှက်နေခဲ့တာကို ဘယ်သူက မြင်နိုင်မှာလဲ။

ဒီတိုင်းသာ ရှေ့ဆက်နေမည်ဆိုလျှင် ရန်ကုန်မှာနေရသည့် ရက်များအတွင်း သူမ ဘယ်လိုမှ ဟန်ဆောင်မပျော်နိုင်တော့မှာ သေချာပါသည်။ ဖေဖေကတော့ သူမကို အောင်စာရင်းများ ထွက်တော့မှပင် ပြန်လာဖို့ ပြောလိုက်ပေမယ့် သူမ စိတ်များကတော့ ခုချက်ချင်းပင် ကလောသို့ ပြန်သွားချင်နေမိသည်။

" သမီး တစ်ယောက်တည်း ဘာတွေမှိုင်နေတာလဲကွဲ့ "

အနားသို့ ရောက်လာသော မေမေ့ကို အားယူပြုံးပြလိုက်ရသော်လည်း အောင်စာရင်းထွက်တော့မှ ပြန်လာစေချင်သော ဖေဖေ့ကိုတော့ နည်းနည်းလေး ဘဝင်မကျ ဖြစ်နေမိ၏။

" ပြောစမ်းပါဦး ငါ့သမီးကို ဘယ်သူက ဒီလိုဖြစ်အောင် လုပ်လိုက်တာလဲ၊ မောင်တောင်တန်းပြာလား "





" ဖိုးပြာ မဟုတ်ပါဘူး မေမေရဲ့၊ ဖေဖေပါ "

" ဟေ သမီး ဖေဖေက ဟုတ်လား၊ ပြောစမ်းပါဦး ဒီလူက ငါ့သမီး စိတ်ညစ်အောင် ဘာတွေလုပ်တယ်ဆိုတာ "

မေမေက တကယ့်ကိုပဲ စိတ်ပါလက်ပါနှင့် သူမဘေးတွင် ဝင်ထိုင်လိုက်ပါသည်။

" ဟွန်း မပြောချင်တော့ပါဘူး မေမေရယ်၊ ဖေဖေကလေ အန်တီနုငယ်နဲ့ အဆင်ပြေနေတာဆိုကော့ ကြယ်ဖြူ့ကို တမင်များ ရန်ကုန်ကို လွှတ်လိုက်တာလားလို့ပါ "

" အို သမီးလေးကလည်း ကိုယ့်အဖေကို ဘယ်လို ပြောနေတာတုန်း "

မေမေ့မျက်နှာက အနည်းငယ်မှ ပျက်မသွားပါ။ အန်တီနုငယ်နဲ့ ဖေဖေနဲ့ လက်ထပ်မယ်ဆိုရင်တောင် မေမေက အားတက်သရောနှင့် လိုက်လံကူညီမည့်ပုံ ရှိနေပါသည်။

ကြယ်ဖြူတစ်ယောက်လုံးကို မွေးဖွားခဲ့သည်ထိ အတူတူ ချစ်ခင်ကာ နေလာကြသော လင်မယားနှစ်ယောက်သည် ခုချိန်မှာတော့ တစ်ယောက်ကိုတစ်ယောက် ဘယ်လိုသဝန်တိုမှုတွေ မနာလိုမှုတွေမှ မရှိတော့ဘဲနဲ့ နေနိုင်ကြသည်ဆိုတာ တကယ့်ကို မယုံကြည်နိုင်လောက်အောင်ပါပဲ။

" မေမေ့ကို ကြယ်ဖြူ တစ်ခုမေးမယ်နော်၊ မေမေ စိတ်မဆိုးရဘူး "

" မေးပါ သမီးရဲ့၊ မေမေ စိတ်မဆိုးပါဘူး "

မေမေ့မျက်နှာက တကယ့်ကို ပြုံးပြုံးရွှင်ရွှင်နဲ့မို့ သူမ မေးချင်တာကို ရဲရဲတင်းတင်းပင် မေးလိုက်မိပါသည်။

" မေမေက ဖေဖေ့ကို သဝန်မတိုတော့ဘူးလားဟင် အန်တီနုငယ်ကိုရော မနာလိုမဖြစ်တော့ဘူးလား "

သူမ ဆံပင်များကို မေမေက အသာဖွဖွ ပင့်သပ်ပေးလျက် သူမ မျက်နှာလေးကိုလည်း သေချာငေးကြည့်ကာ

" မဖြစ်တော့ပါဘူး သမီးလေးရယ် သမီးဖေဖေနဲ့ မေမေက မိတ်ဆွေတွေထက် ပိုပြီးပတ်သက်မှု မရှိတော့ပါဘူး "

" ဒါဆို မေမေက ဖေဖေ့ကို တစ်စက်မှ မချစ်တော့ဘူး ပေါ့နော် "

ထိုမေးခွန်းကိုတော့ မေမေက ရယ်မောပစ်လိုက်ပါသည်။

" ဖြေလေ မေမေ "

" သမီးက ဘာလို့ အဲဒါကို သိချင်တာလဲ "

" ဒီတိုင်းပဲ သိချင်တာပါ မေမေ၊ လူတစ်ယောက်နဲ့ တစ်ယောက် ချစ်ခဲ့ပြီးမှ ဆက်မချစ်ကြတော့ဘူးဆိုတာ ဖြစ်နိုင်လား





လို့ပါ "

" သိပ်ကို ဖြစ်နိုင်တာပေါ့ သမီးရယ်၊ ဘာပြဿနာမှ မရှိကြတဲ့ လင်မယားတွေမှာတောင် အချိန်တွေကြာလာရင် အချစ်ဆိုတာ ပျောက်ကွယ်သွားပြီး သံယောဇဉ်နဲ့ပဲ ဆက်ရှင်သန်သွားကြတာလေ၊ သူတို့မှာ ပူလောင်တဲ့ အချစ်ဆိုတာ မရှိတော့ဘူး "

" ဒါပေမဲ့ သူတို့ဆီမှာ သံယောဇဉ်တော့ ကျန်ခဲ့သားပဲလေ မေမေရဲ့၊ အဲဒီ သံယောဇဉ်ဆိုတာကိုတော့ သူတို့လွယ်လွယ်နဲ့ ဖြတ်တောက်ပစ်လို့ မရဘူး မဟုတ်လား "

" ဟုတ်တယ် သမီး သံယောဇဉ်ဆိုတာ လူတစ်ဦးနဲ့တစ်ဦး ကြားမှာ အလိုအပ်ဆုံးပဲ "

ဒါဆို မာန်က သူမအပေါ်မှာ မချစ်တော့ရင်တောင် သံယောဇဉ်လေးတော့ ထားရှိသင့်တယ် မဟုတ်ဘူးလား။

အဲဒီ သံယောဇဉ်မျက်နှာလေးထောက်ပြီးတော့ပဲဖြစ်ဖြစ် ကြယ်ဖြူ့ဆီကို ဖုန်းလေးတစ်ချက်လောက်တော့ ဆက်သင့်တယ် မဟုတ်ဘူးလား၊ ခုတော့ မာန်က နေနိုင်လွန်းလှပါသည်။

" ကဲ ကဲ ဘာမှလျှောက်တွေးမနေပါနဲ့တော့ သမီးရယ်၊ ဈေးဝယ်သွားတော့မယ် အဝတ်အစားလဲထားလိုက်တော့၊ ဟုတ်ပြီလား"

မေမေ့ကို ပြုံးပြကာ ခေါင်းညိတ်လိုက်ရသော်လည်း သူမ

ရင်ထဲမှာတော့ မာန်နဲ့ပတ်သက်ပြီး မတင်မကျဖြစ်မှုတွေက လျော့ကျမသွားသေးပါ။ မာန်နဲ့ အဆက်အသွယ်ရအောင် ကြယ်ဖြူ တစ်ခုခုတော့ လုပ်ရပါလိမ့်မည်။

× × ×

" ဒါဆို ရှင်က သူတို့နှစ်ယောက်ကို နီးစပ်သွားအောင် ကျွန်မက ကူညီပေးရမယ်လို့ ဆိုလိုတာလား "

" × × × × × ×"

" ကြည့်လည်း လုပ်ပါဦးရှင် တော်ကြာ သမီးအတွက် အမေက ပြန်အောင်သွယ်တယ်ဆိုပြီး ဖြစ်နေပါဦးမယ် "

" × × × × × × × × × × × × "

" အင်းပါ အဲဒီလောက်ကတော့ ကျွန်မလည်း ရိပ်မိပါတယ်၊ မောင်တောင်တန်းပြာက သမီးလေးအပေါ်မှာ တော်တော်လေး အနစ်နာခံပြီး ချစ်တယ်ဆိုတာ ကျွန်မ မျက်စိရှေ့တင်ပါပဲ "

" အိုကေ အိုကေ ကျွန်မ နားချကြည့်ပါ့မယ် "

မေမေက ဖုန်းခွက်ကို ပြန်တင်လိုက်ပြီး ဒီဘက်သို့ ပြန်လှည့်လိုက်ချိန်မှာပဲ အံ့ဩကာ မယုံကြည်နိုင်လောက်အောင် ဖြစ်နေသော ကြယ်ဖြူလေးနှင့် ရင်ဆိုင်လိုက်ရသည်။

" မေမေနဲ့ဖေဖေက ခု ဘာတွေ စီစဉ်နေကြတာလဲဟင် "





" မေမေတို့ ပြောတာတွေကို သမီး ကြားလိုက်ပြီပေါ့ ဟုတ်လား "

မေမေ့မျက်နှာက နည်းနည်းလေးမှ ပျက်ယွင်းမနေပါ။ သူမမှာသာ ခေါင်းကို သွင်သွင်ခါရမ်းနေမိသည်။

" မဖြစ်နိုင်ဘူးနော် မေမေ ကြယ်ဖြူက တောင်တန်းပြာကို မချစ်ဘူးနော်၊ သူ့ကိုလည်း လက်မခံနိုင်ဘူး၊ ဖိုးပြာနဲ့ ကြယ်ဖြူနဲ့က ရိုးရိုးသားသား သူငယ်ချင်းတွေပါ မေမေရယ် "

" ဘာလို့လဲ သမီး၊ မောင်တောင်တန်းပြာက သမီးအပေါ်မှာ ဒီလောက် အလိုလိုက်ပြီး ချစ်ခင်တာကို သမီးမမြင်ဘူးလား "

" ကြယ်ဖြူ မြင်ပါတယ်၊ ကြယ်ဖြူ့ကို သူ ချစ်တယ်ဆိုတာလည်း ကောင်းကောင်းကြီး သိနေပါတယ်၊ ဒါပေမဲ့ မေမေ ကြယ်ဖြူ သူ့ကို သူငယ်ချင်းတစ်ယောက်ထက် ပိုပြီး ဘယ်လိုမှ ချစ်လို့မရဘူး"

" ကြိုးစားကြည့်ပါလား သမီးရယ်၊ ဟိုမှာ သမီးဖေဖေက မောင်တောင်တန်းပြာ မေမေနဲ့တောင် ပြောထားဆိုထားတယ်ဆိုပဲ"

ဟင့်အင်း. . . မဖြစ်နိုင်ပါဘူး၊ လက်မခံနိုင်ပါဘူး၊ ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ဘူး၊ ဖိုးပြာဟာ သူမအတွက်တော့ တကယ့်ကို သူငယ်ချင်းကောင်းတစ်ယောက်သာ ဖြစ်သည်။

" ဒါနဲ့လေ သမီးတို့ကိစ္စကို ဖေဖေကစပြီး ဖိုးပြာမေမေဆီ

သွားပြောတာလားဟင် ဟုတ်လား ''

'' မဟုတ်ပါဘူးတဲ့ကွယ်၊ မောင်တောင်တန်းပြာက သမီးနဲ့ တူတူ ရန်ကုန်ရောက်နေတုန်းမှာ သမီးလေးဖေဖေကို နားဖောက်ပေးထားဖို့အတွက် သူ့အမေကို မှာခဲ့တာဆိုပဲ ''

ဟင်. . . ဒီလိုဆို ဖိုးပြာက အကွက်ကျကျ စီမံခဲ့တာပေါ့၊ သူမကို ချုပ်ကိုင်နိုင်ဖို့အတွက် ဖေဖေ့ကိုလည်း ပညာသားပါပါ စည်းရုံးထားပြီး ခုတော့ မေမေ့ကိုပါ သူ့ဘက်ပါအောင် လုပ်ထားနိုင်ပြီ။

မာန်ကရော အဲဒီကိစ္စကို သိသွားလား၊ မာန်နဲ့ဖေဖေနဲ့က အဆက်အသွယ် ရှိကြသူများ မဟုတ်သဖြင့် ဖေဖေဆီကနေတော့ ထိုသတင်းများကို ကြားနိုင်မည် မဟုတ်ပါ။ ဒါပေမဲ့ ဒီလောက်ထိ မာန် နေနိုင်ခြင်းသည် အကြောင်းတစ်ခုခုတော့ ရှိပါလိမ့်မည်။

ဒါဆို အဲဒါကရော ဖိုးပြာ ဖန်တီးထားခဲ့တာ မဖြစ်နိုင်ဘူးလား၊ အလွန် ဖြစ်နိုင်ပါသည်။ ဖိုးပြာနဲ့ မာန်တို့ သူမ အိမ်ခြံဝမှာ တွေ့ခဲ့တယ်လို့ ဖိုးပြာပြောပြီးတည်းက မာန်ဟာ သူမ ရှေ့ကနေ ပျောက်ကွယ်သွားခဲ့တာပဲ။

ဒီလိုဆို ဒီဇာတ်လမ်းတစ်ခုလုံးမှာ ဖိုးပြာက သူလုပ်ချင်တာတွေ လုပ်နေခဲ့တာလား၊ သူမကရော ဖိုးပြာ ပြောသမျှကို ယုံကြည်ပြီး မာန့်ကို နားလည်မှုမရှိ၊ ယုံကြည်မှုမရှိသည့် ချစ်သူတစ်ယောက်အဖြစ်





စိတ်ဆိုးနေခဲ့မိသေးတာလာ့။

'' တင်းတောင်. . . တင်းတောင်. . . ''

သူမ အတွေးများကို ဖြတ်တောက်ပစ်လိုက်သော တံခါးဘဲလ်သံကြောင့် စိတ်ရှုပ်ထွေးစွာနှင့်ပင် အိမ်ရှေ့ထွက်လာခဲ့ရ၏။ သံပန်းတံခါးအပြင်တွင် ရပ်နေသောလူကို ကြယ်ဖြူ တစ်ခါမှ မမြင်ဖူးပါ။

'' ဘာကိစ္စရှိလို့လဲရှင့် ''

'' ကိုတောင်တန်းပြာနဲ့ တွေ့ချင်လို့ပါ ''

ထိုလူစိမ်းရဲ့ မျက်နှာက သူမကို သိနေသလိုလိုနှင့် ပြုံးပြကာ ပြောနေပြန်သည်။ သူမကတော့ ထိုလူကို မသိတာ လုံးဝသေချာပါသည်။

'' သူဦးလေးဆီ သွားတယ်ရှင့် ''

'' အဲဒီအိမ်ကို ကျွန်တော် မသိဘူးဗျ၊ ကိုတောင်တန်းပြာက ဒီအိမ်လိပ်စာပဲ ကျွန်တော့်ကို ပေးထားတာ ''

'' ဩ် ဟုတ်လား ဒါဆိုလည်း အိမ်ထဲ ဝင်စောင့်ချင် စောင့်ပါ ''

ကြယ်ဖြူက သံပန်းတံခါးကို ဖွင့်ပေးလိုက်ပေမယ့် ထိုလူကတော့ အိမ်ထဲသို့ ဝင်မည့်ပုံ မရှိပါ။ လွယ်ထားသော သားရေအိတ် အနက်ရောင်ထဲမှ တစ်စုံတစ်ခုကို ရှာဖွေနေသည့် ပုံပင်။

" ဒီဖြတ်ပိုင်းလေးနဲ့ စတစ်ကို သူ့ကို ပေးပေးပါဗျာ "

ထိုလူကမ်းပေးသော စာရွက်တိုလေးတစ်ခုနှင့် မီမိုရီစတစ်လေးကို ကြယ်ဖြူ လှမ်းယူလိုက်ရသော်လည်း ခုချိန်ထိတော့ ဘာကိုမှ သေချာနားမလည်နိုင်သေး။ ဖိုးပြာနဲ့ ပတ်သက်တဲ့ အလုပ်ကိစ္စတစ်ခုခု ဟုသာ ထင်မှတ်နေခြင်းဖြစ်၏။

" ဘာမှာဦးမလဲ မသိဘူး "

" ရပါတယ် အဲဒါက ဓာတ်ပုံကူးခ ကျသင့်ငွေဖြတ်ပိုင်းပါ၊ ဓာတ်ပုံတွေကိုလည်း သူပို့ခိုင်းတဲ့ဆီကို ကျွန်တော်တို့ ပို့ပေးလိုက်ပါပြီ၊ စတစ်ထဲမှာလည်း ပုံတွေ ထည့်ပေးထားတယ်လို့တော့ ပြောပေးပါ"

" ဟုတ်ကဲ့ ကောင်းပါပြီ "

ထိုလူပြန်သွားသည်ထိ သူမ စိတ်ထဲမှာ ဘဝင်မကျနိုင်သေးပါ။ ရန်ကုန်မှာ ရှိနေတဲ့ ရက်ပိုင်းအတွင်း ဖိုးပြာဟာ သူမ မသိအောင် လုပ်နေသော ကိစ္စတစ်ခုခုများ ရှိနေလေသလား။ ရှိနေလို့သာ ဒီလူ ရောက်လာခြင်းပေါ့။ သူ့အလုပ်ကိစ္စမှန်သမျှကိုလည်း ကြယ်ဖြူ မသိတာ မရှိပါ။ ဒီဓာတ်ပုံကိစ္စတစ်ခုတည်းသာ ကြယ်ဖြူ မသိခဲ့ရခြင်းဖြစ်၏။ အဲဒါဟာ ကြယ်ဖြူ့ကို မသိစေချင်သည့်အတွက် တမင်သက်သက် ဖုံးကွယ်ထားခြင်းသာ ဖြစ်ရမည်။

ချက်ချင်းပင် ကွန်ပျူတာကို ဖွင့်ကာ ထိုလူပေးသွားသော





ဖိုးပြာရဲ့ စတစ်လေးကို ထိုးကြည့်လိုက်၏။ သူ့အလုပ်နှင့် ပတ်သက်သော စာရင်းဇယားများအပြင် ဓာတ်ပုံဖိုင်တစ်ခုကိုပါ တွေ့ရသည်။ သူမကလည်း ထိုဖိုင်ကိုသာ အရင်ဆုံး ဖွင့်ကြည့်လိုက်၏။

ထွက်ကျလာသော ဓာတ်ပုံများကိုကြည့်ပြီး ကိုယ့်မျက်စိကိုယ်ပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားမိသည်။ မာန်နဲ့သူမနဲ့ သစ်ပင်ကြီးအောက်မှာ တူတူရှိနေကြသည့်ပုံများ၊ စာတူတူ လုပ်နေကြသည့်ပုံများ၊ အဲဒါတွေအပြင် ရန်ကုန်မှာ ဖိုးပြာနဲ့ ကြယ်ဖြူတို့ လျှောက်လည်ပတ်နေကြသည့် ပုံများလည်း ပါဝင်သည်။ ဒါဟာ သူမတို့နောက်ကနေ တစ်ယောက်ယောက်က နောက်ယောင်ခံလိုက်ကာ ရိုက်ယူထားပုံမျိုးဖြစ်၏။

ဒီလိုတွေဖြစ်အောင် ခိုင်းစေခဲ့သူဟာ ဘယ်သူများလဲ၊ ကြာကြာမစဉ်းစားလိုက်ရပါ။ အားလုံးကို ဆက်စပ်တွေးတော ကြည့်လိုက်လျှင် တရားခံသည် ဖိုးပြာကိုယ်တိုင်ပဲဆိုတာ ကြယ်ဖြူ သိလိုက်ရ၏။

နင်ပြောခဲ့သလိုပါပဲ ဖိုးပြာ၊ သူငယ်ချင်းတစ်ယောက်ကို ချစ်တယ်ဆိုတာ မရိုးသားခြင်းလို့ ငါ မယူဆပါဘူး၊ ဒါပေမဲ့ အဲဒီ ကိုယ်ချစ်တဲ့သူအပေါ်မှာ ထိန်ချန်လျှို့ဝှက်ပြီး အကောက်ကြံတာကတော့ မရိုးသားခြင်းပဲလို့ ငါ သေသေချာချာ ပြောလိုက်မယ်။

ဒါဟာ ကြယ်ဖြူလေးအပေါ်မှာ မရိုးသားဆုံးသော ပြစ်မှုကြီး တစ်ခုကို သူ ကျူးလွန်လိုက်ခြင်းသာ ဖြစ်သည်။ ပြီးတော့ ဒီဓာတ်ပုံတွေကို သူ တစ်နေရာရာကို ပို့နိုင်းလိုက်သေးသည်လေ။

အဲဒါဟာလည်း မာန့်ဆီကလွဲရင် ဘယ်ကိုမှ မဖြစ်နိုင်တော့ပါ၊ ခုလောက်ဆို မာန်က အဲဒီဓာတ်ပုံတွေ မြင်ပြီး သူမအပေါ်မှာ ဘယ်လောက်တောင် မုန်းတီးနာကျည်းနေပြီလဲ မပြောနိုင်။

မျက်ဝန်းထဲတွင် အိုင်ထွန်းလာသော မျက်ရည်များကြောင့် ကွန်ပျူတာ ဖန်သားပြင်ပေါ်မှ ပုံရိပ်တို့က တဖြည်းဖြည်း မှုန်ဝါးလာ၏။ ဘာဆိုဘာမှ မမြင်ရတော့ပါ။

" သမီး. . . ဘယ်သူလာတာလဲ "

ခုမှ ရေချိုးခန်းထဲက ထွက်လာသော မေမေက သူမနား ရောက်လာကာ မေးလိုက်ပါသည်။ သူမ ပြန်မဖြေနိုင်ပါ။

" ဟင်. . . သမီးလေး ငိုနေတယ် ဟုတ်လား၊ ဘာဖြစ်တာလဲ သမီး၊ ဘယ်သူလာသွားတာလဲ၊ မေမေ့ကို ပြောစမ်း၊ ငါ့သမီးကို ဘာပြောသွားလို့လဲ "

" မ. . . မဟုတ်ပါဘူး မေမေ သမီး ရှင်းပြပါ့မယ် "

ဖိုးပြာ ရင်တွေ မောဟိုက်ကာ တုန်ယင်နေ၏။ ဘဝမှာ ဒီတစ်ခါလောက် ဘယ်တုန်းကမှ သူ့စိတ်တွေ မလှုပ်ရှားခဲ့ဖူးပါ၊





လက်ထဲတွင် ကိုင်ထားသော မိမိုရစ်စတစ်လေးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။

သူ့ဦးလေးဆီကနေ အပြန်မှာ ခြံဝတွင် ဆီးကြိုရပ်စောင့်နေသော ကြယ်ဖြူ့မေမေကို သူ ရင်ဆိုင်လိုက်ရခြင်း ဖြစ်၏။

" ခုနလေးကတင် သူ့အဖေဆီ သမီးလေး ပြန်သွားတယ် မောင်တောင်တန်းပြာ "

" ဗျာ. . . ဘာတွေဖြစ်ကုန်လို့လဲ အန်တီ "

သူ့နားတွင် ကြားလိုက်ရသော သတင်းက ဘယ်လိုမှကို မျှော်လင့်မထားသော စကားမျိုး ဖြစ်၏။ ကြယ်ဖြူက ဆိုင်းမဆင့်ပုံမဆင့် ပါဘဲ ဘာဖြစ်လို့ ကလောသို့ ပြန်သွားရတာပါလိမ့်။

ပြီးတော့ ကြယ်ဖြူ့မေမေရဲ့ မျက်နှာကလည်း အလိုမကျမှု တွေလား၊ စိတ်မရှည်မှုတွေလား၊ မရေရာစွာဘဲ ဝေဝါးနေ၏။ နောက်တော့ ဖိုးပြာလက်ထဲသို့ မိမိုရစ်စတစ်လေးနှင့် ငွေဖြတ်ပိုင်း စာရွက်တစ်ခု ထည့်ပေးခဲ့သည်။

ထိုအရာများကို မြင်ရသည့် အချိန်မှာတော့ အားလုံးကို ဖိုးပြာ ကောင်းမွန်စွာ သဘောပေါက်သွားတော့သည်။ ထိတ်လန့်တုန်လှုပ်မှု တွေနှင့် ကြယ်ဖြူ့မေမေရှေ့ကနေ ပြေးထွက်လာမိချိန်မှာ သူ့အာရုံများ အားလုံး တစ်နေရာထဲတွင် စုစည်းနိုင်ခြင်း ကင်းဝေးလို့ စိတ်အစဉ်

ကလည်း ကြယ်ဖြူ စိတ်ဆိုးသွားမှာကို စိုးရိမ်ပူပန်ခြင်းတွေနှင့်သာ လွှမ်းမိုးထားခဲ့၏။

" ကြယ်ဖြူ ငါရှင်းပြပါရစေ ငါ့ကို စောင့်ပါဦး၊ ငါ နင်နဲ့တူတူ ရှိနေပါရစေ ကြယ်ဖြူရယ် "

သူ့နှုတ်ဖျားက ကယောင်ကတမ်းနှင့် ထွက်ကျနေသော စကားလုံးတို့ကိုလည်း သူကိုယ်တိုင်ပင် မသဲကွဲတော့၊ ခုချိန်မှာတော့ အရာရာသည် ကြယ်ဖြူမှကြယ်ဖြူ။

■ ■ ■

အခန်း (၁၂)

ကလောမြို့လေးကတော့ ထုံးစံအတိုင်း သာယာလှပစွာနှင့် သူမကို ဆီးကြိုလျက် ရှိသည်။ တိမ်တွေကြားမှ ဖြာဆင်းကျနေသော နေခြည်နုနုကလည်း သူမကို နွေးထွေးစွာ ရှိန်းမြနေစေသည်။

ဒီလိုအချိန်မျိုးမှာ သူမ စိတ်တွေကတော့ မအေးချမ်းနိုင်ပါဘဲ ပူလောင်လွန်းနေ၏။ မာန်က သူမကို အကြီးအကျယ် အထင်လွဲခြင်းတွေနဲ့ ပစ်ပယ်သွားခဲ့ပြီ။ အဲဒါကို သူမ ဘယ်လိုနည်းလမ်းတွေနဲ့ ဖြေရှင်းရမှာလဲ။

သူမရဲ့ ဖြေရှင်းချက်တွေကိုရော မာန်က လက်ခံပါတော့မလား၊ အစတည်းက ညှိနှိုင်းဖို့ ခက်ခဲနေသော ဘဝနှစ်ခုမှာ ဒီအဖြစ်ကြီးက ဘယ်လိုမှ စေ့စပ်လို့ မရလောက်အောင် ဆိုးရွားသွားခဲ့ပြီလား။

အတွေးတွေက တောင်စဉ်ရေမရစွာနဲ့ဘဲ ဟိုဟိုဒီဒီ ပျံသန်းနေကြ၏။ လမ်းလျှောက်နေရသော်လည်း ကိုယ့်ခြေလှမ်းတွေအပေါ်မှာ

ကိုယ့်အာရုံတို့က မကပ်ငြိကြ။

လျှောက်ရင်းလျှောက်ရင်းနှင့် ကိုယ့်ခြေထောက်ကို တစ်စုံတစ်ခုနှင့် တိုက်မိကာ ရပ်တန့်သွားသောကြောင့် ဘေးဘီဝဲယာကို သတိရစွာနှင့် ကြည့်မိတော့မှ သူမနှင့်မာန်တို့ ဆုံနေကြ တောအစပ်မှ သစ်ပင်ကြီးအောက်သို့ ရောက်နေပြီမှန်း သိလိုက်တော့သည်။

သူမရဲ့ အသိစိတ်တွေက သူမကို ဒီနေရာထိ ခေါ်လာခဲ့ကြတာလား၊ သူမရဲ့ အာရုံတွေဟာ မာန့်ဆီမှာကလွဲရင် ဘယ်နေရာမှာမှ တွယ်ငြိမှုတွေ မရှိနိုင်ကြတော့ဘူးလား။

စိတ်ပျက်စွာနှင့်ပင် ထိုအမြစ်ဆုံပေါ်မှာ ထိုင်ချပစ်လိုက်မိ၏။ မျက်ရည်တို့ကလည်း ပါးပြင်ပေါ်သို့ အဆက်မပြတ် စီးဆင်းကျလာကြသည်။

တစ်လျှောက်လုံး ထိန်းချုပ်လာရသမျှ ခုမှပင် တစ်ဝကြီးငိုကြွေးလိုက်၏။ အချိန်တွေ မည်မျှကြာသွားသည် မသိနိုင်ခင်မှာပင် သူမရှေ့တည့်တည့်သို့ လာရပ်သော ခြေထောက်တစ်စုံကို မျက်ရည်များကြားမှ ဝေဝါးစွာ မြင်လိုက်ရသည်။

ဦးခေါင်းကို မနည်းအားယူလျက် ဖြည်းညင်းစွာ ပင့်မော့ကြည့်လိုက်သည်။

" ဟင့်. . . စဝ်နိုင်ဒွန်း နင်က ဒီကို ဘယ်လိုရောက်နေ





တာလဲ "

" ဟိုမှာလေ မာန့်ခွေးကို သူ့ကိုယ်စား လာကျောင်းပေးနေတာ၊ ဒီကောင်ကြီးက ငါနဲ့မာန့်ကိုပဲ ခင်တာဟ၊ ဒါနဲ့ နင်ကရော ဒီမှာ ဘာလုပ်နေတာလဲ "

ခပ်လှမ်းလှမ်းမှာ ငြိမ်သက်စွာ ရှိနေသော မာန့်ခွေးကြီးကို ကြည့်ပြီး မာန့်ကို ပိုလွမ်းဆွတ်သွားမိသလိုပင်။

စဝ်နိုင်ဒွန်းနဲ့ သူမနဲ့က အရင်က စကားပြောဆိုဖူးခြင်း မရှိသော်လည်း ခုချိန်မှာတော့ သူမအတွက် ကောက်ရိုးတစ်မျှင်ကို မြင်လိုက်ရသလိုပင် အားတက်သွားမိသည်။

" ငါ. . . ငါ မာန့်ကို တွေ့ချင်တယ် စဝ်နိုင်ဒွန်း "

အဆက်အစပ်မရှိစွာပင် ပြောလိုက်မိသော ကြယ်ဖြူလေးရဲ့စကားကို စဝ်နိုင်ဒွန်းကတော့ သက်ပြင်းဖြည်းဖြည်းချလျက် အသိအမှတ်ပြုလိုက်၏။

" သူလည်း နင့်ကို တွေ့ချင်နေတယ် ကြယ်ဖြူလေး၊ သူတို့အိမ်မှာ အခြေအနေတွေ တော်တော်ဆိုးရွားနေတယ် "

" ဘာတွေဖြစ်နေတာလဲဟင် ဘာတွေဖြစ်နေတယ်ဆိုတာ ငါ့ကို ပြောပြပါ "

သူမက ထိုင်ရာမှ ဆတ်ခနဲထလျက် စဝ်နိုင်ဒွန်း လက်မောင်း

တစ်ဖက်ကို ဆွဲကိုင်လှုပ်ရမ်းရင်း မေးလိုက်မိသည်။

" ငါ ပြောပြပါ့မယ်ဟာ နင့်ပုံစံကြည့်ရတာ ဘာကိုမှ မသိသေးသလိုပဲ "

" ဟုတ်ပါတယ်ဟာ ငါ ဘာကိုမှ မသိပါဘူး၊ ဘာတွေဖြစ်နေတယ်ဆိုတာ ငါ့ကို ပြောပြပေးပါနော် "

" မာန် တော်တော်လေး နေမကောင်းဖြစ်နေတယ် ကြယ်ဖြူ "

" ဟင် ဟုတ်လား ဘယ်လိုဖြစ်တာလဲ တော်တော်စိုးရိမ်ရလားဟင် "

နဂိုကမှ စိုစွတ်နေသော မျက်ရည်တို့က ပြန်လည်စီးဆင်းရန် တာစူလာကြပြန်သည်။

" နင့်လူ တောင်တန်းပြ့ာက နင်နဲ့သူနဲ့ ရန်ကုန်မှာ တူတူရှိနေတဲ့ ပုံတွေကို မာန်တို့ မိသားစုဆီ ပို့လိုက်တယ်လေ၊ မာန့်ဖေဖေလက်ထဲကို တန်းရောက်သွားတော့ ပြဿနာက မိုးကိုမီးတက်ရှို့တာထက် ဆိုးသွားတော့တာပေါ့ဟာ "

" ဟင်. . . ငါ ထင်ပြီးသားပါ၊ ဖိုးပြာ အဲဒီလိုပဲ လုပ်လိမ့်မယ်ဆိုတာ ငါထင်ပြီးသားပဲလေ ဒါပေမဲ့ ငါ မယုံနိုင်ဘူး သူ ဒီလောက်ထိ လုပ်ရက်လိမ့်မယ်လို့ ငါ ဘယ်လိုမှ မယုံနိုင်ဘူးဟာ "





သူမ ငိုချလိုက်မိသည်။ ဘာဆက်ပြောလို့ ပြောရမှန်းလည်း မသိနိုင်တော့လောက်အောင် ဦးခေါင်းတစ်ခုလုံး ထုံကျင်နေကြ၏။

" နင် ငါ့ကို ကူညီပါလား စဝ်နိုင်ဒွန်း "

သူမရဲ့ အားဖျော့နေသော မျက်ဝန်းများကို ကြည့်ပြီး စဝ်နိုင်ဒွန်းက သက်ပြင်းချလိုက်ပြန်သည်။ ဘာမှမဆိုင်သည့် လူတစ်ယောက်ကို ဒုက္ခပေးသလို ဖြစ်သွားပြီလားလို့ တွေးမိလိုက်သော်လည်း ဒါကလွဲလို့ သူမမှာ ရွေးစရာလမ်း မရှိတော့ပါ။

" ကောင်းပြီလေ နင် ဒီမှာပဲ စောင့်နေပါ၊ ငါ သူ့ကို ရအောင် ခေါ်ထုတ်လာခဲ့မယ် "

တစ်နာရီနီးပါးလောက်ကြာအောင် သူမ တစ်ယောက်တည်း မျက်ရည်တို့ကို အဖော်ပြုပြီး စောင့်စားခဲ့ပြီးချိန်မှာတော့ အလွန်ကို ရင်းနှီးလွန်းလှသည့် ခြေသံဖျော့ဖျော့တစ်ခုကို သူမ နားနှင့်ဆက်ဆက် ကြားလိုက်ရခြင်း ဖြစ်သည်။

" ကြယ်ဖြူ. . . "

သူမ မျက်စိရှေ့မှာ ရှိနေသော မာန်သည် အရင်ကနှင့် မတူလောက်အောင်ဘဲ ဖြူဖျော့လျက် ပိန်ကျသွားသည်။ ဒါပေမဲ့ ချောမောသော မျက်နှာကတော့ အရင်လို ကြည့်ကောင်းနေဆဲပင် ဖြစ်၏။

" မာန်. . . မာန် နင်နေမကောင်းဘူးဆို "

သူမရဲ့ တုန်ယင်နေသော အသံကို သူက ယှဲ့ယှဲ့လေးပြုံးကာ ခေါင်းညိတ်ပြ၏။ ပြီးတော့မှ 'နင်လုပ်တာ'ဟု ခပ်ဖြည်းဖြည်း ပြောပါသည်။

'' မဟုတ်ရပါဘူး မာန်ရယ် အဲဒါတွေ အားလုံးကို ငါ ရှင်းပြနိုင်ပါတယ် ''

သူ ခေါင်းခါပြသည်။ နှုတ်ခမ်းများကလည်း ပြုံးနေ၏။

'' နင် ငါ့ဆီ ရောက်လာတည်းက အဲဒါတွေ အားလုံးကို နင် ရှင်းပြစရာ မလိုတော့ပါဘူး ''

ရင်ထဲမှာ အတိုင်းမသိသော ဝမ်းသာခြင်းများနှင့်အတူ မာန့်ရင်ခွင်ထဲကို တိုးဝင်ပစ်လိုက်မိ၏။ မာန်ကလည်း ပြန်လည်ထွေးပွေ့ထားသောအခါ သူမ နှလုံးသားတစ်ခုလုံး အပျော်များဖြင့်သာ ပြည့်လျှံကုန်တော့၏။ မျက်ရည်များကိုလည်း ခပ်မြန်မြန် ပွတ်သုတ်ဖျက်ပစ်လိုက်မိသည်။

'' သမီး... ကြယ်ဖြူ ရောက်နေတယ်ဆိုရင် ဖေဖေ့ဆီ အရင်ဆုံး လာသင့်တာပေါ့ သမီးလေးရယ် ''

'' ဟင် ဖေဖေ... ''

ဖေဖေ့အသံကို ကြားလိုက်ရသည့် အချိန်မှာ တစ်ကိုယ်လုံး တုန်ယင်ကာ ကြောက်လန့်သွားမိပြီး မာန့်ရင်ခွင်ထဲကနေလည်း





ရုန်းထွက်လိုက်မိသည်။

'' ကြယ်ဖြူ မချစ်တဲ့သူနဲ့ လုံးဝလက်မထပ်နိုင်ဘူး ဖေဖေ၊ ဖိုးပြာကို ကြယ်ဖြူ မချစ်လို့ပါ ဖေဖေရယ်၊ တောင်းပန်ပါတယ်နော် ''

'' သား... သားရယ် သားလေး ပျောက်သွားလို့ မေမေ့မှာ ရှာလိုက်ရတာကွယ် နေမကောင်းတဲ့ကလေးက ဒီနေရာထိ ဘယ်လိုများ ရောက်နေရတာလဲ ''

'' ကျွန်တော် တောင်းပန်ပါတယ် မာန့်ကို ကျွန်တော် ခေါ်ထုတ်လာခဲ့တာပါ ''

စဝ်နိုင်ဒွန်းက ဝင်ပြောလိုက်၏။ သူမတို့နှစ်ယောက်မှာတော့ ဘာဆိုဘာမှ ပြောဆိုနိုင်ခြင်း မရှိလောက်အောင် တုန်လှုပ်နေမိသည်။

တစ်ဖက်ကလည်း မာန်ဝင့်ထည်ရဲ့ မိသားစုတွေ ရောက်လာကြပြန်သောအခါ သူမရော မာန်ပါ ထွက်ပေါက်ပိတ်သလို ဖြစ်သွားကြရ၏။ သူမ စိတ်ထဲမှာ ကြောက်လည်းကြောက်နေမိ၏။

ဒါဟာ မာန်တို့မိသားစုရော သူမဖေဖေပါ ရောက်လာသည့်အတွက် ကြောက်ရွံ့ခြင်းမျိုး မဟုတ်ဘဲ မာန်နဲ့ထပ်မံဝေးသွားရမှာကို ကြောက်ရွံ့ခြင်းသက်သက်သာ ဖြစ်သည်။

'' မာန်ဝင့်ထည်... မင်းကွာ... နေမကောင်းတဲ့ကြားကတောင် မိဘတွေကို စိတ်ပူအောင် လုပ်ရက်တယ် ''

ဖေဖေ့အသံက ဂရုဏာဒေါသများဖြင့် ပြည့်လျှမ်းနေပါသည်။ ဒါပေမဲ့ သူ ဖေဖေတို့နှင့် ပြန်မလိုက်ချင်တော့ပါ။ ကြယ်ဖြူနဲ့ ထပ်ခွဲရမှာကို သေလောက်အောင် ကြောက်နေမိပါသည်။

နောက်ဆုံးတော့ မာန်ဝင့်ထည်က ကြယ်ဖြူလေးအား လှမ်းကြည့်လိုက်ပြီး နှစ်ဦးသား လက်နှစ်ဖက်ကို မြဲမြံစွာ ဆုပ်ကိုင်ထားလိုက်ကြ၏။

" ငါ နင်နဲ့ ထပ်မခွဲနိုင်တော့ဘူး ကြယ်ဖြူ "

" ငါရောပါပဲ မာန်ရယ် "

တိုးတိတ်သော အသံရဲ့နောက်မှာ သူတို့နှစ်ယောက်ရဲ့ ခြေလှမ်းများက လူအုပ်အားလုံးနှင့် ဝေးရာဆီသို့ ဦးတည် ပြေးထွက်ခဲ့မိကြသည်။

နောက်ဘက်ဆီမှာတော့ သူမတို့နှစ်ယောက်၏ နာမည်များအား ဆူညံစွာ အော်ဟစ်လိုက်ပါလာသော ခြေသံပြင်းပြင်းများ။

သူမတို့နှစ်ယောက် လှည့်မကြည့်ပါ။ ဘယ်သူ့ကိုမှ လှည့်မကြည့်တော့ပါ၊ တစ်ယောက်လက်ကို တစ်ယောက်က ဘယ်တော့မှ လွှတ်မပေးတော့မည့် ခိုင်မာမှုမျိုးဖြင့် ရှေ့သို့သာ ပြေးမြဲပြေးနေမိသည်။

ဒါပေမဲ့ အားဖျော့နေသော မာန့်ခြေလှမ်းတို့က နောက်ဘက်တွင် ပြတ်ပြတ်ကျန်ခဲ့ကြ၏။ နောက်ဆုံးတော့ မာန် မဟန်နိုင်တော့စွာပင်





မြေကြီးထက်သို့ ခွေလဲကျသွားပါသည်။ အဲဒီတော့မှ အလန့်တကြားနှင့် မာန့်ကို ရင်ခွင်ထဲတွင် ပွေ့ပိုက်ထားလိုက်မိသည်။

" မာန်. . . မာန်. . . ဘာဖြစ်တာလဲ မာန် ငါခေါ်နေတာ ကြားလား. . . မာန် "

မာန်က သူမ ရင်ခွင်ထဲကနေ မျက်လုံးများကို အားယူဖွင့်ကြည့်လျက် ခေါင်းညိတ်ပြပါသည်။

" သူတို့ လိုက်လာသေးလားဟင် "

မာန့်ရဲ့ ဖျော့တော့သော အသံမဆုံးခင်မှာပင် သူမတို့နှစ်ယောက်နားသို့ ရောက်လာသော လူကြီးများအားလုံးကို မျက်ရည်လည်ရွဲဖြစ်နေသော မျက်လုံးများဖြင့် သူမ မော့ကြည့်လိုက်မိသည်။

မာန့်မေမေက လဲပြိုကျနေသော မာန့်နားတွင် ထိုင်ချလိုက်ပါသည်။

" အမလေး သားလေး. . . အဲလို မဖြစ်ပါနဲ့ သားရဲ့၊ သားအသက်နဲ့တော့ ဘာကိုမှ မေမေ မလဲနိုင်ပါဘူး "

" မာန်သာ တစ်ခုခု ဖြစ်သွားလို့ရှိရင် ကြယ်ဖြူလည်း ကိုယ့်ကိုယ်ကို တစ်ခုခုလုပ်ပစ်လိုက်မှာနော် ဖေဖေ "

သူမရဲ့ ရဲဝင့်ပြတ်သားလွန်းသော စကားသံကြောင့် ဖေဖေ့မျက်လုံးများ ပြူးကျယ်ကုန်၏။ ခေါင်းကို သွင်သွင်ခါလျက် သူမကို

ဆွဲထူရန် ပြင်သည်။

“ မလိုက်ဘူးနော် ဖေဖေ၊ မာန့်နားမှာပဲ နေမှာ၊ ဖေဖေ့နောက်ကို မလိုက်ဘူး ”

သူမရဲ့ ငိုသံရောစွက်နေသော အသံကြောင့် ဖေဖေ့မျက်ဝန်းများမှလည်း မျက်ရည်တို့ စီးကျလာကြ၏။

ခွင့်လွှတ်ပါ ဖေဖေရယ်၊ ကြယ်ဖြူ့အတွက် မာန် မရှိရင် မဖြစ်လို့ပါ။

“ ကျွန်မသားသာ တစ်ခုခုဖြစ်သွားလို့ကတော့ ကျွန်မလည်း သတ်သေပစ်လိုက်မယ် သိလား၊ ရှင့်ရဲ့ အတ္တတစ်ခုတည်းနဲ့ သားသမီးတွေကို လုပ်ချင်တိုင်း လုပ်နေတာ ရှင်တရားရဲ့လား၊ ရှင်ကျတော့ လုပ်ချင်တာတွေ လုပ်ပစ်ပြီး ကလေးတွေကိုကျတော့ ချုပ်နှောင်ချင်လို့ မရဘူးဆိုတာ ရှင် နားမလည်ဘူးလား ”

“ ဖေဖေ. . . ဖေဖေ့ကို မပြောပါနဲ့ မေမေရယ်၊ ဖေဖေ မှန်ပါတယ်၊ ဒါပေမဲ့ သားလည်း မမှားပါဘူး မေမေရယ် ”

မာန့်အသံ အက်အက်လေးက အားလုံးကြားမှာ တိုးတိတ်စွာ ထွက်ပေါ်လာ၏။ မာန့်ဖေဖေ မျက်လုံးများတွင်လည်း မျက်ရည်ကြည်တို့ ရစ်ဝဲနေတာ သူမကိုယ်တိုင် မြင်တွေ့လိုက်ရပါသည်။

“ သားဖြစ်ချင်တဲ့ ဆန္ဒတွေကို မေမေ ဖြည့်ဆည်းပေးမယ်





နော်၊ သားလုပ်ချင်တဲ့အတိုင်းသာ လုပ်ပါကွယ်၊ ကလေးတွေရဲ့ ဆန္ဒကို လိုက်လျောပေးလိုက်ပါရှင်၊ ကျွန်မကပဲ အားလုံးကိုယ်စား တောင်းပန်ပါတယ် ”

မာန့်မေမေရဲ့ အသံက ကျယ်လောင်စူးရှရာကနေ တဖြည်းဖြည်း သိမ်ဝင်သွား၏။ အားလုံး အတန်ကြာ တိတ်ဆိတ်နေမိကြသည်။ သူမကတော့ မာန့်မျက်နှာကိုသာ ငေးစိုက်ကြည့်နေမိ၏။ မျက်လုံးများတွင်တော့ မျက်ရည်တို့က စီးဆင်းနေဆဲ

“ မငိုပါနဲ့ ကြယ်ဖြူရဲ့၊ ငါ ဘာမှမဖြစ်လောက်ပါဘူး၊ နေမကောင်းတော့ အားပြတ်နေတာပါ ”

သူ့အသံနွမ်းနွမ်းကို ကြားလိုက်ရသေးသည်။ သူမ ပြန်ပြုံးပြလိုက်မိ၏။

“ သွားရအောင် ”

မာန့်မေမေရဲ့ လက်ကိုဆွဲလျက် မာန့်ဖေဖေက မျက်နှာပျက်စွာ ဆို၏။

“ မလိုက်ဘူး သားမပါမချင်း ကျွန်မ ဘယ်ကိုမှ မလိုက်ဘူး သိလား ”

ပြတ်သားသော အသံက မာန့်မေမေထံမှ ထွက်လာ၏။

“ မင်းသားကိုပါ ခေါ်ခဲ့ပါကွာ မင်းသားအပြင် အားလုံးပဲ

ကျွန်တော့်အိမ်ကို လိုက်ခဲ့ဖို့ ခေါ်ပါတယ်၊ အိမ်ရောက်မှပဲ ကျွန်တော်တို့ အားလုံး တိုင်ပင်ပြီး စီစဉ်စရာရှိတာတွေ စီစဉ်ကြတာပေါ့ဗျာ ''

မာန့်ဖေဖေရဲ့ စကားသံအဆုံးမှာ အပျော်ဆုံးဖြစ်သွားသူကတော့ သူမတို့နှစ်ယောက်သာ ဖြစ်ပါလိမ့်မည်။

ဘယ်လိုမှ မယုံကြည်နိုင်ခြင်းတွေနဲ့ ပြည့်နှက်နေကြသော ဖေဖေ့မျက်လုံးများကို ရင်ဆိုင်ကြည့်ပြီး ကြယ်ဖြူ ပြုံးပြလိုက်မိ၏။ ဖေဖေက သူမ ဦးခေါင်းကို ရင်ခွင်တွင်းသို့ ဆွဲသွင်းထားပြီး အားရပါးရ ပြန်ပြုံးပြပါသည်။

အဲဒါပါပဲ၊ အချစ်တွေတိုင်း အချစ်တွေတိုင်းဟာ ရိုးသားကြပါတယ်၊ ဒါပေမဲ့ အဲဒီအချစ်အပေါ်မှာ မရိုးသားရင်တော့ အချစ်ကလည်း ပြန်ပြီး ရိုးသားနိုင်မှာ မဟုတ်ပါဘူး။

အချစ်စစ်ဆိုတာ လူတစ်ဦးနဲ့တစ်ဦးမှာ ဖြစ်တည်လာပုံခြင်း ကွဲပြားပေမယ့် ရိုးရိုးသားသားနဲ့ ဖြတ်သန်းရတဲ့ အချစ်စစ်တိုင်းဟာ တစ်နေရာရာမှာ ဆုံမှတ်ရှိနေမယ်ဆိုတာတော့ သူမ သေသေချာချာကို ယုံကြည်လိုက်မိတော့၏။

■ ■ ■

အစဉ်အမြဲ ကျေးဇူးတင်လျက်
သျှိုး